
www.burmeseclassic.com



www.burmeseclassic.com

ထုတ်ဝေသူ - ဒေါ်ကေနိုင်ဦး (မြ-၀၃၇၆၉)
ရွှေသမင်စာပေ၊ ၃၇/၄၄လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်း/ - ဒေါ်နွဲ့နွဲ့ရီ (မြ-၀၉၈၇၀)
အဖုံးပုံနှိပ်သူ ရွှေရောင်လင်းပုံနှိပ်တိုက်
အမှတ်(၄၂၃)၊ (၁)ရပ်ကွက်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

အကြိမ် - ပထမအကြိမ်
၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ

အုပ်ရေ - ၅၀၀

တန်ဖိုး - ၁၅၀/-

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP)

ညှင်းမ ၈၉၅.၈၃
ကျွန်တော်က မချစ်၍ ကျွန်တော့်ကို မချစ်သော/ ညှင်းမ၊
ရန်ကုန်။ ရွှေသမင်စာပေ၊ ၂၀၁၅။
၃၃၆ စာ ၊ ၁၅ စင်တီ × ၁၈ စင်တီ ။
(၁) ကျွန်တော်က မချစ်၍ ကျွန်တော့်ကို မချစ်သော

BURMESE CLASSIC



## အခန်း (၁)

"ဒါလေးကိုများ ရေး ရယ် .. ဟား .. ဟား .. ဟား ..."

"မရယ်နဲ့ နော် .. ဒေါ်လာ နှစ်ရာပေမယ့် ဒီမိန်းမ ရှုံးသွားနိုင် ..."

"အေးဟဲ့ .. ရုပ်ကို ကြည့်ပါဦး .. ခစ် .. ခစ် .."

"အံမယ် .. ပြန်လာကြပြီး ဘာတွေ သဘောကျနေကြတာလဲ.."

ညဘက်ကျမှ သူငယ်ချင်းတွေ စုမိကြပေမယ့် ကုမ္ပဏီတစ်ခု ...မှာ လုပ်ကြသည့် အမွန် နဲ့ ရေး ကတော့ အချိန်တိုင်းလိုလို ...တူပဲ ဖြစ်၏။

သူမကပဲ ရေး ရဲ့စိတ်ကို အသိဆုံးဖြစ်ကာ မသိတဲ့လူက မေးလာ ... အဖြေထွက်လာပြီဆို သူမဆီက ..၊

"နယူးယောက်မှာ ရာထူးရာခံနဲ့ အလုပ်လုပ်နေပြီးတော့ဟယ် .. ...မှာ တစ်ခါတလေ ဒေါ်လာ နှစ်ရာဖိုးလေး ရှင်းလိုက်ရတာကို ...ာက်နေလို့ .."



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်လာ နှစ်ရာ တောင်လား .."

ရှဲ့တာလား .. တကယ် ကိုယ့်ဘက်ကလားတော့ မသိ ..၊

နန္ဒာ က မျက်လုံးလေး အဝိုင်းသားနှင့် နေရာမှ ထလာကာ ..

"ငါတို့ ရေးလေး က ပိုက်ဆံ ဒီလောက် နမြောတတ်တဲ့ဥစ္စာ .. သွေးတက်ပြီပေါ့ .. နင်တို့က မစာမနာ ဘာဖြစ်လို့ ရယ်နေကြတာ လဲ .."

"နန္ဒာ .. နင်က ဘယ်ဘက်ကလဲ .."

"ရေး ဘက်ကပေါ့.. နင်တို့က ရေး ကို ဝိုင်းရယ်နေကြတာ ငါ ကြည့်မနေနိုင်လို့ .."

"ဒီလိုလား .. ခစ် .. ခစ် .."

အမွန် နဲ့ လုံမေ တို့က တစ်ယောက်နဲ့တစ်ယောက် မျက်စပစ်ပြီး ရယ်ကြတုန်း ...

ပြီးတော့ အလှအပတွေ ပြင်ဆင်ထားတာတွေကို ဖြုတ်၍ ကိုယ့် အိပ်ရာဘေးက မှန်တင်ခုံ စင်မြင့်လေးတွေပေါ်မှာ ဒီတိုင်း လှမ်းတင် လိုက်ကြကာ ...

"နင်က မသိဘဲနဲ့ နန္ဒာ ရယ် .. ဒီမိန်းမ ရာထူးတိုးတယ်လေ .. ငါတို့က အဲ့ဒါလေးကို နည်းနည်းလေးပဲ ကျွေးဖို့မွေးဖို့ ပြောတာပါ .. ဒါပေမယ့် .."

"ဒါပေမယ့် လင်းမင်းထွန်း တို့လည်း ရောက်လာရော .. လူ တစ်ပြုံကြီး ဖြစ်သွားပြီး အောင်ဦး က ကြက်ဆင်သားလေး စားချင် တယ် .. ဝေလနဲ့ ဌျန် က .."

"ကဲ .. တော်ကြပါတော့ .. သူများပိုက်ဆံကုန်တာကို တော်တော် ပဲ ပျော်ရွှင် မြူးထူးနေကြ .."





ဘယ်သူ ဘာပြောပြော ကိုယ့်အိပ်ရာမှာ ကိုယ်ထိုင်ပြီး တစ်နေ့တာ ကုန်ကျစရိတ်တွေ တွက်ချက်နေမိပေမယ့် ဒီလောက် သောင်းသောင်း ဖြဖြ ရယ်မောနေကြတော့ စိတ်တိုတိုနှင့် အော်ပစ်လိုက်မိသည်။

ပြီးတော့ ပိုက်ဆံအိတ်ကို ပြန်ပိတ်ကာ ခေါင်းအုံးအောက်မှာ ထည့် ထားလိုက်ရင်း ...

"ဒေါ်လာနှစ်ရာ မကဘူး သိရဲ့လား .. နောက်ထပ် ရှန်ပိန်နှစ်ခွက် ဘယူသေးတယ် .. အဲဒီကောင်တွေ လွန်ကို လွန်တာ .."

"အေးလေ .. ရေး အရမ်းချွေတာမှန်း သိလို့ အဲ့ဒါ တမင် လုပ် တာ .."

"နန္ဒာ ရယ် .. သူငယ်ချင်းတွေပဲဟာ တမင်လုပ်တာလည်း ခင်လို့ တာပဲဥစ္စာ .. ဘာပြောလို့ ရမှာလဲ .. ရေး က ပွစိပွစိ ပြောနေလေ .. ဌျန် က လက်တို့ပြီး တစ်ဝတစ်ပြဲ စားလေ .."

"ဟုတ်ပ .. ဌျန် နဲ့ မင်းထွန်းက အရမ်း အစသန်တာပဲ .."

"အစသန်တာ မဟုတ်ဘူး .. အစားကို သန်တာ .. ယောက်ျား လေးတွေဖြစ်ပြီး စားလုံးကြီး သောက်လုံးကြီး .."

ရေး က ပြောနေရင်း ရှုံ့မဲ့ ကဲ့ရဲ့လေသည်။

ပြီးတော့ ခေါင်းအုံးအောက် ထည့်လိုက်သည့် ပိုက်ဆံအိတ်ကို ပြန် ယူတော့မလို ဖွင့်ကြည့်၏။

မယူဘဲ ခေါင်းအုံးအောက်ကို ထပ်ထိုးထည့်၍ ပက်ခနဲ လှဲချလိုက် တာ ...

"ငါ့မှာ တစ်လ တစ်လ သင်တန်းစရိတ်နဲ့ ဟောဒီ အဆောင်လစာ နဲ့ .."

"ဒီလောက် ကုန်မှာစိုးရင်လည်း အလုပ်ထဲက အဆောင်မှာပဲနေ



www.burmeseclassic.com

www.burmeseclassic.com



ရအောင်လေ .. ငါတို့က နင့်ကြောင့် လိုက်အကုန်ခံနေရတာ နော် - သင်တန်းမတက်လည်း ဖြစ်တယ် .. တစ်ညသုံးနာရီ အလုပ်ထွက်မလုပ် လည်း ဘာမှ မဖြစ်ဘူး .."

"အေးလေ .."

"ဘာအေးလေလဲ .. နင်တို့ ငါ့ကြောင့် အလုပ်လုပ်ဖြစ်ပြီး ပိုက်ဆံ တွေ စုမိနေတာ .. ပုန်မကန်နဲ့ .."

"ပြောပြတာလေ .. ပိုက်ဆံ စုမိတာ ကျေးဇူးတင်ပေမယ့် ငါတို့ ကတော့ နင့်လောက် မဆိုးဘူး နော် ရေး .. နင်ကတော့ ပေါင်မုန့်နဲ့ ငါးသေတ္တာ ရေနဲ့ မျှောချပြီး တစ်နေကုန် လိုက် .. ပေါင်မုန့်ကြမ်းပေါ် ချိစ်လေး မစပို့မပို့တင်ပြီး မျှိုချနေလိုက် .."

"ကဲဟယ် .. နင်တို့ကလည်း .."

"အေးလေဟယ် .. တော်ကြပါတော့ .."

အမွန် ကပါ စိတ်ကောင်းလေးဝင်ပြီး တားသံ ထွက်လာ၏။ တကယ်တော့လည်း တကယ်ပဲမို့ ...

"စုတာလည်း စုပေါ့ ရေး ရယ် .. ငါတို့က နင် ရိုးသားတာ ကြိုးစားတာကို သဘောကျပါတယ် .. အဲဒါကြောင့် ပိုပြီးတော့လည်း ခင်တယ် .. တစ်အုပ်စုလုံးမှာ နင့်ကိုပဲ ဦးစားပေး ဆုံးဖြတ်စေခဲ့တာလည်း အဲဒါကြောင့်ပဲ .. ငါတို့ ခုလို ပြောနေတာက ကဲ့ရဲ့နေတာ မဟုတ်ဘူး ဟ .. နင့်ကို အစားဆင်းရဲ အနေဆင်းရဲ အမြဲတမ်း မြင်နေရတာ စိတ် မကောင်းလို့ .."

"ဘာမှ စိတ်မကောင်း မဖြစ်နဲ့ .. တစ်ပြည်ရပ်ခြားမှာ အလုပ် လာလုပ်ကြတာ ကျန်းမာရေးအတွက်လည်း မဟုတ်ဘူး .. အပန်းဖြေ ဖို့လည်း မဟုတ်ဘူး .."





"ဒါတော့ ဒါပေါ့ .."

"ဟိုဟာကလည်း ဟိုဟာပဲ အမွန် .."

ရေး က လှဲနေရာကနေ ငေါက်ခနဲ ထထိုင်ကာ ခေါင်းအုံးကို ရင်ခွင်ထဲ ဆွဲယူ ပိုက်ထား၍ ...

"အမေရိကမှာ နေခဲ့ဖူးတိုင်း အမေရိကန် ဖြစ်သွားတာမှ မဟုတ် တာ .."

"ဒါပေမယ့် ငါတို့ ဒီကပြန်ရင် နိုင်ငံခြားပြန် ဗိသုကာတွေဖြစ် ပြီလေ .. လာကြတုန်းကလည်း တစ်အုပ်စုလုံး ညီတယ် .. ဒီမှာ လိမ်လိမ် စားစား နေကြတယ် .. အလုပ်လုပ်တယ် .. ငွေစုတယ် .. ပြန်ကြမယ်ဆို ရင်လည်း လေးယောက်စလုံး ညီညွတ်ပြီးသား .."

နှစ်ယောက်က ခေါင်းညိတ်ကြပေမယ့် ရေး က ခေါင်းတွင်တွင် ခါ ခါ။

"ငါက အဲ့ဒီလိုနဲ့ ပြီးဖို့ မဟုတ်မှန်း နင်တို့ သိသားနဲ့ .."

"ရေး .."

"ဘာလဲ .."

"နင် အခု ဒီဇိုင်နာသင်တန်း တက်နေတယ် .. မိတ်ကပ် ဆံပင် ညာတွေလည်း နင် ပါလိုက်တာပဲ .."

"ပညာတတ်ဖြစ်အောင် ကြိုးစားခဲ့ပေမယ့် ငါ့ဘဝကို စီးပွားရေး လောကထဲမှာပဲ ပြည့်စုံချမ်းသာအောင် ဖန်တီးမှာ .. ပညာတတ်ဖြစ်နေရုံ နဲ့ ပြည့်စုံချမ်းသာတဲ့ဘဝကို မရနိုင်တာ နင်တို့ သိပါတယ် .."

ကိုယ့်ခုတင်တွေမှာ အသီးသီး ထိုင်မိကြပြီးမှ လုံမေ က ရေး ရဲ့ ခုတင်ခြေရင်းမှာ လာပြောင်းထိုင်ကာ ...

"သိကြတယ်လေ ရေး ရယ် .. ငါတို့က နင် အရမ်းပင်ပန်းနေလို့



www.burmeseclassic.com

www.burmeseclassic.com



ပြောနေတာပါ ..။ 'ကြာကြာဝါးမယ့်သွား အရိုးကြည့်ရှောင်ရတယ်'တဲ့..။ နင်တို့မှာ ညီအစ်မနှစ်ယောက်တည်းပဲ ရှိတာ .. ပြီးတော့ နင့်အစ်မက သူချစ်တဲ့သူနဲ့ လက်ထပ်သွားပြီ .. စီးပွားရေးလည်း အဆင်ပြေနေတယ် မို့လား .."

"အေးလေ .. ကလေးလေးတောင် ရနေပြီ .. ချစ်စရာလေး .."

တူမအသံ ကြားတော့ ရေး မျက်နှာလေး ပြုံးယောင်သမ်းလာ၏။

"ငါတို့တွေလည်း ဒီမှာ အလုပ်လာလုပ်ကြတာ အိမ်ပစ်ရာပစ်နဲ့ လေးနှစ်တောင် ကျော်နေပြီ .."

"ဟုတ်တယ် .. နင်က မိဘတွေ မရှိတော့ပေမယ့် ငါတို့က ရှိကြသေးတယ် .. ပြီးတော့ နင့်လိုပဲ မပြည့်စုံကြတဲ့ မိသားစုတွေပါပဲဟယ်.. ဒါပေမယ့် နင် ပူသလောက်တော့ ငါတို့ မပူပါဘူး.. ဒီမှာ ငါတို့ ကြိုးစားကြမယ် .. ရသလောက် စုနေကြတယ် .. ရည်ရွယ်ထားတဲ့အတိုင်း ပြည့်မြောက်တာနဲ့ ပြန်ကြဖို့လည်း အဆင်သင့် .. အားလုံးကို ပေါ့ပေါ့ ပါးပါးပဲ ဖြတ်သန်းကြတာ မကောင်းဘူးလား .."

"မကောင်းဘူး .."

ရေး ကတော့ ဒါမှ ဒါပဲ တင်းခံနေ၏။ ကော်ဖီရောင်သမ်းနေသော ပခုံးသာသာ ဆံနွယ်လေးတွေက ရွှေအိုရောင်လက်နေကာ ဖြူနဝင်း..နသည့်မျက်နှာလေးနှင့် တင့်တယ်နေတဲ့သူ ..။

မျက်နှာ မသွယ်မဝိုင်း .. ပါးချိုင့်လေးနှစ်ဖက်နှင့် ရေး က ဘယ်လို နေနေ ချစ်စရာကောင်း၏။

ဒီလေးယောက်ထဲမှာ သူမလောက် လှတာ သူမပဲရှိကာ ဘယ်သူမှ မယှဉ်နိုင်လောက်အောင် ဘဝအတွက် ရည်မှန်းချက်ကြီးနေခဲ့တာလည်း သူမပဲ ဖြစ်လေသည်။





"ငါ နင်တို့ကို ပြောထားပြီးသားပါ .. ငါ အမေရိကကို လာဖို့အတွက် မမက သူ့ချစ်သူဆီက ငွေတွေ ယူခဲ့ရတာ ..၊ ပြီးတော့ အဲ့ဒီငွေကလည်း ကိုလူဖော် က အိမ်ဝိုင်းတစ်ခြမ်း ရောင်းထားတဲ့ သူ့မိဘဆီကနေ ပြန်ချေးပေးထားခဲ့တဲ့ ငွေတွေလေ .."

"ဘယ်လောက်မှလည်း မများဘဲနဲ့ ရေး ရယ် .."

"အခု ငါ အလုပ်အကိုင်ကောင်းလာလို့ ဒါက သိပ်မများတဲ့ငွေဖြစ်လာပေမယ့် ဟိုမှာတော့ အများကြီး တန်ဖိုးကြီးနေတုန်းပဲ .."

"သူတို့ လက်ထပ်ပြီးပြီ.. ဘာမှ ပြန်ပေးဖို့ မလိုတော့ဘူးလို့ နင့်အစ်မ ပြောပြီးပြီပဲ .."

"ဒါကြောင့်လည်း ငါ မြန်မာနိုင်ငံပြန်ဖို့ အပူတပြင်း မလုပ်တော့ဘဲနဲ့ ခုလို အကြာကြီး နေလိုက်တာပေါ့ဟာ .. ဒါပေမယ့် ငါ ပြန်ရင် ဒါကို ပြန်ပေးချင်တယ် .. ကိုလူဖော် ကလည်း သူ့ဖွေးမှ မဟုတ်ဘဲဟာ.. သူတို့ လက်ထပ်ခဲ့ပြီးမှ အဆင်မပြေ ဖြစ်နေကြတာလည်း ရှိနိုင်တာပဲ.. မမ တမင်တကာ ဘာမှမပြောဘဲ နေတာလို့ ငါ ခံစားမိနေတယ် .."

"တွေ့လား .. နင်ကိုက သိနေတာကိုလည်း ပူ .. မသိတာကိုလည်း ရှာကြံတွေးပြီး ပူ .."

"ထားလိုက်ပါဟာ.. သူတို့က ညီအစ်မနှစ်ယောက်တည်း ရှိတော့တာကိုး .. ပြီးတော့ အမြွှာညီအစ်မလေ .. ချစ်ကြတာကိုတော့ ဝေဖန်မနေပါနဲ့ .."

ရယ်စရာတွေ ပြောဆို စနောက်ခဲ့ကြပြီး စီးပွားရေးတွေ ပါလာတာနှင့် လေးယောက်စလုံး သက်ပြင်းတွေ ချ .. မရယ်နိုင်ကြတော့ဘဲ...

"နင်က မြန်မာပြည် ပြန်ရောက်တာနဲ့ ဒီဗိုင်နာလုပ်ငန်းကိုပဲ ဆက်လုပ်တော့မှာလား .."



www.burmeseclassic.com

www.burmeseclassic.com



"မမနဲ့ တိုင်ပင်ဦးမှာပါ .."

"ငါကတော့ နင်နဲ့ အတူတူ သင်တန်းတက်ထားပေမယ့် နင့်လောက်မှ မတော်တာ .. မြန်မာနိုင်ငံပြန်ရောက်ရင် ဟိုဟာလည်း လုပ်မယ် .. ဒီဟာလည်း လုပ်မယ် .."

"ဟမ် .. ဘယ်လို အမွှန် .."

"ဗိသုကာလေ .. ပြီးတော့ ရေး က လုပ်ငန်းတွေ ထူထောင်လို့ အဆင်ပြေနေရင် ရေး နဲ့ လက်တွဲမယ် .. နှစ်ဖက် ခွထားမှာကို ပြောတာ .."

လုံမေ က လက်ဖဝါးနှစ်ဖက် ထောင်ကာ တစ်ဖက်က ဘယ်ကိုသွား .. တစ်ဖက်ကို ညာကိုသွားတဲ့ပုံ လုပ်ကာ အမွှန် နှစ်ဖက်ခွပြီး ဘယ်လိုဖြစ်ကျန်ခဲ့မလဲဆိုတာကို ရွှံ့ရွှံ့မဲ့မဲ့ သရုပ်ဖော်၏။

အမွှန် က တခစ်ခစ်ရယ်ရင်း လုံမေ့ မျက်နှာကို ခေါင်းအုံးနဲ့လှမ်းပေါက်သည်။

လုံမေ က ခေါင်းအုံးကို ရှောင်လိုက်ပြီးမှ ...

"မတွေးရဲစရာပဲ အမွှန် ရယ် .. အဲ့ဒါကြောင့် နင့်ကို ပျွန် က ပြောတာ .. သူတို့ရဲ့ မျက်နှာချင်းဆိုင်အခန်းက လူမည်းတစ်ကောင် အမွှန့် ကို မေးနေတယ် .. နောက်တစ်ခါ သူတို့အခန်းကို အမွှန့် ကို ခေါ်မလာနဲ့တဲ့ .. တော်ကြာ မက်မွှန်သီးလေး အမေရိကမှာ ကျန်နေခဲ့လိမ့်မယ်တဲ့ .."

"အံမာ .. အဲဒီ ကပ္ပလီကို ငါက .."

"တော်ပါ အမွှန် ရယ် .. သူ့ကို ရှေ့တန်းတိုက်စစ်မှူးမှန်း သိလိုက်တည်းက ရှင်က ဖိုက် .. ဖိုက် .. ဖိုက် ဖြစ်နေတာ .."

လုံမေက လက်ငါးချောင်းကို စုလိုက် ကျဲလိုက် လုပ်ပြနေကာ





အမွှန် ဒေါသတကြီး ထလာတာ မြင်သည်နှင့် ချက်ချင်း ထပြေးတော့သည်။

"မိန်းမ .. သူများကို ကဲ့ရဲ့ရမယ်ဆိုရင် ပုံနဲ့ .. ပတ်နဲ့ .. လာပါ .. သာစမ်းပါ .."

"မဟုတ်ဘူးလေ .. ပြောပြတာ .. နင့်ကို လူမည်းနဲ့ ညားသွားမှာစိုး .. အ!.. အမေ့ ..."

ခုတင်တွေကို ပတ်ပြေးရင်း ခေါင်းရင်းခေါင်းဖျားတွေကနေ ခုန်ဘက်လိုတက်နှင့် နှစ်ယောက်စလုံး ဘယ်သူကမှ မလျှော့ ..။

ထိုစဉ် အဆောင်ပိုင်ရှင် ကပြားမလေးက တံခါးမှန်ချပ်ကနေ စာဆောင်ပြ၏။

ပြီးတော့ ရေး ကို လက်ညှိုးထိုးလျှင် ...

"ရေး .. ရေး .. ဟိုမှာ စာ .."

လုံမေ က ပြေးနေရင်း ရေး ကိုလည်း အကြောင်းကြားသေးသည်။ အခန်းထဲမှာ ပြေးတဲ့လူနဲ့ လိုက်တဲ့လူကို အားပေးအားမြှောက် လက်ခုပ်တီးပေးနေကြကာ ရေး စာထွက်ယူပြီး အသံတွေနဲ့ ဝေးအောင် မီးဖိုဆောင်လေးရှေ့မှာ ဖွင့်ဖတ်လိုက်၏။

'ညီမလေး ..'

မမဆီက စာမှန်း သိလိုက်တော့ တအံ့တသြ ဖြစ်သွား၏။ ပြီးတော့ စာက တော်တော်ရှည်ပုံ ပေါ်ကာ စာရွက် သုံးရွက်အပြည့် ..၊

အဆက်အသွယ်မပြတ်ကြပေမယ့် သတိရကြောင်း .. မာကြောင်း သာကြောင်းတွေကို မေးလ်ပို့ပြီး ပြောနေကျပါ ..။

ဒီရောက်ပြီးကာမှ စာပို့လိုက်တာဆိုလို့ တေးကဗျာလေး ရဲ့ ဝတ်နင်ပြည့်မွေးနေ့မှာ ရိုက်ထားတဲ့ ဓာတ်ပုံလေး ပို့တုန်းကပဲ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲမှာ ထူးဆန်းနေတာကိုတွေးမိရင်း စာကို အလျင်စလို ဖွင့်ဖတ်လိုက်မိ၏။

နင် ဒီစာကို ဖတ်နေတဲ့အချိန်မှာ ငါ လူ့လောကကြီးထဲမှာ မရှိနိုင်တော့ဘူး ရေး ..၊

ဘာဖြစ်လို့လဲဆိုတော့ စိတ်ချမ်းမြေ့စရာ ဘာမှမရှိခဲ့တဲ့ ငါ့ဘဝကို ငါ မလိုချင်တော့ဘူး .. ဒီသောကတွေကို အဆုံးသတ်ဖို့ ငါ အကြိမ်ကြိမ် ကြိုးစားခဲ့ပေမယ့် နင့်ကြောင့် မအောင်မြင်ခဲ့ဘူး ..၊

ငါ နင့်ကို စိတ်မချနိုင်သမျှ ဆင်းရဲဒုက္ခတွေကို ခံစည်းခံနေခဲ့ရတာ နင် သိရဲ့လား ..၊

ခုတော့ ဒါတွေကို အဆုံးသတ်ချင်ပြီ .. နင် သိထားသင့်တာတွေကိုလည်း ပြောခဲ့ချင်တယ် ..၊

တကယ်တော့ ငါ့ချစ်သူ ကိုဇော် နဲ့ ငါ လက်ထပ်ခဲ့တာ မဟုတ်ဘူး ..၊ ငါ့ရဲ့သူဌေး ဦးခနဂုဏ် နဲ့ လက်ထပ်ခဲ့ရတာ ..၊

"ဟဲ့ .. ရေး .. ဘာတွေ ပါလို့လဲ ..၊ နင့်အစ်မဆီကလား .."

အမွှန် အနားရောက်လာပြီး မေးလည်း မေးကာ စာကို မရဲတရဲ လှမ်းကြည့်၏။ လုံမေ က နောက်ကနေ အမွှန့် လက်ကို လှမ်းဆွဲလိုက်ကာ ...

"ဟိုမှာ .. မျက်နှာပေါက ဂျာသီဥတုကို ကြည့် ..၊ လာခဲ့ ဒီကို.."

"အေးလေ .. သိပ်စပ်စုတဲ့မိန်းမ .. လာခဲ့ ..၊ ငါတို့ ထားကြတဲ့ စည်းကမ်းချက်တွေကို အလွတ်ရွတ်ပြ .. မပြနိုင်ရင် နင့်ကို လူမည်းနဲ့ ကြိုက်နေပါပြီလို့ မြန်မာနိုင်ငံကို ခုချက်ချင်း မေးလ်ပို့ အကြောင်းကြားလိုက်မှာ နော် .."





သူတို့အာရုံတွေနဲ့ သူတို့ ပြန်လည် လုံးထွေးသွားချိန်မှာ ရေး ရဲ့ ဆွဲကိုင်ထားသော လက်တို့က ကတုန်ကယင် ဖြစ်နေခဲ့လျက်...

နင် စိတ်ဆင်းရဲမှာစိုးလို့ ကိုဇော့် ဆီကလို့ပဲ ငါ ညာထားခဲ့တာ.. တကယ်တော့ ငါ့ကို ဦးခနဂုဏ် ကိုယ်တိုင် သဘောတူ ချေးတာပါ..၊ ကိုယ့်အလုပ်သမားမို့လို့ ငွေထုတ်ပေးပြီး ကူညီတာမျိုး လုပ်ခဲ့တယ်.. ငါ သုံးစွဲပြီးကာမှ အလုပ်ထဲက ငွေတွေကို အလွဲသုံးစားလုပ်သလိုလို.. ငွေတွေ သပ်ချောက်ပြီး နှစ်ရပ်ပေါင်းပြီး ငါ့ကို ပြန်ဆပ်ခိုင်းတယ်..၊

အဲဒီလိုနဲ့ မမ သူနဲ့ လက်ထပ်လိုက်ရတာ.. ကိုယ့်အဖေအရွယ်ကြီးကို ငါ ဘယ်လိုလုပ်ပြီး ကြင်ကြင်နာနာ ပေါင်းနိုင်ပါ့မလဲ ညီမလေးရယ်.. နင် စဉ်းစားကြည့်ပါဦး..၊ ပြီးတော့ သူသားက မိုက်ရိုင်းလိုက်တာ ဘာနဲ့ နှိုင်းပြရမှန်းတောင် မသိဘူး..၊

ငါ သူ့အဖေကြောင့် အသက်တိုရတယ်ဆိုတာလည်း သင်း ကတော့ ချော်နေမှာပေါ့.. ဘာပဲဖြစ်ဖြစ် အဲ့ဒါတွေကို ငါမှ မပြောရင် နင် ဘယ်တော့မှ သိရတော့မှာ မဟုတ်လို့ ပြောပြခဲ့တာ.. ပြီးခဲ့တာတွေကို ပြီးပါစေတော့ ရေး ရယ်..၊

ငါ နင့်အတွက် ဘဝတက်လမ်း ဖွင့်ပေးနိုင်ခဲ့လို့ ကျေနပ်တယ်.. ငွေကြောင့် ဘယ်သူ့အောက်မှ မကျုံ့ရအောင် ကြိုးစား နော်.. ငါ့အဖြစ်ကြောင့် နင့်ကို ပိုကြိုးစားစေချင်တာ.. ဒီလူတွေကို နင် မုန်းဖို့ မဟုတ်ဘူး..၊

ဒီစာကို ဖတ်ပြီး တက်ကျိုးမသွားရဘူး .. ရှက်ဖွင့်ဖို့ပဲ မြင်ဆင် ပါ။ မြန်မာနိုင်ငံကို ချက်ချင်း ကောက်ပြန်လာဖို့လည်း စိတ်မကူးပါနဲ့.. ကိုယ့်ရည်ရွယ်ချက်တွေကို ပြီးဆုံးပါစေ..၊

မမကို ချစ်ရင် မမ စကားကို နားထောင်ပါ .. မြန်မာနိုင်ငံကို ငါ့ညီမ



www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်း ကောက်ပြန်လာလို့လည်း ညီမလေးကို ကြိုဆိုမယ့်လူ မရှိတော့ဘူးဆိုတော့ ဘဝကို နာကျင်မှုတွေနဲ့ ရင်ဆိုင်ပြီး ဝမ်းစာရအောင် ရှာစမ်းပါ..၊

ညီမလေး မမလို အပြစ်ဆိုးနဲ့ ဝေးပြီး နှစ်သက်မြတ်နိုး အားကိုး ချင်ဖွယ်ကောင်းတဲ့ အိမ်ထောင်ဖက်ကောင်းနဲ့ တွေ့ပါစေ..၊

နောက်ဆုံးအနမ်းဖြင့် ...

မမ

"မမ .. မမ .. မသွားပါနဲ့ ..၊ မဟုတ်ဘူး .. အဲ့ဒါတွေက အစစ် အမှန်တွေ မဟုတ်ဘူး .. ရေး အိပ်မက်မက်နေတာ .."

ရေး ကယောင်ကတမ်း ရေရွတ်ရင်း ဖျတ်ခနဲ ထရပ်လိုက်မိ၏။

"ရေး .."

"ရေး ဘာဖြစ်တာလဲ .."

ရေး အဖြစ်ကို နန္ဒာ နဲ့ လုံမေ က အရင်မြင်သွား၏။ အမွန် က စာရွက်လေးတစ်ရွက် ရှာဖွေထုတ်လာပြီး အားပါးတရ ရွတ်ဖတ်နေ၏။

"ရိုးရိုးသားသား ကြိုးစား၍ ဝင်ငွေတိုးစေမည် ..၊ လူမျိုးခြား .. ဘာသာခြားကို မနှစ်သက် လက်မထပ်ဘဲ နိုင်မာသော ဆုံးဖြတ်ချက် ဖြင့် အမိနိုင်ငံတော်ဆီ အရောက်ပြန်မည်။ မိမိနိုင်ငံမှာသာ ကိုယ်ပိုင် စီးပွား .. ပွား .. ဟင်!..."

စာတွေ ဖတ်နေရင်းမှ ရေး တို့ သုံးယောက်ကို သတိထားမိသွား ကာ ...

"ဘာတွေ ဖြစ်နေကြတာလဲ .."

သုမ မေးတာကို ဘယ်သူမှ လှည့်မဖြေနိုင်ကြပေ ..၊





က သုမ စားပွဲရဲ့အံဆွဲထဲက စက္ကူအိတ်လေးတစ်လုံးကို ထုတ် အထဲက ဓာတ်ပုံနှစ်ပုံကို ခဏလေးပဲ ထုတ်ယူကြည့်၍ ...

"...ကော်!..."

"...ြီး .. ဗြီး ..."

"...ချိုးယုတ်သွေး .. ကဲဟယ် .. ကဲ .."

"...ရေး!..."

"...ဟော့တော်!..."

... တအံ့တသြ ရေရွတ်ရင်း ရေး လက်ထဲက အစိတ်စိတ် ... တ်ပြဲ လွင့်ကျကုန်ကြသော ဓာတ်ပုံအပိုင်းအစတို့ကို ငေးကာ ...ိုင်ထားသည့် စာရွက်လေးကိုပါ ယောင်ရမ်း လွှတ်ချမိလျက်..၊ ...ာတွေ ဖြစ်ကုန်ပါသနည်း ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

"ဆည်းဆာ .."

အာခေါင်ခြစ် အော်လိုက်သလို ဂုဏ့် အသံက စူး၏။ ဆည်း
ခြေလှမ်း တုံ့ခနဲ ဖြစ်သွားသည်။

"တောက်!..."

လက်က ဆွဲထွက်လာသည့် ကျောပိုးရှုံ့အိတ် သေးသေး
ဆိုဖာပေါ် ပစ်ပေါက်တင်ခဲ့လျက် ဂုဏ် က ဧည့်ခန်းကနေ ပေါ
အောက်ကို ခြေသုံးလှမ်းလောက်နှင့် ချက်ချင်း ရောက်သွားကာ

"အခု မင်းခြေလှမ်းက ဒီကားကိုလား .."

"ဟုတ်တယ် .."

"ဒါ .. မင်း စီးရမယ့် ကားလား .."

"ဘာ!..."

ဆည်းဆာ က တံခါးပေါ် တင်လိုက်ပြီးသည့်လက်ကို ပြန်ဖြ
၍ ဂုဏ့် မျက်နှာကို စေ့စေ့လှည့်ကြည့်သည်။





"ဒီမှာ ဂုဏ်ထည်ဝါ .. ငါက သူဌေး ဦးခနဂုဏ် ရဲ့ ဇနီး .. ငါ
ချင်ရင် ဒီကားတင်မကဘူး ဦးခနဂုဏ် ကိုပါ နှာဖားကြိုးတပ်ပြီး
ရတယ် .."

"ဘာ!... ပြောတယ် .."

"ဒုန်း .."

ဆည်းဆာ ရဲ့ ပခုံးတစ်ဖက်ကို ဆောင့်တွန်းပစ်လိုက်ကာ သူမ
သော်ဒီမှာ ကျောကပ်ကျသွားသည်နှင့် ဂုဏ့် လက်တစ်ဖက်က
နှိန်နဲ့ မြောက်တက်သွား၏။

"သား .."

သူ့လက် ပြန်မကျမီ ဦးခနဂုဏ် က ထိုလက်ကို အချိန်မီ ဖမ်းဆွဲ
လိုက်ပြီး ...

"မလုပ်ပါနဲ့ .."

"ဖေဖေ .. ဖေဖေ့ကို ဒီမိန်းမ ဘာပြောလိုက်သလဲ သိလား ..
ယ်လောက် မိုက်ရိုင်းတဲ့ မိန်းမလဲ .."

ဆည်းဆာ မျက်နှာလေးက ဒေါသနှင့် ထိတ်လန့်ခြင်းရော၍ ခဏ
သေးပဲ ပျက်ကျသွားကာ ဦးခနဂုဏ် ရောက်လာသည်နှင့် နှုတ်ခမ်းကို
၍ သားအဖနှစ်ယောက်ရှေ့မှာ ခပ်မိန့်မိန့် ပြန်ရပ်၏။

"နင်က ငါ့ကို မိုက်ရိုင်းတယ်ပြောရအောင် .. ကိုယ့်ဖအေရဲ့ဇနီးကို
င်းတွေ .. ငါတွေနဲ့ ထိုးမယ်ကြိတ်မယ် ဖြစ်နေတဲ့ နင်ကတော့ ဘယ်
သောက် ယဉ်ကျေးနေလို့လဲ .."

"မင်းက ငါ့အမေ ဖြစ်ချင်သေးတယ် ဟုတ်လား ..၊ ဒီပုံစံမျိုးက
ငါ့အမေ .."

"ဟုတ်တယ် .."



www.burmeseclassic.com

www.burmeseclassic.com



ဆည်းဆာ က နှုတ်ခမ်းနီရဲရဲ မျက်တောင်ကော့ကော့တို့
မျက်နှာလေးကို တမင် မော့သည်။ ခြောက်လက်မ ပွိုင့်ဒေါက်နှင့် ဖိ
မြင့်ပေါ်မှာ အနီရောင်စကက်တိုကျပ်ကျပ် ရင်ပြတ်အကျီ အသား
လေးနှင့် ကိုယ်ဟန်ကို လှလှပပလေး လက်ပိုက်၍ ခပ်စောင်းစော
ကန့်ကလျ ရပ်၏။

ကော်ဖီရောင် အပေါ်ထပ်အကျီရှည်သာ မပါပါက သူမပုံစံသည်

"နင့်အဖေက နနုငယ်ငယ်ကိုမှ ကြိုက်တာလေ .. အဘွားကြီး
ကြိုက်ရင် သူ့အရွယ် အဘွားကြီးတွေထဲက ရှာယူမှာပေါ့ .. အဲ့ဒါကြော
ငါက လှသထက် လှ .. နုသထက် နုအောင် နေရတာ .. ဦးမနုဂု
ပြောလိုက်လေ .."

"တောက်!... မင်း .. မင်းကွာ .."

"တော်ပြီ သား ..၊ ဆည်းဆာ .. မင်း သွားစရာရှိတာ သွားတော
လေ .."

ဆည်းဆာ က ဟွန့်ခနဲ မဲ့လိုက်ပြီးမှ ကားထဲ ဝင်ထိုင်သည်။

"မောင်ဝင်း .. ဟော့ .."

ဦးမနုဂုဏ် က ဒရိုင်ဘာကို လှမ်းခေါ်ပေမယ့် ...

"ဘာလုပ်ဖို့လဲ .. ဒရိုင်ဘာ မလိုပါဘူး .. ကားလေးစီးစလုံး ဝ
ရှော့ ရောက်နေပေမယ့် ဂိုဒေါင်ထဲမှာ ကားတွေ ရှိသေးတာပဲ .. ဦး
အမြော်အမြင်ရှိရင်တော့ ရှိုးရွန်းမ်မှာ ကားသွားကြည့်ထားလေ .."

ပြောနေရင်း စက်နှိုးကာ ...

"ကားမောင်း မကျွမ်းကျင်လို့ ဟိုတိုက် ဒီတိုက် တိုက်မိတာ
အပြစ်မြင်ပြီး မှတ်လောက်အောင် ထားမယ်ဆိုလည်း ရတယ် နော်
ဆည်းဆာ တို့က ဘဝသမား .. ဘာတွေ ရှိရှိ မရှိရှိ .."





"ဟာကွာ!... ဒီမိန်းမ .."

"ဒုန်း .."

ထွက်သွားသည့် ကားနောက်မြီးကို ထိထိမိမိ လွဲကန်ပစ်လိုက်၏။
နိ်မှာပဲ ဦးမနုဂုဏ် စိုက်ခနဲ ယိုင်လဲသွားလျှင် ...

"သုဒ္ဓေး .."

လှယုံ ဦးကျော်ထွန်း ၏ အသံကြီးကို ကြားလိုက်ရမှ ...

"ဖေဖေ!..."

ဂုဏ် ထိတ်ထိတ်ပျာပျာ ဖြစ်သွား၏။

ထိုအခြေအနေတွေတည်းက ဖေဖေ့ ကျန်းမာရေးကို သူ သတိ
ခဲ့သည်။ ဒါပေမယ့် ရင်ထဲမှာ အမုန်းတရားနှင့် ဒေါသတွေသာ
က်ထမ်းပိုး ပိုမို များနေခဲ့လျက် ...

"ကိုကိုကြီး .."

"ဘာလာလုပ်တာလဲ .. သွား .."

ဆေးကဗျာ ဆိုတဲ့ ကွိစိကွစလေးကလည်း ဘယ်တုန်းကမှ ကြည်
ည်လင်လင် မရှိခဲ့တဲ့ သူ့မျက်နှာကိုပဲ တကြည့်ကြည့် ..၊
ဘယ်လိုစကားမျိုးမှ အကောင်းနဲ့လည်း နားမထောင် .. ကောင်း
င်းလည်း မပြောခဲ့ဖူးဘဲ ဘာလေးဖြစ်ဖြစ် သူ့ကိုပဲ လာပြော၏။
ထိုပြဿနာသည် အဲဒီ ပေါက်စနမလေး စကားမပီခင်တည်း
တောက်လျှောက် ဒီအတိုင်း ..၊

"မေမေ့ .."

"ဘာလဲ ..၊ သွား .. သွား အထဲပြန်ဝင်နေ .. မလိုက်ရဘူး .."

"မီးမီး လိုက်ချင်လို့ပါ .."

"အို .. မလိုက်ရပါဘူး ဆိုမှ .."

ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒီကောင်မလေး မအေဆီကလည်း ယုယနွေးထွေးမှု မရခဲ့ရှာပေ။ ကိုယ့်ဘာသာလည်း မခေါ်ချင်ပေမယ့် ဆည်းဆာ ဆိုတဲ့မိန်းမ နွားမတမ် သားမခင်သလိုအချိုး ချိုးနေတာကျတော့လည်း ဒေါသတွေ ဖြစ်နေမိ ပြန်သည်။

ဒီအိမ်မှာ ဘာတွေ ဖြစ်နေကြတာလဲ ..။

"တောက်!..."

မနေချင်ပေမယ့် နေနေရသည်။ မမြင်ချင်တာတွေလည်း မြင်နေ ရ၏။ သူ တက်တခေါက်ခေါက် ဖြစ်နေသဖြင့် ဦးကျော်ထွန်း က အနား ရောက်လာ၏။

"သူဌေးလည်း ကျန်းမာရေး မကောင်းဘူး လူလေးရယ် .. အပြေ အဆို ဆင်ခြင်ပါ .. ဒေါသကို လျှော့ပါ .. ဆည်းဆာပန်းချီ နဲ့ တုပြိုင်ပြီ ဒေါသဖြစ်နေရင် သူက သူဌေးကို ဂရုစိုက်မယ့်သူ မဟုတ်ဘူး .. လူလေး က ကိုယ့်အဖေ ဖြစ်နေတဲ့အတွက် သူဌေးကို ပြန်ငဲ့ရမှာ .."

"ဖေဖေက ဘာရောဂါဖြစ်နေတာလဲ အဘ .. ဘယ်တုန်းက ဘာရောဂါမှ မရှိခဲ့ဘဲနဲ့ သူ လုပ်ချင်ရာလည်း လုပ်ခဲ့ပြီးပြီ .. အခု ဒီမိန်း ကို ထိန်းမနိုင် သိမ်းမရ ဖြစ်နေလို့ ကောက်ရတဲ့ ရောဂါလား .."

"ဟင်း .."

ဦးကျော်ထွန်း က ရုတ်တရက် ဘာမှ မပြောပြခဲ့ပေ ..။

"အဘက ဘာဖြစ်လို့ သက်ပြင်းတွေ ချနေတာလဲ ..၊ ကျွန်တော် ဒီကိုလာတာ.. ဒီမိန်းမနဲ့ ဖေဖေ့ကို မကွဲကွဲအောင် တိုက်ထုတ်ဖို့.. ခုတော့ ကျွန်တော်ကချည်း လက်သီးဆုပ် အံကြိတ်နေခဲ့ရတယ် .. ဖေဖေ ကျွန်တော့်ကို အရှုံးပေးနေရအောင် တမင် ရောဂါပြနေတာလား .."

"အဲ့ဒါတွေ တစ်ခုမှ မဟုတ်ပါဘူး လူလေးရယ် .."





"ဟုတ်ရင် ဘာလဲ ..၊ ဒီမိန်းမယုတ် ဖေဖေ့ကို ရအောင် ယူထား ..၊ ခုကျမှ .."

"ဟုတ်ဘူး ဂုဏ် .. လူလေး ထင်တာ အဲ့ဒီကနေ စပြီး မှားခဲ့တာ.. ဆည်းဆာပန်းချီ ကို သူဌေးကပဲ မတရားတဲ့နည်းနဲ့ ဖြားယောင်းပြီး ယူခဲ့တာ .."

"ဘယ်လို!... အဘ .. အဘ ပြောတဲ့စကား ဘယ်လောက် အပြစ် အဘ သိရဲ့လား .. အဲ့ဒါ စော်ကားတာ နော် .."

ဦးကျော်ထွန်း က ခေါင်းညိတ်ပေမယ့် မျက်နှာကို တွင်တွင်ငုံ့ ..

"အဘက သူဌေးအတွက် အသက်တောင် ပေးဝံ့တဲ့သူပါ.. သူဌေး အဘရဲ့ညီဆိုလည်း ဟုတ် .. သားဆိုလည်း ဟုတ်တယ် .. ဟောဒီ ရှင်တွေရဲ့အရိပ်မှာ အဘ ဒီအချိန် ဒီအရွယ်အထိ လူလေးရဲ့ ငယ်ငယ်တည်းက အတူနေလာခဲ့တာပါကွယ် .."

ဦးကျော်ထွန်း ရဲ့ စကားတွေကို ဂုဏ် ရုတ်တရက် နားမလည်ခဲ့ ..

"ဒီအကြောင်းတွေကိုလည်း သူဌေးက ခွင့်ပြုလို့ ပြောပြတာပါ.. ကိုယ်တိုင်က ပြောပြချင်ပေမယ့် လူလေး သိထားပြီးမှ သူ ထပ်ပြီး အောင် ပြောပြဖို့ ဆန္ဒရှိနေတာ .."

"ဘာအကြောင်းတွေကိုလဲ .."

"မိန်းကလေးကို သူဌေး သဘောကျပြီး ပိုင်ဆိုင်ခွင့်ရအောင် ဘယ် ယူထားခဲ့တယ်ဆိုတဲ့ အကြောင်း .."

ဆည်းဆာပန်းချီ ဆိုသည့် စာရင်းကိုင် မိန်းကလေးကို စာရင်းတွေ ချုပ်နှောင်၍ သိမ်းပိုက်ရယူထားခဲ့သည်ဆိုတာ သူ မယုံနိုင်



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေက အစဉ်အဆက် ချမ်းသာပြည့်စုံစွာ ဆင်းသက်လာခဲ့ လူကုံထံအသိုင်းအဝိုင်းထဲက ဂုဏ်သိက္ခာကြီးမြတ်ခဲ့တဲ့သူပါ ...။

ဖေဖေ့လိုလူက ဒီလို လုပ်ယူပါ့မလား ...။

"မိန်းကလေးကလည်း ချောချောလှလှလေး ဖြစ်တယ် ... သူ လည်း အားနည်းချက်တွေ များနေတော့ ကိုယ့်အပေါ် အလွယ်တ ပစ်ကျမလာနိုင်တဲ့ မိန်းကလေးကို ချစ်တဲ့စိတ် တစ်ခုတည်းနဲ့ ရအေ ယူခဲ့တာပဲ ..."

"အဲ့ဒီလို ယူနိုင်ခဲ့တော့ရော သူ အခု စိတ်ချမ်းသာနေရလို့လား"

"ဒါမျိုးက မှားပြီဆိုမှ နားလည်ကြတာမျိုးပဲ .. ပြီးတော့ အ မိန်းကလေးကို သူ နေရာတကာ ခွင့်လွှတ်နေခဲ့တာ အကြောင်းရှိတယ်"

"ဘာအကြောင်းလဲ ..."

"မိန်းကလေးမှာ ..."

အိပ်ချ်အိုင်ဗွီပိုး ရှိနေသည်ဆိုသည့် စကားကို ထပ်ကြားလိုက် သဖြင့် ထိုအချိန်မှာ သူ့မျက်နှာ ဘယ်လောက်ထိ ပျက်ယွင်းခဲ့သ ဆိုတာ ပြန်စဉ်းစားမိကာမှ သတိရ၏။

"ဒါ .. ဒါဆို ဖေဖေ့မှာလည်း ဖြစ်နေပြီပေါ့ .."

"မဟုတ်ဘူး .. သူ့ရှေးကနေ ဆည်းဆာ ကို ကူးစက်ခဲ့တာ .."

"ဟာ!... အဲ့ဒါ လုံးဝ အဓိပ္ပာယ် မရှိဘူး .."

ဒီအဖြစ်ကြောင့် သူ ဖေဖေ့ဆီကို ဒိုင်းခနဲ ရောက်သွားခဲ့သည်

"ဟုတ်တယ် သား .. ဖေဖေ့ဆီကပဲ .. ဒါပေမယ့် ဒီရောဂါ ကူ စက်ရခြင်းအကြောင်းတွေထဲက တစ်ခုခုကြောင့် ဖြစ်ခဲ့တာ မှန်တယ် လိင်ကိစ္စကြောင့် လုံးဝ မဟုတ်ဘူး သား .. ဖေဖေ့ကို ဒါ တစ်ခုကိုတေ ယုံကြည်ပေးပါ .. ဆည်းဆာ ကို 'မျက်ကန်း တစ္ဆေမကြောက်' သ





ဘာတွေ ဖြစ်လာမှာမှ မကြောက်ရွံ့ မတုန်လှုပ်မိအောင် ချစ်ခဲ့မိတာ အမှန်ပဲ .. ဒါပေမယ့် ဖေဖေ တဏှာရူးတော့ မဟုတ်ပါဘူး .."

"ဖေဖေ ဘာမှ မမှားခဲ့ဘူးဆိုရင် သူ့ကြောင့်ပေါ့ ဖေဖေ .."

"ကာယကံရှင်ထက် ပိုမသိချင်ပါနဲ့ သားရယ် .. ဖေဖေသာ ကိုယ့် ရောဂါကို သိလျက်နဲ့ ဆည်းဆာ ကို ဒုက္ခပေးခဲ့မိတာ .."

"ဒါဆို .. ဟိုကောင်မလေးကရော .. တေးကဗျာ .."

"သမီးလေးကို မွေးပြီးမှပါ .."

"ဒါဆို မကြာသေးဘူးပဲ ဖေဖေ .. ဒီရောဂါကို ကုလို့ ရနေပါပြီ.. ဖေဖေ့ကို .."

"နေပါစေတော့ သား .. ဆည်းဆာ က ခံနိုင်ရည် မရှိတော့ဘူး.. သူ မကြာခင် ဖေဖေ့ကို ခွဲသွားတော့မှာ.. ဖေဖေက ဘာဖြစ်လို့ တစ်ကိုယ်ကောင်းဆန်ပြီး ဆက်ရှင်နေရမှာလဲ .."

"ဟာ!... ဖေဖေ .. အဲ့ဒါ မဟုတ်ဘူး နော် .."

"ဖေဖေ့စကားကို နားထောင်ပါ သားရယ် .. ဆည်းဆာ အပေါ်မှာ ဖေဖေ မတရားမှုတွေ ကျူးလွန်ခဲ့တာ အများကြီးပါ .. သူလည်း ဖေဖေ့ကြောင့်ပဲ မကြာခင် သွားရတော့မှာပါ .. သူ ပျော်သလို နေပါစေ .. သားက သည်းခံပေးပါ .."

ဖေဖေ့ရှေ့မှာ သူ ဘာမှ မပြောခဲ့သော်လည်း ဒါကို ဘယ်လိုနည်းနဲ့မှ လက်မခံနိုင် ...။

ဖေဖေက မယုံနိုင်းလည်း ဖေဖေ့ကို သူ ယုံကြည်သည်။ ဒီလို ရောဂါ တွယ်ကပ်လာရလောက်အောင် ဖေဖေက အသွားအလာ အနေအထိုင် စည်းကမ်းမဲ့တဲ့သူ မဟုတ်ပေ ...။

ဘာလုပ်လုပ် .. ဘယ်လိုနေနေ တစ်စက်လေးမှ အပြင်မတော်



www.burmeseclassic.com

www.burmeseclassic.com



သော ဆည်းဆာပန်းချီ သည်သာ ဒီရောဂါပိုး သယ်ဆောင်သူ ဖြစ်ရေ မည်။ အထပ်ထပ်ဝေ့ွးရင်း ဒီတိုင်းပဲ သတ္တုချလိုက်မိ၏။ သို့သော် ...

"သားနဲ့ သမီးငယ်လေးအတွက် ဖေဖေ ပိုင်ဆိုင်သမျှ တစ်ဝက်စီ ပေးခဲ့မယ် .. ဆည်းဆာ ရော ကျေနပ်ရဲ့လား .. ကိုကြီးတို့ သူတို့အတွက် ခုလို ပေးခဲ့မှ .."

"ဘာတွေပြောနေတာလဲ ဦးခနေ ရယ် .. ဘာအမွေလဲ .. အဲ့ဒါတွေ ကို ဘယ်သူက မက်နေလို့လဲ .. ရှင်ကြီးပဲ မသေခင်လေး သေချာ ထုပ်ပိုး သိမ်းထားပါ .. နောက်ထပ် ကျွန်မထက် နုတာ ငယ်တာလေး တွေ့ရင် အမောပြေ လက်ဖျစ်တီး ခေါ်လို့ရအောင်ပေါ့ .. ဟွန်း .. ရှင် လိုချင်တာ ရဖို့ ငွေတွေ လိုတယ်လေ .. ကျွန်မအတွက် မလိုဘူး .."

အားလုံးရှေ့မှာ ပြောချလိုက်တာ ခပ်ရိုင်းရိုင်း ..၊ ပြီးတော့ ဂုဏ် မျက်နှာကို မေးဆတ်၍ ...

"အမွေတစ်ဝက် ပေးရတော့မယ်ဆိုပြီး ရှင့်သား သွေးတက်ဆောင့် ဦးမယ် .. တေးကဗျာ ကို ခေါင်းထဲ ထည့်မနေနဲ့ .. ကျွန်မကတော့ ကိုယ့်ကိုယ်ကိုယ်တောင် မပိုင်ခဲ့တာ ဘယ်သူ့အတွက်မှလည်း မပူဘူး.. ဘယ်သူ့ကို ဘယ်လို စီမံခဲ့မယ်လို့လည်း မတွေးမိဘူး .. တေးကဗျာ ကို ဒီအိမ်မှာ လူဦးရေထဲ မထည့်လည်း ရတယ် .. ကျွန်မကို မျက်နှာပူဖို့ မလိုဘူး .." တဲ့ ..။

တော်တော် မိုက်ရိုင်းတဲ့ မိန်းမ ..၊

ကိုယ်က မုန်းရမလား မှတ်ပါသည်။ သူကိုယ်တိုင် မွေးထုတ်ထား ပြီး သူကချည်းပဲ မုန်းပြနေတာ ဆရာခေါ်လောက်သည်။

"ဟဲ့ .. ဝေးဝေး နေစမ်း .. ငါ နေမကောင်းဘူးလို့ ပြောနေတယ် နော် .."





သူမ အခန်းအောင်းလာခဲ့သော နေ့များထဲက တစ်နေ့မှာ ညှော်ခန်း ...သွန်သည်နှင့် စကားသံတွေကို ကြားလိုက်ရသည်။

သူ ခပ်ဖြည်းဖြည်း လျှောက်လာရင်း နားစွင့်ထားမိဆဲ ..၊

"နင့်ကို ငါ လိုချင်လို့ ရတာ မဟုတ်ဘူး.. နင့်ကို မြင်တိုင်း ငါ့ဘဝ ...ငါ သနားလွန်းလို့ ..၊ သွား .. သွား .. ဟဲ့ .. မယ်စိန် .."

စိန်စိန် ကမန်းကတန်း ပြေးလာပေမယ့် အခန်းတံခါးနားမှာ သူ့ ...မြင်လိုက်တော့ တုံ့သွား၏။

လူမြင်သွားသဖြင့် ဆက်ကွယ်နေဖို့ မဖြစ်နိုင်တော့ဘဲ တစ်ဝက် ...ထားသည့် အခန်းရှေ့က အဖြတ် ..၊

"တောက်!... သွားဆို မသွားဘူး .. ကဲဟာ ..."

"ဒုန်း .."

"အား!... မေမေ .. ဟီး .. ဟီး ..."

သူ လှည့်ကြည့်လိုက်သည့် ခဏလေးမှာပဲ ကလေးကို ခုတင်ပေါ် ...နေ ဆောင့်ကန်ပစ်လိုက်ခြင်း ..၊ တေးကဗျာ ပုံခနဲ လဲကျသွားခြင်းက ...ဆက်တိုက် မြန်ဆန်စွာ ဖြစ်သွားခဲ့ပြီး ...

"မင်း ဒီလောက်တောင် လူစိတ် မရှိလှချေလား .. မင်း ဘယ်လို ...မိန်းမလဲ .."

မျှသိပ် ဖြတ်ကျော်ခဲ့ရမှာကို ဘယ်လိုမှ မျှသိပ်ချိန် မရလိုက်ဘဲ ...အခန်းထဲကို သူ ဘယ်လိုရောက်သွားခဲ့မှန်း မသိ ..၊

ပြီးတော့ သူမနည်းတူ သူ ဘယ်လိုမှ ကြင်နာလို့ မရခဲ့သော ...တေးကဗျာ ကို ပြေးကောက်လိုက်မိ၏။

သို့သော် ချက်ချင်း ပြန်ဆောင့်လွှတ်မိကာ ...

"မယ်စိန် .."



www.burmeseclassic.com

www.burmeseclassic.com



မယ်စိန် ပြေးဝင်လာပြီး ကလေးကို ခေါ်ထုတ်သွားကာမှ ...

"မင်းလိုမိန်းမကို ငါ့အဖေ ဘယ်လိုအင်အားတွေနဲ့ သည်းခံခဲ့သလဲ မသိဘူး .. ငါ ကြာကြာနေရင်တော့ မင်းကို လည်မျိုညှစ်သတ်မိတော့မှာ .."

"အိုး .. လုပ်စမ်းပါ .. ဘယ်သူက ကြောက်နေလို့လဲ ..၊ နင့်အဖေဖြစ်ဖြစ် .. နင့်အဘိုးဖြစ်ဖြစ် .. ရှိသမျှ ဘိုးဘေးတွေ စုပြုံလာလည်း ဂရုမစိုက်ဘူး .. ဦးမနေဂုဏ် ဆိုတဲ့ တစ်ကိုယ်ကောင်း အတ္တသမားကြီးကို ငါ မသေခင် နောက်ဆုံးထွက်သက်အထိ ဒုက္ခပေးသွားမှာ .. သူ အသက်မထွက်သေးဘဲ မြန်မြန် သေချင်လွန်းလို့ ကိုယ့်ဘာသာ တိုင်နဲ့ခေါင်းနဲ့ ပြေးဆောင့်ပစ်တဲ့အထိ .."

"အခု မင်း အရင်လုပ်လိုက်ပါလား .. မင်းက သေလောက်အောင်မုန်းနေတာဆိုတော့ မင်း အရင် သေသင့်တာလေ .. ဘယ်လိုလဲ .. ငါ ထုပေးမယ် .."

"ငါ့ကို မမေးနဲ့ .. နင့်အဖေကို သွားမေးလိုက် .. လိုအပ်ရင် ထုပေးလိုက်ပေါ့ .. သူလည်း သေချင်နေတာ .."

အခြေအနေတွေ အဆိုးဆုံးထိ ရှုပ်ထွေးနေခဲ့လျက် ..၊ တင်းမာခဲ့သော အခြေအနေတွေ ဒီတိုင်းနဲ့ပဲ ဆည်းဆာပန်းချီ ဆုံးသွားခဲ့၏။

ဖေဖေကတော့ ထိုအချိန်မှစ၍ အခန်းအောင်းခဲ့တာ ထမင်းဟင်းတောင် ထွက်မစားတော့ပါ ..၊

ဘယ်လို အတိတ်က အကြောင်းကံတွေနဲ့လဲ ..၊





အခန်း (၃)

"ကိုကိုကြီး .."

"... ... ... ..."

"ကိုကိုကြီး .."

ဟင်!...

ဂုဏ် ဆတ်ခနဲ လန့်နိုးသွားသည်။ ကုလားထိုင်ပေါ်မှာ မျက်နှာထား၍ ရောက်တတ်ရာရာတွေ စဉ်းစား ငေးမောနေခဲ့ရင်း ကိုယ့်ကိုယ်ကိုယ် အိပ်ပျော်သွားသည်တောင် မထင်ခဲ့ ..။

စီးကရက်ကတော့ တိုကပ်သွားတာပဲ ရှိကာ လက်တင်မှာ တင်ထားသည့် လက်ကြားမှာ မီးခိုးငွေ့ဖြူတို့ တလွန့်လွန့်နှင့် ရှိနေဆဲ ...

"ကိုကိုကြီး .."

"ဘာလဲ .."

"စိန်စိန်ကြီး က မံမန့် စားမယ်တဲ့ .."

"မစားသေးဘူး .."



www.burmeseclassic.com

www.burmeseclassic.com



သူ ဒါပဲ ပြောကာ စီးကရက်ကို ခွက်ထဲ ပစ်ချလိုက်ပြီး နေရာ ထသည်။

သနားစရာ အကြောင်းအချက်တွေ ခိုင်လုံစွာ ဘယ်လိုရှိနေ ဒီမိန်းမကို သူ ဘယ်လိုမှ နားလည်ပေးလို့ မရပါ ..။

ထိုသို့သော ငြိုငြင်မှုများထဲမှာ တေးကဗျာ ဆိုသည့် ကလေးငယ် လေးပါ ပါနေခဲ့လျက် ...

"ဟိတ် .. ဘာရပ်လုပ်နေတာလဲ .."

"ကိုကိုကြီးကို စောင့်နေတာ .."

အပြာနုရောင် နှစ်ထပ်တွန့်နှင့် ဂါဝန်တိုတိုဝဲဝဲလေးက ခြေ ထောက်က အဖြူရောင်ဖိနပ်လေးရယ် .. ဖာအဖြူခြေအိတ်လေးရယ်နှ တေးကဗျာ က အရုပ်မလေးလို ချစ်ဖို့ ကောင်းနေ၏။

စူးစိုက်ကြည့်နေပြီး ချစ်တဲ့စိတ် မဖြစ်ဘဲ ရှုံ့မဲ့ ခေါင်းခါသွားခဲ့တာ ဂုဏ် ပဲ ဖြစ်ကာ ...

"မစောင့်နဲ့ သွား .. မစားဘူးလို့ ပြောနေတာ မကြားဘူးလား .. ဘာလေးမှန်း မသိဘူး .. သွားတော့ .."

မုန်းတာ မဟုတ်ပေမယ့် 'ကိုကိုကြီး'လို့ ခေါ်ခံနေရတာကိုပဲ ရှက် နေမိသည်။

ဒီအရွယ်နဲ့ ဒီအရွယ် ဦးဦး ဒါမှမဟုတ် လေးလေး ဘာညာ ဒါ ဖြစ်သင့်တာ မဟုတ်ဘူးလား ..၊

ခုကျတော့ ကိုယ့်တူမအရွယ် .. ကိုယ် အိမ်ထောင်ကျခဲ့ရင်လည် ဒီအရွယ်လေးက ကိုယ့်သမီးလောက်ပဲ ရှိတာ ..၊

ဒါကို မောင်နှမ လာဖြစ်နေရသည့်အဖြစ်က ရှက်ဖွယ်လိလိ ..

"ကလေး ဘာလို့ ငိုသွားတာလဲ လူလေး .."





သိပ်မကြာခင် ဦးကျော်ထွန်း ရောက်လာတော့မယ်ဆိုတာ သူ သိပြီးသား ..၊

"လူလေး ရယ် .. ကလေးက .."

"အဘ .."

သူ ကျောခိုင်းနေရာကနေ တံခါးဘက်ကို ဖျတ်ခနဲ လှည့်၍ ...

"ဖေဖေ ကျန်းမာရေးကြောင့်လို့ ကျွန်တော် ပြောပြီးသား .. အဲဒီ ကောင်မလေးနဲ့ ပတ်သက်ပြီး ကျွန်တော့်ကို ဘယ်လိုပြောပါ .. ဘယ်လို ဆက်ဆံပါတွေ လာမပြောပါနဲ့ .. တတ်နိုင်ရင် ကျွန်တော့်ရှေ့ထိ ရောက် မလာစေနဲ့ဗျာ .."

"ရောက်မလာအောင် ထားဖို့ဆိုတာ ကလေးက သက်မဲ့အရုပ် လေး တစ်ရုပ်မှ မဟုတ်တာ လူလေးရယ် .. လူလေး ရှိတဲ့နေရာကိုပဲ ရှာဖွေပြီး သူ့ဟာသူ ရောက်ရောက်နေတဲ့ကိစ္စ .."

"ဒါဆိုလည်း သူ့အလိုလို ဖြစ်လာတာတွေပဲ .. ကျွန်တော် ဘယ်လို နေနေ .. အဘ ဘာမှ လာမမေးပါနဲ့ .. လာလည်း မပြောနဲ့ .. လွှတ် ထားလိုက် .."

ဦးကျော်ထွန်း ခေါင်းတခါခါနှင့် လှည့်ထွက်လာခဲ့သည်။ ထိုစဉ် ထမင်းပန်းကန်နဲ့ ရေဘူးလေး တင်ထားသည့် ဗန်းလေးနှင့် မယ်စိန့် ကို လှမ်းမြင်လိုက်ကာ ...

"မယ်စိန် .."

"ရှင် .."

"သူ့ဒွေး ထမင်း စားရဲ့လား .."

"ဟုတ်ကဲ့ .. ဒါပေမယ့် နည်းနည်းလေးပဲ .."

"အင်း .. ရပြီ .."



www.burmeseclassic.com

www.burmeseclassic.com



ဦးကျော်ထွန်း လက်နှစ်ဖက် နောက်ပစ်ဆုပ်ရင်း မျက်နှာ မသာမယာနှင့် ခဏ ငိုင်နေ၏။ ပြီးမှ ...

“ကလေးကို တတ်နိုင်သမျှ မျက်စိအောက်က မပျောက်စေနဲ့ ..၊ ပြီးတော့ သူ့အစ်ကိုဆီ ရောက်သွားတယ်ထင်ရင် အုပ်မိအောင် လိုက်ခေါ် .. ကြားလား ..”

“ဟုတ်ကဲ့ပါ ..”

ဦးကျော်ထွန်း မယ်စိန် နဲ့အတူ လျှောက်လာရင်း ကလေးဆီကို လာခဲ့မိသည်။

သို့သော် တေးကဗျာ သည် ...

“ကိုကိုကြီး ကို ချစ်တယ် .. ကိုကိုကြီး ကို ချစ်တယ် .. ကိုကိုကြီး ကို ချစ်တယ် ..”

အရုပ်လေး ရင်ခွင်ထဲမှာ ပိုက်ထားရင်း ပခုံးလေးတွေ တုန်အောင် ရှိုက်နေသေးသည်။ ပြီးတော့ ရေရွတ်နေတာ တစ်စက်လေးမှ မနား..၊

“သမီးလေး ..”

ဦးကျော်ထွန်း က တေးကဗျာ ဘေးမှာ ထိုင်လိုက်ပြီး ခေါင်းလေးကို ဖွဖွလေး ထိကိုင်ကာ ...

“ကိုကိုကြီး ကလည်း သမီးလေးကို ချစ်ပါတယ် သမီးရယ် ..”

“ချစ်ရင် မီးမီးကို ဘာဖြစ်လို့ ဆူတာလဲ ဟင် ..”

“သမီးတို့ ဖေဖေကြီး ကျန်းမာရေး မကောင်းလို့ သူ စိတ်ညစ်နေတယ်လေ ..”

မျက်ရည်ကြောင်းလေးတွေနှင့် မျက်နှာလေးက ဦးကျော်ထွန်း ပြောသမျှကို နားလည်ချင်နေသော မျက်လုံးဝိုင်းလေးတွေကြောင့် ပို၍ သနားစဖွယ် ဖြစ်နေရကာ ...





“ဒါဆို ကိုကိုကြီး က စိတ်တွေ ခဏခဏ ညစ်နေမှာပေါ့ ..”

“အင်း .. ဟုတ်တာပေါ့ .. သမီးလေးက ကိုကိုကြီး စိတ်ညစ်နေသိရင် အနားမသွားနဲ့ နော် ..”

“ဒါဆို မီးမီးက ဘယ်သူ့နား သွားရမှာလဲ ဘိုးဘိုးကြီး ..”

ဦးကျော်ထွန်း မဖြေရသေးခင် သူမဘာသာ စဉ်းစားမိသွားသလို ကြည့်၍ ...

“ဖေကြီးက နေမကောင်းလို့ မီးမီးနဲ့ စကားမပြောနိုင်ဘူးတဲ့ ..၊ ကြီး က မီးဖိုချောင်ထဲထိ မီးမီး မလိုက်ရဘူးတဲ့ .. အေးပုံ တို့က မီးမီးနဲ့ မကစားဘူး .. မီးမီး ဘယ်သူနဲ့မှ စကားမပြောရတော့ဘူး ဟင် ..”

“ဘဘကြီး ရှင့် .. သူဌေးက ကလေး ခေါ်လာပေးပါတဲ့ ..”

အေးပုံ က မလှမ်းမကမ်း ရောက်လာပြီး ခေါင်းလေးငုံ့ရင်း ပြောင်းပို့သည်။ သူဌေးဆိုတာ သူမလေးရဲ့အဖေကို ပြောတာမှန်း သိ ကြောင့် တေးကဗျာ ဝမ်းသာအားရလေး ထရပ်၏။

“ဖေကြီး ခေါ်နေပြီ ဘိုးဘိုး ..”

ဦးကျော်ထွန်း ကလေးကို ကောက်ချီလိုက်ပြီး ဦးမနဂုဏ် အိပ်ခန်း ဝင်လာခဲ့သည်။ ဦးမနဂုဏ် သည် ပိန်လှီချိနဲ့သော မျက်နှာနှင့် ခေါက်ဒ်ပေါ်မှာ လဲလျောင်းနေကာ ...

“သမီး ..”

“ဖေဖေကြီး ..”

တေးကဗျာ က ဖအေ့ရင်ခွင်ထဲ ပြေးဝင်တော့သည်။

ဦးမနဂုဏ် သမီးငယ်လေးကို ပွေ့ပိုက်ထားရင်း မျက်ရည်တွေ ကျသာ၏။



www.burmeseclassic.com

www.burmeseclassic.com



သူရယ် .. ဆည်းဆာပန်းချီ ရယ် .. သမီးလေး တေးကဗျာ သုံးယောက်မှာ ဘယ်လို ဆိုးရွားတဲ့အထိ အတိတ်က ကံကြမ္မာ ပါလာခဲ့တာလဲ ..၊

"သူဌေး .."

ဦးကျော်ထွန်း မတ်ကတ်ကနေ မျက်လွှာချ ခေါင်းငုံ့၍ ...

"ကလေးရှေ့မှာတော့ မပျော်ပေမယ့် ပျော်ရွှင်တဲ့ပုံစံ နေသင့် လို့ ကျွန်တော် အကြံပြုပါရစေ .."

ကလေးကို မွေ့ဖက်ထားရင်း မျက်တောင်ဖျားတို့ထိ စိုစွတ် သည့် မျက်ရည်စတို့ကို ဦးကျော်ထွန်း အသံ ကြားမှ သတိရ၏။

"ကလေးက ကလေးအရွယ်လေး ငယ်သလောက် သူ့အသိ အမြင်တွေထဲမှာ သာယာချမ်းမြေ့မှု တစ်စုံတစ်ရာမှ မရှိခဲ့သေးပါ သူ့ဘက်က အားလုံးကို ချစ်သလောက် သူ့အပေါ်မှာတော့ .."

"မချစ်ဘဲ နေပါ့မလား ကိုကျော် ရယ် .. သမီးလေးကို ကျွန် တင်မကဘူး .. သူ့အစ်ကိုကလည်း ချစ်ပါတယ် .. သူ့ရင်ထဲမှာ အ ရှိတယ် .. တစ်နေ့နေ့ကျရင် သူ့ညီမကို သူ ဘယ်လောက်ချစ် ဆိုတာတွေ ပွင့်အံလာမှာပါ .."

ထိုတစ်နေ့နေ့ဟာ သူ မရှိတော့တဲ့နေ့ပဲ ဆိုတာကိုတော့ မပြော တော့ပါ ..။

"သား အိမ်မှာရှိလား ကိုကျော် .."

"ရှိတယ် သူဌေး .. ခေါ်ပေးရမလား .."

ဦးခနဂုဏ် ခေါင်းခါသည်။ ပြီးတော့ နေရာမှ ထရပ်ကာ ကဗျာ လက်လေးကို ဆွဲ၍ စာကြည့်စားပွဲဆီ လျှောက်သွား၏။ သွ ရင်း တိုးလျသောလေသံနှင့် ...





"သူ ကျွန်တော်နဲ့ စကားပြောချင်မှာ မဟုတ်ဘူးဆိုတာ ကျွန်တော် ယ် .. ဒီအိမ်မှာ မုန်းကြတာ မဟုတ်ဘဲ အချစ်ကတော့ ပျောက်ဆုံး တယ် .. အချစ်ကို ခံစားမိကြပေမယ့် အချစ်ကြောင့်ပဲ ဒီမှာ တွယ်ငြိ ကြတယ်.. ကျွန်တော့်ကို သူ ခွင့်မလွှတ်နိုင်ဘူး ..၊ ဒါပေမယ့် တော့်ကို ထားပြီးတော့လည်း မသွားနိုင်ရှာဘူး .."

ပြောနေရင်း သမီးလေးကို ပေါင်ပေါ် တစ်ဖက်ထားကာ စားပွဲ လက်ပ်တော့ပ်ကို ဖွင့်နေ၏။ ဒီထဲမှာ ဆည်းဆာ နဲ့ သူ့ရဲ့အရိပ် ရှိသည်။

သမီးလေး ကိုယ်ဝန်နဲ့ ဆည်းဆာ ဘယ်လောက်ထိ ဆိုးခဲ့သလဲ..၊ တဲ့အချိန်မှာ သူ ဘယ်လောက်ထိ ပျာယာခတ်နေခဲ့သလဲ ..၊ ပြီး သမီးလေးကို ဂရုစိုက် စောင့်ရှောက်ခဲ့တာတွေ ..၊

ပြီးတော့ သမီးလေးရဲ့ မွေးနေ့တွေမှာ အားလုံး ပြုံးရယ်နေကြ ယ် သူ့အတွက် အပြုံးအရယ်မဲ့နေသော ဆည်းဆာ ရဲ့ အေးစက် မျက်နှာလေး ..၊

ဒါတွေကို သမီးလေးကို ဒီတိုင်း ကြည့်နေစေခဲ့သည်။ သမီးလေး မျှကိုလည်း အမှန်အတိုင်းပဲ သူ ပြောခဲ့သမျှ ...

"မေမေကြီးကို မေမေက ဘာဖြစ်လို့ စိတ်ပဲဆိုးနေခဲ့တာလဲ ဟင်.."

တေးကဗျာလေး ဒီတစ်ခါတော့ မေးလာခဲ့ပါပြီ ..၊

"မေမေကြီးကို မေမေက မရယ်ဘူး .. ဒေါသတွေလည်း ထွက်နေ .. ဘာဖြစ်လို့လဲ ဟင် .."

"သမီးကို ဖေကြီး ပြောပြခဲ့တယ်လေ .. ဘာဖြစ်လို့ ဒါတွေ မြင် မေးနေတာလဲ .."

"ဖေကြီးကလည်း ဒါကိုပဲ ခဏခဏ ပြတာလေ .. မီးမီး ခဏ



www.burmeseclassic.com

www.burmeseclassic.com



ခဏာ ကြည့်နေရတာကို ..”

“မီးမီးက မကြည့်ချင်တော့ဘူးလား ..”

“ကြည့်ချင်တယ် .. ဖေဖေကြီးကို မေမေက ရယ်ပြတာလည်း ကြည့်ချင်တာပဲ .. မေမေက ဘယ်တော့ ပြန်လာမှာလဲ ဟင် ..”

“မီးလေး မေမေက ဘယ်တော့မှ ပြန်မလာတော့ဘူး မီးလေး ရဲ့ ...”

“ဟင်!...”

‘သူ ပြန်လာမှာပါ ..’လို့ အမြဲတမ်း ပြောခဲ့ပေမယ့် ဒီနေ့ ဦးနေ... အမှန်အတိုင်း ပြောပြဖို့ ဆုံးဖြတ်၍ ...

“မီးမီး မေးသမျှ ဖေကြီး အားလုံး အမှန်တွေပဲ ဖြေခဲ့တာပါ ... ဒါပေမယ့် သမီး မေမေ ဘယ်တော့မှ ပြန်မလာတော့ဘူးဆိုတာ ... ဖေကြီး မပြောရက်လို့ ညာခဲ့မိတယ် ..”

“မေမေက ပြန်မလာတော့ရင် ဘယ်ကို ထွက်သွားလို့လဲ ဟင် ..”

“တမလွန်ကို သွားပြီ သမီး .. တမလွန်ဆိုတာက သေဆုံးသွား... လူတွေ ရောက်တဲ့နေရာပေါ့ .. အခု မီးမီး မေမေ ဆုံးသွားတာ ငါး... ကျော်ပြီ ..”

“မဟုတ်ဘူး ..”

သူ့ပေါင်ပေါ်ကနေ တေးကဗျာ က လျှောချဆင်းကာ ခေါင်း... ၏။ ပြီးတော့ ဖွင့်ထားသည့် ဗီဒီယိုဖိုင်ထဲက ဆည်းဆာ ရဲ့ ရယ်ပြ... သည့် မျက်နှာလေးကို လှမ်းကြည့်ရင်း ...

“မေမေ ပြန်လာမှာ .. ကားလှလှလေးနဲ့ ခဏပဲ ထွက်သွားတာ... ဘိုးဘိုးကြီး ပြောပြတယ် .. မေမေ ပြန်လာမှာ ..”

ဦးမနဂုဏ် ခေါင်းငိုက်စိုက်ကျသွားကာ မျက်လုံးတွေပါ ပြ... လာခဲ့၏။





သူလည်း ရက်ပိုင်းလောက်အတွင်းမှာ ဒါမှမဟုတ် နောက် တစ်... လလောက်ထိ အသက်ရှင်ခွင့်ရရင်တောင် သမီးလေးကို ထာဝရ ...လို့ အချိန်က နီးကပ်နေပါပြီ ...။

သူ ဘာဖြစ်လို့ အသက်ကြီးမှ အချစ်ကြောင့် ရူးမိုက်ခဲ့ရတာလဲ...၊ ...မှုတစ်ခုကနေ မကောင်းမှုတွေ ဆက်တိုက် ပေါ်ပေါက်လာခဲ့ ...သမီးလေး တစ်ယောက်တည်းကိုမှ ဘာဖြစ်လို့ ဒီအညစ်အကြေး ...နှ်းထင်ခဲ့ရတာလဲ ...။

“သမီး ရယ် ..”

ဦးမနဂုဏ် သမီးလေးကို ရင်ခွင်ထဲမှာ ပွေ့ပိုက်ထားရင်း မျက်...တွေ ကျလာခဲ့လျက် ...

“ဖေကြီး သမီးလေးကို ဝတ္တရား မကျေနိုင်တော့ဘူး သမီးရယ်... ...း ဖေကြီးကို မမုန်းပါနဲ့ .. ဖေကြီးကြောင့် မီးလေး ဘဝတစ်...က်လုံး မိဘမဲ့ဘဝနဲ့ ..”

“သူဌေး ..”

ဦးကျော်ထွန်း က ဦးမနဂုဏ် ထိုင်နေသည့် ဘေးမှာ ဒူးထောက် ...ချလိုက်ပြီး ကလေးရဲ့ပခုံးလေးကို သူ့ရင်ခွင်ထဲက အသာလေး ဆွဲ... ...

“မီးလေး .. ဘာမှ နားမလည်သေးပါဘူး သူဌေးရယ် .. သူ နား...တဲ့မယ့်အချိန်ကျရင် မိဘတွေအပေါ် နားလည်သွားနိုင်ဖို့အတွက် ...တော်တို့ ကြိုးစားချိန် ရှိပါသေးတယ် .. ကလေးကို နာကျင်စေမယ့် ...တွေ မပြောပါနဲ့ ..”

“ကျွန်တော့်မှာ အချိန်မရှိတော့ဘူး ကိုကျော်.. သမီးလေး .. သမီး...ကို ဒီတိုင်းပဲ ထားခဲ့ရတော့မယ် .. ကျွန်တော် ..”



www.burmeseclassic.com

www.burmeseclassic.com



ဦးမနုဂုဏ် ယောက်ျားကြီး မတန်မယ် ရှိုက်ငိုလေသည်။

"ဖေဖေကြီး .. ဖေဖေကြီး ဘာဖြစ်လို့လဲ ဟင် .. မေမေ ပြန်မ[illegible] တော့လို့လား ...၊ မငိုပါနဲ့ .. ဖေကြီး မငိုပါနဲ့ .. ဟီး .. ဟီး .. ဘိုးဘိုး[illegible] ဖေကြီးကို ချော့ပေးပါ .. ဟီး .. ဟီး .."

"မငိုနဲ့ မီးလေး .. မငိုနဲ့ နော် .. လာ .. ဘိုးဘိုးကြီးတို့ ကန်ထဲ[illegible] လိပ်ပေါက်စလေးတွေ သွားချကြမယ် .."

ဦးကျော်ထွန်း ဝေးကဗျာ ကို ချီပိုး၍ ထွက်သွားလျှင် အခန်း[illegible] တစ်ဖက်အကွယ်မှာ ဂုဏ် က ရပ်နေလျက် ...

"တောက်!..."

နံရံမှာ လက်သီးဆုပ်နဲ့ နဖူးထိကပ်ရင်း ပြင်းရှသော တက်ခေါ[illegible] သံသည် ...၊





အခန်း (၄)

[illegible]တောကို သိပ်တော့ မကြိုက်သေမယ့် ခုလို တစ်စုံတစ်ရာအပေါ်မှာ [illegible]ချမ်း အံကြိတ်နေရသည့်အချိန်တွေမှာတော့ သွားကြားထဲ [illegible]နေသည့် ပီကေကို ဖိကြိတ်ဝါးမျှနေရတာ အရသာတစ်မျိုး ဖြစ် [illegible]။

[illegible]င်ကွင်းထဲမှာ အဝါရောင်ဂါဝန်ကားကားလေးနှင့် သူမလေးရဲ့ [illegible]တာလောက်ရှိသော အရုပ်လေးကို ဖက်ထားသေးသည်။ ဆံပင် [illegible] ခုံးလောက်လေးပဲ ဖြစ်ပုံရှိကာ ခေါင်းစည်းကွင်းလှလှလေး [illegible]ဆောင်းနှစ်ဖက်မှာ စည်းထား၏။

[illegible]ာလေးလေးက ချစ်စရာလေး နော် .. အဲ့ဒါ နင့်တူမလေးလား

[illegible]တ်တယ်"

[illegible]တီယာရင်မှာ လက်တင်ထားရင်း သေချာလိုက်ကြည့်နေပြီး [illegible] မျက်လုံးတွေ ရေး ဆီ ပြန်ရောက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"အောင်မယ်လေး .. ကိုယ့်တူမလေးကို ကြည့်နေတဲ့ မျက်လုံး
လည်း ရေး ရယ် .. တော်တော်လေး ချစ်ခင်ကြင်နာချင်နေတဲ့ပုံပဲ

"ဟွန်း .."

ရေး မျက်နှာလေးမှာ အေးစက်စက်အကြည့်တွေက တင်
လေးမှ မေးဖျော့မသွားခဲ့ပေ ..၊ တေးကဗျာ နဲ့ ဘေးမှာ အိမ်အရှ
အမျိုးသမီးတို့ ခြေဟန်လက်ဟန်တွေနဲ့ စကားပြောသွားတာကို က
ထဲကနေပဲ စိုက်ကြည့်နေလျက် ...

"ငါ့ဘက်က ချစ်ခင်ကြင်နာစရာ ဘာအကြောင်း ရှိလို့လဲ

"နင့်အစ်မအရင်း အမြွှာညီအစ်မက မွေးခဲ့တာလေ .. ဒီက
လေးကို ဘာကြောင့် ချစ်သင့်သလဲဆိုတဲ့ အကြောင်းရင်း နင်က
တာလား ..၊ သွေးထက်ရင်းတာ ဘာရှိလို့လဲ ရေး ရယ် .."

"ငါ့အစ်မက မွေးခဲ့ပေမယ့် လူယုတ်မာကြီးရဲ့သွေးတွေ ပါ
ဒီလူကြီးက ငါ့အစ်မကို ဘဝပျက်စေခဲ့တာ .. အသက်ကိုပါ သေ
တာ .."

ဒါကျတော့ အမွန် ဘာမှ မပြောနိုင်တော့ပေ ..၊

"မမက သူ့ကိုယ်သူ သတ်သေသလိုလို ငါ့ကို စာရေးခဲ့
ငါ မြန်မာနိုင်ငံ ပြန်ရောက်ကာမှ မမ ဘာကြောင့် သေခဲ့ရမှန်း
တယ် .."

"အေးနော် .. မမစိုး ရဲ့ယောက်ျား ကိုစောနောင် က အစ
ခပ်ရှုပ်ရှုပ်မို့ ဒီရောဂါနဲ့ ဆုံးသွားခဲ့တာ .. နင့်အစ်မ ခုလိုဖြစ်
တော့ .."

"ဒီလူကြီး ယုတ်မာတာလေ .. လူယုတ်မာကြီး ကိုယ်မှာ ဒီ
ရှိထားမှန်း သိရက်နဲ့ ငါ့အစ်မကို ယုတ်မာတာ .."





"ဒါ .. ဒါဆို ကလေးမှာရော ဒီလို ဖြစ်နေမှာပေါ့ နော် .. နင်
အဲ့ဒါရော သေချာ သိထားသေးလား .."

"မသိဘူး .. ဒါပေမယ့် ကလေးမွေးတုန်းက မမကို အပ်ထားတဲ့
ဆရာဝန်နဲ့ ငါ တွေ့ပြီးပြီ .. ကလေးက ကျန်းမာရေးကောင်းတယ်တဲ့ ..
ဒီလူကြီးရော မိခင်ပါ ဘာမှ ချို့ယွင်းချက် မရှိဘူးတဲ့ .."

"ဒါဆို .."

ရေး က ဆက်မပြောပေမယ့် အမွန် က သူမဘာသာ ရှေ့ဆက်
တွေးနေမိကာ ...

"ဒါဆို .. သူ နင့်အစ်မကို ယုတ်မာချင်တာသက်သက်နဲ့ ယူတာ
တော့ မဖြစ်နိုင်ပါဘူးဟာ .. ယူပြီးမှ .."

"ယူပြီးမှ ရှုပ်တာမွှေတာကတော့ ကောင်းတယ်ပေါ့ .."

"မဟုတ်ဘူးလေ .."

"ဟုတ်တယ် .. တကယ်ချစ်လို့ယူတာ မဟုတ်လို့ နောက်ထပ်
အပျော်လိုက်တာပေါ့ .."

"ဒါနဲ့ နင် ပြောတော့ နင့်အစ်မကို အရမ်းချုပ်ချယ်တာပဲဆို ..
ကိုယ့်အိမ်မှာ ကိုယ်နေတာတောင် အိမ်ထဲမှာ ကင်မရာတွေ တပ်ထား
တာ ဆို .."

"အဲဒါ အနိုင်ကျင့် ဗိုလ်ကျတာလေ .. နင် အသာနေစမ်းပါ အမွန်
ရာ .. မမ ပြောဖူးတာတွေနဲ့ ငါ အခု စုံစမ်းလို့ သိရတာတွေကို ချိန်
ထိုးကြည့်ရင် ငါ မသိတာတွေလည်း ရှိသေးတယ် .. သိလာခဲ့တာတွေ
လည်း အများကြီးပဲ .. မောင်းဟာ .. သွားရအောင် .."

"နင် လိုက်ကြည့်ဦးမှာလား .."

"အင်း .. သူတို့နောက်က လိုက်မယ် .."



www.burmeseclassic.com

www.burmeseclassic.com



အမွန် က ကားကို နောက်ပြန်ဆုတ်၍ လာတဲ့အတိုင်း ပြန်ကွေ့လိုက်ကာ ...

"ကလေးကို လမ်းလျှောက်ခေါ်လာတာ ထင်တယ် နော် .. သူတို့ကလည်း ကိုယ့်ခြံကြီးလည်း အကြီးကြီးပဲဥစ္စာ.. အလုပ်သမားနဲ့ ကလေးကို အပြင်လွှတ်ရတယ်လို့ .."

ဘေးမှာ အခေါ်ရင်းတစ်ယောက်လုံး ငုတ်တုတ်ရှိနေပေမယ့် အမွန်ကချည်း ပူပန်စွာ ရေရွတ်နေခဲ့၏။

"အေးလေ .. ညနေတိုင်း ထွက်ကြတယ်ဆိုတော့ အန္တရာယ်မရှိလို့ပေါ့ .. ငါ ထင်တယ် သိလား ရေး .. ဒီလိုဖြစ်ကြပြီဆိုရင် ကူးစက်ခံရတဲ့ လူတွေပဲ အရင်ဖြစ်ကြတာ ..၊ ခုလောက်ဆို ဟိုသူဌေးကြီးလည်း အခြေအနေမကောင်းဘူး ဖြစ်နေနိုင်တယ် .."

"မြန်မြန်သေအောင် အရောက်ပို့ဖို့တောင် ငါက စိတ်ကူးပြီးပြီ.."

"သိပါတယ် ကြော်ငြာမနေပါနဲ့ .. ငါ တွေးနေတာက အသက်ကြီးမှ ကလေး ထပ်ရတော့ ဒီလူကြီး မချစ်ဘဲတော့ နေမှာ မဟုတ်ဘူးဟ .. ခုလောက်ဆို လူကလည်း သေခါနီးနေပြီ .. ကလေးက ငယ်ငယ်လေးနဲ့ ဘယ်လောက်များ ခံစားနေရမလဲ မသိဘူး နော် .."

"အမွန် .."

"ဟင် .."

"အစ်မတစ်ယောက်လုံး ဆုံးရှုံးခဲ့ရတဲ့ ငါ့ရင်ထဲကိုတော့ နင် အဲဒါမျိုး ဝင်တွေးကြည့်ဖူးလား .."

"ဟယ် .. ရေး ရယ် .. နင်ကလည်း ပြောရက်လိုက်တာ .."

"အေး .. ပြောရက်တယ် .. ငါ ကြိမ်းဝါးနေရင်တော့ .. တော်ပါ.. လျှော့ပါနဲ့ .. ငါကပဲ သိပ်ရက်စက်နေသလို .."





"မဟုတ်ပါဘူး ရေး ရယ် .. နင် ဘာပဲလုပ်ချင်လုပ်ချင် နင့်အစ်မ
ခဲ့တဲ့ သွေးသားအရင်းချာလေးက ရှိသေးတယ်လေ .. နင် အခု
ကြောင့် သွေးဆူနေလို့ပါ .. မှားပြီးမှ နောင်တရမှာစိုးလို့ပါ ရေး
.. နင် ငါတို့ကို ဒီတိုင်း ထင်နေခဲ့တာပေါ့ ဟုတ်လား .."

အမွန် ပျာပျာသလဲ ရှင်းပြရင်း ကားကပါ ဟိုဒီ ယမ်းခါသွား၏။
ရှေ့ကို ကြည့်၍ သတိထား မောင်းနေရင်း ...

"ငါတို့ကို တလွဲမထင်ပါနဲ့ဟာ .. နင့်ကို မစာနာလို့ မဟုတ်ပါ
- မှားမှာစိုးလို့ပါ .."

"တလွဲထင်လို့ မဟုတ်ပါဘူး .. အစကလည်း မထင်ခဲ့ဘူး ..
သေမယ့် ငါ့ရှေ့မှာ အဲဒီလူတွေအကြောင်း ဘာမှ မပြောနဲ့ .."

"ငါက .."

"ကောင်းတာရော .. မကောင်းတာရော ဘာဖြစ်ဖြစ်ဟာ .. ငါ
မုန်းလို့ နာမည်တွေ .. အသံတွေလည်း မကြားချင်ဘူး .."

"အေးပါ .. အေးပါ .. ဟိုမှာ .."

အမွန့် ခမျာ ရေး ကိုလည်း သည်းခံရှာပါ၏။ ခေါင်းညိတ် ကတိ
နေရင်း ကလေးနဲ့ အမျိုးသမီးကို လှမ်းမြင်လိုက်တော့လည်း မနေ
မထိုင်နိုင် မေးဆတ်ပြရင်း ...

"သော့နေကြတာဟ .. ဒီအိမ်မှာလည်း ကလေးရှိတာကိုး .. ဟိုမှာ
လေးလည်း ရှိတယ် .. ကြည့်စမ်း .."

အလှမ်းဝေးသည့်နေရာမှာ ကားကို ရပ်ထားလိုက်ကာ အမွန် က
ဘုတ်ထဲက မှန်ဘီလူးလေး ထုတ်ယူလိုက်သည်။

ပြီးတော့ ကိုယ့်ဘာသာ မျက်လုံးနား ကပ်ကြည့်ဖို့ ပြင်လိုက်ပြီး
-



www.burmeseclassic.com

www.burmeseclassic.com



"အပျွန်း .. ရှောလေ .. ကလေးကို အနီးကပ် ကြည့်ကြည့်ပါလား .."

"မလိုပါဘူး .. နင် ကြည့်ချင် ကြည့်ပေါ့ .."

"အေး .."

ခွင့်ပြုချက်ရမှ ပျာပျာသလဲ ချောင်းကြည့်ကာ ...

"မျက်နှာဝိုင်းဝိုင်းလေးနဲ့ အောင်မယ်လေး ချစ်ဖို့ကောင်းလိုက်တာ ဟယ် .. ဟဲ့ .. ဟဲ့ .. ရယ်လိုက်တာ ပါးချိုင့်လေးနဲ့ သိလား .."

ရေး ကို သတိမေ့ကာ အမွှန် စိတ်လွတ်လက်လွတ်ပြောရင်း မျက်လုံးလည်း မခွာနိုင် ...၊

"သွားတန်းလေးတွေ သေးသေးချွန်ချွန်လေးတွေ စီနေတာကအစ နင်နဲ့ တစ်ပုံစံတည်းပဲ ...၊ မေးရိုးကားသလိုလို .. မျက်ခုံးထူသလိုလို ရှိတာကတော့ သူ့အဖေ .. အဲ .."

အဖေ့ကဏ္ဍကျမှ ရေး ကို သတိရ၏။ လှည့်ကြည့်လိုက်တော့ ရေး က ဖုန်းလာနေတာကို ငုံ့ကြည့်နေတာ မြင်မှ ...၊

တော်ပါသေးရဲ့ ...၊

အမွှန် မှားယွင်းဖြစ်ပျက်နေတာတွေကို ရေး က တမင် မသိချင်ယောင် ဆောင်နေလိုက်တာပါ ...၊

ပြီးတော့ ဖုန်းခေါ်သူကို ကြည့်လိုက်တော့ ကိုယ့်အတွက် အရေးကြီးတာမို့ ...

"ဟလို .."

"ရေး .. ငါ ဒေါက်တာ ချစ်ထူးမောင် နဲ့ အားလုံး ပြောဖြစ်ခဲ့တယ် သိလား .."

"ဘာတွေ သိခဲ့ရလဲ .."





"သိရတယ် .. ဒေါက်တာ ချစ်ထူးမောင် က သူ့အဖေ လက်ထောက်တည်းက ဦးနေဂုဏ် တို့ရဲ့ ဖမ်မလီဒေါက်တာလေ .. သူ တော်တော်သိတယ်ဟ .. သူ့ဒွေး ဦးနေဂုဏ် က အစက ဘာရောဂါမှ မရှိဘူးတဲ့...၊ အိမ်ရဲ့အိုင်ဗွီ စဝင်တည်းက သူ သိတယ်တဲ့ ...၊ သူ သိသလောက်ဆိုရင် ဒင်မယားနှစ်ယောက် တစ်ချိန်တည်းလိုလိုပဲတဲ့ .."

"အေးပေါ့ .. သူ အဲ့ဒီလို ဖြစ်ချင်တာပဲဟာ .."

"မဟုတ်သေးဘူး နော် .. သူ့ဒွေးက သူ့အတွက် မပြောဘဲနဲ့ သူ့ဇနီးကို ပျောက်ကင်းအောင် ကုပေးဖို့ ပြောတာ အရူးလိုပဲတဲ့ ...၊ ဟိုနိုင်ငံ ပို့မယ် .. ဒီနိုင်ငံပို့မယ်နဲ့ တဲ့ .."

"ကြားကောင်းအောင် ပြောတာ .."

"အေးလေ .. ဒေါက်တာ ပြောပြတာကတော့ သူ့ဒွေးက သူ့ဇနီးကို တော်တော်ချစ်တာ ဆိုပဲ .."

နားထောင်နေရင်း ဂါဝန်လေး တဝေ့ဝေ့နှင့် ခြံရှေ့မှာ တခြား ကလေးမလေးတစ်ယောက် .. ခွေးလေးတစ်ကောင်နဲ့ ဆော့နေသည့် သားကဗျာ ရဲ့ ပုံရိပ်လေးကိုလည်း စူးစိုက်ကြည့်နေမိသည်။

လိုက်ပို့ပေးရသည့် အိမ်အကူ အမျိုးသမီးကလည်း ကလေးရဲ့ အနီးအနားမှာပဲ ဘောလုံးလေး ကောက်ပေးလိုက် .. ကလေး လဲကျသွားတာ ဖြစ်သည်နှင့် ကမန်းကတန်း ပြေးထူ၍ ဖုတ်ဖတ်ခါပေးလိုက်နှင့် အမှုတစိုက် စောင့်ကြပ်နေ၏။

"သူတို့ အိမ်တွင်းရေးကိုတောင် ဒေါက်တာက အကဲခတ်မိနေသေးတယ် .. သူ့ဒွေးကြီးရဲ့သားက သူ့အဖေ မိန်းမယူလိုက်ကတည်းက အိမ်က ထွက်သွားတာ .. ကလေးလေး လောက်လောက်လားလား ပြေးသွားတတ်ကာမှ ပြန်ရောက်လာတာ တဲ့ .."



www.burmeseclassic.com

www.burmeseclassic.com



"ဘာပြန်လုပ်တာတဲ့လဲ .. ဟွန်း .. ငါ့အစ်မကို သားအဖနှစ်ယောက် တစ်ယောက်တစ်မျိုး စိတ်ဒုက္ခပေးနေကြတာလေ .. ခုတော့ ပျော်နေကြရောပေါ့ .."

"ဘယ်ကလာ ပျော်ရမှာလဲ .. သူဌေး တော်တော်လေး ခွေလဲနေမှပဲ သူ့ကို ခေါ်တယ်တဲ့ .. သူဌေးက ဆေးကုတောင် မခံ .."

"တော်ပြီ .. တော်ပြီ .. စုံစမ်းပေးတာ ကျေးဇူးပဲ ချာန် .."

"ဟ .. ငါ သိတာတွေ မကုန်သေးဘူးလေ .."

"ရပြီဆိုမှ သိပ်ပြောချင်နေတာလား .."

"အေး .. နောက်တစ်ခုက သူဌေးသားက တော်တော် မာနကြီးပြီး ရုပ်လည်း ချောတယ် ဆိုပဲ .."

"အဲဒီတော့ ဘာဖြစ်လဲ .."

"ပြောပြတာလေ .."

ဖုန်းထဲကနေ စပ်ဖြဲဖြဲမျက်နှာကြီးကို ဒီဘက်က လှမ်းမြင်နေရသလိုရှိကာ ရေး က ဖုန်းပိတ်ပစ်လိုက်၏။

သိချင်တဲ့ထဲမှာ ဒါတွေ မပါ ..။





အခန်း (၅)

"သူဌေး ရရဲ့လား .."

"အင်း .. ရပါတယ် .. ဖယ် .. ခင်ဗျား ဖယ်ပါ .. တော်ကြာ ညှိသည်တွေ တစ်မျိုး ထင်ကုန်ကြလိမ့်မယ် .."

ဦးကျော်ထွန်း က ဦးနေဝဏ် ရဲ့ အကျီပွပွအောက်က ချိနဲ့နဲ့ပုံစံကို မြင်နေရသဖြင့် နောက်ဆုတ်ပေးလိုက်ရပေမယ့် စိတ်မချနိုင် ..။

ထို့ကြောင့် လက်တပြင်ပြင်နဲ့ အနားကို ထပ်တိုးလိုက်ကာ ...

"ကလေးရဲ့မွေးနေ့ ဆိုပေမယ့် ခပ်ကျဉ်းကျဉ်းလေးပဲ သူဌေးရယ်.. သူဌေး ကျန်းမာရေးမကောင်းတာလည်း သိနေကြတာပဲ .. အိမ်ထဲမှာ ခဲ .."

"ဘယ်ဖြစ်မလဲ ကိုကျော် ရယ် .. သမီးလေး ဝမ်းနည်းသွားမှာပေါ့ .."

ပြီးတော့ သမီးမေမေ ပြန်မလာနိုင်တော့ဘူးလို့ အမှန်အတိုင်း ပြောပြခဲ့ပေမယ့် သမီးလေးက လက်ခံခဲ့တာ မဟုတ် ..။



www.burmeseclassic.com

www.burmeseclassic.com



သူ့စိတ်ထဲမှာ သေခြင်း ရှင်ခြင်းအပေါ်မှာ တိတိပပလည်း နား လည်ခဲ့တာ မဟုတ်ဘဲ သူ့အမေ ပြန်လာမည်ပဲ ဖွဲလမ်းနေရှာတာ ဖြစ် သည်။

ဒီညမှာ မမေးပါစေနဲ့လို့ပဲ ဆုတောင်းနေရမှာပါ ..။

"ကိုကျော် .. သမီးလေးအတွက် မွေးနေ့လက်ဆောင် ပြင်ထား ရဲ့လား .."

"အဆင်သင့်ပါပဲ သူဌေး .."

ပြောရင်း ကတ္တီပါသေတ္တာရှည်လေးကို အဆင်သင့် တင်ထား သည့်အပေါ်ကနေ သွားယူလာပြီး ဖွင့်ပြသည်။ အထဲမှာ ဟန်းချိန်းပျော့ လေးနှင့် ဖု(ထ်)ချိန်းကအစ လက်စွပ် ဆွဲကြိုး အားလုံး စိန်တစ်ဆင်စာ က ပြိုးပြက်လက်နေ၏။

ဒါတွေကို ငုံကြည့်ပေမယ့် ဦးနေဂုဏ် မျက်နှာက မသာမယာ ခဲ့သည်မို့ ...

"သူဌေး ဘာများ အလိုမကျ ဖြစ်လို့လဲ .. ပြောပါဦး .."

သူ ခေါင်းခါရင်း ကုတ်အင်္ကျီရှည်ကြီး ထပ်ဝတ်လိုက်သည်။ ဦးကျော်ထွန်း က သေတ္တာကို ပိတ်၍ ချထားလိုက်ကာ ဘီးကအစ ရေမွှေးပုလင်းအဆုံး လိုလေးသေးမရှိ ယူပေး၏။

ဦးနေဂုဏ် က ပင့်သက်ရှိုက်ရင်း ...

"သမီးလေး ဒါတွေကို မက်မောပါ့မလား မသိဘူး .. တကယ်ဆို ကလေးကို ကစားစရာတွေ .. သူ စိတ်ပျော်ရွှင်သွားစရာတွေ ပေးရမှာ ကျွန်တော်လည်း ဘာမှ မလုပ်နိုင်တော့ .."

"မီးမီးလေး ပျော်နေမှာပါ သူဌေးရယ် .. တန်ဖိုးကြီးတာ မကြီး တာ ကလေးက နားမလည်သေးပေမယ့် မိန်းကလေးဗီဇဆိုတာ အလှ





ရှည်းလေးတွေကို မက်မောတတ်တာပဲ .. သူဌေးက လက်ဝတ် ...ားလေးတွေကိုပဲ ဒီဇိုင်းဆန်းလေးတွေ လုပ်ပေးထားတာ .. ...က်မောမှာပါ .."

...တို့ ထွက်လာကြတော့ ခြံထဲမှာ လှလှပပ စိုစိုပြည်ပြည်လေး ...ာမို့ ဦးနေဂုဏ် ကျေနပ်သွားသည်။

...ရောင်စုံမီးတွေက ခပ်မှိန်မှိန် မဟုတ်ဘဲ အရောင်တွေ ပြေးကာ ...နေ၏။ စားပွဲဝိုင်းတွေ သိပ်မများဘဲ ခပ်ကျဲကျဲ ချထားပုံက ...နေစေကျသည်။

...မွေးနေ့ကိတ်တင်ထားသည့် စားပွဲကို တခမ်းတနား အလှဆုံး ...ာမို့ ဦးနေဂုဏ် မျက်နှာ ကြည်ကြည်လင်လင် ဖြစ်လာခဲ့၏။

"...ခင်ဗျားကို ကျေးဇူးတင်တယ် ကိုကျော် .. အရာအားလုံးထက် ...တွက် ပိုပြီး ကျေးဇူးတင်တယ် .."

ဦးကျော်ထွန်း က မျက်လွှာချထားရင်း ပြုံးနေ၏။

...ည့်ခံပွဲ၏ ထိပ်ဆုံးညာဘက်ခြမ်းမှာ ကလေးတွေ ဆော့ဖို့ အရုပ် ...ားတွေလည်း စီစဉ်ထားသေးသည်။

...ချို့ကလေးတွေက အရုပ်ကြီးတွေ တလှုပ်လှုပ်ပေါ်မှာ ထိုင်စီးနေ ...တာ တေးကဗျာ က လက်ခုပ်တီးပြီး ဘေးကနေ ရယ်မော

...ဖြူဖွားမထိတထိ စနိုးဝှိုက်ဂါဝန်လေးနှင့် ခေါင်းမှာ သရဖူလေး ...ာ မျက်နှာလေးက ဖြူဖြူပုံ့ပုံ့လေးမို့ ရယ်လိုက်တိုင်း ပါးချိုင့် ...ထင်းနေ၏။

...မီးလေးက သူ့အမေလိုပဲ လှကာ အရွယ်ရောက်လာရင်တော့ ...ဘက်တောင် ပိုလှနေမလား မသိပါ ..။



www.burmeseclassic.com

www.burmeseclassic.com



သမီးလေးကို ငေးကြည့်ရင်း သူ့အမေကတော့ ကိုယ့်ကို အ
ဆုံးလူအဖြစ် သတ်မှတ်ခဲ့တာကို သတိရမိသည်။

သမီး ကြီးပြင်းလို့ ဒါတွေကို နားလည်လာတဲ့အခါ ဖအေ
အထင်လွဲ မုန်းတီးဦးမှာလား .. ဒီတိုင်း ဆက်ပြီး ချစ်ပါ့မလား ..

"ဖေဖေကြီး လာပြီ .."

"ဟာ!..."

"သူဌေး!..."

ဖအေကို မြင်တာနှင့် လှစ်ခနဲ ပြေးလာပြီး ဖက်ပစ်လိုက်
ဦးခနဂုဏ် ယိုင်ခနဲ ဖြစ်သွား၏။

တစ်နေရာကို ငေး၍ သတိလက်လွှတ်နေတာလည်း မဟုတ်

ဒီသမီးလေးကိုပဲ ငေးကြည့်နေတာဖြစ်ကာ သူ့ဆီကို ပြေးလာ
လည်း မြင်ပါလျက်နှင့် ခါးကို ခုန်ဖက်လိုက်တာမှာ လူက ယိမ်း
သွားခဲ့၏။

အနားမှာ ဦးကျော်ထွန်း သာ ရှိမနေလျှင် သူ ခွေခေါက်လဲသ
သေချာသည်။

"သူဌေး လာပါ .. ဒီမှာ ခဏ ထိုင်နေပါ .."

"ကိုခနဂုဏ် ရရဲ့လားဗျ .."

"နေမကောင်းသေးဘဲ ထွက်လာတာလား .."

"ရတယ် .. ကျွန်တော် ဘာမှ မဖြစ်ပါဘူး .. သမီးလေးအတ

စကားဆုံးအောင် မပြောနိုင်ဘဲ တရိပ်ရိပ် မူးဝေလာသည်။
တွေကို တစ်စုံတစ်ယောက်က ကိုင်ထားပါလျက် သူကိုယ်တိုင်
တစ်ရာကို ထိကိုင်ထားသည့်တိုင် ..၊

ဘာမှ ဆုပ်ကိုင်မထားမိသလို ခံစားနေရသည်။





"ဆကြီး .. ဖေကြီး ဘာဖြစ်လို့လဲ ဟင် .."

"ဘာမှမဖြစ်ဘူး မီးမီး .. ဖေဖေကြီးက ထိုင်ချင်လို့တဲ့ နော် .."

"ရတယ် .. ရတယ် .. သမီး နေပါစေ .."

"သူဌေး .."

"ဖယ် .."

ကလေးကို ဦးကျော်ထွန်း က ခေါ်ထုတ်ဖို့ ပြင်၏။ ဦးခနဂုဏ်
ရင်ခွင်ထဲမှာ ထွေးဖက်ထားကာ ဦးကျော်ထွန်း လက်ကို ဖယ်ချ
၏။

"သမီးလေးအတွက် ဘတ်(သ်)ဒေး ဒ့စ်(ရှ်)လေး လုပ်ရအောင် ..
ပြင်လိုက်ပါ .."

"ဟုတ်ကဲ့ သူဌေး .. ဟုတ်ကဲ့ပါ .."

"ကိုခန နေမကောင်းဘူး ထင်တယ် .."

ဦးခနဂုဏ် သားကို ရင်းနှီးတဲ့မိတ်ဆွေတချို့က ဂရုတစိုက် ထလာ
၊ သူ ပြုံးတော့ ပြုံးထားခဲ့ပေမယ့် ဘယ်သူ့ကိုမှ ဟုတ်တိ ပတ်တိ
မဆိုနိုင် ..၊

"ဖေဖေ .."

ဟင်!...

သားအသံ ကြားတော့ စိတ်က လှုပ်ရှားခံလိုက်ရသလို အသံနောက်
အကြည့်ရောက်သွား၏။

"သား .."

"ကျွန်တော် ကိစ္စရှိလို့ အပြင်ထွက်သွားတာပါ .. နေမကောင်းဘဲနဲ့
ဘာဖြစ်လို့ ထွက်လာတာလဲ ဖေဖေ .."

"သြော် .. သား ရယ် .."



www.burmeseclassic.com

www.burmeseclassic.com



ဦးမနဂုဏ် မပြုံးနိုင်သည့် နှုတ်ခမ်းမှာ ပြုံးယောင်သမ်း
ပေမယ့် မဲ့တဲ့တဲ့ ဖြစ်သွားခဲ့လျက် ...

"သမီးလေး ဘေးမှာ ဘယ်သူမှ မရှိလို့မှ မဖြစ်တာ သားရယ်

ဂုဏ့် အသံ တိတ်သွားတော့ သူ ပို၍ နားလည်သွားခဲ့၏။
ဘာဖြစ်လို့ ဒီအချိန် အပြင်ရောက်နေသလဲဆိုတာ သူ သိသည်။
လာဖော် ရတာကိုပဲ ကျေးဇူးတင်ရမှာပါ ..။

ဆည်းဆာ ကို သူ သိမ်းပိုက်ရယူထားပြီးတည်းက မကြည်
သော ကိုယ်ခန္ဓာကို အမိပွာယ်မဲ့စွာ ပိုင်ဆိုင်ခွင့်ရခဲ့သည်မှလွဲလျှင်
ထံမှ ဘာကိုမှ မရခဲ့သလို .. သားတစ်ယောက်၏ ကြည်ညိုပျက်
ရက်စက်စိမ်းကားခြင်းတွေသာ သူ့ဆီ ရောက်လာခဲ့သည်။

ပြီးတော့ ခုချိန်ထိ အထီးကျန်ခြောက်သွေ့စွာ ကျန်ရစ်ခဲ့ခြင်း
အဖတ်တင်လျက် ...

"လူလေးရေ .. လူလေးအဖေကို အထဲ ပြန်ခေါ်သွားလို
လား .."

"လူကြီးဆိုတာ ကျန်းမာရေး မကောင်းနေတုန်း ပိုဂရုစိုက်ရ
ကွယ် .."

"သမီးလေးက ချစ်စရာလေး .."

လူတွေက သူ ရောက်လာတာနှင့် ကိုယ့်နေရာကိုယ် ပြန်
သွားကြသည်။ ဂုဏ့် မျက်နှာကတော့ ပြုံးချိုမျှငှာခြင်း ကင်းလျ

"လူတွေက ကိုယ့်ဟာကိုယ် မနေတတ်ကြဘူး .."

ဟု တီးတိုး ရေရွတ်ရင်း ...

"နေမကောင်းဘဲနဲ့ ဖေဖေလည်း ထွက်မလာသင့်ဘူး .. က
မွေးနေ့က ဒီတစ်နှစ်ပဲ လုပ်ရမှာမှ မဟုတ်တာ .."





"ဖေဖေက ဒီတစ်နှစ်ပဲ လုပ်ပေးနိုင်မှာ ဆိုရင်ရော .."

သားအဖ မျက်လုံးချင်း ဆုံသွားသည်။ ဦးမနဂုဏ် က သားရဲ့
ကို ဆုပ်ကိုင်၍ ...

"ဖေဖေ အသက်ကြီးမှ အစစအရာရာ ဆုံးဖြတ်မှားခဲ့ပါတယ် ..
ယ့် သမီးငယ်လေးကိုတော့ အသက်ကြီးမှ ရလိုက်လို့ ပိုချစ်တာ
ဘူး သား .. သားကြီးထက်လည်း ပိုမချစ်ပါဘူး .."

"ပိုချစ်ချစ် မချစ်ချစ် ဒီကလေးပေါက်စလေးနဲ့ တိုင်းပြီး ကျွန်
 သဝန်တိုစရာလား ဖေဖေ .. အခု ဖေဖေ့ကို ပြောနေတာက.."

"လူတွေ ပြောစရာဖြစ်အောင် ဖေဖေ ထွက်လာတယ်လို့ သား
ဘာကို ဖေဖေက .."

"ကျွတ်!..."

ဂုဏ့် မျက်နှာ ရှုံ့မဲ့သွားသည်။

"မဟုတ်ဘူး ဖေဖေ .. ကျွန်တော့်အတွက်ဖြစ်ဖြစ် .. ဘယ်သူ
ဖြစ်ဖြစ် ပတ်ဝန်းကျင်က အဲလောက်ထိ အရေးမပါဘူး .. ဒါပေ
ဖေဖေ့အတွက် အဲ့ဒါတွေအားလုံးက အရေးပါနေတယ် .. ဒီ
ပေါက်စလေးက ပိုပြီး အရေးပါနေသေးတယ် .. သူ ဖေဖေ့သမီး
နေတယ် .. ဒါပေမယ့် ဖေဖေ သက်ရှိကျန်းမာနေမှ ဖေဖေ့သမီး
 .. ဖေဖေ ဂရုစိုက်ရမှာက လောလောဆယ် ကျန်းမာရေးပဲ.."

"သူ့ဒွေး အားလုံး ပြင်ဆင်ပြီးပါပြီ .."

မွေးနေ့ကိတ်မှာ ဖယောင်းတိုင်လေးတွေ စိုက်လိုက်တော့ ဘေး
 လှမ်းမြင်ပြီး သဘောကျသွား၏။ ရင်ခွင်ထဲကနေ ပြေးထွက်သွား
က်ခုပ်လက်ဝါးတီးပြီး ခုန်ပေါက်နေလေသည်။

ထိုစဉ် ကလေးတွေ မွေးနေ့ကိတ်နားမှာ စုဝိုင်းရောက်လာကြ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ .. ကဲ .. သမီးလေးက ဖယောင်းတိုင် မှုတ်ရအောင် .."

"လာ သမီး .."

"ပေးပါ သူဌေးရယ် .. ကျွန်တော် ချီထားပေးပါ့မယ် .."

"ဟင့်အင်း .. ဖေကြီးနဲ့ နေမှာ .."

"နေပါစေ .. ကျွန်တော် ရတယ် .. မခေါ်ပါနဲ့ .."

လူတွေ ဝိုင်းဝိုင်းလည်နေသည့်ကြားမှာ ကလေးနဲ့ ဖေဖေရယ် ဦးကျော်ထွန်း ရဲ့အဖြစ်ကို သူ ဆောင်းစားပွဲကနေ ဒီတိုင်းပဲ ရပ်ကြည့် မိသည်။

တချို့တလေက သူ့ဘက်ကို လှမ်းကြည့်ပေမယ့် ထိုအကြည့် ကို သူ ဂရုမစိုက် ..၊

တွေးနေမိတာက ဆည်းဆာပန်းချီ ဆိုသောမိန်းမနဲ့ ဒီကလေး သူတို့မိသားစုအတွက် ဂဲကောင်းမြင်းလက်ဆောင်လား .. နိမိတ် လား ..။

ခုချိန်ထိတော့ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲများစွာဖြင့် ကြိမ်မီး သလို ခံစားနေခဲ့ရခြင်းတွေ ဘာတစ်ခုမှ မရပ်တန့်ခဲ့သလို ဖေဖေ့အ သေခြင်းတရားက တစ်နေ့ထက်တစ်နေ့ နီးကပ်လာခြင်း ..။

"ဟေး .."

"ဖြောင်း .. ဖြောင်း .. ဖြောင်း .."

လက်ခုပ်သံတွေ ဆူညံသွားကာ မွေးနေ့ဆုတောင်းသံတွေနှင့် လျှိုင်ဝေသွား၏။

ကလေးအတွက် မွေးနေ့လက်ဆောင်တွေကို အားလုံးရှေ့ ဖွင့်ပြကာ ဦးနေဂုဏ် က ကိုယ်တိုင် ဝတ်ဆင်ပေး၏။

လူကြီးတွေ လက်ခုပ်တီးရင်း ပြုံးနေကြကာ တေးကဗျာ





သူငယ်ချင်းတွေနဲ့ အရုပ်တွေ စီးဖို့သာ အားသန်နေခဲ့၏။

ဝတ်ဆင်ပြီးသည်နှင့် ကလေးချင်း လက်ဆွဲပြီး ပြေးကြလေသည်။

"အိုး .. အိုး .. စိန်တွေ ပြုတ်ကျပါ့မယ် သမီးလေးရဲ့ .."

"ကလေးဆိုတော့လည်း ဘာမှမသိဘူး .. ဘယ်လောက် အေးချမ်း ... .."

"ကိုနေ တို့ကတော့ အသက်ကြီးမှ သမီးချောချောလေး ထပ်ရ တုန်နေတာပဲ နော် .."

"သားတစ်ယောက် .. သမီးတစ်ယောက် အဆင်ပြေလိုက်တာ .."

"မိတဆိုးလေးဆိုတော့ သူ့အစ်ကိုကြီးကလည်း ချစ်မှာပဲ .."

ဆဖန် ပြောဆိုသံတွေက သူ့ထဲ အရောက်ပို့နေသလိုပင် ..၊ ဦးနေဂုဏ် က အားလုံးကို နှုတ်ဆက်ရင်း အနီးဆုံးစားပွဲမှာပဲ ...လိုက်၏။

...ထိုင်မကောင်းပေမယ့် သမီးလေး ကစားပြီးတဲ့အခါ 'ဖေကြီး' လို့ ပြန်ပြေးလာရင် သူ့ကို မတွေ့လို့ မဖြစ် ..၊

"ဟေး .."

"ဦ .."

သားအဖ နီးနီးလေးရှိပြီး တစ်နေရာစီ ရပ်နေမိကြစဉ် သူငယ်ချင်း ...ရောက်လာကြသဖြင့် ဂုဏ်ပြု ခြေလှမ်းတွေ သွက်သွားသည်။

"ငါတို့ နောက်မကျသေးဘူးမို့လား .."

"မကျသေးဘူး .. ဝါသနာပါရင် ဟိုမှာ အိုးလိုက်ခွက်လိုက် ပါးစပ် ...သောင်းထည့်လို့ ရတယ် .."

"ခွေးကောင် .."

www.burmeseclassic.com



ဟိုတယ်လ်စာတွေနဲ့ ဝန်ထမ်းတွေက စားချင့်စဖွယ် အသင့် ...
ခင်းထားတာမို့ ပရိသတ်နည်းနေပေမယ့် စားစရာတွေက အလျှံ...
ရှိနေ၏။

"နေဦး .. ငါတို့ ကလေးကို သွားနှုတ်ဆက်လိုက်ဦးမယ် ..

"လုပ်မနေနဲ့ .."

"အန်ကယ့်လ်ကိုရော .."

"ထိုင်စမ်းပါကွာ .. ဖေဖေ နေမကောင်းဘူး .."

"အေးလေ အဲဒါကြောင့် .."

"မလိုဘူး ဆိုမှ .."

မှုန်ကုပ်ကုပ်မျက်နှာနှင့် အဝင်ဝစားပွဲ ထောင့်ကျကျမှာ ဂုဏ် ...
ထိုင်လိုက်သည်။ ပြီးတော့ သူတို့အတွက်ကိုတော့ အိမ်က အလုပ်သ...
တွေကပဲ ပြည့်စုံအောင် လာပြီး ပြင်ဆင်ပေးသွားသဖြင့် ...

"အားပါး .. ရှယ်ပဲကွာ .."

"မရှယ်နဲ့ .. ဘတ်(သ်)ဒေး ဗုစ်(ရှ်)လေးတောင် သွားမပေးရ...
ဘယ်မျက်နှာနဲ့ မျိုချရမှန်းတောင် မသိတော့ဘူး .."

"ပိုမနေစမ်းပါနဲ့ .. မျက်နှာက မျိုချမှာ မဟုတ်ဘူး .. ပါး...
မျိုမှာ .."

ဂုဏ် က တစ်ခွန်းမှ အကောင်းမပြောဘဲ သူ့ဘာသာ တစ်...
ထည့်သောက်၏။

ကလေးကလည်း ကစားကွင်း လုပ်ပေးထားသည့်ထဲလေ...
ဆော့နေသည်မို့ ဧည့်သည်တွေနဲ့ စကားပြောနေသည့် ဦးခနဂုဏ် ...
လည်း လှမ်းကြည့်ရင်း သူတို့ ဝိုင်းထိုင်လိုက်တာ စားပွဲတစ်လုံး ပြ...
သွား၏။





"မင်းကလည်း ဂုဏ် ရာ.. အန်ကယ့်လ် သနားပါတယ် .. သူ့ခမျာ
...ယ်ငယ်လေးကလည်း မကြင်နာ .. မင်းကလည်း တစ်မျိုး .."

"ကိုယ့်သမိုင်းနဲ့ ကိုယ်ပဲ .."

"အခု ကျန်းမာရေးလည်း မကောင်းဘူး မို့လား .."

သူတို့တွေ သိထားကြတာက ဂုဏ့် အဖေတစ်ယောက် စိတ်ထောင်း
...ယ်ကြေဖြစ်ကာ ကျန်းမာရေး ထိခိုက်သွားခဲ့သည်ဟု ...၊

"အခု ဆည်းဆာပန်းချီ လည်း မရှိတော့ဘဲနဲ့ မင်း ကိုယ့်အဖေနဲ့
...ယ် ပြေလည်အောင် နေသင့်တယ် .."

"အေးလေကွာ .."

"ငါက စစ်ချီစစ်မောင်းနဲ့ စိန်ခေါ်နေလို့လား .. စားစရာရှိတာ
...ကြ .. လူကို ညစ်အောင် လာမလုပ်နဲ့ .."

"ဒါပေမယ့် ငါတို့ အခု လှမ်းမြင်လိုက်တာနဲ့ မင်းတို့သားအဖ
...ခြေအနေကို သိတယ် .."

"ဦးလေးကလည်း ဒီလိုသားမျိုးကို ချော့ပေါင်းနေသေးတယ် ..
...သာဆို ရိုက်သတ်ပစ်လိုက်ပြီ .."

ဂုဏ် ဘယ်လိုနေနေ ဘယ်လိုဆန္ဒပြပြ ဦးခနဂုဏ် က ခွင့်လွှတ်
...နေခဲ့တာ သူတို့အသိ ...၊

သူတို့ မသိတာက ဂုဏ့် ဘက်ကလည်း ရက်စက်ဟန် ပြနေပေ
...ယ့် ဒီအဖေကို ထားခဲ့ပြီး နောက်ထပ် ပြန်ထွက်သွားသလားဆိုတော့
...ည်း မဟုတ် ...၊

ဒါပေမယ့် ဂရုစိုက် ကြင်နာတာလည်း မမြင် ...၊

သူတို့တွေ ဝိုင်းဖွဲ့ထိုင်မိကြပြီးမှ ဂုဏ် ဝီစကီတွေချည်း ထိုင်မော့...
...ဖြင့် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိကြ၏။



www.burmeseclassic.com

www.burmeseclassic.com



တက်ညီလက်ညီ ထွက်လာကြတုန်းကတော့ ကလေးရဲ့ မွေးနေ့ပွဲမှာ ဂုဏ် ရှိနေသည်ဆိုတော့ သားအဖ မပြေလည်တာတွေ အတော်အတန် အဆင်ပြေနေပြီဟု တွက်ခဲ့ပြီး ...

"ဘာလုပ်နေကြတာလဲ .. စားကြလေ .."

"မင်းကရော ဘာတွေ စိတ်ညစ်ပြီး ဒါတွေ တစ်ခွက်လုံး တစ်ကျိုက်တည်း မော့ချနေရတာလဲ .."

"အေးလေ ဂုဏ် ရာ .. တစ်ခုခု ညစ်စရာရှိနေရင် ငါတို့လည်း ဝိုင်းညစ်ပါ့မယ် .. ပြောစမ်းပါ .."

"ဟာ!... ဟာ .. ဟော့ကောင် .. ဟိုမှာ .."

စကား အတူတူပြောနေကြတုန်း ရဲရင့် က ပြူးတူးပြဲတဲ ထဖြစ်ကာ ဆတ်ခနဲ ခါးဆန့်လျက် လက်ညှိုးထိုး၍ ...

"ဟိုမှာ ကြည့်ပါ ဆို .."

သူတို့တွေအားလုံး လှည့်ကြည့်လိုက်ကြလျှင် ...

"ဟာ!.."

"ဆည်းဆာပန်းချီ .."

"သရဲ လာခြောက်တာလား .."

"ဟာကွာ .. သရဲဆိုရင်တောင် အဖြူရောင်ဂါဝန်လေးနဲ့ ဝိညာဉ်ဆန်ဆန် လှတပတ နေမှာပေ့ါ .. ခုဟာက အနက်ကြီး .."

သူတို့တွေသာ ရေရွတ်နေကြပြီး ဂုဏ် ဘာတစ်ခွန်းမှ မပြောနိုင်...

အတွင်းခံ လည်ဟိုက်အနက် ဆောင်းဘီရှည်အနက်နှင့် တံတောင်ဆစ်လောက်ထိ ခေါက်တင်ပြီး ကြယ်သီးတပ်ထားသော ကုတ်အင်္ကျီရှည်ကလည်း အနက်ရောင် ...၊

တစ်ကိုယ်လုံးသာ နက်မှောင်နေတာ မဟုတ်ဘဲ ပုံကျလှပသော





...ခမ်းသားတို့မှာ ပန်းခရမ်းရောင်သမ်းနေသော နှုတ်ခမ်းနီကလည်း ...နက်ရောင်ပြောင် အိနေသည်။

မျက်တောင်ကော့တို့နှင့် အပြာရောင်လဲ့သော မျက်ဝန်းအိမ်တို့က ...မှောင်နေကာ ပခုံးကျော်ရုံဆံနွယ်တို့ကလည်း မီးရောင်အောက်ကျမှ ...ပြာရောင် လက်သွားတတ်ပေမယ့် နက်မှောင်မှောင် ...၊

ကျက်သရေမင်္ဂလာအပေါင်း ခညောင်းနေသော မွေးနေ့ပွဲတစ်ခု...ကို သူမက အနက်ရောင်တို့ဖြင့် အကျည်းတန်စေလေသည်။

"လျှောက်ပြောမနေနဲ့ .. လုံးဝ သရဲ မဟုတ်ဘူး .."

"ဒါပေမယ့် ဆည်းဆာပန်းချီ ပဲကွ .."

"ဆည်းဆာပန်းချီ လည်း မဟုတ်ဘူး .."

"ဟော့ကောင် ဂုဏ် .. ဟိုမှာ မင်းအဖေဆီ သွားနေတာ တွေ့...  .."

လက်ဆောင်ဘူးတစ်ခုကို ကိုင်ထားပေမယ့် ဘူးက အလှအပ ထုပ်...ပြင်ဆင်ထားတာ မတွေ့ ...၊ ပြီးတော့ သူမ ကိုင်လာပုံက မြန်မြန်...ဆန် လွှင့်ပစ်လိုက်ဖို့ လိုအပ်နေသော အမှိုက်တစ်စကို ပစ်လို့ရတဲ့...ရာရောက်အောင် ပြီးစလွယ် ဆွဲချလာတာမျိုး ...။

စားပွဲတွေရဲ့အလယ်လမ်းလေးကနေ အဖြတ်မှာ စကားသံတစ်ချို့...ရင်ဆုံး တိတ်ကျသွားကြသည်။ နောက်ထပ် ရယ်မော ဆူညံသံတွေ... တိတ်ကျသွား၏။

"ဆည်းဆာ ဆိုတဲ့ မိန်းကလေး မို့လား .."

"ကောင်မလေးက သေသွားပြီဥစ္စာ .. တူတာ နေမှာပါ .."

ဦးနေဂုဏ် မျက်လုံးငေ့ မှိတ်ထားလိုက်ပြီး ခဏလေး အပန်းဖြေ...မိစဉ် ဆည်းဆာ ဆိုသည့် နာမည်သဲ့သဲ့နှင့် ရုတ်ခြည်း တိတ်ကျသွား



www.burmeseclassic.com

www.burmeseclassic.com



သည့် အခြေအနေတစ်ရပ်ကို သတိထားမိလိုက်သည်။

ထို့ကြောင့် မျက်လုံးတွေ ဖျတ်ခနဲ ဖွင့်လိုက်လျှင် ...

"ဟင်!..."

သူ့မျက်စိရှေ့မှာ မိန်းကလေးတစ်ယောက် ...၊

သူမမှာ ကိုင်ထားတာဆိုလို့ ကတ်ထူဘူးတစ်ဘူးသာ ပါခဲ့လျက် စူးရဲသည့်မျက်ဝန်းတို့က သူ့ကို မျက်တောင်များတို့ စင်းချ၍ စူးစိုက်နေခဲ့ပြီး ...

"မွေးနေ့လာတယ်လို့တော့ မထင်နဲ့ ဦးခနဂုဏ် .. ရှင့်အတွက် အကြို လွမ်းသူ့ပန်းခွေ လာချတာ .."

"မင်း .. မင်းက .."

စားပွဲပေါ်တင်၍ မျက်နှာမှာ ထောက်ထားသည့် လက်ကို ဖြုတ်လိုက်မိကာ ဦးခနဂုဏ် မျက်လုံးတွေ ပြူးကျယ်နေသည်။

အံ့ဩလွန်းသဖြင့် အိပ်မက်မက်ရင်း စကားထပြောနေသူနှင့် တူနေခဲ့ပြီး ...

"မင်းက ဆည်းဆာ ရဲ့ ညီမလား .."

ဟုတ်တယ်ဆိုတာ သိနေပေမယ့် အမြွှာညီမ ရှိတယ်ဆိုတာလည်း မသိ ...၊ ဒီလောက်ထိ ချွတ်စွပ်တူနေတာကိုလည်း မယုံနိုင်အောင် ဖြစ်နေရကာ ...

"မင်းတို့က အမြွှာလား .."

"ဘာတွေ ထပ်သိချင်သေးလဲ .. ကျွန်မက ရှင် မေးတာတွေကို ဖြေဖို့ လာတာ မဟုတ်ဘူး .."

ပြောပြီးတာနှင့် ကိုင်ထားသည့်ဘူးကို သူ့အားက စားပွဲပေါ်မှာ ခပ်ရိုင်းရိုင်း ချပစ်လိုက်သည်။ ဦးခနဂုဏ် ကလည်း ဘူးနောက်ကို မျက်





း ပါသွားကာ ခဏအတွင်းမှာ ဆုံးဖြတ်ချက်ချပြီး ဘူးကို ဖွင့်ကြည့်လိုက်၏။

အထဲမှာ မြက်ခြောက်တွေ မြက်စိမ်းတွေ ရောခွေထားကာ ခေါင်းလောင်းသန်းတစ်ပွင့်နှင့် ...၊

ထိုပြင် စုတ်ပြဲနေသော စက္ကူအပိုင်းအစတွေကို တစ်စုံတစ်ရာမှန်း သိလိုက်ပြီး တစ်စကို ယူကြည့်လိုက်လျှင် ...

"ဟင်!..."

သမီးလေး တေးကဗျာ ရဲ့ပုံ ...၊

ဒေါသက ထောင်းခနဲ ဖြစ်သွား၏။ ဘူးတစ်ခုလုံးကို အမှိုက်တွေ ထိုး လွမ်းသူ့ပန်းခွေလို ဘယ်လိုပုံစံပဲ လုပ်လာပါစေ သူ မတုန်လှုပ်ပါ...။ ခုတော့ ...

"မင်း တော်တော်ရက်စက်တဲ့ မိန်းကလေးပါလားကွ .. ဟေ.."

ဒေါသနှင့်ပြောရင်း နေရာမှ ထရပ်လိုက်၏။ သူမက ပီကေဝါးနေသော ခပ်လှုပ်လှုပ်နှုတ်ခမ်းတို့နှင့် လက်တစ်ဖက်ကို အင်္ကျီအိတ်ထဲမှာ ထည့်ထားကာ ...

"ရက်စက်မှန်း သိသွားတာ ကျေးဇူးပဲ .. ထပ်ပြီး ရက်စက်ဖို့ ရှိသေးတာက ရှင် မြန်မြန်သေဖို့ လိုသေးတယ်ဆိုတာပဲ .. ရှင် မသေသေးဘဲ နေ့စဉ် မိုးလင်းတိုင်းမှာ မျက်လုံးဖွင့်တာနဲ့ ကျွန်မမျက်နှာကို မြင်ယောင်လိမ့်မယ် ...၊ အဲ့ဒါ ဘာကြောင့်လဲဆိုတော့ ရှင် မြန်မြန်သေဖို့ ကျွန်မက မိုးလင်းတိုင်း ဆုတောင်းနေမှာမို့လို့ပဲ .."

"ဆုတောင်းပေးစမ်းပါ .. မင်းကို ကျေးဇူးတင်တယ် .. ဒါပေမယ့် မင်း ငါ့သမီးလေးကို ပျက်စီးရာပျက်စီးကြောင်း စိတ်နဲ့တောင် မကြံပါနဲ့ .."



www.burmeseclassic.com

www.burmeseclassic.com



"ဟင် .. မေမေ .. မေမေ ပြန်လာပြီ .."

အားလုံး အနားထလာရမလား .. ဒီတိုင်း ကြည့်နေကြရမလား - ဘာလုပ်ရမှန်း မသိဘဲ အခြေအနေကို အုံ့ဩ ငေးမောနေကြတုန်းမှာ ကလေးက လည်ပတ်နေသည့် အရုပ်ပေါ်ကနေ လှမ်းခြင်သွား၏။

"မေမေ့ .. မေမေ နေပါဦး .."

အရုပ်တွေက စက်ဝိုင်းလို အရှိန်မှန် လုပ်နေရာ တေးကဗျာ အလောတကြီး ခုန်ချပစ်လိုက်လျှင် ...

"ဒုန်း .."

"အား!..."

"ဟင်!... ကလေး ကျပြီ .."

"သမီး!..."

ဦးခနဂုဏ် အသံပြာအောင် အော်ခေါ်ရင်း ကတိုက်ကရိုက် ပြေးသွား၏။

ညွှဲခံပွဲတစ်ခုလုံး ပြေးလွှားသွားကြကာ ရုတ်ရုတ်သဲသဲ ဖြစ်ကုန်လေသည်။

"သမီး .. သမီးလေး .."

"မေမေ့ .. မေမေ့ကို ခေါ်ပေး .."

"သမီးလေး .. ခေါင်းထိသွားပြီ .."

"မီးလေး .."

"မေမေ .."

တေးကဗျာ သည် ဘယ်သူတွေ ခေါ်နေနေ .. အားလုံး၏လက်ထဲကနေ ရုန်းနေကာ 'မေမေ ..'ဆိုသည့် စကားသံကိုသာ အဆက်မပြတ် အော်နေခဲ့၏။





ရုတ်ရုတ်သဲသဲ အားလုံးကို ကျော်ခိုင်းလိုက်ပြီးမှ 'မေမေ့..'လို့ ရှူးရှူး ခါးခါး ခေါ်သံကြောင့် ရေး ခြေလှမ်း တုံ့ခနဲ ဖြစ်သွားသည်။

ပြီးတော့ နှုတ်ခမ်းမှာ မဲ့ပြုံးတစ်ချက် ဖြစ်ထွန်းသွားခဲ့ပြီး နောက်ထပ် ခြေလှမ်းအရှေ့ ...၊

"နေဦး .."

သူမ လက်ကောက်ဝတ်တစ်ဖက်ကို ပိုင်နိုင်စွာ ဆုပ်ကိုင်ခြင်း ခံလိုက်ရကာ ...

'ပြဿနာ လာရှာပြီး မင်း ထွက်သွားချင်တိုင်း သွားရအောင် ဒါ ကစားကွင်း မဟုတ်ဘူး .."

"ဘာလုပ်တာလဲ .. ဖယ် .. လွှတ်စမ်း .."

ရေး က ခါးခါးသီး အော်ပစ်ကာ ကိုင်ထားသည့်လက်ကို ခါ ဆုတ်ပစ်၏။ သို့သော် ...'

"ရှင် လွှတ်လို့ ပြောနေတယ် နော် .."

ဆွဲခေါ်သွားသည့်နောက်ကို ယိမ်းယိုင်ပါသွားပြီးမှ ခြေစုံရပ်၍ ဆောင့်ရုန်းလိုက်လျှင် ကိုင်ထားသည့်လက်က ပြုတ်ထွက်သွားသည်။

ရေး ရဲ့ဒေါသက အရှိန်မသေနိုင်ဘဲ လက်လွတ်သွားတာနှင့် သူ့ပါးကို လွှဲရိုက်ချလိုက်၏။

"ဟာ!... မင်း .."

ဂုဏ် က သူမထက် ပိုမြန်သည်။ ဒါတောင် သေလုမြောပါး မော့ ချောင်လိုက်ရကာ လက်ဖျား၏ရိုက်ချက်က မျက်နှာရှေ့ကနေ ဗိုခေါ် ဖြတ်သွားတာ အေးခနဲ ...၊

"တောက်!... မင်းက စွာလှချေလား .."

"ဖြန်း .."



www.burmeseclassic.com

www.burmeseclassic.com



"အား!..."

ပါးတစ်ဖက်ကို ထိထိမိမိ ရိုက်ပစ်လိုက်လျှင် ရေး ခွေခနဲ ပုံကျသွားသည်။ ခေါင်းတစ်ခုလုံး ပွင့်ထွက်ပါသွားပြီလား ထင်ရကာ ရုတ်တရက် လေတိုးသံတွေ တရှိုးရှိုး မြည်နေသည်။

ပါးက နာကျင်တာထက် ခေါင်းတွေ တရိပ်ရိပ် မူးနောက်လာကာ မျက်လုံးတွေထဲမှာ မှောင်မိုက်နေသည်။

သို့သော် ရေး မြက်ခင်းပြင်မှာ ထောက်ထားမိသည့်လက်ကို နောက်ထပ် ခွေခေါက်ကျမသွားအောင် ကိုယ့်ကိုယ်ကိုယ် သတိပေးရင်း အားတင်းထားခဲ့၏။

ဒါပေမယ့် ..

"မေမေ .. မေမေ့ကို ခေါ်ပေး .. ဖေကြီး မေမေ ရှိတယ် .. ဟိုမှာ မေမေ့ကို တွေ့တယ် .. ခေါ်ပေးပါ .. ခေါ်ပေး .. ဟီး .. ဟီး .. မေမေ့.."

ရေး ခေါင်းတွင်တွင်ခါရင်း ...

"မဟုတ်ဘူး .. ငါ နင့်အမေ မဟုတ်ဘူး .."

ကိုယ့်ကိုယ်ကိုယ် စကားတွေ ပြောနေသည် ထင်သော်လည်း သူမ မြက်ခင်းပေါ် ခွေခနဲ လဲပြိုကျသွားခဲ့သည့်နောက် ...၊





အခန်း (၆)

ထမဆုံး ခံစားမိလိုက်သည်က မျက်နှာတစ်ခြမ်းလုံး ကိုက်ခဲ
င်နေခြင်း ဖြစ်၏။

"အား!... ကျွတ် .. ကျွတ် .."

ါးတစ်ဖက်ကို လက်ခုံနဲ့ ကပ်ထိရင်း မျက်လုံးတွေကို ဖွင့်လိုက်
...

"ဟင်!..."

ရေး ချက်ချင်း သတိဝင်လာသည်။

"ရှင်တို့ .."

နေရာမှ ဖျတ်ခနဲ ထထိုင်လိုက်လျှင် သူမအားမှာ တေးကဗျာလေး
ပ်ပျော်နေ၏။

ပြီးတော့ သူမ ရှိနေသော မွေ့ရာခုတင်၏ ခြေရင်းမှာ ဝိုင်းပတ်ရပ်
ကြတာ ဦးခေနဂုဏ် နှင့် သူ့လူယုံ ဦးကျော်ထွန်း အပြင် မိန်းမကြီးတစ်
တ် .. လူကြီးတစ်ယောက်နှင့် မျက်လုံးပြူးပြူး ပါးစပ်အဟောင်း
င့် အံ့ဩသည့်ပန်းချီပုံတစ်ခု ထောင်ထားသလို မိန်းကလေးတစ်
တ်လည်း ရှိသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမသည် ကျစ်ဆံမြီးတိုနံ့နံ့လေး နှစ်ဖက် ကျစ်ထားကာ

ကို ကြည့်၍ အံ့သြခြင်းကြီးစွာ ဖြစ်ထွန်းနေသော မျက်နှာပြင်မှာ

တစ်ခုမှ လှုပ်ရှားပြောင်းလဲမသွားဘဲ မျက်တောင်လည်း မခတ်အား

"ဘာကြည့်နေကြတာလဲ .."

"အမေ့!..."

ရေ အသံကြားမှ တွန့်ခနဲ ဖြစ်သွားကာ လူကြီးတစ်ယောက်

နောက်ကို ကမန်းကတန်း ကပ်ကွယ်သွားခဲ့၏။

"ကျွန်မကို ရှင်တို့အိမ်ထဲ ထည့်ထားလိုက်တာလား .."

"မင်း သတိလစ်သွားလို့ပါ .."

ဦးခနဂုဏ် က တည်ငြိမ်အေးဆေးသည့်လေသံဖြင့် ရှင်းပြရ

"ခဏလေး စိတ်အေးအေးထားပြီး နားထောင်ပါ .."

"မထောင်နိုင်ဘူး ဦးခနဂုဏ် .. ရှင်တို့ရဲ့ သူများမကောင်းကြော

ကိုယ့်ကောင်းကြောင်း တရားတွေကို [illegible] စိတ်မဝင်စားဘူး .."

ပြောပြီး တေးကဗျာ ကို ငဲ့ကြည့်လိုက်သည်။ မွေးနေ့ဂါဝန်

ပင် မလဲရသေးပေ ..၊ ထို့ပြင် သရုပ်အစား ခေါင်းမှာ ပတ်တီးဖြူဖြ

နှင့် လက်တံတောင်ဆစ် နှစ်ဖက်မှာလည်း ဒဏ်ရာတွေ ရှိနေ၏။

သေချာ ငုံ့ကြည့်ပြီးမှ ကိုယ်ပေါ်က စောင်ကို ဆွဲခွာချပစ်ပြီး

ခုတင်ပေါ်က ဆင်းလိုက်သည်။

သူမကိုယ်ပေါ်က ခွာချပစ်လိုက်သော [illegible] မညင်သာစွ

ကျသွားမှုကြောင့် ကြမ်းရှသောလေတွေ ရိုက်ပုတ်သွားကာ တေး

မျက်နှာလေး တွန့်သွားသည်။

ပြီးတော့ မျက်ဝန်းလေးတွေ ပွင့်လာခဲ့လျက် ...

"မေမေ .."





"သမီးလေး မထနဲ့ဦးလေ .."

"အမေ ဘယ်သွားမလို့လဲ .."

တေးကဗျာ က ဘယ်သူ့စကားမှ နားမထောင်ဘဲ ခုတင်ပေါ်က

ဆင်းကာ ရေး ဆီ ပြေးသွား၏။

[illegible]တနေ ခါးကို မမီတမီ လှမ်းဖက်ထားလိုက်ကာ ...

"အမေ ဘယ်သွားမလို့လဲ ဟင် .. မီးမီးနဲ့ပဲ နေပါ .. မေမေ

[illegible]နဲ့ .."

"[illegible] .. ဖယ်စမ်း .."

"အမေ မသွားရဘူး .."

"ငါ နင့်အမေ မဟုတ်ဘူး .."

"ဟုတ်ပါတယ် .. မေမေရယ်ပါ ..၊ မီးမီးတို့နဲ့ နေပါ .. မသွား

"ဦးခနဂုဏ် .."

"သူက မင်းအစ်မရဲ့ ရင်သွေးပဲ .. ပြီးတော့ မင်းတို့ ဒီလောက်

[illegible]ကို ကလေးကို ဘယ်လို ရှင်းပြရမလဲ .."

ဦးခနဂုဏ် စကားကြောင့် ရေး မျက်နှာ ရဲခနဲ ဖြစ်သွားသည်။

"ဘယ်လိုပြောလိုက်တယ် ဦးခနဂုဏ် .. ရှင်ကြီးက ကျွန်မနဲ့

[illegible]ချေလားဆိုပြီး စိတ်ကူးတွေ ဖြစ်နေတာလား .."

ဦးခနဂုဏ် စိတ်ပျက်သလို ခေါင်း တွင်တွင် ခါနေ၏။

"[illegible] .. ကျွန်မက ဆည်းဆာပန်းချီ ရဲညီမ ပေမယ့် .."

"[illegible] .. နေဦး .. မင်း စကားတွေနဲ့ ထင်သလို ပစ်ပေါက်ဖို့

[illegible]နဲ့ .. ငါ မင်းကို မြင်လိုက်လို့ အံ့သြတာပဲ ရှိတယ် .. ပြီးတော့

[illegible] ဖြစ်လာတာက သမီးလေး တမ်းတနေတဲ့ .."



www.burmeseclassic.com

www.burmeseclassic.com



"ရှင် တော်တော့ .."

"ငါက သေလူ ဖြစ်နေပြီဆိုတာ မင်းလည်း သိပါတယ် .. မင်း
လည်း ငါတို့ဘက်ကလူတွေကို သေပါစေ .. သတ်ပါစေဆိုပြီး
လာတဲ့သူ ..၊ အဲဒီတော့ ငြိမ်းချမ်းရေး ပြောကြဖို့လည်း အချိန်မရှိ
ငြိမ်းချမ်းသွားမှာလည်း မဟုတ်တော့ လိုရင်းကိုပဲ ပြောလိုက်တာ

ဦးမနုဂုဏ် မျက်နှာက ငိုနေသည့် သမီးငယ်လေးရဲ့ မျ
ကြောင့် ခွန်အားသစ်တွေ ဖြစ်ထွန်းနေခဲ့လျက် .. လမ်းပျောက်နေ
လမ်းစတွေ့လိုက်တာမျိုး ..၊

"ငါ့သမီးအတွက် တစ်ခုခု လုပ်ပေးချင်တယ် .. မင်းကို လို
ပြောလိုက်ရတဲ့အတွက် မင်းဘက်က တစ်မျိုးထင်စရာ ဖြစ်လာ
ရှိရင်လည်း ငါ ကြိုပြီး တောင်းပန်တယ် .. ကလေးကို မင်း
သတ်မှတ်ပါ .. နူးညံ့ကြင်နာပါလို့ မတောင်းဆိုဘူး .. မျှော်လည်း
လင့်ဘူး .. ဒါပေမယ့် မင်း ငါ့သမီး နားမှာ နေပေးပါ .."

"ဘာ!..."

ဒေါသတကြီး မဟုတ်ဘဲ အံ့သြလှောင်ပြောင်လိုက်သည့်
သံက မဲ့ပြုံးတစ်ချက်နှင့် ရောထွေးကာ ...

"ရှင် ရူးသွားပြီလား .. ဒါမှမဟုတ် ကျွန်မ နားကြား မှာ
လား .."

"မင်း မရူးပါဘူး .. နားကြားလည်း မမှားဘူး .. မင်းနဲ့ ငါ
သဘောအရ ဆွေးနွေးကြတာလို့ သဘောထား .."

"ဘယ်လို!..."

"ဖေကြီး မေမေ့ကို ပြန်မလွှတ်ရဘူး .. မေမေ မပြန်ရဘူး

"မပြန်ဘူး မီးမီး .. လာ .. လာ .. မေမေ့ကို မုန့်ကျွေးဖို့





အောင် .. မီးဖိုချောင်ထဲမှာ စိန်စိန်ကြီး ဘာတွေ လုပ်ထားလဲ
.."

ဦးကျော်ထွန်း က ကလေးကို ယုံကြည်အောင် ပြော၍ ကောက်
ဘာ မယ်စိန့် လက်ထဲကို ပြောင်းထည့်ပေးလိုက်၏။ ပြီးတော့မှ
ကို ပြန်ပိတ်ကာ ဦးမနုဂုဏ် အတွက် ကုလားထိုင် ရွှေ့ပေးလိုက်

"သူဌေး ဒီမှာပဲ ထိုင်ပြောပါ .. ရပ်နေတာ ကြာနေပြီ .."
သူတို့ လှုပ်ရှားမှုတွေကို ရေး က လိုက်ကြည့်နေရင်း စကားပြော
တိုင်း နာကျင်နေသည့်ပါးပြင်ကို သတိရလာသည်။
ကိုသတ္တဝါ ဘယ်ရောက်သွားပြီလဲ ..၊
အရိုင်းအစိုင်းကောင် .. လူရမ်းကား ..၊
သူ့သားကလည်း မိုက်ရိုင်းရမ်းကားလိုက်တာ ရေး ရယ် ..တဲ့..။
ဘာထဲမှာတောင် မမ သူ့အကြောင်း ထည့်ပြောထားသေးသည်။
တော့ ပါးတစ်ဖက် ဆော်ကားခံလိုက်ရတာ လက်တွေ့ပါ ..။
ကိုယ့်ပါးကို ပြန်မစမ်းရဘဲ တဖျင်းဖျင်း နာကျင်နေခြင်းက လူကို
သေးနေ၏။ ဒီမိသားစု ဒီလူတွေကို သူမ မသိခဲ့ပေ ..။
သိခဲ့တာက မမ သူ့ချစ်သူနဲ့ လက်ထပ်သွားသည်ဟု သာ ..၊
တော့ သူမ သိထားခဲ့တာတွေ .. သိခဲ့တဲ့လူတွေ ဘယ်သူမှ မရှိ
ဘဲ မသိခဲ့တဲ့လူတွေ အလယ်မှာ ..၊
"ငါတို့က မင်းကို သိခွင့်မရှိကြပေမယ့် မင်းအစ်မကတော့ သူ့
ရှိတာတွေ မင်းကို သတင်းပို့မှာပဲ .. ဒီလူတွေကိုလည်း မင်း
နေတယ် .. ငါကတော့ မင်းကို နာမည်တောင် မသိခဲ့ဘူး ..
ဘာ မှာ ညီမရှိတယ် .. သူက ဗိသုကာအင်ဂျင်နီယာ .. ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံခြားမှာ အလုပ်သွားလုပ်တယ် .. ငါ သိခဲ့တာ ဒါပဲ ..၊ အမြွာညီ
ဖြစ်နေမှန်းလည်း မင်းကို မြင်မှ သိရတာ .."

"အဲဒီတော့ ရှင် သိခဲ့တာတွေ .. မသိခဲ့တာတွေအရ အခု ဘာ
ရှိသလဲ .."

"မင်းဘက်က မင်း သိခဲ့တဲ့အတိုင်း အမုန်းအငြိုးတွေ ပြင်ဆင်
ခဲ့သမျှ ငါတို့က ဘာမှ မသိဘဲ ခံလိုက်ရတယ် .."

"ဘာလဲ ဦးခနဂုဏ် .. ရှင့်သား ပါးရိုက်ပေးလိုက်တာကို မ
သေးတာလား .."

"မဟုတ်ဘူး .. မဟုတ်ဘူး .. အဲ့ဒီအတွက် ဆောရီးပါ .. 
တောင်းပန်တယ် .. မင်း မကျေနပ်ခဲ့တာတွေကို ဖယ်ထားပြီး
လုပ်ရပ်အတွက် မင်း ကျေနပ်တဲ့အထိ တောင်းပန်ပါတယ် .."

"ဘာကိုလဲ.. ကျွန်တော့်လုပ်ရပ်အတွက်ဆိုတာ ဘာကိုလဲ
အစတည်းက သင်းက ဘယ်မှာ ရှိနေခဲ့တာလဲ ..၊

လူကို မြင်လိုက်ရသည်နှင့် စကားသံကပါ တစ်ထပ်တည်း
ခိုင်းကြဲ ပါလာကာ ...

"ဘာမှ တောင်းပန်စရာ မလိုဘူး .. ကျွန်တော်သာ
မရှောင်နိုင်ခဲ့ရင် သူတစ်ချက် .. ကိုယ်တစ်ချက်ပဲ ..၊ မိန်းမဖြ
လောက် လက်ယဉ်တာ .. ကိုယ့်မိုက်ပြစ်နဲ့ကိုယ်လို့ သဘောထ
ရင် မင်း ငြိမ်းချမ်းသွားလိမ့်မယ် .."

"ဂုဏ် .. မင်း ဝင်မပါနဲ့ .."

"မပါစေချင်ရင် သားဆိုတဲ့ကောင် မပါအောင် ဆင်ခြင်
ကိုယ့်မျက်နှာကိုချည်း ကြည့်ပြောနေတော့ ရေး နှုတ်ခမ်း
တို့ ဖြစ်လာခဲ့လျက် ...





"ဟုတ်တယ် .. ဒီအိမ်မှာ ကိုက်တတ်တဲ့ခွေး ရှိမှန်း သိသားနဲ့
တော ဆင်ခြင်သင့်တာ .."

"ဘာ!... မင်း .. ဘာပြောတယ် .."

"ဂုဏ် .."

"လူလေး မလုပ်နဲ့ .."

ခုသက်ထိ မထိုင်ဘဲ နေနေသည့် ဦးခနဂုဏ် က အနီးဆုံးမှာမို့
ကို လှမ်းဆွဲလိုက်၏။ ဦးကျော်ထွန်း က အပြေးအလွှား ရောက်လာ
ရှေ့က ပိတ်ရပ်ထားလိုက်ကာ ...

"ဒါသ ရှေ့ထားတတ်တာ မကောင်းဘူး .. နောက်ထပ် သူများ
ကားတာ မခံချင်နဲ့ .."

"ဒါသဖြစ်လောက်အောင် တမင် မိုက်ရိုင်းဆော်ကားနေတာကို
ဖြစ်လို့ သည်းခံရမှာလဲ ..၊ လူတစ်ယောက်ကို မိုက်မိုက်ရိုင်းရိုင်း
နေတာကျတော့ ကောင်းလား ..၊ တောက်!... မင်း .. မင်းကွာ.."

"ဒုန်း .."

ဂုဏ် က ချာခနဲ လှည့်သွားကာ ကြေးပန်းအိုးကြီး တင်ထားသည့်
ကျောင်းထောက်စင်ကို လွှဲကန်ပစ်လိုက်၏။

အားလုံး လဲပြို ပြန့်ကျဲကုန်လျက် တစ်ခန်းလုံး ဆူညံသွား၏။
ဘ ဂုဏ် နဲ့ အပျက်အစီးတွေကို စိုက်ကြည့်ရင်း လက်နှစ်ဖက်ကို
ပိုက်၏။

ပြီးတော့ ဦးခနဂုဏ် ဘက်ကို ငဲ့၍ ...

"ရှင် တောင်းပန်တာကို ကျွန်မ လက်ခံလိုက်ပြီ.. အဲဒီတော့ ဆက်
ပါ .."

ရှုးရှုးဒိုင်းဒိုင်း ထွက်သွားပြီးမှ တံခါးအပြင်ကို လှမ်းသည့်



www.burmeseclassic.com

www.burmeseclassic.com



လှမ်း တုံ့ခနဲ ဖြစ်သွားသည်။

ဒီမိန်းမ တမင် ရန်စဖို့ ခြေလှမ်းဝင်လိုက်တာလား ..။

သူ ပြန်ကြည့်လိုက်တော့ ပြန့်ကြဲဖောက်ခွဲမှုတွေအတွက် အား နေသော ဖေဖေ့မျက်နှာက တစ်စုံတစ်ရာကို ပြောဖို့ အဆင်သင့် ရှိ ကာ ...

"ဖေဖေ နေဦး .."

ဂုဏ် ချက်ချင်း ပြန်လှည့်ဝင်သည်။ ဦးကျော်ထွန်း က သူ့ရှေ့ ကြိုတင် ကာဆီးထားလျက် ...

"လူကြီးတွေက ဘာလုပ်သင့်တယ်ဆိုတာ အားလုံး သိနေပြီး ပါ ..၊ ဒီအတွက်ပဲ တို့တွေ ပြင်ဆင်ထားခဲ့တာ လူလေး .. ခဏလေး ဘေးရှောင်နေလိုက်ပါကွယ် .."

သူ ဘယ်လိုမှ မယုံနိုင် ..။

ဒီမိန်းမ ကောင်းသောလာခြင်းနဲ့ မဟုတ်မှန်း သိနေလျက် ဖေဖေတို့ ဘာတွေ မျှော်လင့်နေသေးတာလဲ ..။

"သူဌေးကြီး ရှင့် .. သူဌေး .. ဟင်!..."

သူတို့တွေ အဆင်ပြေမှုကို ရှာဖွေမရသေးခင် အိမ်အကူ ကလေးတစ်ယောက် ပြေးလွှားရောက်လာ၏။ သို့သော် အခန်း မြင်ကွင်းကို တွေ့သည်နှင့် နောက်ပြန် တွန့်သွားကာ ...

"ဟို .. ဟို ဥစ္စာ .."

"ဘာဖြစ်တာလဲ မိနှင်း .."

"ကလေးကို ဘယ်လိုမှ ချော့ထားတာ မရလို့တဲ့ .. အဲ့ဒါ ခေါင်းက ဒဏ်ရာကလည်း သွေးစိမ့်နေလို့ .."

"ဟင်!..."





ဦးခနဂုဏ် ထိတ်ထိတ်ပျာပျာ ဖြစ်သွားလျှင် ဦးကျော်ထွန်း က ဘက်ကာပြ၍ ...

"သူဌေး စိတ်ချနေပါ .. ကျွန်တော် ကြည့်လိုက်ပါ့မယ် .. ကလေး ဘာမှ မဖြစ်စေရဘူး .."

စိတ်ချပါ ဆိုပေမယ့် ဦးခနဂုဏ် ၏ ပျက်ယွင်းကျန်ရစ်သော မျက်နှာမှာ သမီးအသံ ကြားလိုက်တည်းက ဖုန်းဖုန်းလဲတော့မတတ် ဖြစ်ကာ ...

"မင်းကို .."

ရုတ်တရက် ရေး ဘက်ကို ပြန်လှည့်ကြည့်၍ ...

"မင်းကို ငါ ပြောချင်တာက သမီးလေး တေးကဗျာ ဟာ .."

"ဖေဖေ .."

ဂုဏ် က ဦးခနဂုဏ် စကားမဆက်နိုင်အောင် မျက်နှာရှေ့ထိ ပြန် ဝင်လာပြီး လက်မောင်းနှစ်ဖက်ကို ဆုပ်ကိုင်၍ ...

"ဖေဖေ ဘာတွေလုပ်နေတာလဲ .. ကလေးလေးတစ်ယောက်ရဲ့ စိတ်က ပန်းကလေးတွေလိုပဲဆို .. အပြောင်းအလဲ အရမ်းမြန်တာ ဆို ဘာတွေ ဖေဖေပဲ ပြောခဲ့တာ .. ဒီကလေးရဲ့စိတ်ကို အေးချမ်းဖို့ ဖေဖေ ဒီလောက်ထိ လုပ်ပေးဖို့ မလိုဘူး .."

"ဂုဏ် .."

"မဟုတ်ဘူး ဖေဖေ .. သူများ ချခင်းတဲ့ အကွက်ထဲ အလွယ်တကူ ဝင်ပြီး အနင်းမခံပါနဲ့ .."

"ငါ့သား မင်းကို ဖေဖေ တောင်းပန်ပါတယ် .. သေခါနီးဖြစ်နေ တဲ့ မင်းအဖေရဲ့ ဆုံးဖြတ်ချက် အယူအဆတွေကို ဒါ နောက်ဆုံးအဖြစ် ခင်း ယုံကြည်ပေးပါ .."



www.burmeseclassic.com

www.burmeseclassic.com



ဦးမနဂုဏ် မျက်ဝန်းမှာ မျက်ရည်တွေနဲ့ ပြည့်သိပ်လာလျှင် လက်မောင်းမှာ ဆုပ်ကိုင်ထားသည့် ဂုဏ် ရဲ့လက်တစ်ဖက်က လျော့ရိလျော့ရဲ လျော့ကျသွားခဲ့၏။

"ဖေဖေ မှားခဲ့တာတွေ ရှိပေမယ့် ဒီတစ်ခါ အမှန်ကန်ဆုံးဖြစ်အောင် ဆုံးဖြတ်လိုက်တာပါ .. ဖေဖေ့ကို နားလည်ပေးပါ သားရယ်-နော် .."

ဂုဏ် ရဲ့ နောက်ထပ် လက်တစ်ဖက်ပါ လျော့ကျသွားခဲ့ပြီး ကျိခနဲ အံကြိတ်၏။

သူမကို ဒီထဲမှာပဲ ထည့်ထားပေးဖို့ ပြောပြီး သတိရလာတဲ့အထိ ငုတ်တုတ်ထိုင်စောင့်နေကြတည်းက လူကြီးတွေ တစ်စုံတစ်ရာအတွက် ပြင်ဆင် မျှော်လင့်နေကြပြီဆိုတာ သူ တွေးမိသည်။

ဒါပေမယ့် ဒီလောက်ထိတော့ ..။





အခန်း (၇)

"ဒါတော့ သူ့ဘိုးတော်က လွန်တာပဲ .."

"အချစ် .. နင်က အရေးထဲ သွားတင်းပြမနေနဲ့ .. ဒီကောင်က အလိုလိုကမှ ပြောမကောင်း ဆိုမကောင်း .."

"မဟုတ်ဘူးလေ .. ဆည်းဆာ နဲ့ ချုတ်စွပ်တူနေလို့ ကလေးက သူ့အမေ ထင်နေတာက တစ်ပိုင်း .. ဒါကို ခုလိုမျိုး အိမ်မှာ ခေါ်ထားပြီး .."

"အေး .. မခေါ်မဖြစ်လို့ ခေါ်ထားလိုက်ရတာလေ .. ကလေးက ဒဏ်ရာနဲ့ .. ပြီးတော့ အဲ့တစ်ယောက် ထွက်သွားတာနဲ့ သေမလို ရှင်မလို ဖြစ်ကျန်ခဲ့မှာ .."

"ကျွတ် .. အချစ် နင် ငြိမ်ငြိမ်နေစမ်းပါဟာ .. နင် တင်းနေတာ ငါ သိပါတယ် .."

"မိုးခြိမ်း နော် .. မစွပ်စွဲနဲ့ .."

"မင်းတို့ကလည်း သူများခြံထဲ လာပြီးတော့ကွာ .."



www.burmeseclassic.com

www.burmeseclassic.com



အချစ်ဦး နဲ့ မိုးခြိမ်းညံ့ က စကားပြောတိုင်း အမြဲတမ်း အတိုက်အခံ ...၊ ဆေလ နဲ့ မြတ်သု ကျတော့ ပျော်တတ်ပေမယ့် ဘယ်သူနဲ့မှလည်း မငြင်း ...၊ ပြဿနာတိုင်းကို စိတ်ပါဝင်စားတတ်ကာ ကူညီချင်စိတ် ရှိကြတာချင်း တူ၏။

ဒါပေမယ့် အားလုံးက ဂုဏ့် အပေါ်မှာတော့ သည်းခံစိတ်ရှည်ကြတာချင်း တူကာ ခင်လည်း ခင်ကြသည်။ အချစ်ဦး ကတော့ ခြွင်းချက်ဖြစ်ကာ ...

"ငါကတော့ အပိုလုပ်တာလို့ပဲ ထင်တယ် .. ဒါ လိုမှ မလိုတာ.."

သူမက ဒါကိုပဲ ထပ်ပြော၏။ ပြီးတော့ ရှေ့တည့်တည့်ကနေ မြင်နေရသည့် တိုက်ကြီးကို မကျေနပ်သည့် တစ်စုံတစ်ယောက်ကို ကြည့်သလိုမျိုး မော့ကြည့်၍ ...

"ရောက်လာတဲ့သူကရော ဒီယုန် မြင်လို့ ဒီချုံ ထွင်တာ ...၊ ဂုဏ်တို့ ဘယ်လောက်ချမ်းသာသလဲဆိုတာ သူ့အစ်မက မသေခင်တည်းက မက်ဆေ့ချ် ပို့ထားတာ နေမှာပေါ့ .."

"အဲ့ဒါနဲ့ ဘာဆိုင်လို့လဲ ...၊ သူတို့ ချမ်းသာတာကို ကလေးက ရရင်တောင် ကလေးကို နောက်ထပ် အုပ်ထိန်းမယ့်သူနဲ့ ဘာမှ မဆိုင်သေးဘူး .."

"နင်ကလည်း ငါ့ကို မပြော ပြောအောင် လာဆွပေးနေပြန်ပြီ မြတ်သု ရယ် .. ကလေးဆိက ပိုင်ဆိုင်ခွင့်ကို မရနိုင်ပေမယ့် လူကြီးကို ရရင်တော့ ပိုင်ဆိုင်ခွင့် မရှိနိုင်တော့ဘူးလား .. အစတည်းက ဒီညီအစ်မက အခြေမဲ့ အနေမဲ့ မိဘမဲ့တွေ .."

"အဲ့ဒီလိုပြောရမယ်ဆို အချစ်ဦး တို့ ဆိ ရေ လေ ဝိုင် ဘာမှမလိုဘူး .."





မိုးခြိမ်းညံ့ က မကြားတကြား ပြောကာ ကုတ်ဒ်တစ်ဘူး ဖောက်လိုက်၏။ ပြီးတော့ ဒီတိုင်း မော့လိုက်သဖြင့် ပါးစောင်တွေ ကြားကနေ ပြန်စီးကျကုန်လျှင် ...

"ခွက်မလို .. ပိုက်မလို ဒီတိုင်း မော့ရလောက်အောင် ဝတ်တာကနင် .."

"အဲဒီတော့ ဘာဖြစ်လဲ .. အန္တရာယ် ကင်းတယ် .."

"တော်ကြတော့ .. ဂုဏ် ပြန်ထွက်လာပြီ .. အဲ့ဒါတွေ ဘယ်သူမှ မမေးနဲ့ .. သူ ပြောတာပဲ နားထောင်ရအောင် .."

သူတို့တွေ ကလေးရဲ့မွေးနေ့ညက ဘာတွေ ဆုံးဖြတ်ကြသလဲဆိုတာကို သိချင်လို့ ဖုန်းဆက်ကြည့်တာ ဖြစ်သည်။ ဒါကို ဂုဏ် က ဒီကိုလာခဲ့ဖို့ ချိန်းလိုက်သဖြင့် ရောက်လာခဲ့ကြပြီး ဘာမှ သေချာမပြောဖြစ်သေး ...၊

ဂုဏ် က အနက်ရောင်တွေပေါ်မှာ ခရမ်းရင့်ရောင် ဝစ္စကုတ် ထပ်ဝတ်ထား၏။ သူ့ရဲ့ ခပ်ပါးပါး ခပ်ပျော့ပျော့ဆံပင်တွေက ပခုံးကျော်အောင် ရှည်နေကာ ဒီတိုင်း အလယ်ခွဲပုံထားသဖြင့် လူက အရပ်မြင့်မြင့်မို့ တစ်မျိုးကြည့်ကောင်းသည်။

ပြီးတော့ ဂုဏ်ထည်ဝါ ဆိုသည့်အတိုင်း ဂုဏ့် ရဲ့ အထူးကျော်ကြားခြင်းက မာနကြီးသည်ဆိုသော သတင်းကြောင့် ဖြစ်လေသည်။

ချမ်းသာလို့ မာနကြီးတာလား .. ချောလို့ မာနကြီးတာလား ...၊

တချို့ကတော့ ဂုဏ့် မှာ နှလုံးသားဒဏ်ရာ ရှိခဲ့ဖူးသည်လို့ ဆိုလေသည်။ ဘယ်မိန်းကလေးကိုမှ ဂရုမစိုက်တတ်ခဲ့သော သူ့စတိုင်လ်ကြောင့် ပို၍ ဝေဖန်လာကြတာလည်း ဖြစ်နိုင်၏။

ဒီထဲမှာ အချစ်ဦး ကတော့ တော်တော်လေးလည်း လှကာ



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားလေးအုပ်စု တစ်ခုလုံးထဲမှာ သူမ ပါဝင်နေသဖြင့် ခပ်ကဲကဲ ရဲရဲလေး ဖြစ်၏။

တခြားသော မိန်းကလေးတွေက သူမကို အထင်ကြီး အားကျနေကြသလို သူမကလည်း အားလုံးထက် ထူးချင်သူ ဖြစ်ရကာ ...

"သူ့မျက်နှာ ညိုနေရင် ငါတို့တစ်ဖွဲ့လုံးပဲ စိတ်ညစ်ရတယ် နော်.. တကယ်ပါပဲ .."

ဂုဏ် ကို လှမ်းကြည့်ပြီး သူမအသံပဲ ထွက်လာ၏။ မိုးခြိမ်းညံ က နှာခေါင်းရှုံ့ပွပွနှင့် ...

"ဘယ်သူမှ မညစ်ဘူး .. နင်ပဲ ဖြစ်နေတာ .."

"အေးပေါ့ ငါပဲ ညစ်နေတာလေ.. မိန်းကလေးဆိုတာ ယောက်ျားလေးတွေထက် .."

"ဂုဏ် နဲ့ ချစ်သူဖြစ်လို့ ရတာပေါ့လေ .."

"ကဲ.. မင်းတို့နှစ်ယောက်တော့ ခေါင်းချင်းတိုက်ပေးလိုက်မှ ထင်တယ် .."

ပြောနေကြတုန်း ဂုဏ် က အနားရောက်လာကာ ...

"ဆောရီးကွာ .. ဖေဖေ အပြင်သွားစရာရှိလို့ တဲ့ .."

"မင်း လိုက်သွားရမှာလား .."

ဂုဏ် က ခေါင်းခါလိုက်ပြီး သူတို့လိုပဲ မြက်ခင်းပြင်ပေါ်မှာ ထိုင်ချလိုက်၏။

အချစ်ဦး ရဲ့ဘေးမှာ တစ်နေရာစာ ရှိနေပေမယ့် မြတ်သု ရဲ့ ကျောနောက်မှာ ထိုင်လိုက်သဖြင့် မိုးခြိမ်းညံ က အချစ်ဦး ကို မသိမသာ လှမ်းကြည့်၏။

စားသောက်ဆိုင်မှာ .. ကန်ပေါင်မှာ ဘယ်မှာပဲ စုဝေးဖြစ်ကြပါ





.. အချစ်ဦး က ဂုဏ့် ဘေးမှာပဲ နေရာယူတတ်ကာ သူမက ထိုင်နှင့် သည်း သူမရဲ့ဘေးမှာ ဂုဏ့် အတွက် နေရာ အမြဲတမ်း ချန်တတ်

ဂုဏ် ကတော့ ဘယ်မှာထိုင်ဖြစ်တာပဲဖြစ်ဖြစ် အမှတ်တမဲ့တွေပဲ င်သော်လည်း ...

"ဖေဖေ့ ကျန်းမာရေးက ပိုပိုဆိုးလာပြီကွ.. ငါ အဲ့ဒါကြောင့် ဖေဖေ့ က် ထည့်စဉ်းစားနေရတာ .."

ဂုဏ့် လိုလူက မိဘကို ပြန်နားလည်နေသည်ဆိုတော့ ဒီအိမ်ရဲ့ င်းရေးထိ သေချာ သိမထားကြသည့် မြတ်သု တို့ အံ့သြသွားကြ

"အေးနော် .. အန်ကယ်လ်က ကြည့်တော့သာ သိပ်မဖြစ်သလိုလို တဖြည်းဖြည်း ပိန်ကျသွားတာ တစ်ခေါက်နဲ့တစ်ခေါက် သိသာလာ .. ငါတို့ပဲ တစ်ခါ တစ်ခါမှ မြင်လို့လား မသိဘူး .."

"ငါတော့ သိတယ် .. အဲဒါ သူ့မိန်းမစိတ်ကြောင့်ပဲ .."

အချစ်ဦး က ကောက်ခနဲ ဝင်ပြောသည်။ ထို့ပြင် ...

"အခု .. သူ့ညီမက ထပ်ရောက်လာပြန်ပြီ .. ယူ မို့လို့ပဲ လက်ခံ တာ အံ့ရော ဂုဏ် ရာ .. ဒီမိန်းမကို လက်မခံရလို့ ရောဂါတိုးလာ ယ်ဆိုရင်လည်း အဲဒါ အသိသာကြီး .. အန်ကယ့်လ်ရောဂါက အချစ် ဂါပဲ .."

"အချစ် .. နင် ဘာတွေ လျှောက်ပြောနေတာလဲ .."

ဖေလ တကယ် စိတ်တိုသွားတာ ဖြစ်သည်။ သူမ ဝေဖန်လိုက်တာ မ်ရဲ့အရှင်သခင် .. ဂုဏ့် ရဲ့ဖခင်ကြီး ...

"နင် စကားပြောတာ တစ်ဖက်လူ မျက်နှာကို ပြန်ကြည့်ပြီးမှ



www.burmeseclassic.com

www.burmeseclassic.com



ပြောပါဟာ .. သူတို့မှာလည်း ငွဲ့စရာအကြောင်းတွေ ရှိလို့ပေါ့ .. အစိက
က ကလေးပဲ .."

"ဟုတ်တယ် ချစ်ဦး .."

ဂုဏ့် မျက်နှာက တည်ငြိမ်နေသည် ထင်ရပေမယ့် ခက်ထန်သည့်
ဘက်ကို ယိမ်းနေကာ ...

"နေရာတကာ ပွင့်လင်းလို့ ရတယ် .. ဒါပေမယ့် ငါတော
ပြောမပြခဲ့တဲ့ ငါတို့အိမ်က နင်တို့ မသိသေးတဲ့ အကြောင်းတွေကို
မဝေဖန်ပါနဲ့ .."

အချစ်ဦး မျက်နှာလေး ပျက်သွားသည်။ မြတ်သု ကတော့ ဘယ်
သူ့ ဘယ်သူ့ကိုမှ မထိခိုက်စေချင်သည်မို့ ...

"ကဲပါကွာ .. ရင်းနှီးရင် စကားမှားတတ်ကြပါတယ် .. ငါတို့တွေ
အားလုံး မင်းကို ထိခိုက်စေချင်တဲ့ဆန္ဒ ဘယ်သူ့မှာမှ မရှိကြပါဘူး -

"ငါကလည်း စိတ်ဆိုးလို့ ပြောတာ မဟုတ်ဘူး မြတ်သု .. ဒါပေ
မယ့် စိတ်ဆိုးစရာ ပါလာရင် ငါ ခွင့်မလွှတ်တတ်ဘူး .. အဲ့ဒါကြောင့်
ကြိုပြောထားတာ .."

"ဟုတ်ပါပြီ .. မကြိုက်ရင် မပြောတော့ပါဘူး .."

အချစ်ဦး က နှုတ်ခမ်းလေး စူနေပေမယ့် တောင်းပန်ရှာသည်
ပြီးတော့ သူမပဲ အမှတ်မရှိ ...၊

"ဒါပေမယ့် ပြောပါဦး .. အဲ့ဒီတစ်ယောက်က ကလေးကိုလည်း
မကြင်နာဘူးမို့လား .. ငါတို့အားလုံး ညွှန့်ခံပွဲတုန်းက မြင်လိုက်တာ
ဟာ .."

"အေးကွ ဟော့ကောင် .. ဒါတော့ ငါလည်း အံ့သြတယ် .."

မြတ်သု ကလည်း ထောက်ခံနေကာ ...





"...အမေတုန်းကလည်း မင်းအဖေကို ရွဲ့ပြီး မအေက ကလေးကို
...သားခဲ့တာ နော် .. ဒါပေမယ့် ကလေးကတော့ မအေကို ချစ်နေ
... - မရှိတော့လည်း တမ်းတနေတယ် .."

"ဒါကတော့ မချစ်ဟန်ပြနေပေမယ့် ချစ်ခဲ့တာ ရှိလို့ပေါ့ကွ ..
...ထားတဲ့ကလေးကို မကြင်နာတဲ့မိခင် ရှိပါ့မလား .. သားအမိ
...ဆက်နေလို့ ချစ်တာပါ .."

"ဟုတ်တယ် .. ငါ့အစ်မဆိုရင် သူ့ယောကျ်ား ရုပ်မွေလာပြီ ထင်
...ကောက်ကောက် လိုက်တားမနေဘူး .. ဘာလုပ်လဲ သိလား.."

"...ဲ .. ပြောချင်ပြောတာ မဟုတ်ဘူး .. မေးနေသေးတယ် ..
...င်ရတာ ဆတ်တငံ့ငံ့ .."

...လ က ဆရာကြီးအထာနှင့် တဟဲဟဲ ရယ်ကာ ...

"...လေးကို အိမ်ဖော်တွေနဲ့ ပစ်ထားပြီး ခပ်ယော့ယော့ ဒီခိုင်းနဲ့
...တာလေ .. ယောကျ်ားက တစ်လှမ်းဆို သူ တစ်လှမ်းပဲ ..
...က အိမ်အကူတွေနဲ့ လက်ဝါးရိုက်ထားတာကွ .. အပြင်ကနေ
...ကို ထမင်းကျွေးချိန် .. စာကြည့်ချိန် .. အိပ်ချိန်တွေကို ဖုန်းနဲ့
...လုပ်နေတာ .."

"ဟုတ်လား .."

"အေး .. ယောကျ်ား ပြန်လာရင်တော့ မိန်းမက မရောက်သေး...၊
...နေတဲ့အခါကျတော့လည်း အခန်းထဲမှာ မိတ်ကပ်မပြယ့်တပြယ်
...တောကျနေပြီ .. ကလေးက ဆိုဖာပေါ်မှာ အိပ်လိုအိပ် .. ကလေး
...က်ပေါ်မှာ အိပ်လို အိပ် .."

"ယောကျ်ားက ပိုရွဲ့ပြီပေါ့ကွ .. မအေတောင်မှ ဂရုမစိုက်ရင်
...ယောကျ်ားပဲ .."



www.burmeseclassic.com

www.burmeseclassic.com



"မချို ကလည်း ယောက်ျားက ပြန်ရွဲ့တာကို ဂရုကို မစိုက်
ဗျာ .. ကလေးကို လူလစ်မှ လာပွေ့ခေါ်ပြီး ချော့မယ် .. မိုးမလင်း
ကလေးထိန်းလက်ထဲ ပြန်ထည့်တယ် .. ကြာတော့ ယောက်ျားက အ
ပေးရတဲ့အဖြစ် ရောက်ရော .."

"ဒါကတော့ ဒီယောက်ျားမို့လို့ပါကွာ .."

"မင်းကလည်း ဒါတော့ မပြောနဲ့ ဟော့ကောင် .. ဖြစ်နိုင်တယ်
ယောက်ျားက ကြိုက်သလောက် ကဲလို့ရတယ် .. အိမ်ပြန်လာရင် အ
အရပ် ဘာမှ မလျော့ဘူး .."

"ဟုတ်တယ် .. ငါ့ခြံဝင် ငါ့နွားဆိုတာ ယောက်ျားတွေကို
တာ .."

"အချစ် .."

"ဘာလဲ .. နင့်စကားကို ထောက်ခံတာ .."

အချစ်ဦး နဲ့ မိုးခြိမ်းညံ ၏ မတည့်ပေ သဘောတရား
နေရာတကာမှာ ဤသို့ ရှိ၏။

"ငါ ပြောချင်တာက အဲ့ဒီယောက်ျားက သူ့မိန်းမကို ချစ်
ဆိုရင် ဒီတိုင်း ဘယ်လိုမှ ကြာကြာ ရွဲ့မနေနိုင်ဘူး .. ကလေး
လည်း ရှိသေးတယ် .. မိန်းမဆိုတာကလည်း အလုံးအရပ် လျော့နိုင်
ဆိုတော့ .."

"ရှိမှ မရှိတာ .. ဘာလျော့စရာ ရှိလို့လဲ .."

"မရှိရှိတာ လျော့မှာပဲကွာ .."

"မဟုတ်ဘူးလေ .. အဲဒီ မရှိရှိတာဆိုတာ ဘာလဲလို့ မေး

"မင့်ကြီးတော်ကို ပြန်မေးလိုက် .."

"ကြီးတော်က အပျိုကြီးကွ .."





အပျိုကြီးပေမယ့် ရှိတယ် .."

အေး .. ဘာတုံး .."

တဲ .. တော်ကြပါတော့ကွာ .. ငါ ပြောထည့်လိုက်ရရင် မကောင်း
တော့မယ် .."

အေးလေ .. အခု မင်းအစ်မနဲ့ ခဲအိုတောင် ပြန်တည့်သွားကြပြီ

တည့်ရုံတင်မကဘူး .. ချစ်မှ ချစ်ပဲ ..၊ ဆိုလိုတာက မအေတွေက
လည်း ဟန်ဆောင်နိုင်ကြတယ် ဆိုတာပဲ .."

ပြောသမျှကို နားထောင်နေပြီးမှ ဂုဏ် က ခေါင်းခါ၍ ...

ဆည်းဆာပန်းချီ ဆိုတဲ့ မိန်းမက မင့်အစ်မလို အမေမျိုး မဟုတ်
ဘူး .."

ဟုတ်မဟုတ် မင်းက သူ့ခြေရိပ်ကိုပဲ တစ်ညလုံး ငုတ်တုတ်ထိုင်
စောင့်ကြည့်နေဖူးလို့လား .."

တစ်ခါတလေမှ မဟုတ်ဘဲကွ .. နှစ်နဲ့ချီပြီး မချစ်ဟန်ဆောင်နေ
သလား .. ကလေး သူ့အိပ်ရာနား ကပ်သွားလို့ ဆောင့်ကန်ထည့်
တာ ငါ့ရှေ့တင် .."

မင်းရှေ့တင် ဆိုတည်းက မင်း မြင်အောင် လုပ်တာ ဖြစ်နိုင်တာ

ဟဲ .. သူ မြင်တွေ့နေရတာ သူ သိနေလို့ပေါ့ .. မချစ်ပါဘူးဆိုမှ
လို့ ချစ်တယ် ဖွတ်ပြောနေကြတာလဲ .. ဆည်းဆာပန်းချီ က
င် အကျိုးဆောင်ခ ဘယ်လောက်တောင် ပေးသွားလို့လဲ .."

ချစ်ဦး က မိုးခြိမ်းညံ ကို ပေါ်တင်မေး၍ မတည့်စကား ဆို၏။

ကို ရှေ့ဆက် ငြင်းခုံခွင့် ပေးထားလို့ မဖြစ်မှန်း ဝေလ တို့က



www.burmeseclassic.com

www.burmeseclassic.com



သိနေကာ ...

"စကားတစ်ခွန်းပြောရင် လိုရင်းကို တန်းမရောက်ဘူး .. နင်
ငြင်းမနေစမ်းပါနဲ့ .. အခု ဂုဏ် တို့မှာ ဖြစ်နေတာက ဆည်းဆာယ်
ကိစ္စ မဟုတ်ဘူး .."

"အဲ့ဒါကိုပဲ ချစ် က ပြောနေတာလေ .. ကလေးက တမ်းတ
တာကို ဂုဏ် ပြောသလို တခြားနည်းနဲ့ ဖြေသိမ့်ပေးဖို့ ကြိုးစာ
ရတာပဲ .. ကလေးကိုလည်း ကြင်နာတာ မဟုတ်ဘဲနဲ့ ဘာဖြစ်လို့
တစ်ယောက်ကိုမှ အန်ကယ်လ်က အိမ်မှာ ထားလိုက်ရတာလဲ
မြွေပွေး ခါးပိုက်ပိုက်ရာတောင် ရောက်သေးတယ် .."

ပြောပြီး ကြည့်လိုက်တော့ အားလုံးက ငြိမ်နေကြသဖြင့် ပို၍
တက်သရော ဖြစ်သွားကာ ...

"သူကိုယ်တိုင်တောင်မှ အန်ကယ့်လ်ကို မြန်မြန် သေစေချင်
တွေ ပြောနေခဲ့တာ .. ကိုယ့်နားမှာ နေပြီး လုပ်ကြံမသွားဘူးလို့ ပြေ
မလား .."

"ဒါကတော့ အန်ကယ်လ်လည်း တွေးမိမှာပါ .. သူ့ခိုးကို ဘ
တိုက် အပ်တာမျိုး.. ရန်သူကို အနီးမှာထားလိုက်တာဆိုရင် အန်က
လုပ်တာ အစီပွာယ်ရှိပါတယ် .."

မြတ်သု က လျော့ပေါ့ စဉ်းစားပေးနေသည်။ ဒါကို
ကိုယ်တိုင် ဘာမှ မဖြေနိုင်ခဲ့ပေ ..၊ ဖေဖေ့ကို ငဲ့ညှာဖို့ပဲ စိတ်က
ဖေဖေ သက်ရှိထင်ရှားရှိနေတုန်းမှာ စိတ်ချမ်းသာပါစေဆိုသည့်
နဲ့ပဲ ဆုံးဖြတ်ခဲ့သည်။

ဖေဖေ့ဘက်က ဘယ်လိုစိတ်ကူးရှိနေတာ .. ဘာတွေ မျှော်
ဘယ်လို စီစဉ်နေတာ သူ ဘာမှ မတွေးခဲ့ပါ ..။





ဆိုယ့်ဘက်က မကောင်းခဲ့သမျှ အရာရာအတွက် ဖေဖေ့မှာ ကျန်
နောက်ဆုံးအချိန်လေးမှာ ဘယ်လိုသံသယနဲ့မှ နောက်ဆံမတင်း
ပုံချ ပေးဆပ်ထားလိုက်ချင်တာ ဖြစ်သည်။

ဆိုယ့်ဘက်က ဒီတိုင်း သတ်မှတ်ခဲ့ပေမယ့် ထင်ထားသလို အရာ
ကောင်းတိုင်း ဖြစ်လာတာ ဖြစ်မလာတာကတော့ ...

"နေပါဦး .. အဲ့ဒီတစ်ယောက်ကလည်း ကိုယ်နဲ့လည်း ဘာမှ
ဘူး .. သူ့အစ်မလည်း ရှိတာ မဟုတ်ဘူး .. ကလေးကိုလည်း
း ဆိုပြီးတော့ ယောက်ျားတွေကြားထဲမှာ မျက်နှာပြောင်လှချေ

"အချစ် .."

"ဘာလဲ .."

"နင် အဲဒါကို ပြောလို့ မကုန်သေးဘူးလား .."

"ကိုယ့်လူ နစ်နာမှာစိုးလို့ ပြောနေရတာ .."

"ထဲထဲဝင်ဝင် မဝေဖန်ပါနဲ့လို့ သူ ပြောထားတယ်လေ .."

"ဟုတ်ပါပြီ .. မပြောတော့ဘူး .."

ဂုဏ့် အစား ဝေလ ကပဲ ကြားဝင် ရန်ဖြစ်နေရကာ ...

စကားပြောရတာ အဲ့တစ်ယောက်တွေချည်း ထပ်နေတယ် ..
ည်က ဘာတဲ့လဲ ဂုဏ် .."

ခြိမ်းညို က သတိတရ ဝင်မေး၏။

"အား .. ဟုတ်သားပဲ မင်းလည်း ခုထိ မသိသေးဘူးလား .."

"သိတော့ ဘာလုပ်ရမှာလဲ .."

"မင်း ဘာမှ မလုပ်ပေမယ့် သူ့အကြောင်းပြောတော့ နာမ်စား
တော့ဘူးပေါ့ကွ .."



www.burmeseclassic.com

www.burmeseclassic.com



"ရွှေရေးပန်းချီ တဲ့ .."

"ဟမ်!..."

"ဟား!... ရေရေလည်လည် လန်းတာပဲ .."

မိုးခြိမ်းညံ က လက်ဖျစ်တွေဘာတွေ တီး၍ အချစ်ဦး ကို မျှ... ပစ်ကာ ...

"အချစ်ဦး .. နင် ကျန်ခဲ့ပြီ .."

"ဘာ!..."

"နာမည်ချင်း ယှဉ်ရင် ပြောတာ .."

"ဘာနဲ့ ယှဉ်လို့မှ အချစ် က ကျန်ခဲ့စရာ မရှိဘူး .. အ... တဲ့ .. သူများထက် ဦးပြီးသား .."

"အေးပေါ့ .. နာမည်လေး ဖတ်ပြီး ကျေနပ်နိုင်တာလည်း... ချမ်းသာဖွယ်ပဲ .."

"မင်းတို့နှစ်ယောက်လည်း ခွေးနဲ့ ကြောင် ကျနေတာပဲ -"

မြတ်သု က သူတို့ကို စိတ်မရှည်သံနှင့် ပြော၍ ဂုဏ် ဘ... လှည့်ကာ ...

"အခု ကလေးက အခြေအနေ ဘယ်လိုလဲ .."

"ဖျားနေတယ် .."

"ဖျားတော့ .. အဲ့ဒီ ရွှေရေးပန်းချီ က ပြုစုရောလား .."

အချစ် က မေးပေမယ့် ဂုဏ် က မဖြေ ...

"ဂုဏ် တို့ မေးတာကို ဖြေလေ .."

ထပ်မေးကာမှ ဂုဏ် က လှည့်ကြည့်၏။

"သိနေသားနဲ့ ဘာလို့ မေးနေတာလဲ .. သူ့မေတ္တာတွေ... လင့်ပြီး ခေါ်ထားလိုက်တာမှ မဟုတ်ဘဲ .."





"...တို့ ပြောချင်တာ အဲ့ဒါပဲလေ .. သူ ရှိနေတဲ့အတွက် .."

...မ စကားမဆုံးလိုက်ခင် ဖုန်းသံ မြည်လာသဖြင့် ထုတ်ကိုင်...ကာ ...

"ငါ့မာမီ ခေါ်နေပြီ .. ဆောရီးဟာ .. ငါ ပြန်မှ ဖြစ်မယ် .. ဒီနေ့ ...ခရီးသွားနေလို့ အလုပ်ထဲမှာ မာမီ တစ်ယောက်တည်းရယ် .."

"သွားလေ .. ရပါတယ် .."

...အားလုံးပဲ နားလည်ခွင့်လွှတ်ပေးကြသည့် မျက်နှာသေလေးတွေနဲ့ ...ကြည့်ကြကာ သူမ ထွက်သွားသည့်နောက်မှာမှ သက်ပြင်းချသံ ...ယ်စီနှင့် ...

"ခုမှပဲ မကောင်းကြောင်းတဖျား ဟောနေတာတွေ နားအေးသွား...တယ် .."

"...သေးတယ် .. သွားလေရာ အချစ်ဦး ကို ဖုန်းဆက်ဆက်ပြီး ...ာ ဘယ်သူလဲ .."

"အံမာ မိုးကြိုးပစ် .. ငါက အိမ်ချင်းကပ်နေရတာ.. အသွား မသိ ...အပြန်ကျ သိတာပဲ .. ဂုဏ် ဆီ သွားမှန်း သိသားနဲ့ သူ့ကို ...င် ဘာဖြစ်သွားမလဲ သိလား .."

"...သိဘူး .."

"...သိရင် မပြောနဲ့ .. ငါ လာဘ်ပိတ်ကုန်မှာတွေ .. ငါပဲ သိတာ.."

...တ်သု က ကြောက်လန့်တကြား ပြောပြီး မိုးခြိမ်းညံ ကို ဖျက် ...ဆိုသည်။

...ပြီးတော့ ဂုဏ် ကို တောင်းပန်သလို ကြည့်ကာ ...

"သူ့ကြောင့် မင်း ညစ်နေရတာတွေ ငါလည်း သိပါတယ် ဂုဏ် ...ပေမယ့် အဲ့ဒီကောင်မလေးက တကယ့်ကွိုင် .."



www.burmeseclassic.com

www.burmeseclassic.com



ဂုဏ် က မျက်နှာ မကြည်ပေမယ့် ဘာမှမပြောဘဲ နေ၏။ မြ[illegible] မှာ ချစ်သူ ရှိသည်။ ကောင်မလေးက ဆင်းရဲရုံမကဘဲ မိဘ အ[illegible] အဝိုင်းထဲမှာလည်း နာမည်ပျက်တွေ ရှိနေခဲ့၏။

ဒါတွေကို သူငယ်ချင်းတွေထဲကနေ အချစ်ဦး က အကုန် သိ[illegible] သည်။

သူမကို မသိစေချင်တာ မှန်သမျှ သတင်းအစ ရတာနှင့် အ[illegible] လိုက်စုံစမ်းခဲ့တာ ဖြစ်၏။

ပြီးတော့ ဒါတစ်ခုနဲ့ပဲ မြတ်သု ကို နေရာတကာ ခြိမ်းခြေ[illegible] အနိုင်ယူနေခဲ့တာ မပြီးနိုင် ...၊

"ဂုဏ် .. မင်းက ငါ့ကို တင်းနေတာလား .."

"မတင်းပါဘူး .. ဒါပေမယ့် မင်းအတွက်တော့ စိတ်မ[illegible] ဘူး .."

"အေးပါကွာ .. သူကလည်း မင်းနဲ့ နီးနီးနေချင်တယ် .. [illegible] အောင် လုပ်ပေးပါလို့ ပေါ်တင်ကြီး တောင်းဆိုထားတော့ .. ငါ[illegible]

မိုးခြိမ်းညို က ကပျာကယာ ကိုယ်ကို မတ်၍ ...

"အဲ့ဒါ တောင်းဆိုတာလို့ မခေါ်ဘူး .. မသိရင် မှတ်[illegible] ခြိမ်းခြောက် အကျပ်ကိုင်တာ .."

"မိန်းမတစ်ယောက်အပေါ်မှာ မင်း ပျော့ညံ့လွန်းတာ မြ[illegible] သူ မင်းအကြောင်း တိုင်ပြောမှာကို ကြောက်တာထက် သူ့ကို[illegible] ညှာချင်တဲ့စိတ်တွေပဲ များနေတာ .."

ဂုဏ် က မြတ်သု မျက်နှာကို ကြည့်ပြီး အတိအကျ ဝေဖန်[illegible] ပြီးတော့ အအေးဘူးတွေရှိသော စားပွဲနား တိုးကာ တစ်ဘူး ယ[illegible] ရင်း ...





"မိန်းမတစ်ယောက်ကြောင့် ငါ ဒီလောက်ထိ ခေါင်းရှုပ်ခံနေခဲ့[illegible]လည်း မင်းကြောင့် ဒါ ပထမဆုံးပဲ ...၊ ငါ့အကြောင်း မင်းတို့ သိပါ[illegible]ယ် .. ငါ ဘယ်လိုမှ အထင်ကြီးလို့ မရတာ ငါ့ကို စိတ်ဝင်စားတဲ့ [illegible]မတွေပဲ .."

သိပါတယ်ဆိုသည့် မျက်နှာငယ်လေးနှင့် မြတ်သု က ခေါင်းညိတ်[illegible]င်း ရှုံ့မဲ့နေ၏။ ပြီးတော့ ...

"အဲ့ဒါလည်း သူ သိအောင် ပြောပြတာပဲ .. ဒါပေမယ့် မင်းက [illegible]ယ်သူနဲ့မှ မနီးစပ်ခဲ့လို့ မလှုပ်ရှားတာတဲ့ .. အဲ့ဒါကို သူ့ဘာသာ ကြိုး[illegible]ဖို့ စိုင်းပြင်းနေတာ .."

"တော်ပြီ .."

ဂုဏ် က အအေးဘူးကို ဖွင့်၍ ဒီတိုင်း မော့သောက်နေရင်း လက်[illegible]သည်။

ဝေလ က အအေးသောက်နေသည့် ဂုဏ် ကို ကြည့်နေပြီး သက်ပြင်း[illegible]၏။ ပြီးတော့ ခေါင်းခါလိုက်ရင်း ...

"အင်း .. မင်းပဲ အယူလွဲနေတာလား .. အချစ်ဦး ကပဲ ချွတ်မရတဲ့[illegible]လား .. မလွယ်ဘူး .."



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

"မေမေက စားပြီးသွားပြီလား ဟင် .."

"ဟုတ်တယ် .."

ကလေး သွားခေါ်ခဲ့ ဆိုတည်းက ရေး က ကော်ဖီသောက်လက်စ ကို ချကားလိုက်ပြီဖြစ်ကာ ကလေးက မြန်မြန်ဆန်ဆန် ရောက်လာ သဖြင့် ထမင်းစားခန်းထဲက မထွက်ရသေးခင် ဆုံမိခဲ့၏။

မနက်တိုင်း သူမလေးကို ကော်ဖီဝိုင်းမှာ မဆုံမိအောင် ရှောင်နိုင် ခဲ့ပြီး ဒီနေ့ကျမှ ...

"ရွှေရေးပန်းချီ .."

ဒါ ဘယ်သူ့အသံလဲ ဆိုတာ ရေး သိလိုက်သည်။ ထို့ကြောင့် ခြေလှမ်းကို တုံ့ပစ်လိုက်လျှင် ဦးကျော်ထွန်း သူမဘေးကို ရောက်လာ ကာ ...

"မင်းကို ပြောစရာ ရှိလို့ .."

ရေး က ဘာမှ မတုံ့ပြန်ဘဲ သူနဲ့ မျက်နှာချင်းဆိုင် လှည့်ရပ်လိုက် သည်။





- ဦးကျော်ထွန်း မျက်နှာမကောင်းစွာ ရှိရင်း ရေး ကို မပြောချင် ...ချင် ဖြစ်နေပုံလည်း ရှိ၏။

ဒါပေမယ့် ပြောဖို့လည်း အားယူနေရကာ ...

"မင်းနဲ့ ဒီအကြောင်း ပြောလို့ မကောင်းဘူးဆိုတာ ကျုပ် သိပါ ...ယ် .. ဒါပေမယ့် မပြောလို့တော့ မဖြစ်ဘူး .."

"ကလေးကို ဘယ်လို ဆက်ဆံပါ .. ဘယ်လို နေထိုင်ပါ ဆိုတာ ...လား .."

"ဟုတ်တယ် .."

"ဒါဆိုရင်တော့ ရေး ကလည်း ဦးလေးတို့ မကြားချင်တာတွေကို ...ရမှာပဲ .. နံပါတ်တစ်က ဒီကလေးက ရေး ရဲ့အစ်မ အလိုမတူ ...ဆိုက်ခံရပြီး မလိုလားစွာ ရခဲ့တဲ့ ကလေး .. နံပါတ်နှစ်က ကလေး ...ရော သူ့အဖေကိုရော ကျွန်မ အရမ်းမုန်းတယ် .. နံပါတ်သုံး .."

ရေး က နံပါတ်သုံးလို့ ခေါ်ပြီးမှ လှေကားကြီးပေါ်က ဆင်းလာ ...သည့် ဂုဏ် ကို မြင်လိုက်ပြီး နှုတ်ခမ်းမဲ့၏။ ပြီးတော့မှ ဦးကျော်ထွန်း ...ဘက်ကို လှည့်၍ ...

"နံပါတ်သုံးက ဘယ်သူ့ကိုမှ မေတ္တာမရှိပေမယ့် ကျွန်မ ဒီအိမ်မှာ ...နေခဲ့တာ နောက်ထပ် မကျရှုံးချင်လို့ .."

သူမ ကြည့်လိုက်သည့်နေရာကို ဦးကျော်ထွန်း က လှည့်ကြည့် ...ကိုက်ပြီး ဂုဏ် ကို တွေ့တော့ ပင့်သက်ရှိုက်၏။

"ကျွန်မ ဒီမှာနေဖို့ မပြောနဲ့ ဒီလူကို မုန်းတဲ့အမုန်းတွေနဲ့သာ ...ဦးအဆောင်ခဲ့ဘူးဆိုရင် ခြံရှေ့ကတောင် ဖြတ်လျှောက်မိမှာ မဟုတ်ဘူး.. ...ါပေမယ့် တုံ့ပြန်ဖို့ လာခဲ့တဲ့ ကျွန်မက နောက်ထပ် စော်ကားခံလိုက် ...ရတယ် .."



www.burmeseclassic.com

www.burmeseclassic.com



"ရွှေရေးပန်းချီ .. ဂုဏ် နဲ့ ပတ်သက်ပြီး ကျုပ်တို့က .."

"သူနဲ့ပတ်သက်တာ သူပဲ ပြောပါစေ .. ရေး သူနဲ့ ရှင်းဖြစ်တဲ့အထိ စောင့်မယ် .. သူ့ကို ဘယ်လိုဒုက္ခပေးရမလဲပဲ ခေါင်းထဲ ထည့်မယ် .. ကျွန်မ ဒီမှာနေရတဲ့ ရည်ရွယ်ချက်က အဲ့ဒါ .."

ဦးကျော်ထွန်း မျက်နှာ တင်းမာသွားခဲ့၏။ ထမင်းစားခန်းထဲကို တက်ကြွစွာ ဝင်လာသော တေးကဗျာလေး ရဲ့ မျက်နှာလေးကို မြင်ယောင်ကာ ငိုမဲ့မဲ့လေး ကျန်ရစ်ခဲ့တဲ့အထိ တွေးမိတော့ ရင်ထဲမှာ မကောင်းနိုင် ..။

"အေး .. မင်း ဒီမှာ နေဖို့ လက်ခံခဲ့တည်းက သူဌေးကို ဒီတိုင်း ဖွင့်ပြောပြီး ကြေညာခဲ့တာ ကျုပ် သိတယ် .. သူဌေးကလည်း သူ့သားကို လည်ပင်းညှစ်ပါ့မယ် ကြိမ်းဝါးနေတဲ့ မင်းကို လည်စင်းပေးပြီး နေပါ ထိုင်ပါလို့ ခွင့်ပြုခဲ့တယ် .."

ဟုတ်တယ် လို့ အတည်ပြုပေးသည့် မခိုးမခန့်မျက်နှာနှင့် ရေး က ခေါင်းညိတ်ပေးနေ၏။

ဦးကျော်ထွန်း က ကျိုခနဲ အံကြိတ်၍ ...

"ဒါပေမယ့် မင်း နားလည်သင့်တာက မင်းကို ဒီလို ဘာဖြစ်လို့ ပုံချပေးခဲ့သလဲ ဆိုတာပဲ .."

"ကလေးနားမှာ ရှိစေချင်လို့ပါလို့ ဦးနေဂုဏ် ပြောတာပဲ .."

"ဟုတ်တယ် .. ခုလိုမျိုး ကလေးကို ရှောင်ထွက်လာဖို့ မဟုတ်ဘူး .. ကလေးနဲ့ မဆုံအောင် ရှောင်တိမ်းနေဖို့လည်း မပါဘူး .. မင်း မေတ္တာမထားနိုင်တာ ကျုပ်တို့ အပြစ်မဆိုဘူး ရေး .."

သူမကိုယ် သူမ တစ်ခါတလေ 'ရေး ..'လို့ ထည့်ပြောတတ်တာမို့ ဦးကျော်ထွန်း နှုတ်မှ ရေး လို့ ပြောလိုက်မိကာ ဒီတိုင်းပဲ ဆက်၍ ...





"ဒါပေမယ့် အလိုက်သင့်ဆိုတာလောက်တော့ မင်းဘက်က ရှိ ...ယ် .. နောက်ဆုံး မင်း ဒီအိမ်သားတစ်ယောက်ယောက်ကို ဒုက္ခ ...င်တယ်ဆိုရင်တောင် မင်း ဒီမှာ နေလို့ရဖို့ မလိုအပ်ဘူးလား .."

...ရေး မျက်မှောင်ကုတ်သွားတာကို သူ စိုက်ကြည့်ရင်း ...

"ကလေးကို မင်း ဒီလောက်ထိ စိမ်းစိမ်းပြတ်ပြတ် မနေပါနဲ့ .. ...ကို အမိန့်ပေးတာ မဟုတ်ဘူး .. တောင်းဆိုတာ .."

ဦးကျော်ထွန်း က ပြောပြီးတာနှင့် လှည့်ထွက်သွားသည်။ ရေး ...မှာပဲ ရပ်ကျန်ခဲ့၏။

သူ ပြောသလို သူမ တကယ် လုပ်သင့်သလား ..။

သူမ ဒီကို ရောက်လာခဲ့တာကရော မုန်းလို့လား .. ချစ်လို့လား..။

တေးကဗျာလေး ရဲ့ မျက်နှာလေးကို မြင်ယောင်မိကာ ရေး မျက် ...တွေ ဖျတ်ခနဲ မှိတ်ပစ်လိုက်မိသည်။

"ဒီမှာ ကြည့်ပါဦး တဲ့ .. ပိတုန်းမလေး မလှဘူးလား .."

"အေးနော် .. ရယ်နေလိုက်တာ ပန်းချိုင့်လေးတွေကို ခွက်ဝင်နေတာပဲ.. ...မယ့် ပါးလေးတွေ ဖောင်းနေလို့လား မသိဘူး .. နင်တို့ ပါးချိုင့်လေးတွေ ...ာက် မကြီးဘူးနော် .. အသက်ကြီးရင် ပျောက်သွားမလားဘဲ .."

"မပျောက်ပါဘူး .. နင် ငါတို့ညီအစ်မ ငယ်ငယ်က ဓာတ်ပုံတွေ မမြင် ...ဖူးလို့ .. ဒီတိုင်းပဲ .."

"ဟုတ်လား .. ကလေးကလည်း နင်တို့နဲ့ ချွတ်စွတ်ပဲဟယ် .. သူ့အဖေ ...ာ ဘယ်လိုပုံစံလဲ .. ဖအေနဲ့ ဘယ်နေရာတူလဲ ပြစမ်းပါ .."

"တူတာ မပါပါဘူး .. ကိုလူဇော် က မျက်နှာရှည်ရှည်နဲ့ အသား ...တ်ရုံပဲ.. ကြည့်ကောင်းပေမယ့် မျက်နှာရင့်တယ် ပြောမလား.. ဘာမှတူ



www.burmeseclassic.com

www.burmeseclassic.com



ဘူး ..''

''ကဲ .. ကဲ အဲဒီစာတ်ပုံရောက်တည်းက လက်ကကို မချတော့ဘူး -
လာ ထမင်းစားမယ် .. လူစုံတုန်းလေးပဲ အတူတူ စားရတာ ..''

မျက်လုံးတွေ ခဏလေး မှိတ်လိုက်တာနှင့် မနေ့တစ်နေ့ကရဲ့ ဟို
နောက်ပိုင်းပုံရိပ်တွေက အစီအရီ ပေါ်လာခဲ့သည်။

တေးကဗျာ ဆိုသည့် နာမည်လေးကို သဘောကျသည်။ ဓာတ်ပုံ
လေးကို ရောက်လာကာစက ညတိုင်း ထုတ်ကြည့်ဖြစ်ခဲ့၏။ ထုတ်ကြည့်
ဖြစ်တိုင်း နမ်းရှိုက်မိခဲ့သည်။

ကြာလာတော့ မကြာခဏ ထုတ်ကြည့်မိ၏။ စိတ်ကူးခဲ့သည့်
အချိန်ထက် စောစောပြန်ကာ မမနဲ့ တူမလေးကို ပြေးတွေ့ဖို့ အစီအစဉ်
သစ်တွေလည်း ထပ်ဖြစ်ခဲ့သည်။

ဒါတွေက ခုတော့ ...၊

''မေမေ ..''

ဒီတိုင်းချထားသည့် လက်တစ်ဖက်ကို နူးညံ့နွေးထွေးသည့် လက်
ဖဝါးလေးတစ်ဖက်က လာ၍ ဆုပ်ကိုင်လိုက်ကာ ...

''မီးမီးတို့ ခြံထဲ ဆင်းရအောင်လေ ..''

ရေး ငုံ့ကြည့်လိုက်တော့ မျက်တောင်ရှည်ကော့ကော့လေးတွေ
မျက်ခုံးတန်းလေးတွေ အောက်စပ်မှာ ဖြန့်ကပ်နေတဲ့အထိ တေးကဗျာ
က မော့ကြည့်နေကာ ...

''မီးမီးတို့ လိပ်ကန်မှာ အစာကျွေးရအောင်လေ .. ကန်ထဲမှာ
လိပ်တွေ အကြီးကြီး ဖြစ်နေပြီ .. တကယ်ပြောတာ ဟောလောက်ကြီး
အကြီးကြီး ..''





လက်လေးနှစ်ဖက် ကားပြီး ပိုင်းပြတာ ဆန်ကောာ အသေးစား
ရှိ၏။

သူမလေးကို အမှတ်တမဲ့ ငုံ့ငေးနေမိဆဲ ...၊ နောက်က လူရိပ်
အသိစိတ်က ဖျင်းခနဲ ဖြစ်သွား၏။

ထို့အတူ ကလေးကိုင်လိုက်သည့် လက်ကိုပါ သူမလေး မဆုပ်ကိုင်
လွှဲရှောင်ပစ်လိုက်၍ ...

''မသွားချင်ဘူး ..''

''မေမေ့ ..''

ဦးခနဂုဏ် ရှိနေမှန်း သိလိုက်သဖြင့် ရေး နေရာမှ လျှောက်ထွက်
ခဲ့သည်။ တေးကဗျာ က အားမလျှော့ဘဲ နောက်ကနေ 'မေမေ'
နေရင်း တတန်းတန်း ပြေးလိုက်လေသည်။

ထိုမြင်ကွင်းကို ရပ်ငေးနေရင်း ဦးခနဂုဏ် မျက်နှာမှာ အားငယ်
ကျနေခဲ့လျက် ...

''ငါ မြင်နေရတာ တကယ်လား .. ဟန်ဆောင်မှုလားဆိုတာ
နေ့နေ့တော့ ကွဲပြားလာမှာပါ .. အဲဒီအချိန်ထိ မင်း .. သို့မဟုတ်..
ရှိနေပါစေ ..''



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

ထိုင်နေတာကတော့ ကိုယ် တစ်ယောက်တည်း ဖြစ်သည်။ ဖေလ
တို့ ဖုန်းဆက်ခေါ်တာလည်း သွားချင်စိတ် မရှိသဖြင့် ငြင်းခဲ့လိုက်၏။
ခြံထဲမှာပဲ အနေများလာခဲ့သည့် ကိုယ့်ကိုယ်ကိုယ် ဘာတွေ ရှု
တွေးနေခဲ့သလဲဆိုတာ ပြန်မေးမိတိုင်းလည်း အဖြေရှာ မရ ...၊

ဖေဖေ့ရောဂါ အခြေအနေကို သူ သေချာ သိချင်နေသည်။ ဖေ
ဘာတွေ စိတ်ကူးပုံဖော်နေသလဲဆိုတာလည်း သိချင်နေခဲ့၏။ ဒါပေမယ့်
သူ့ကို ဖေဖေ ဘာတစ်ခုမှ သေချာ မပြောဖူးခဲ့ပေ ...။

သူကိုယ်တိုင် ဖေဖေ့ကို စွန့်ခွာထွက်ခဲ့ပြီးတည်းက ဖေဖေ သူ
အပေါ်မှာ လုံးဝ မရင်းနှီးခဲ့တာလား.. သားတစ်ယောက်ရယ်လို့ ယုံကြည်
အားကိုးစိတ်တွေ လျော့ပါးသွားခဲ့တာလား ...၊

သူ မှန်းတီးခဲ့တာကတော့ ချောချောလှလှ ကိုယ့်သမီးအရွယ်လေး
ကိုမှ လက်ထပ်ယူခဲ့ရသလားဆိုသည့် လုပ်ကွက် တစ်ခုတည်းကိုပါ
ဖေဖေ ဒီလို ဆုံးဖြတ် လုပ်ကိုင်ခဲ့တာကို မနှစ်မြို့ခဲ့ပေမယ့် ဖေ
ကို သူ မှန်းတီးခဲ့တာ မဟုတ်ပေ ...၊ ဒါမှမဟုတ် လူကိုဖြစ်ဖြစ် .. ပြုလု
ချက်တစ်ခုခုကို ဖြစ်စေ .. မုန်းခဲ့တာချင်းက အတူတူပဲလို့ ဖေဖေ ပုံဖော်
ခဲ့သည်လား ...။





သူက စွန့်လွှတ်ပေမယ့် ဖေဖေ့ဘက်က ဘယ်သောအခါကမှ
ပြတ်သားမှုကို မပြခဲ့ပေ ...၊ အချိန်မရွေး သူ့အကြောင်းကို
ည်။ ဘယ်အချိန်ဖြစ်ဖြစ် ပြန်လာခဲ့ဖို့ အကြောင်းအမျိုးမျိုးနှင့်
၏။

ခွေဟာ တကယ်တော့ ဖခင်တစ်ယောက်ရဲ့ သဘောထား
တွေဖြစ်ကာ သားတစ်ယောက်လို ယုံကြည်အားကိုးမှုတွေက
စဉ်တည်းက ကုန်ဆုံးသွားခဲ့တာ ဖြစ်နိုင်၏။
ယုံကြီး ဦးကျော်ထွန်း သိထားသလောက်တောင် သားဖြစ်သည့်
သိခွင့်မရှိရခြင်း အကြောင်းတွေနှင့် ပတ်သက်၍ ...
ဟုတ်ပါတယ် .. အဲဒါနဲ့ ပတ်သက်ပြီး ကျွန်မ ဆုံးဖြတ်နိုင်ပါ

ပြောသံကြောင့် ဂုဏ့် အသိတွေ အသံလာရာဆီ အာရုံပြောင်း
၏ ။ ရေး က အနီရဲရဲ လည်ကပ်လက်ပြတ် ကိုယ်ကျပ် ခါးရှည်
စတိုင်လ်ဘောင်းဘီအနက်ကို ဝတ်ထားကာ ကော်ဖီရောင်ဖျော့
နေသည့် ပခုံးထောက်ရုံသာသာ ဆံနွယ်လေးတွေကို လက်
က ပွနေရင်း ဖုန်းပြောနေ၏။
င်တွေက ခေါင်းလျှော်ပြီးဖြစ်ပုံရှိကာ ရေ မခြောက်တခြောက်
အရုံနှင့် ဖုန်းပြောရင်း ထွက်လာတာ ဖြစ်မည်။
ယ်၍ မြင့်မားသော ကိုယ်လုံးအလှက ဝတ်ထားသည့်ပုံစံ
ပို၍ ကြော့ရှင်းနေ၏။ ပြီးတော့ ဘေးခွဲမကျတကျ ဆံနွယ်တို့
နှာလေး တစ်ခြမ်းပေါ် မကြာခဏ အုပ်ဝဲပြီးဆင်းလာတတ်
က်တစ်ဖက်က ထိုးသိမ်းတင်လိုက်တိုင်း ကော့ထင်းနေသည့်
းလုံးလေးက မျက်နှာတစ်ခြမ်းအလှကို ပေါ်လွင်သွားစေ၏။



www.burmeseclassic.com

www.burmeseclassic.com



အပေါ်ထပ် ကုတ်အင်္ကျီလက်ရှည်တွေနဲ့ အနေမျိုးကော … အင်္ကျီ မပါတိုင်း သူမကို လက်ပြတ်အင်္ကျီလေးတွေနဲ့သာ တွေ့ရတာ… ၏။ ပြီးတော့ ဆင်စွယ်ရောင် ဝင်းနှစ်စိုပြည်သော အသားရောင်သ… ဆည်းဆာပန်းချီ အသားဖြူပုံနှင့် ဘာမှမဆိုင် ...။

ကိုယ့်မျက်စိရှေ့ကို ရောက်လာတာတော့ မဟုတ်ပေမယ့် မြင်… လောက်သည့် နေရာမှာ သေချာ လာပြောနေတာမို့ ဂုဏ် ဒီတို… ထိုင်ကြည့်နေလိုက်သည်။

အနေအထားသည် သူက ဇီဇဝါပင်နှစ်ပင်ကြားက ခုံတန်းမှာ… ကာ သူမက မြက်ခင်းပြင်ပေါ်က ထီးပုံစံ အမိုးလုပ်ထားသော တ… စားပွဲနဲ့ ခုံတန်းလေးမှာ ...။

အလှမ်းကွာပေမယ့် ပြောသမျှကို ကြားနေရသည်။ သူမ ပြုံးလို… တာ ခေါင်းခါတာ .. အမူအရာတွေကိုလည်း မြင်နေရ၏။ သူ သ… ထားပြီး စိုက်ကြည့်နေတာက ပြုံးတာ … စကားပြောတာကအစ … နှုတ်ခမ်းသားတွေ လှုပ်ရှားနေကိုင်း ယပ်ရှားစွာ လင်းလက်နေကြ… ပါးချိုင့်လေးတွေပဲ ဖြစ်၏။

ညီအစ်မနှစ်ယောက်စလုံး လှကြသည်။ တစ်ယောက်က ပို… ပေမယ့် တစ်ယောက်ကလည်း လှတာပဲ ဖြစ်၏။ ထူးခြားသော ပါး… လေးတွေနှင့် အများထက် ထူး၍ ချစ်ခင်နှစ်သက်ဖွယ် ကောင်းနေ… လည်း မှန်သည်။

ဒါပေမယ့် ဒီအိမ်ကို ရောက်လာခဲ့ခြင်းအတွက် သူ ကံဆိုး… လား .. သူမတို့ ကံဆိုးနေတာလား ...။

ဆည်းဆာပန်းချီ ရောက်လာခဲ့ပြီး ဖေဖေ့ကိုလည်း မချစ် .. … သူ့ကိုမှလည်း မခင်တွယ် ...။





…ကိုယ်တိုင် မွေးထားခဲ့သည့် ရင်သွေးကိုတောင် ဥပေက္ခာထား… အမုန်းတွေ ရင့်ခဲ့သည်။

…ခါ သူ့ငွေကို လိုချင်လို့ အဖေအရွယ်ကိုတောင် မရှောင်ဘဲ …သည်ဆိုသော သူ့ရဲ့ ဆည်းဆာ အပေါ် အထင်သေး မုန်းတီး… ဘယ်က အစပြန်ကောက်ပြီး ဘ…လို ရှေ့ဆက်ရမှန်းမသိ …သည်။

…မြင် ဆည်းဆာ ရဲ့ မည်းမည်းမြင်ရာ ရန်လိုနေခြင်းများနှင့် …ခဲ့သည့် ပဋိပက္ခတွေက ပြင်းထန်နေခဲ့ပေမယ့် ခေါင်းစဉ်မဲ့နေ

…ကော်ထပ် ရောက်လာခဲ့သည့် ရွှေရေးပန်းချီ ...။

…ပြောနေသည့် အမူအရာတွေကို ဘေးက ထိုင်ကြည့်နေရင်း …သည်သာ မှန်ကုပ် တင်းလာခဲ့၏။ ဒီညီအစ်မတွေနဲ့ ဖေဖေ … ရာဇဝင်တွေ ပါနေခဲ့သလဲ ...။

…ဝန်းကျင် ကဲ့ရဲ့ခံရခြင်းက … မလွတ် ...။

…အတွက် ဘာကျန်ခဲ့သလဲဆိုတော့ မုန်းတီး စော်ကားခံရခြင်း …ဆင်းရဲသောကအပြင် ဘာမှ မရှိ ...။

…ပေမယ့် သူမတို့အပေါ်မှာပဲ ဖေဖေ အမြစ်တွယ်နေခဲ့သည်။ …ည်းဆာပန်းချီ ကို ချစ်ခင်မြတ်နိုး၍ သည်းခံခဲ့ပါသည်ဆိုလျှင် …န်းချီ ကို ဘာကြောင့်လဲ ...။

"…မ လား .."

"— — ... ..."

"…ား .. အဲဒီခြံကိစ္စကို ငါ အမှန် နဲ့ ပြောထားပြီးသား .. သူတို့က …မင် လာအစ်တာ .."



www.burmeseclassic.com

www.burmeseclassic.com



"... ... ... ..."

"ကိုယ့်အတွက်မှ အဆင်မပြေတာ ဘာလုပ်မှာလဲ လုံမေ .. ချရသေးတာလည်း မဟုတ်ဘူး .."

"... ... ... ..."

"ဟုတ်တယ် .. နင်တို့လိုပဲ အမွှန် ကလည်း အလုပ်တစ် ငါ့ကို ကူချင်တာမျိုး ..၊ ငါကတော့ တစ်ခုခုမှာ စိတ်နှစ်ပြီး လုံ့လ တာပဲ ကြိုက်တယ် .. နှစ်ဖက်လှမ်းထားပြီး နှစ်နေရာမှာ ဘယ်လို စိုက်မှာလဲ .."

"... ... ... ..."

"အေး စဉ်းစားလေ .. ငါကတော့ အဲဒီလိုဆို လက်မခံဘူး လုပ်ငန်းကိစ္စ ငါ့ဘာသာ ဖြစ်ပါတယ် .. အစတည်းက ငါ ဘယ် တွဲမယ် .. ဘယ်သူပါမှ ဆိုတာတွေ စိတ်ကူးခဲ့တာမှ မဟုတ်တာ

"... ... ... ..."

"မဟုတ်ပါဘူး .. နင်တို့ အာရုံတွေ များနေမှာ စိုးလို့ ပြော ငါ့အတွက် မလိုဘူး .."

"မေမေ ရေ .."

သူမ ဖုန်းပြောနေသည့်နေရာကို တေးကဗျာ ပြေးသွားတာ လိုက်သည်နှင့် ဂုဏ် ရဲ့ အေးဆေးမှုတွေက ရှုံးစိုက်ခြင်းအမှတ်သို့ ချင်း ပြောင်းသွားခဲ့၏။

ရေး ကလည်း ဖုန်းပြောခြင်းကို မြန်မြန်ဆန်ဆန် ဖြတ် ပြီးစီးစေကာ ကလေးအသံ ကြားတာနှင့် လှည့်ကြည့်၏။

တေးကဗျာ က မယ်စိန် နဲ့ အတူထွက်လာပုံရှိကာ သူ ပြေးလာတာကတော့ မယ်စိန် တားဆီးချိန် မရလိုက်တာပဲ ဖြစ်နို





နောက်မှာ ရပ်ကျန်ရစ်သည့် မယ်စိန် က ထိတ်လန့်နေသလိုရှိကာ သားရမလိုလို .. လှည့်ပြန်ရမလို ဖြစ်နေ၏။

"မေမေ .."

ရေး ထိုင်နေသည့် သားကို ဆွဲခနဲ ဝင်ထိုင်လိုက်ကာ ဖုန်းနဲ့ ကို တစ်လှည့်စီ ကြည့်၍ ...

"မီးမီးတို့ နောက်က တောတန်းထဲ သွားရအောင်လေ .. အဲဒီမှာ ရှိတယ် .."

"ဘာ .."

"ဟုတ်တယ် .. ကျောက်ဆောင်တွေနဲ့ ရေတွေ အများကြီးကျနေ လို့ ဖေကြီး လုပ်ထားတာ .."

နောက်ပိုင်းမှာ ကလေး ကစားဖို့ တောတန်းတစ်ခု .. ရေတံခွန် တွေ လုပ်ထားတာရှိမှန်း ကြားတော့ ကြားနေပါသည်။ တစ်ခါမှ သွားမကြည့်ဖြစ်ခဲ့ ..၊

"ကိုယ့်ဘာသာ သွားဆော့ပါလား ..၊ သွား .. သွား .. ဒီမှာ အလုပ် ဘူး .."

"မေမေကလည်း .. မေမေ ဒီမှာ ထိုင်နေတာ ဥစ္စာ .. မီးမီးကို တာ .."

"တေးကဗျာ .."

သူမလေး စကားမဆုံးခင် ရေး က လက်မောင်းလေးတစ်ဖက်ကို ပြီး ခပ်လှုပ်လှုပ် ဆွဲခါ၍ ...

"နင် ငါ့ကို မေမေလို့ မခေါ်နဲ့ .. ငါ နင့်အမေ မဟုတ်ဘူး .."

"ဟုတ်ပါတယ် .."

"မဟုတ်ဘူးလို့ ပြောနေတာကို မှတ်ထားလိုက် .. မရှည်နဲ့ ..၊



www.burmeseclassic.com

www.burmeseclassic.com



ငါက နင့်အဒေါ် .. နင့်အမေရဲ့ ညီမ .. အဲ့ဒါရော နားလည်လား..

တေးကဗျာ က သူ့ကို ငေးငေးလေး မော့ကြည့်ကာ ခေါင်းခါ

"အေး .. နားမလည်ရင် မှတ်ထား .. ငါ နင့်အမေ မဟုတ်ဘူး နောက်ကို အန်တီလေးလို့ ခေါ် .. ဒါပဲ .."

"မေမေ .."

"ဟဲ့ .. နင့်ကို ပြောနေတယ်လေ .."

"မေမေ့ကို မီးမီး မှတ်မိပါတယ် .. မေမေက မေမေပါ .."

"မဟုတ်ဘူးလို့ ဘယ်နှစ်ခါ ပြောရမလဲ တေးကဗျာ .. နင့်အမေ ငါက အမြွာညီအစ်မ .. အမြွာဆိုတာ .. ကျွတ်!..."

ဘာပြောပြော နားလည်မှာမဟုတ်သည့် ကလေးကို ဘယ် ရှင်းပြရမှန်းလည်း မသိ ..၊ မမနဲ့ ချွတ်စွတ်တူသည့် အမြွာညီအစ်မ ဖြစ်ရခြင်းအတွက် ပထမဆုံး စိတ်ပျက်မိခြင်းက တိုင်နဲ့ ခေါင်း ပြေးဆောင့်ပစ်ချင်တော့သည်။

"တေးကဗျာ .. နင့်အမေနာမည် ဘယ်သူလဲ ပြောစမ်း .."

"ဆည်းဆာပန်းချီ .."

"အေး .. ငါက ရွှေရေးပန်းချီ .. ဆည်းဆာပန်းချီ ရဲ့ ညီမ .."

"မေမေကရော .."

"နင့်အမေ .."

သေပြီ ဆိုတဲ့စကားကို ပြောဖို့ကျမှ ပါးစပ်က ဒိုးဒိုးဒေါက် မထွက်တော့ ..၊

"သေပြီလို့ ပြောလိုက်ပါလား .. ဘာဖြစ်လို့လဲ .."

ဘောင်းဘီထဲ လက်ထည့်ရင်း စမတ်ကျကျ လျှောက်လာ ကတော့ မင်းသားစတိုင်လ်ပါပဲ ..။





ပေမယ့် ရေး မျက်လုံးထဲမှာ ဒီသားအဖ ဘယ်လိုနေနေ .. ပြော စားစက်ကွင်းနဲ့ ချော်ရည်ပူတွေ ကဲ့သို့ ..၊

"သူ့အမေကို မေးတာ ဆိုရင်တော့ ခုတည်းက ဖြေပေးလိုက်လို့ တယ် .. သူ့အမေက ကျွန်မအစ်မ ဖြစ်နေလို့ .."

ရေး ကလည်း ချက်ချင်း တိုက်ခိုက်နိုင်တဲ့သူ ..၊

"ဘယ်သူဖြစ်ဖြစ် သေသွားမှတော့ သေတာက သေတာပဲလေ.. ခြင်းကောင်းမကောင်း ဆိုတာလည်း .."

"ဂုဏ်ထည်ဝါ .."

ရေး က နေရာမှ ဆတ်ခနဲ ထရပ်လိုက်၏။ ကလေး မျက်နှာကို ကြည့်ဘက်ကြသူ နှစ်ယောက် အလယ်မှာ တေးကဗျာလေး က နှစ် ငေးနေရင်း မျက်ရည်တွေ တလိမ့်လိမ့် စီးကျလာ၏။

ပြီးတော့ နောက်ကို တစ်လှမ်းချင်း ဆုတ်သွားကာ အင့်ခနဲ ရှိုက် ၊ နောက်ထပ် ဆုတ်လိုက်တာနှင့် ခလုတ်တိုက်မိပြီး ဘိုင်းခနဲ သည်။

"မီးမီးလေး .."

လှမ်းကြည့်နေသည့် မယ်စိန် က အပြေးအလွှား ရောက်လာပြီး ခေါ်သွားတဲ့အထိ ရေး နဲ့ သူ ခပ်စောင်းစောင်း တစ်ချက်ပဲ လှမ်း ကြည့်၏။ နှစ်ယောက်စလုံး၏ မျက်နှာမှာ ဘယ်သူမှ အားလျှော့ကျန်ခဲ့ မဟုတ်သည့် ဒေါသတို့နှင့် ...

"ရှင် ပါးစပ်မို့ ပြောထွက်တယ်နော် .."

"ပြောမထွက်တဲ့စကား ခုထိ မရှိသေးဘူး .."

"စကားကတော့ ပြောတိုင်း ထွက်တာပဲ .. ပြောသင့် မပြောသင့် ခေါင်းက နားလည်ရမှာ .. ကျွန်မအစ်မ သေခြင်းကောင်းမကောင်း



www.burmeseclassic.com

www.burmeseclassic.com



မပြောခင် .. ရှင့်အဖေ အခု နေခြင်းကောင်းမကောင်း ပြန်ကြည့်ဖို့ သ
ရဲ့လား ..''

ဂုဏ် က ခပ်မဲ့မဲ့ ပြုး၍ စိုက်ကြည့်ကာ ...

''ကိုယ့်ကိုယ်မှာဖြစ်တဲ့ ဝေဒနာ ကိုယ်ပဲ ခံရတာ ဘယ်သူမှ အ
ဝင်ခံပေးလို့ မရဘူး .. နေခြင်းကောင်းဖို့ မကောင်းဖို့ကလည်း
တာဝန်ပဲ ..၊ အဲဒီတော့ သေခြင်းကောင်းဖို့ မကောင်းဖို့ကို ဘယ်
တာဝန်ယူဖို့ လိုသလဲ ..''

''မလိုဘူး .. ဒါပေမယ့် ရှင် သူများကို မပြောခင် .. ကိုယ့်ဘ
ပြန်ကြည့်ဖို့ပဲ လိုတာ .. ကျွန်မအစ်မကို ဒီရောဂါတွေ ဖြန့်ဝေပေး
ရှင့်အဖေ ..၊ သူများသားသမီးကို မစာမနာ ဖျက်ဆီးစော်ကား ..''

''မင်း တိတ်စမ်း ရွှေရေးပန်းချီ ..''

''ကိုယ့်လက်ပူတော့ ပူမှန်း သိလား ..''

''ဒီရောဂါ ဘာကြောင့်ပဲရရ အဲ့ဒါ ငါ့အဖေရဲ့ သမိုင်း .. ဒါ
ရေထဲဆင်းလို့ ရေနစ်ခဲ့တာ .. သူ့ငွေနဲ့ သူ့ရဲ့အလုပ်သမား ငြိမ်
တည်းက .. အဲဒါ နီးစပ်မှုပဲ ..၊ နီးစပ်မှုတွေ ဖြစ်ပေါ်လာအောင်
သင့်ဘူးဆိုတာ ဘယ်သူ ပိုနားလည်သင့်သလဲ မင်း စဉ်းစား ..''

''ဘာ!... ပြောတယ် ..''

''မင်းအစ်မဆီမှာ တရစ်ရစ် နစ်ကျွံနေတဲ့ ငွေတွေကရော ..
တွေ နှစ်ယောက်တည်း ကြိတ်ပေးထားတာ မဟုတ်ဘူး .. ငွေထု
တိုင်း လက်မှတ်ထိုးထားတာတွေ နေ့စွဲနဲ့တကွ ရှိတယ် ..''

ရေး မျက်နှာ ကွက်ခနဲ ပျက်သွားသည်။

''ဒါက ငါးမြင်လို့ ငါးစာချတာတွေလေ .. မိန်းကလေး
ယောက်ကို ချုပ်ကိုင်လို့ရတဲ့ အကောင်းဆုံးနည်းပဲ ..''





''ငါးစာ ချရအောင် မင်းအစ်မက ငါးမှ မဟုတ်ဘဲကွ .. လက်မှတ်
ထိုးဖို့တောင် သူ သိနေရင် ဒါရဲ့ နောက်ဆက်တွဲတွေ ဘာဖြစ်လာမလဲ
ဘူးဆိုတာ သဘာဝကျလား ..''

''ရှင် အဲဒီလို ပြောရဖို့အတွက် တော်တော် ကြိုးစားပြီး စုဆောင်း
ပုံပဲ ..''

''ဟုတ်တယ် .. ငါ့အဖေ လူကောင်းဟုတ်မဟုတ် ငါ မပြောနိုင်
ယ့် လူဆိုး မဟုတ်ဘူးဆိုတာ သိတယ် .. လူရိုးလို့ မပြောနိုင်ပေမယ့်
န်းကလေးတစ်ယောက်ကို တံခါးပိတ် စော်ကားရလောက်အောင်
ဟုတ်မှာဘူး .. အဲဒါလည်း ငါ ပြောနိုင်တယ် ..''

''နေပါဦး .. ရှင်က ဒီအဖြစ်တွေကို ဘယ်လောက်သိလို့ ပြောနေ
တာလဲ ..''

''မင်းထက်တော့ သိတယ် ရွှေရေးပန်းချီ .. မင်း ဟိုကနေ့ သိနေ
တာ မင်းအစ်မ မေးလ်ပို့တာတွေပဲ .. ငါက အဲဒီလူနှစ်ယောက်စလုံးနဲ့
အတူ နေနေတာ ..''

''အတူတူနေတိုင်း သူတို့ရဲ့ရင်ထဲကို ရှင် မမြင်နိုင်ဘူးဆိုတာ
လက်ခံထားစမ်းပါ ..''

ရေး က ဒေါသဖြစ်ဖြစ်နဲ့ အော်ပစ်လိုက်မိ၏။

''သူတို့ ရန်ဖြစ်နေကြတာတွေ .. ကျွန်မအစ်မက ဒေါသတွေ
က် ဆူညံပေါက်ကွဲနေတာတွေ .. ရှင် သိတာ အဲ့ဒါတွေပဲ ..၊ ရှင့်အဖေ
ခါင်းငိုက်စိုက်ကျပြီး အရာရာကို အရှုံးပေးနေရသလို မာယာတွေ ပြ
နေတော့ ကျွန်မအစ်မက မိန်းမဆိုး ..''

ပြောရင်းနဲ့ ဒေါသတွေ ပါလာကာ ...

''မမမှာ ချစ်သူရှိတယ်.. သူ့ချစ်သူနဲ့ သူတို့လက်ထပ်ကြတော့မှာ..''



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုလည်း ရှင်းနေတာပဲ .. ချစ်သူကိုတော့ လက်ထပ်မယ် .. သူဌေးကိုတော့ ချူမယ် .. ဒါပဲလေ ..၊ မိန်းမတွေ မာယာများတတ်တဲ့ အောက်မှာ ယောကျ်ားတိုင်း ပြားပြားဝပ်မသွားဘူးဆိုတာ မင်းအစ်မ နားလည်သွားတာ .. အဲဒီမှာ ဇွေ့ဇွေ့ခုန်သွားတာပေါ့ .."

"ရှင်!... ရှင် .. ယောကျ်ားဖြစ်ပြီး မိန်းကလေးတစ်ယောက်ကို ချိုးချိုးဖှဲဖှဲ မပြောနဲ့နော် .."

"မင်းတို့ ထင်တိုင်း ပြောနေတာကျတော့ နားထောင်ကောင်း သလား .."

"နားထောင်မကောင်းကြပေမယ့် ယောကျ်ားတိုင်း ရှင့်လို မိန်းမ ကောင်းရန်တွေ့ မလုပ်တတ်ဘူး .."

ဂုဏ့် မျက်နှာ ရဲခနဲ ဖြစ်သွားသည်။

"ကျွန်မ ရှင်တို့ ခြံဝင်းထဲထိ ခြေချခဲ့မိတာ .. ဒီနေ့ ဒီလိုဖြစ်ကြဖို့ မဟုတ်ဘူး .. ရှင့်အဖေမျက်နှာကို စေ့စေ့ကြည့်ပြီး 'မြန်မြန်သေပါစေ' လို့ ကျိန်စာတိုက်ချင်လို့ .. မသေမချင်း နေ့တိုင်း ဆုတောင်းပြီး ကျိန်စာ တိုက်နေမယ်ဆိုတာ ကိုယ်တိုင် အသိပေးချင်လို့ .."

"ဒါပေမယ့် မင်းလည်း ဒီအရိပ်ကို ခိုနေရပြီမို့လား .. ဟွန်း .."

နီမြန်း တင်းမာနေသည့် ဂုဏ့် မျက်နှာက မဲ့ပြုံးနှင့်ဆိုတော့ တော် တော် ကြည့်ရဆိုးနေခဲ့လျက် ...

"မင်း ရောက်လာတာကို ငါက အဲ့ဒီလို မထင်ခဲ့ဘူး .."

ခံခက် ဆိုးဝါးသော စကားလုံးတွေ ထွက်ကျလာတော့မည်ဆိုတာ သိလိုက်သည့်အတိုင်း ...

"ရုပ်ချင်းလည်း တူ .. ကလေးကလည်း သူ့အမေလို့ပဲ ထင်မှာ သေချာနေတော့ .."





"ဂုဏ်ထည်ဝါ .."

"ငါ ဆုံးအောင်ပြောလို့ မရဘူးလား .."

မေးပုံက ခပ်တည်တည် ..၊

"ဘလေးကိုလည်း မင်း ဂရုစိုက်တာ မဟုတ်ဘူး .. ဖေဖေ့ကို ဆက်ဆံတာက ဆည်းဆာပန်းချီ လိုပဲ ဆိုတော့ .."

"အဲဒီတော့ ဆက်ပြောလို့ ရပြီ .. ပြော .."

"ပြောပါ ဆိုရင်တော့ မပြောချင်တော့ဘူး .. မင်းရဲ့ ရည်ရွယ် ချက်တွေ ဘယ်လိုပဲရှိရှိ .. မင်း နေနေတာ ဦးမနဂုဏ် ရဲ့ အရိပ်ထဲမှာ ဆိုတာ မမေ့နဲ့ .. အဲ.. ဖေဖေ မရှိတော့တဲ့အခါ ဂုဏ်ထည်ဝါ ရဲ့ အရိပ် ထဲ .."

"ရှင့်အဖေ သေတဲ့အခါဆိုတဲ့ အချိန်ကို မျှော်တွေးမနေပါနဲ့ .. ဒီနေ့နဲ့ မနက်ဖြန် ဘာတွေဖြစ်မလဲဆိုတာတွေက အရေးကြီးတာပါ.."

ရေး က ဖုန်းကို ဒီတိုင်း ကိုင်ထားလျက်နှင့် ခါးတစ်ဖက် ထောက် လိုက်ကာ ...

"ခုနက ရှင့်အဖေ အပြင်ထွက်လာသေးတယ် .. ဒါပေမယ့် ညည့်ခန်း မရောက်လိုက်ပါဘူး .. လဲကျ မေ့မြောသွားလို့ အခု ခုတင်ပေါ် ပြန်ရောက်ပြီး စန့်စန့်ကြီး ဖြစ်နေပြီ .."

"ဘာ ..."

ထောင်းခနဲ ဖြစ်သွားသည့် ဒေါသထက် မယုံနိုင်သလို ဖြစ်သွား ခြင်းကြောင့် 'ဘာ ..'က တိုးလျစွာ ရေရွတ်မိသလို ဖြစ်လျက် ...

"မင်း!... မင်း .. ဘာပြောလိုက်တယ် ရေး .."

"သိချင် သွားမေးကြည့်လေ .."

မျက်ခုံးတစ်ဖက် ပင့်၍ ဒက်ခနဲ ပြန်ဖြေပုံက ရန်လိုစွာ..၊



www.burmeseclassic.com

www.burmeseclassic.com



"တစ်ခုခု ဖြစ်စေချင်ရင် ထိုင်ဆုတောင်းနေရုံနဲ့ ဖြစ်မြောက်မှာ မဟုတ်တော့ လက်တွေ့ အကောင်အထည်ဖော်ရတာပေါ့ .."

"ရွှေရေးပန်းချီ .."

"လူလေး .."

သူ ရှေ့ကို ဒေါသနှင့် တိုးလိုက်မိသည်နှင့် ဦးကျော်ထွန်း ၏ ပျာယီးပျာယာအသံကို ကြားလိုက်ရကာ ...

"လူလေး .. လာဦး မြန်မြန် .. သူဌေး သတိကောင်းကောင်း မရ ဘူး .."

မြက်ခင်းအစပ်ထိ ရောက်လာပြီး လက်ယပ်ခေါ်၏။

"တောက်!..."

ရေး ကို ပြန်ကြည့်ပြီး တက်ခေါက်လိုက်မိသည်။ ပြီးတော့ ကမန်း ကတန်း လှည့်ထွက်ခဲ့လျှင် ...

"ဂုဏ်ထည်ဝါ .. ကျွန်မ ရောက်လာရတဲ့ ရည်ရွယ်ချက်ကို ရှင် သိပြီ နော် .."

သူ့ခြေလှမ်း တုံ့သွား၏။

"ဒါပေမယ့် တော့ဂုဏ်က တစ်ယောက်တည်း မဟုတ်ဘူး .. မိန်း တော့ဂုဏ်က လာဦးမှာ .."

လှည့်မကြည့်ဘဲ ဂုဏ် အံကြိတ်သည်။ ပြီးတော့ ...

ပြောတိုင်း ရတာပဲ ရေး .. မင်း ပြောထားဦး ..။

ဒါပေမယ့် .. ပွဲက ခုမှ စမှာ ..။





## အခန်း (၁၀)

ဦးနေဂုဏ် သတိကောင်းကောင်း ရနေပြီပေမယ့် ခေါင်းညိတ် င်းခါ လုပ်ပြနေသည်မှလွဲ၍ စကားဟဟလေးတောင် မဆို ...။

မျက်ဝန်းတို့သည် ဖွင့်ထားသည့် ပြတင်းတံခါးမှနေ၍ တိုက်တာ က်ပင်တို့၏ ထိပ်ဦးစွန်းဖျားနှင့် ထိစပ်နေသော မိုးကောင်းကင်ကြီး ကို ငေးနေခဲ့၏။

ပြီးတော့ မျက်လုံးတွေကို ကြာရှည်စွာ မှိတ်ချထားတာလည်းရှိကာ ရာဝန် ပြန်သွားပြီး ဦးကျော်ထွန်း နှစ်ခေါက် ဝင်လာသည်။ နှစ်ခါ န်ထွက်သွားခဲ့၏။

ဒါပေမယ့် လှည့်လည်း မကြည့် .. စကားလည်း မပြော ..။

"သူဌေး .."

ခေါ်လိုက်တော့ မျက်လုံးတွေ ဖျတ်ခနဲကြီးစွာ ပွင့်လာ၏။ ဒါပေမယ့် ထူးပေ ..။

"သူဌေး ဘာဖြစ်သွားတာလဲလို့ ကျွန်တော် မမေးပါဘူး .. ဒါပေ မယ့် ရွှေရေးပန်းချီ နဲ့ပဲ ပတ်သက်နေတယ်ဆိုတာ သိပါတယ် .."



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး သူဌေးမျက်နှာကို အကဲခတ်၏။ ဦးမေနုဂုဏ် မလှုပ်မယှက် ငြိမ်နေမှ ...

"သူဌေး ဘာဖြစ်ချင်သလဲ .. ရင်ထဲမှာ ဘာမှမထားပါနဲ့ .. ကျွန်တော်တို့ ပွင့်ပွင့်လင်းလင်း ပြောရရင် သူဌေး ကိုယ်ရှင်သန်နေထိုင်ခွင့်ရှိနေတဲ့သက်တမ်းကို ကိုယ့်ဘာသာ သိနေပါတယ် .. ဒါကို ဘာဖြစ်လို့ တစ်ယောက်တည်း ကြိတ်ခံစားနေတာလဲ သူဌေးရယ် .. ကျန်ရှိနေတဲ့ အချိန်တွေကို လောကီမှာရော .. လောကုတ္တရာ ကောင်းကျိုးအတွက်ရော သူဌေး အများကြီး လုပ်ရဦးမှာ .."

ဦးမေနုဂုဏ် မျက်တောင်ဖျားတွေ လှုပ်ခတ်လာခဲ့ရင်း စိုက်ကျသွားခဲ့၏။ ပြီးတော့ ပြန်မှိတ်သွားပြီး ငြိမ်သက်နေပြန်သည်။

"ရွှေရေးပန်းချီ ကို ဒီမှာ ခေါ်ထားတာ ဘာအတွက်လဲဆိုတာ သိပါရစေ .. အခု ဘာအတွက် သူဌေး စိတ်ဆင်းရဲနေတာလဲဆိုတာလည်း ပြောပြပါ .. မလွဲမသွေ ရင်ဆိုင်ရမယ့် သေခြင်းတရားအတွက် ဒီလောကကြီးထဲ သူဌေး နေ့စဉ် သောကများနေမှာ မဟုတ်ဘူးဆိုတာ ကျွန်တော် သိတယ် .. သူဌေးက စိတ်ဓာတ်ပျော့ညံ့သူမှ မဟုတ်ဘဲ .. ဒါဆေမယ့် အခု .."

သူ ပြောနေတုန်းမှာ သူဌေး လက်ကလိုက်သဖြင့် ဦးကျော်ထွန်း ပြောလက်စကို တိခနဲ ရပ်ပစ်သည်။

ဒါပေမယ့် တစ်ခုခု ကြောလာပြီထင် လိုက်သည့်အတွေးက မှားယွင်းခဲ့၏။

ဦးမေနုဂုဏ် ရင်ထဲမှာ ပြောလိုခြင်းတွေထက် မျိုသိပ် ခံစားခြင်းဖြင့် ကိုယ့်ကိုယ်ကိုယ် ဒဏ်ခတ်၍ ကျေနပ်နေချင်တာကို ဦးကျော်ထွန်း မသိနိုင် ...၊





ားကာယ်တမ်းကျတော့ မိမိကိုယ်ကို အပြစ်ပေးနေခဲ့ခြင်းကြောင့် ် ဆပါ့ပါးခြင်းကို သူ မရခဲ့ပေ ..။

ဒါ ဆမယ့် သူ ဘာလုပ်နိုင်ခဲ့သလဲ ..၊ အခု ဘာလုပ်ခွင့် ရှိသေး ..၊

မျှော်လင့်ခဲ့ရသည့် အရာရာဟာ ဒီနေ့ မြင်ကွင်းတစ်ခုကြောင့် ပြိုလဲခဲ့ရပြီဖြစ်လျက် .. ဒါကို ပြန်လည် ထူမတ်နိုင်စွမ်း သူ့မှာ တော့မလား ..။

သမီးလေး အကြိုက်ဆုံး မွေးနေ့လက်ဆောင် အရုပ်မလေးရဲ့ ာ ဦးထုပ်ကို ယူပြီး ဖိတ်ကျကုန်သည့် ကော်ဖီတွေကို အကျအန တ်နေသည့် မြင်ကွင်း ..၊

ဒီမြင်ကွင်းက သူ့ရင်တစ်ခုလုံးကို ထုနှက် ဆုပ်ချေခံလိုက်ရသလို ..

သူ ပြန်ပြောပြလိုက်တော့ ဦးကျော်ထွန်း က အလေးအနက် စဉ်း ပြီးမှ ...

"အစတည်းက သတ်မယ်ဖြတ်မယ်လို့ ကြိမ်းဝါးပြီး ရောက်လာ မ်းကလေးပဲ သူဌေးရယ် .. သူဌေးက သူ့တူမကိုတော့ ချစ်တဲ့စိတ် သိမ့်မယ်.. သွေးက စကားပြောမယ်ဆိုတဲ့ မျှော်လင့်ချက်တွေ ထား လား .."

"ဟုတ်တယ် .. အဲဒီလို မျှော်လင့်ခဲ့တာ ..၊ သမီးလေး တော်မှတ်နေ မိခင်မေတ္တာကို သူ့အဒေါ်ဆီက အပြည့်အဝ မဟုတ်ရင်တောင် တစ်ဝက်လောက်တော့ ရစေချင်တယ် .."

"ဒါဆိုရင်တော့ သူဌေး မျှော်လင့်တာ မမှားပေမယ့် လုပ်ရပ် မှား ယ်လို့ ကျွန်တော် ပြောရတော့မှာပဲ .."



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ .."

"သူဌေးကို မုန်းလို့ ဒီကလေးကို သူ မုန်းနေတာ .. သူဌေးရှေ့မှာ သူ ဘယ်တော့မှ ကြင်နာမှာ မဟုတ်ဘူး .. သူ့ရင်ထဲမှာ ဘယ်လောက် ချစ်နေနေ .. မချစ်သလို နေမှာပဲ .."

"ချစ်တာ မုန်းတာကို ဟန်ဆောင်လို့ မရဘူး ကိုကျော် .."

"လူအမျိုးမျိုး ရှိတယ်ဆိုတာကို သူဌေး မေ့နေလို့ပါ .."

ဦးမနဂုဏ် က အားနည်းသောအပြုံးနှင့် ခေါင်းညိတ်၏။

"ဟုတ်ပါတယ် .. ကမ္ဘာကြီး တိုးတက်ပြောင်းလဲလာတယ်ဆိုတာလည်း လူတွေရဲ့ဟန်ဆောင်နိုင်တဲ့စွမ်းအားတွေ ဘယ်လောက် တိုးတက်မြင့်မားလာသလဲဆိုတာကို ပြနေတာပဲ .."

တစ်ယောက်တည်း ညည်းညူသလို ပြောနေရင်း မျက်ဝန်းတွေက မိုးကောင်းကင်ဆီ ရောက်ပြန်၏။

ပြီးတော့ ...

"အဆင့်အတန်းရှိတယ်ဆိုတဲ့ လူတိုင်းမှာ ဟန်ဆောင်နိုင်တဲ့ အရည်အချင်း ရှိကြတယ်.. ဒါပေမယ့် ကျွန်တော် မပါခဲ့ဘူး ထင်တယ်.."

"ဟန်ဆောင်နိုင်တယ်ဆိုတဲ့ ခေါင်းစဉ်ချင်း တူပေမယ့် အကြောင်းအရာတွေ ကွဲနေလို့ပါ .. သူဌေးကို ကျွန်တော် ဖြေသိမ့်ဖို့ ကြိုးစားနေတာ မဟုတ်ဘူး .. မြင်တဲ့အတိုင်း ပြောတာ .. ဟန်ဆောင်နိုင်တာ အရည်အချင်းတစ်ရပ် ဖြစ်ရင် ဖြစ်မယ် .. မလိုအပ်ဘဲနဲ့တော့ ဘယ်သူ အပင်ပန်း မခံပါဘူး .. သူဌေးက ရိုးအတဲ့လူ မဟုတ်သလို အရာရာကို ရယူလိုနေတဲ့လူစားလည်း မဟုတ်ဘူး .. ဒါပေမယ့် ကြောက်ရွံ့နစ်ခါသေတာမျိုးလို့ ပြောရမလား .. 'မခိုးတတ်တော့ လူမိ' ဆိုတာမျိုးလား .."





ဟုတ်ဘူး .. ကျွန်တော် ခင်ဗျား ပြောသလောက် မရိုးသားခဲ့

ဒါက သူဌေး ကိုယ့်ကိုယ်ကိုယ် အပြစ်ပုံချနေတဲ့စိတ်ပါ.. သူဌေး မျိုးနဲ့ဆိုရင် ဆည်းဆာ ထက် အများကြီးသာတဲ့ မိန်းကလေး တွေ့အောင် ပျော်လို့ ရပါတယ် .. ဂုဏ်သိက္ခာကျဖို့ မလိုဘူး.. လည်း မလိုဘူး .. သူဌေးရဲ့ နူးညံ့ရိုးသားတဲ့စိတ်ကြောင့် ခုလို သွားခဲ့တာ .."

ဂုဏ် မျက်နှာက ဒီစကားတွေကြောင့် ထူးခြားသည့် ပြောင်း ဖြစ်မလာခဲ့ဘဲ တွေဝေနွမ်းလျနေဆဲ ရှိလျက် ...

ဒါတွေကို ကျွန်တော် .."

တစ်ခါတလေ မျှတမှုအတွက် အချိုးချလို့ မရတတ်တာတွေ .. ဒါကို မရမက ကြိုးစားတဲ့အခါ မျှတမှုက နေရာတကာမှာ တော့ဘူး ဖြစ်လာတယ် .. အဲဒါကြောင့် တစ်ခါတစ်ရံမှာ ကောင်းဆန်လိုက်ရတာတွေ ရှိလာတာပေါ့ .. သက်ရှိသတ္တဝါ မိမိကိုယ်ကိုသာ ချစ်ကြတဲ့ အတ္တစိတ် ကိုယ်စီ ရှိကြတာပဲ .. ယ်ကိုယ် လူထဲကလူပဲလို့ ပုံချပြီး ပေါ့ပေါ့ပါးပါး တွေးကြည့်ပါ ယ် .. သူဌေး ပင်ပန်းလှပါပြီ .."

ဂုဏ် က ခေါင်းခါရင်း ထူးဆန်းစွာ ပြုံး၏။

ကျွန်တော် ပင်ပန်းရင်လည်း သိပ်မကြာတော့ပါဘူး .. ကျန်ခဲ့ တွေ တစ်ဘဝလုံး ပင်ပန်းကြရဦးမယ့်အဖြစ်ကို တားဆီးဖို့ ကျွန်တော့်ရဲ့ နောက်ဆုံးအချိန်တွေမှာ တတ်နိုင်သမျှ ကြိုးစား

"

သူဌေးက ဘယ်သူ့ကို ပြောတာလဲ ...၊ သမီးလေးနဲ့ ဂုဏ့် ကို



www.burmeseclassic.com

www.burmeseclassic.com



လား .. သူတို့က ခွန်အားတွေ အများကြီးနဲ့ အနာဂတ်ကို လှမ်း
မယ့် လူငယ်တွေပါ .."

ဒါကိုလည်း ဦးနေဂုဏ် ခေါင်းပဲ ခါနေခဲ့၏။ ဘာဆိုတာ
မပြောတော့ဘဲ ...

"ရပါပြီ.. ကျွန်တော် သက်သာပါပြီ.. ကိုကျော် သွားတော့

ဦးကျော်ထွန်း အသံ ခဏ တိတ်သွားသည်။ ပြီးမှ ရေနည်း
ထပ်တိုး၍ ...

"သူဌေးကို တစ်ခုလောက်တော့ မေးခွင့်ပြုပါ .."

ဘာလဲ ဆိုသည့် မေးခွန်းနှင့် ဦးနေဂုဏ် အကြည့်တွေ သူ့ဆီ
လာတာကို စောင့်ပြီးမှ ...

"မမေးသင့်တဲ့ မေးခွန်းမို့လို့ သူဌေး ငြိငြင်မှာလည်း စိုးပါ
ဒါပေမယ့် အခု သူဌေးက ဂုဏ် တို့ ဆောင်နမကိုတောင် အ
ပေးမဝင်ဘဲ သီးခြား နေခဲ့တာ .."

"အင်း .. မေးပါ .."

"ကျွန်တော် သိချင်တာလေ သူဌေး ရင်ထဲမှာ တစ်
တည်း မျိုးသိပ်မထားစေချင်တဲ့ စေတနာပါ .."

ဦးနေဂုဏ် က နားထောင်နေ၏။

"သူဌေးရဲ့ ကိုယ်ကျင့်သိက္ခာနဲ့ စိတ်ဓာတ်ကို ကျွန်တော်
ဘယ်သူမှ ပိုမသိနိုင်ဘူး .. သူဌေးမှာ ဒီရောဂါပိုး ရှိလာခဲ့တာ

ဦးနေဂုဏ် အကြည့်တွေ ဖျတ်ခနဲ ဝင့်တက်လာတော့
ရုတ်တရက် ရပ်တန့်သွား၏။ ပြီးမှ ...

"သူဌေး မှားယွင်းခဲ့တာ မဖြစ်နိုင်ဘူးလို့ပဲ ကျွန်တော် ယုံ
ကြည်နေတုန်းပဲ .."





အကြာဖြေ လျှပ်စစ်ကုလားထိုင်ကြီးပေါ်ကနေ ဦးနေဂုဏ်
တွေက ပို၍ စူးစိုက်လာ၏။ ဒါပေမယ့် ရီဝေ ဖျော့ကျသွားခဲ့ပြီး
ပြန်လှဲသည်။

ဦးကျော်ထွန်း အနားကို ထပ်တိုးလိုက်မိကာ ...

"ဆည်းဆာ အတွက် ငွေသာပြီး ရေငုံနှုတ်ပိတ်ထားလိုက်တာ
ယ် .. ဆည်းဆာ က မရှိတော့ဘူး .. ရှိနေတုန်းကလည်း သူက
မိန်းကလေးတစ်ယောက်ပါ .. သူ့ရဲ့ ဂုဏ်သိက္ခာနဲ့ သူဌေးရဲ့
ကာ ဘာကို ထိခိုက်ခံနိုင်မလဲ ဆိုရင် .."

"ခင်ဗျား ထင်သလို မဟုတ်ဘူး .."

တည်ငြိမ်အေးဆေးစွာ ချေဖျက်လိုက်သည့် စကားသံကြောင့် သူ့
ဘိခနဲ တိတ်ကျသွား၏။

"မှားဖူးတဲ့လူ မရှိဘူးဆိုတာ ခင်ဗျား ယုံကြည်ရင် ဒါ ကျွန်တော့်
ဆိုတာကိုလည်း ယုံလိုက်ပါ .. ဒါပေမယ့် ကျွန်တော် ရှုပ်ထွေးမိလို့
ာ မဟုတ်ဘူး .."

ဦးနေဂုဏ် မျက်နှာမှာ ယူကျုံးမရခြင်းများနှင့် ငိုချလိုက်တော့
နေကာ ...

"ဘယ်အရပ် ဘယ်နေရာက ရောက်လာတဲ့ ဝဋ်ကြွေးကြွမ်လဲ..
ကျွန်တော် မသိခဲ့ဘူး .. ဆည်းဆာ ကို အပြစ်မမြင်ပါနဲ့ .. သူ့မှာ
ကြောင့် ချစ်သူနဲ့ လွဲခဲ့တယ် .. မျှော်လင့်ချက်မဲ့တဲ့ ရှင်သန်မှုနဲ့
ခဲ့တယ် .. ခုတော့ အသက်ပါ ဆုံးရှာပြီ .. သူ့အတွက်ပဲ စာနာ
.. ဘာမှ အပြစ်မရှိတဲ့ မိန်းကလေးမို့လို့ အပြစ်တွေအားလုံးရဲ့
က ကျွန်တော်ပါ .."

ဦးနေဂုဏ် က အဆက်မပြတ် ပြောနေရင်း မျက်နှာတစ်ခုလုံးကို



www.burmeseclassic.com

လက်ဖဝါးတစ်ဖက်ထဲ မှောက်ချ၍ ပွတ်သပ် အံကြိတ်နေ၏။

"ဒါကြောင့် သမီးလေးကိုပါ မထိခိုက်စေချင်ဘူး .. ကျွန်တေ
နား ကပ်လို့ အမှတ်တမဲ့ ထိခိုက်ပွန်းရှပြီး ဒီရောဂါ ကူးသွားမှာ
တယ် ..၊ သူ့အမေကို အပြစ်တွေမြင်ပြီး သမီးလေးအပေါ်မှာ အ
တွေ ထပ်ဆင့်နေမှာလည်း စိုးတယ် .. ကျွန်တော့်သမီးလေးကို မငြ
ပါနဲ့ .. သူ့အစ်ကိုရဲ့ ကြင်နာရွေးထွေးမှုတွေ ရအောင် ကိုကျော် ကြ
ပေးပါ.."

ဦးကျော်ထွန်း မျက်လုံးချင်း မဆုံပေမယ့် ခေါင်းညိတ် ကတ
နေမိသည်။ ပြီးတော့ နောက်ကို မသိမသာ ဆုတ်လိုက်ရင်း ပင့်သ
ရှိုက်၍ ...

"သမီးလေးကိုရော .. သူ့အမေကိုရော ကျွန်တော် မငြိုငြင်ပါဘ
ဘယ်တုန်းကမှလည်း မလိုမုန်းထားတဲ့အကြည့်နဲ့ မကြည့်ခဲ့ဘူး -
တုန်းတည်းက ကျွန်တော် ဖြစ်စေချင်တာက သူ့ဌေးအပေါ်မှာ ကြ
စေချင်တာ တစ်ခုတည်းပါ .. သူ့ဌေး အသက်လောက်မြတ်နိုး
မိန်းကလေးကို မပြောနဲ့ .. တိရစ္ဆာန်လေးတစ်ကောင်ဖြစ်ဖြစ် .. သ
မြတ်နိုးတွယ်တာနေတဲ့ ဘယ်အရာမဆို ကျွန်တော် ရအောင် ယ
တယ် .. အသနားခံ ကိုယ်ကျိုးစွန့်ပြီး ဆောင်ရွက်ပေးခဲ့တယ် -

"မှန်ပါတယ် .."

"အစတည်းကနေ ခုချိန်ထိ အဲဒီ အမှန်တရားအတိုင်းပါပဲ 
ရယ် .. ဒါက ဆည်းဆာပန်းချီ နဲ့ ပတ်သက်ပြီး ကျွန်တော် အထ
မိ .. ငြိုငြင်မိတာ ဘယ်တုန်းကမှ မရှိခဲ့ဖူးတဲ့ သစ္စာစကားပါ ..
တော့ စိတ်မကောင်း ဖြစ်မိပါတယ် .."

ဒီစကားရောက်မှ မျက်လုံးချင်း ပြန်ဆုံဖြစ်ကြကာ ...





"ကျွန်တော့်ကို မယုံကြည်တဲ့အတွက် သူ့ဌေး ထိမ်ချန်ထားတဲ့
ခန်တွေ ရှိတယ် .."

ဦးခနဂုဏ် မျက်မှောင်ကုတ်သွားသည်။ ပြီးတော့ ပြန်ဖြေချ၍
ါသည့်ဟန် ပြင်လိုက်လျှင် ...

"ကျွန်တော်ကတော့ သူ့ဌေးကို ယုံကြည်ခဲ့တာ မမှားဘူးလို့ ကိုယ့်
ကိုယ် ယုံကြည်တဲ့အတွက် ကျွန်တော် ထင်တာ ဘယ်နည်းနဲ့မှ
ိုင်ဘူးဆိုတာကိုလည်း ယုံကြည်နေဆဲပဲ .."

သူ ဘာမှမပြောဘဲ နေသလို ဦးကျော်ထွန်း ကလည်း တိတ်ဆိတ်
ည့်ထွက်သွားလေသည်။

ယုံကြည်ချက်တိုင်းက အမြဲတမ်း မှန်နေပါ့မလား ...၊

www.burmeseclassic.com



## အခန်း (၁၁)

"သူ့ဒွေး မှန်နေနေ မှားနေနေ ဒီအချိန်မှာ လူလေး ဘာမှ မသေ
ါနဲ့ကွယ် .."

"ဝေဖန်မလို့ မဟုတ်ဘူး အဘ .. ဖေဖေ့ ကျန်းမာရေးကြော
စိတ်ချမ်းသာအောင် ဂရုစိုက်သင့်တာလည်း ကျွန်တော် သိတယ်
ဒါပေမယ့် ကျွန်တော့်ကို မျက်နှာချင်းမဆိုင်ဘဲ နေတဲ့နည်းက
အတွက် စိတ်ချမ်းသာစေတာလား .. ဖေဖေ့ ကျန်းမာရေး .. ပြီး
ဖေဖေ ဘာလုပ်ခဲ့ချင်သလဲ .. အခု ဘာဖြစ်ချင်တာလဲ .. အဲ့ဒါတွေကို
ကျွန်တော် ဘယ်တော့မှ မေးခွင့် မရှိတော့ဘူးလား .."

ဒီငြိုင်းဆက်နေဖို့ သူ ဘယ်လိုမှ သည်းမခံနိုင်တော့ပေ ..
အပြင်ထွက်လာတာ တစ်ခါတစ်ခါ တွေ့သည်။ ထွက်လာမှာပဲ
ပေမယ့် ပြန်ပျောက်သွားခဲ့သည်။

ဖေဖေ့ ကျန်းမာရေးကို သိချင်လို့ အခန်းထဲ ပင်ဖို့ ကြိုးစား
အခါခါ ..၊





ခါမှ ဝင်ခွင့်မရဘဲ လှည့်ပြန်ခဲ့ရ၏။

"ဒီနေ့ မနက်ဖြန်တောင် စိတ်မချရလောက်တဲ့ အခြေအနေအထိ
မဖြစ်သေးပါဘူး .. ဖြစ်သွားခဲ့တဲ့အထိ ဒီတိုင်း အခန်းတံခါးပိတ်
မှာတဲ့လား .."

သူချည်းပဲ မေးခွန်းတွေ ဆက်တိုက် မေးနေကာ ပြန်ဖြေတာကို
မစောင့် ..၊

"အဘ ပြောသလို ဖေဖေ သိမ်ငယ်စိတ်နဲ့ ကြိတ်ဖြေနေတာ
ဘူး .. ကျွန်တော့်ကို ဒဏ်ခတ်နေတာ .. ဖေဖေ အဲဒီအတိုင်း
တာ .."

"လူလေး ရယ် .."

"ကျွန်တော် ထွက်သွားခဲ့တာကို ဖေဖေက .."

"မဟုတ်ဘူး လူလေး .. မင်း မှားနေပြီ .. အခု လူလေး ဝင်သွား
ည်း ကျန်းမာရေးကို မေးဖြစ်မှာက အကြည့်တစ်ချက် ..၊ စကား
း ပဲ ..၊ စိတ်ဆင်းရဲစရာတွေပဲ ပြောဖြစ်ကြမှာ .."

"ဘယ်လို!..."

"အဘ ပြောမယ် .. မင်းရင်ထဲမှာ ခု သိပ်သိချင်နေတာ ကျန်းမာ
နံပါတ်နှစ် ပါ .. နံပါတ်တစ်က ရေး ကို ဘာကြောင့် ဒီမှာ
ဘာလဲဆိုတာပဲ မို့လား ..၊ အဓိကက အဲ့ဒါ .."

"ဟုတ်တယ်ဆိုရင် အဲဒီအဖြေကို မဖြေချင်လို့ ကျွန်တော့်ကို
မခံချင်တာပေါ့ .."

"အဘက မတွေ့စေချင်တာပါ .. လူလေးတို့ သားအဖချင်း ဒီ
မှာ ဘာကြောင့်မှ ပဋိပက္ခ မဖြစ်စေချင်ဘူး .. အထူးသဖြင့် သူ့ဒွေး
ဆင်းရဲစေချင်တာ ..၊ လူလေးက သိပ်သိချင်နေရင် အဘ ပြောနိုင်



www.burmeseclassic.com

www.burmeseclassic.com



ပါတယ် .. ဒါ လျှို့ဝှက်ရမယ့်ကိစ္စလည်း မဟုတ်ပါဘူး .. တစ်ခု
ရှိတာပေါ့ ..''

ဦးကျော်ထွန်း က ဂုဏ့် မျက်နှာကို အကဲခတ်၍ ...

''ဆည်းဆာပန်းချီ နဲ့ ရွှေရေးပန်းချီ ရုပ်ချင်း ခွဲမရအောင် တူ
ဆည်းဆာ အပေါ် ထားခဲ့တဲ့ မေတ္တာမျိုးနဲ့ လုံးဝမဟုတ်ဘူးဆိုတာ
ပြောပါရစေ .. သူဌေးရဲ့ အလိုချင်ဆုံးဆန္ဒက တေးကဗျာလေး အ
မှာ သွေးသားရင်းလို မေတ္တာထားနိုင်မယ့်သူက ရွှေရေးပန်းချီ ပဲ
သူ့ကို ဒီမှာ ရှိနေစေချင်တာ ..''

အဓိပ္ပာယ်မရှိတာတွေ ကြားနေရသလိုမျိုး ဂုဏ့် မျက်နှာ
သည်။

''လောလောဆယ် အမုန်းတွေနဲ့ ပတ်သက်မိကြပေမယ့် ..''

''နောက်လည်း ဒီတိုင်းပဲ သွားမှာ .. ဒီ့ထက် ပိုဆိုးလာဖို့
သလောက် .. ကောင်းလာနိုင်ချေ လုံးဝကို မရှိဘူး .. အဲ့ဒါ ကျွန်
ပြောရဲတယ် ..''

''အပြောနဲ့ လက်တွေ့ဆိုတာ တစ်ထပ်တည်း ကျခဲပါ
လူလေးရယ် .. ဘာပဲဖြစ်ဖြစ် အစက မထိတွေ့ မရင်းနှီးကြဘူး ..
မသင့်မြတ်သေးပေမယ့် ထိတွေ့ ရင်းနှီးဖူးကြပြီ .. 'သိသာသိစေ
စေနဲ့တဲ့' ..၊ မမြင်သေးခင်မှာ ဘယ်လိုမုန်းမုန်း .. ဘယ်လောက်
ဝါးနေပေ့စေ .. မြင်လာရရင် ..''

''အဘ အဲလို ထင်သလား ..''

''ယုံကြည်နေတာ ..၊ သွေးက စကားပြောလာမယ့်နေ့ကို
အတွက် သူဌေး မရှိတော့ရင်တောင် အဘကိုယ်တိုင် ဒီယုံကြည်
ဆက်ပြီး စောင့်ရှောက်သွားဖို့လည်း ကတိပေးထားတယ် ..''





''ဘာ!... ဘယ်လို ..''

ဂုဏ် ဘယ်လိုမှ မယုံနိုင် ..၊

အဘက ဖေဖေ့ လူယုံကြီးဆိုတာ နားလည်ပါသည်။ ဒါပေမယ့် ဒီလောက်ထိတော့ ...

''သူဌေးက ခွင့်ပြုရင် လူလေး ဝင်တွေ့လို့ ရပါတယ် .. ဒါပေမယ့် မေးခွန်းတွေကို ဆင်ခြင်ဖို့တော့ အဘ တောင်းပန်တယ်ကွယ် ..''

ရင်ထဲမှာ တစစ်စစ် နာကျင်သွားသည်။ ပြီးတော့ စီးမျောနေသည့် သွေးတို့က တဖျင်းဖျင်း ပူရှိန်းလာ၏။

နားထဲမှာ ခုထိ ကြားနေတုန်း..၊

''ဂုဏ်ထည်ဝါ .. ကျွန်မ ရောက်လာတဲ့ ရည်ရွယ်ချက်ကို ရှင် သိပြီ နော် ..''

''တော့ဂတ်က တစ်ယောက်တည်း မဟုတ်ဘူး .. မိန်းတော့ဂတ်က လာဦးမှာ ..'' တဲ့ ..။

မဖြစ်နိုင်သေး ..၊

လူမမာကို ထိုင်ကြည့်ပြီး ပြန်ရအောင် သူက ပြုစုဖို့သက်သက် ခေါ်ထားတဲ့ သူနာပြုမှ မဟုတ်ဘဲ ..၊ ပြေးကြည့်မှ ဒီသားအဖပဲ ရှိတာ..၊ သူမှာ ပြောဆိုဆွေးနွေးခွင့် ရှိသည်။ ဖေဖေ့ရင်ထဲက အစီအစဉ်တွေကို ဖေဖေကိုယ်တိုင် ပြောတာကိုပဲ ကြားရမှ ဖြစ်မည်။

ကိုယ့်အတွက် ဘာကောင်းကျိုးမှ မဖြစ်မည့်ပြင် ခုချက်ချင်း လူကို ဗုန်းဗုန်းလဲသွားအောင်လည်း လုပ်လိုက်ပြီးပြီ ..၊

နောက်ကျောက ဓားနဲ့ထိုးလို့ ခံလိုက်ရတာဆို ကြားလို့ ကောင်းသေးသည်။ ခုတော့ ရှေ့ကနေ နာမည်ခေါ်ပြီး ဓားနဲ့ ပြေးလာတာ မြင်ချက်နှင့် လည်စင်းပေးနေရသည့်အဖြစ် ..၊



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက် .. ဒေါက် .."

တံခါးခေါက်လိုက်တော့ အခန်းထဲက တုံ့ပြန်သံ မကြားရပေ .. တွန်းကြည့်တော့လည်း အထဲကနေ ပိတ်ထား၏။

"ဒေါက် .. ဒေါက် .."

"ဖေဖေ .. ကျွန်တော် ခဏဝင်လာလို့ ရမလား .."

"ဖေဖေ ဆေးသောက်ထားတာ ခဏလောက် မှိန်းချင်လို့ သားရယ် .. ဖေဖေ ပြန်နိုးရင် ထွက်ခဲ့မယ် .."

တံခါးခေါက်နေသည့် သူ့လက် ပြန်လျှော့ကျသွားသည်။

ဘယ်သူ ကံကောင်းပြီး .. ဘယ်သူက ကံဆိုးနေတာလဲ ..၊





## အခန်း (၁၂)

"ဒီမှာ စာသင်နေတယ် .. တီဗွီ အသံ တိုးပေးပါ .."

ဂုဏ် က အတွင်းဧည့်ခန်းထဲက ဆိုဖာပေါ်မှာ ခြေပစ်လက်ပစ် ထိုင်ရင်း လက်ဝှေ့ပွဲ ကြည့်နေတာ ဖြစ်သည်။

ရေး နဲ့ တေးကဗျာ က အပြင်ဧည့်ခန်းမှာဖြစ်ကာ သူမက လက်သည်းဆိုးဆေး မခြောက်သေးသည့်လက်ကို မှုတ်နေရင်း လက်တစ်ဖက်ထဲမှာ ဖုန်းနှင့် ...

စာရေးနေသည့် ကလေးရဲ့နောက်မှာ ဟန်ကြီးပန်ကြီး လမ်းလျှောက်ရင်း ဒီထဲကို လှမ်းပြီး အမိန့်တွေ ပေးနေသေးသည်။ ငွေမှုန်တွေ တလက်လက်နှင့် လွန့်လူးနေသော ဇာကန့်လန့်ကာ တစ်ထပ်သာ ခြားနေတာမို့ ဒမထဲနဲ့ အပြင်ကို မြင်နေရ၏။

ဂုဏ် က စိုက်ကြည့်လိုက်ပြီး ဟွန့်ခနဲ မဲ့သည်။ ပြီးတော့ ရီမုတ်ကို ပစ်ချပြီး လက်ပိုက်ထားလိုက်၏။ သူ လုပ်နေတာကို ရေး ကလည်း လမ်းလျှောက်နေပေမယ့် မြင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မေမေ .. မီးမီး စာမရေးချင်တော့ဘူး .."

တေးကဗျာ က ရေး ကို လည်ပင်းလေး လိမ်အောင် လိုက်ကြည့်ပြီး မျက်နှာမဲ့မဲ့လေးနှင့် ပြော၏။

"ဘာဖြစ်လို့ စာမရေးရမှာလဲ .."

"လက်တွေ နာနေပြီ .. မီးမီး ကဗျာဆိုမယ်လေ .."

"မဆိုနဲ့ နားငြီးတယ် .. နေ့မှန်း ညမှန်း နားမလည်ဘဲ လူလိုမသိတာမျိုး စိတ်ပျက်စရာ အကောင်းဆုံးပဲ .. ပေးထားတာ သုံးမျက်နှာစလုံး ပြည့်အောင် ရေး .. မပြီးရင်လည်း ရိုက်မယ် .. မလှရင်လည်း ရိုက်မယ် .."

ပြောနေတုန်း ဖုန်းလာတော့ လက်သည်းကို မှုတ်မလို့ စူလုံးသွားသည့် နှုတ်ခမ်းလေးက ဖုန်းပြောခြင်းသို့ ရောက်ကာ ...

"ဟလို .."

"... ... ... ..."

"ဟုတ်တယ် .. ငါ ခေါ်ထားတာ .. ဘာတွေလုပ်နေလို့ မအားတာလဲ ပြောပါဦး .."

"... ... ... ..."

"အံမယ် .. ဘယ်သူ ပြောတာလဲ .. ငါ့လောက် အလုပ်ရှုပ်နေတာ ငါပဲ ရှိတယ် လုံမေ ...၊ အချိုးမပြေတာရော .. မသိတတ်ဆိုးရွားတာတွေရော .. ကိုယ့်ကိုယ်ကိုယ် ဘယ်ဘုံဘဝကို ရောက်နေမှန်းတောင် မသိတော့ဘူး .."

"ဘုန်း .. ဘုန်း .."

ဖုန်းပြောနေရင်း လှည့်ကြည့်တော့ တေး က စာအုပ်ဖွင့်လျက်သား ကို စုံကိုင်မြှောက်၍ ဘာကို လိုက်ရိုက်နေမှန်း မသိ ...၊





"အမွှန့် ကို ပြောလိုက်ပါဦး .. ငါ ပြောထားတဲ့ .."

"ဘုန်း .."

"ဟဲ့ .. ဘာဖြစ်နေတာလဲ .. စာအုပ်ကို ခု ချလိုက်စမ်း .."

ဖုန်းကို လက်နဲ့အုပ်ထားပြီး တေးကဗျာ ကို လှမ်းဆူသည်။ ပြီးတော့ ဆားမှာ ဝင်ထိုင်လိုက်ပြီး ...

"အေး .. အဲဒါတွေ နောက်မှ ပြော .. ငါက ငါမှန်တယ် ထင်ရင် ဘယ်သူ တားတား .. ဘယ်သူ ဘာပြောပြော .. ဂရုမစိုက်ဘူး .."

"ဘုန်း .."

"ကျွတ်!..."

ဖုန်းကို ပိတ်ထားလိုက်ရခြင်းသို့ ရောက်ကာ ...

"တေးကဗျာ .."

"အား!..."

လက်မောင်းလေးကို တွန်းတာရော ပြန်ဆွဲတာရော ဆောင့်ခါသလို ဖြစ်နေကာ တေးကဗျာ မျက်နှာလေး ရှုံ့မဲ့သွား၏။

ပြီးတော့ ညည်းညူ ရှန်းဖယ်ရင်း မျက်ရည်တွေ ကျလာခဲ့လျက်...

"မေမေ့ .. မီးမီး နောက် မလုပ်တော့ပါဘူး .. ကြောက်ပါပြီ .. ဟီး .. ဟီး .."

"ဘာ မလုပ်တော့ပါဘူးလဲ .. ဖုန်းပြောလို့ မရအောင် ဒီလောက် တစ်ခါပြောလည်း မရ .. နှစ်ခါပြောလည်း မရ .. လာခဲ့ .."

"မေမေ .. မေမေ့ ကြောက်ပါပြီ .."

"မလိုချင်ဘူး .. တက် .. ဒီပေါ်ကို ခု တက်စမ်း .."

ပန်းအိုးကို ဆွဲချပစ်ကာ ခြေထောက်ရှည်နှင့် ခုံမြင့်ပေါ်ကို အတင်းတက်ခိုင်း၏။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ သူမဘာသာ ဆိုးဆိုးဆတ်ဆတ် ဆွဲချီ၍ ခုံပေါ် တင်ပစ်လိုက်ပြီး ...

"အဲဒီမှာ လက်ပိုက်ပြီး ရပ်နေ .."

ခုံက လှုပ်လှုပ်.. ကိုယ်က ဟန်ချက်မညီဘဲ ဖြစ်နေကာ တေးကဗျာ ငုတ်တုတ်လေး ထိုင်ချလိုက်ပြီး ပခုံးလေးတွေ တုန်လျက် ...

"ဟင့်အင်း .. မီးမီး ကြောက်တယ် .. ဟင့်အင်း .. မေမေ့ မီးမီးကို ခေါ်ပါ .. ပြန်ချပေးပါ မေမေ .."

"တိတ်စမ်း .."

လက်ပြန်ရွယ်ကာ တအားအော်ပစ်လိုက်သဖြင့် တေးကဗျာ အသံလေး ကွဲခနဲ တိတ်သွား၏။

"တိတ် .. ရှိုက်သံ လုံးဝ မထွက်နဲ့ .. ဘာသံမှ မကြားချင်ဘူး - အသံ ပြန်မျိုချ .."

"ကလေးအသံက သာယာနာပျော်ဖွယ် ဖြစ်ပါတယ် .. ခု မင်းအသံ မင်း ပြန်မျိုချကြည့်ပါလား .."

ဂုဏ် က အနားလျှောက်လာကာ ...

"အလုံးလိုက် ပြန်ဝင်သွားတာ မြင်ဖူးတယ်ရှိအောင် လုပ်ပြစမ်းပါ .."

ရေး က မျက်နှာလှည့်ရင်း ဆံပင်တွေကို ခါထုတ်ပစ်လိုက်ကာ—

"ရှင် ဘယ်မြင်ဖူးမလဲ .. သားသမီးကို ဒီလို နှိင်နင်းအောင် ဆုံးမတာမျိုး ကြားတောင် ကြားဖူးရဲ့လား .. ဟွန်း .. ဒါမျိုးက ကိုယ်တိုင် ဆုံးမခံဖူးမှ သူများကို ဆုံးမတတ်တာ .. ဒီအိမ်မှာ ဘယ်လောက်ထိ နာခံတတ်တဲ့အကျင့် ပျက်နေသလဲဆိုတာ ဒီကလေး ကြည့်တာနဲ့ သိတယ် .."





ဂုဏ့် မျက်နှာ တင်းသွားသည်။ ကြည့်လိုက်တော့ တေးကဗျာ လက်လေးပိုက်၍ မဲ့နေသည့် နှုတ်ခမ်းလေးတွေကို မရမက ဖိပိတ်ထားရှာသည်။

ထို့ပြင် အင့်ခနဲ .. အင့်ခနဲ ရှိုက်နေကာ အသံမပါဘဲ ရင်ဘတ်လေး တစ်ခုလုံးက တသိမ့်သိမ့် တုန်ခါလျက် ...

"ဒီကလေးကို မွေးခဲ့တာက မင်းအစ်မ နော် .. မေ့နေသလား ဟင် .."

"မွေးတဲ့လူက မရှိတော့ဘူး .. သားသမီး မွေးတာ ဝမ်းကချွတ်ချနဲ့ တာဝန်ကျေသွားတာ မဟုတ်ဘူး .. ကျွေးမွေး ပြုစုလာတဲ့လူတွေ .."

"မင်း အဲဒီလိုပြောချင်လို့ ဒီကလေးကို ခုနစ်သံချီ ဟစ်ပြီး ထုရိုက်နေတာလား .."

"ဟုတ်ချင် ဟုတ်မှာပေါ့ .. ဒါပေမယ့် ပြောတယ်ဆိုတာလည်း ပြောဖို့အကြောင်း ရှိလို့ ပြောရတာ .. ရှင့်ကလေးကို ရှင် မမြင်ဘူးလား.. တစ်ခွန်း 'ဟဲ့ ..'လို့ မရ ..၊ နှစ်ခွန်း 'ဟဲ့ ..'လို့ မရ .."

"ဟဲ့ .. လို့ မရရင် မရတဲ့အကြောင်းကို မင်း မေးလေ .."

"မလိုပါဘူး .. စာအုပ်ကြားထဲက ပိုးကောင်လေး ထွက်လာလို့ ထိုက်ရိုက်နေတာ မြင်သားပဲ ..၊ ကျွန်မ လိုချင်တာ သူ ဘာလုပ်နေသလဲ ဆိုတာ မဟုတ်ဘူး .. ဘာလုပ်နေနေ ချက်ချင်း ရပ်ပစ်လိုက်ဖို့ .."

ပြောနေရင်း မျက်နှာတစ်ပြင်လုံး နီရဲလာသည့် ဂုဏ့် ကို ရေး က မချိုမချဉ် မဲ့ကြည့်ကာ ...

"ဘာလဲ .. ရှင်က ရှင့်ညီမကို ထိလို့ နာနေတာလား .."

"ငါ့ညီမကို မဟုတ်ဘူး .. ခိုင်းထားတဲ့ အလုပ်သမားတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ကို ဖြစ်ဖြစ် .. မင်း နိုင်လိုမင်းထက် ဆူပြောနေတာတွေကို ဆင်ခြင် .. ဒီအိမ်မှာ မင်းအတွက် အဲလောက်ထိ အခွင့်အရေး မရှိဘူး.."

"ဩော် .. ဩော် ... ဟဲ့ .. ခု ပြန်ထစမ်း .. ရပ်ဆို ရပ်နေလိုက်.."

ဒီဘက်မှာ ပဋ္ဋပက္ခ ဆင်နွှဲရင်း ကလေးကို အပြစ်ပေးဖို့ကိုလည်း လုံးပမ်းသေးသည်။

တေးကဗျာ က မျက်ရည်တွေကို မသုတ်နိုင်ဘဲ မျက်တောင်တွေ ဖိပိတ် ညှစ်ချရင်း တုန်တုန်ယင်ယင် ထရပ်၏။

လက်လေး ပိုက်ထားပေမယ့် လက်ပိုက်ထားတာနှင့် မတူတော့ပေ ...၊ ပြုတ်ကျမှာ ကြောက်ပြီး ဒူးတုန်လက်တုန် ကွေးကုပ်ထားတာနှင့် သာ တူ၏။

ကလေးဆီ သူ့မျက်လုံး ရောက်သွားတာကို ရေး က အမိဖမ်း၏။ ပြီးတော့ ရယ်၍ ...

"ကျွန်မကလည်း ဒီအိမ်ပေါ်ကို အခွင့်အရေးတွေပြပြီး တက်လာတာ မဟုတ်မှန်း ရှင် သိပါတယ် ဂုဏ်ထည်ဝါ .. ညွှဲ့သည်ပေမယ့် အိမ်ရှင်က ရှိနိုးဦးတင် ခယတောင်းပန်တဲ့အတွက် နေတဲ့ ညွှဲ့သည်.."

မျက်နှာကြည့်၍ တစ်ခွန်းချင်း ပြောသွားပုံက ရင့်သည်။

"ဟွန့် .. မိန်းမသားမို့ အင်အားနဲ့ အနိုင်မတိုက်နိုင်ပေမယ့် အရှုံးအနိုင် ဆုံးဖြတ်ဖို့ဆိုတာ လက်ပါတတ်မှ ဖြစ်တာ မဟုတ်မှန်းလည်း ရှင့်ကို သိစေချင်သေးတယ် .."

"မင်းက .."

"အင်း .."

"ငါ့ကို .."

"ဟုတ်တယ် .."





"ဘာလဲ .. ဒီကလေးကို ရိုက်နှက် နှိပ်စက်ပြပြီး ငါ့ဒေါသတွေ ...ဆူအောင်လား .."

"အဲဒါမျိုးလည်း ဖြစ်နိုင်တယ် .."

"မင်းကို မပြောနိုင် မဆိုနိုင်နဲ့ ငါ စိတ်ဆင်းရဲကြီးစွာ ဖြစ်နေရမယ် ...ထားတယ်ပေါ့ .."

"ရှင် ကိုယ့်အနာဂတ်ကို ကြိုသိနေတာပဲ .."

"ရွှေရေးပန်းချီ .."

"ပြော .."

"မင်း ခုချက်ချင်း ဒီကလေးကို ဆွဲခေါ်သွားပြီး အပေါ်ထပ် ...ကနေ သွားပစ်ချလိုက်လေ .."

"ရှင် ခိုင်းတိုင်း လုပ်ရအောင် ကျွန်မက ရှင်ငှားထားတဲ့ ကြေးစား ...သမားမှ မဟုတ်တာ .."

"ဟား .. ဟား .. ဟား ..."

...ထ က တကယ် ရယ်ချင်နေသည့်ပုံစံနှင့် အူလှိုက်သည်းလှိုက် ...၊ ပြီးမှ ခါးထောက်၍ ...

"ဒီကလေးက မင်းအစ်မ ရင်နဲ့ လွှယ်မွေးတဲ့ ကလေး .."

"အဲဒီတော့ .."

"ငါ့ဘက်က အနေသာကြီးပါ .."

"ဒါဆို .. ရှင် ခု ဟိုဘက်ကနေ ဘာလို့ ထလာတာလဲ .."

...ထ့် မျက်နှာ ကွက်ခနဲ ပျက်၏။ ကလေးကလားစကားတွေ ...ဘာလားလို့ အော်ပစ်လိုက်ချင်အောင် ဒေါသထွက်သွားပေမယ့် ...ရက် ဘာပြောရမှန်းလည်း မသိ ...၊

"မမက သူ မလိုလားတဲ့ ကလေးကို လွှယ်ပေးခဲ့တယ် .. မမဖိုးပိ

www.burmeseclassic.com



အဲဒီကလေးကို ကျွန်မကလည်း မုန်းတယ် ..”

“မင်းက ..”

“ပြောပြတာ ..”

သူမက သူ့စကားကို ပိတ်၍ ...

“အဲဒီတော့ .. ရှင် ကျွန်မရင်ထဲက သူ့အတွက် မေတ္တာ
တွေ ရှာမနေဘဲ ရှင့်ကိုယ်ရှင်ပဲ မကြင်နာတတ်အောင် နေစမ်း

“ရေး ..”

ဦးကျော်ထွန်း က ခေါင်းကို အရင်ပို့ထားပြီးမှ လူက အသံ
နောက်ကျ၍ ရောက်လာကာ ...

“မင်းတို့ ..”

နှစ်ယောက်စလုံးကို စိတ်မချမ်းမြေ့စွာ ကြည့်ကာ က
ပျာပျာသလဲ ပခုံးပေါ် ထမ်းတင်၏။ ပြီးမှ ပြန်လှည့်ကြည့်၍ ...

“မင်းတို့ချင်း ရှင်းစရာရှိတာတွေ ကလေးရှေ့မှာ နောက်
တော့မှ မပြောမိပါစေနဲ့ ..”

“သူ မပြောဖို့ပဲ လိုတာပါ ..”

ကလေးချီ၍ ခြေလှမ်းပြင်လိုက်ပြီးမှ ဦးကျော်ထွန်း တုံ့ခနဲ
၏။ ရေး က သူ့ကျောပြင်ကြီးကို ကြည့်နေရင်း နောက်ထပ်
ဘက်ကို လှည့်၍ ...

“ကျွန်မဘက်က ရှောင်ရန်ဆောင်ရန် မရှိဘူးဆိုတာ ဖြေ
ပါ ..”

ပြောပြီးတာနှင့် သူမက အရင် ချာခနဲ လှည့်ထွက်သွားသည်

ဦးကျော်ထွန်း လည်း နေရာမှာပဲ ရပ်နေဆဲရှိကာ ဂုဏ်
ဘာမှမပြောဖြစ်လိုက် ...။





ကြည့်လိုက်တော့ တေးကဗျာ က ဦးကျော်ထွန်း ပခုံးပေါ်မှာ
ဆောင်းလေး မှီလျက် မျက်ရည်စိုလူးနေသည့် မျက်ဝန်းလေး
မှိတ်နေ၏။

လေးမို့ အိပ်ချင်နေတာလည်း ရှိကာ ငိုထားသည့်အရှိန်နှင့် ရှိုက်
မပျောက်သေးပေ ...။

ဒီကလေးကြောင့် သူ ဒီနား ရောက်လာခဲ့တာလား ...၊ သူမ ပြောဆို
အသံကို မုန်းတီး၍ ချေပချင်တာ သက်သက်လား ...။

“ဆောက်!...”

ဆံကြိတ်ကြိတ် တက်ခေါက်ရင်း မျက်လုံးတွေပါ မှိတ်ပစ်၍
လိုက်မိသည်။

ဘာဖြစ်သွားတာလဲဆိုတာ သူ့ကိုယ်သူ သိနေသည်။ ထို့ကြောင့်
သည့်ဒေါသက ကိုယ့်ကိုယ်ကိုယ်လား .. ဘယ်သူ့ကိုလဲ ...၊
ဘာပဲဖြစ်ဖြစ် ဒီမိန်းမကို သူ အနိုင်မပေးနိုင် ...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၃)

"လန့်ပြီး ဖျားသွားတာ .."

အခန်းထဲက ဒေါက်တာ့ စကားသံကြောင့် ရေး ခြေလှမ်းတုံ့ ... သည်။

"ကလေးက ငယ်သေးတော့ ခဏ ခဏ လန့်တာ မကောင်း ... ဖျားနာတဲ့အထိဆိုတော့ အန္တရာယ်ရှိတယ်လေ .. ကလေးကို ... ပါ .."

"ဟုတ်ကဲ့ ဒေါက်တာ .. သူ့ဒွေးကို ဝင်ကြည့်ရင်တော့ ... ဖျားနေတာကို မပြောလိုက်ပါနဲ့ ဒေါက်တာ ရယ် .."

ဦး...ကျော်ထွန်း အသံ ကြားပြီးမှ ရေး ခြေလှမ်းတွေ ဆက်... ရွေ့လျားလာခဲ့ပြီး ခြံထဲကိုပဲ ထွက်လာမိတာ တောက်လျှောက် ...

"အေး .. အမွန် လား .. ငါ စကားပြောချင်လို့ ခေါ်လိုက်..."

"... ... ... ..."

"နင်ကလည်း ငါ့အသံကြားတာနဲ့ အလုပ်ကိစ္စတွေပဲ အ... တာပဲ .."

"... ... ... ..."





"...တွေ့တာက ငါမှ အပြင်မထွက်ဖြစ်တာ .. နင်တို့ကလည်း ...ချော်နေလဲ .. လေးငါးနှစ် အခန်းကျဉ်းလေးထဲမှာ အတူနေလာ ... လွှမ်းလောက်စရာ ဘာရှိသေးလို့လဲ .."

...ပြောနေရင်း ခုံတန်းလေးပေါ်မှာ ထိုင်လိုက်ကာ ခြေချင်းချိတ်ထား ...သည်။

"...ဟုတ်တယ် စကားပြောချင်လာလို့.. ငါ ရင်တွေပူနေတာ အရမ်း

"... ... ... ..."

"...အင်းလေ .. ငါ့ရည်ရွယ်ချက်တွေ ဘာမှ အကောင်မထော်နိုင်သေး ...ထင်မှတ်တဲ့နေရာမှာ လာပြီး သောင်တင်နေရတယ် .."

"... ... ... ..."

"...ကောင်တရနေတာ မဟုတ်ပါဘူး .. ဒါ ငါ ရွေးချယ်ခဲ့တဲ့လမ်းပဲ.. ...တယ် ..၊ ငါ ကံကောင်းနေလို့ပါ .. ဟုတ်လား .."

"... ... ... ..."

"...ဘာကြောင့်ဖြစ်ဖြစ် အမွန် .. ခုချိန်ထိ ငါ မှန်တယ် .. ငါ လုပ် ...တို့ အောင်မြင်အောင် လုပ်နိုင်တယ် .. ဒီလူကြီး ဘယ်လို ရည် ...နဲ့ ထားတာဖြစ်ဖြစ် ကြောက်လည်း မကြောက်ဘူး .. ဂရုလည်း ...ဘူး .."

"... ... ... ..."

"...ဟုတ်တယ်လေ .. သေလူပဲ .. သူ့ အန္တရာယ်ပေးဖို့ ကြိုးစားလည်း ...ကာကွယ်ရမယ်ဆိုတာ ငါ့မှာ ရှိပြီးသား .. ဒီလူကြီး ဘယ်လို ...တယ် .. ဘယ်လိုဘာညာတွေနဲ့ ကောင်းကြောင်းတော့ လာ ...နဲ့နော် .. ခုချိန်ထိ ငါ ထင်သလို လုပ်ခွင့်ရနေတာ ငါ့တော့...



www.burmeseclassic.com

www.burmeseclassic.com



မှန်နေလို့ .. သူ သည်းခံလို့ မဟုတ်ဘူး .. ဒါပဲ .."

"... ... ... ..."

"စိုးရိမ်မနေနဲ့ အမွန် .. ငါ့ရည်ရွယ်ချက်ကို ဖြစ်အောင် လုပ် ဂုဏ်ထည်ဝါ ဆိုတဲ့လူ ရိုက်ခဲ့တဲ့ ပါးတစ်ချက်အတွက် နင့် အောင် ပြန်ပေးခဲ့မယ် .. ငါ ရအောင် ယူချင်တာ အဲ့ဒါပဲ ..၊ သူ တည်းက တိုက်ဖျက်တော်လှန်ရေးသမားပဲဟ .. ငါ့ကို အိမ်မှာ ထားချင်မလဲ .. ဒါကြောင့် သူ မထားချင်မှန်း သိလိုက်တဲ့အတွက် ဒီမှာနေဖို့ ဖြစ်သွားတာပဲ .."

"ကလေးကတော့ မမနဲ့ တူနေတဲ့ ငါ့ကို သူ့အမေပဲ ထင် ပေါ့ .."

"... ... ... ..."

"ဘာ!..."

"... ... ... ..."

"မမေးနဲ့ .. မြန်မာနိုင်ငံမှာ ငါ ချစ်ခင်ကြင်နာရမယ့်လူ မရှိ ဘူး .."

ပြောရင်း ငိုသံပါလာခဲ့သည်။ အမွန် ကပဲ မေး .. အမွန် ပြောနေခဲ့လျက် တော်တော်ကြာမှ ...၊

"ဆက်မပြောပါနဲ့တော့ဟာ .. ငါ အဲ့ဒါတွေ မကြားချင် ငါ့စိတ်ထဲမှာ ရှိနေတာ ဒီမိသားစုတွေကို ဒုက္ခပေးချင်တယ် .. ဒါ

"... ... ... ..."

"နောက်ဆုံး သေခါနီးမှ မသေနိုင်ဖြစ်နေတဲ့ လူမမာကို လည်း ညှစ် သတ်ခဲ့ဦးမှာ .."

အမွန် ဘုရား'တ'သွားပေမယ့် ရေး ကတော့ အံကြိတ်နေခဲ့





"သေတော့ဘူး .. မှန်းခဲ့တာက ဦးနေဂုဏ် ပဲ .. ဒါပေမယ့် သူ့ အရှမ်းမုန်းတယ် .. လူမမာက အခန်းထဲက မထွက်တော့ တက်နေတဲ့လူကိုပဲ ဒုက္ခပေးရမှာ .."

"... ... ... ..."

"ပြောပြီးပြီပဲ .. ငါ မကြောက်ပါဘူးလို့ .."

"... ... ... ..."

"သိပ်မကြာပါဘူး .. နင်တို့ စိုးရိမ်သလိုပဲ .. ငါက အမြဲတမ်း နေတဲ့သူဆိုတော့ တစ်နေ့မဟုတ် တစ်နေ့တော့ ထိပ်တိုက် တွေ့မိကြမှာပဲ .. အဲဒီနေ့က ဦးနေဂုဏ် မသေခင် တစ်နေ့နေ့ပဲ .. ဘာဖြစ်လို့လဲဆိုတော့ သူ သေရင်တော့ ငါလည်း ထွက်မှာပဲ.."

"... ... ... ..."

"ဟုတ်တယ် .. သေတာကို စောင့်ကြည့်ရဦးမှာ .. ဒါကြောင့် အထိ နေရမှာပဲ ..၊ နောက်ဆုံးထွက်သက်မှာ စိတ်ဆင်းရဲ ကိုယ် မျက်ရည်တွေဘာတွေ ကျသွားရမယ် .. ဒါမှ ငါ့အစ်မအတွက် ဝတ္တရားကျေတဲ့ ညီမ ဖြစ်မှာ .."

သူများကို ဆင်းရဲဒုက္ခပေးဖို့က ဝတ္တရားလား ..၊

ဂုဏ် က ခြေလှမ်းကို ချက်ချင်း နောက်ပြန်ဆုတ်လိုက်သည်။ ကျမှ သူ ဘာဖြစ်လို့ ဒီနေရာထိ ရောက်လာခဲ့တာလဲ ..၊

သူမ ဖုန်းပြောနေချိန် တော်တော်များများမှာ သူ ဘာ ဲ့လို့ မှာ ရှိနေခဲ့ရတာလဲ ..၊

မသိရင် ကိုယ်က တမင်တကာ လိုက်စောင့်ကြည့်နေတာမျိုး ..၊ ခုလည်း သူ ရောက်လာတာကို တွေ့သွားရင် သူမ ဒီတိုင်း စွပ်စွဲ မှာ သေချာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"သေတာကို စောင့်ကြည့်ဦးမှာ .."

"နောက်ဆုံး ထွက်သက်ထိ .."

"စိတ်ဆင်းရဲ ကိုယ်ဆင်းရဲနဲ့ မျက်ရည်တွေ ကျသွားရမယ်"

"တော်တော် အငြိုးကြီးပြီး အတင့်ရဲတဲ့ မိန်းမ .."

လှည့်ထွက်လာခဲ့ရင်း ရေရွတ်မိသည်။ ဖေဖေက ဒီလို မိန်းက ကိုမှ ဘာကြောင့် မရမက နေစေချင်ခဲ့တာလဲ ..၊

ဆည်းဆာ နဲ့ တူနေလို့ ဖြေသိမ့်ရာရှာချင်တာလားဆိုတဲ့ အ မျိုးတော့ နောက်ထပ် မတွေးချင်တော့ပါ။

ဖေဖေ့ ပုံစံကလည်း ဒီလို ထင်ချင်စရာ ရှိနေခဲ့တာ မဟုတ် ဒါပေမယ့် ရေး ကို ဘာအတွက် ဒီမှာ ထားတာလဲ ..၊

သူ့စိတ်တွေ ဒီမေးခွန်းမှာပဲ အဖန်တလဲလဲ ဖြစ်နေသည့်အ အပေါ်ထပ် ပြတင်းပေါက်ကနေ ငုံ့မိုးကြည့်နေသော ဦးခနဂုဏ် လည်း ရှုပ်ထွေး ဝေဝါးနေလျက်ရှိကာ ...

"ရွှေရေးပန်းချီ က မချောလို့လား .."

တိုးတိတ်စွာ ရေရွတ်ရင်း ဖုန်းပြောနေသည့် ရေး နဲ့ နောက် လှည့်သွားသည့် ဂုဏ့် ခြေလှမ်းတွေကို တစိုက်မတ်မတ် လိုက်ကြည့် ခဲ့၏။

"ဂုဏ် မျက်စိထဲမှာ ရေး ရဲ့အလှက ဘာလို့ တိုးမပေါက်နိုင် လဲ ..၊ ဘာဖြစ်လို့ မဆွဲဆောင်နိုင်ဘူး ဖြစ်နေတာလဲ .."

အိပ်မက်မက်ရင်း ထယောင်နေသလို တစ်ယောက်တည်း ပြော ခဲ့ပေမယ့် သူ့နောက် ရောက်နေသည့် ဦးကျော်ထွန်း က အားလုံး ကြားနေရသည်။ ဦးခနဂုဏ် မြင်နေရသလို သူ မမြင်ရပေမယ့် ဘာ မြင်ပြီး ရေရွတ်နေမှန်းကို ခန့်မှန်းမိနေခဲ့၏။





"ကျွန်တော် တစ်ယောက်တည်း နေလို့ မရဘူးလား ကိုကျော်.."

ဦးခနဂုဏ် က လှည့်မကြည့်ဘဲ ပြောကာ ...

"ကျွန်တော် တိတ်တိတ်ဆိတ်ဆိတ် သေသွားမှာ စိုးလို့လား .."

"ဟုတ်ပေမယ့် မဟုတ်ပါဘူး .."

ဦးကျော်ထွန်း က နောက်မှာပေမယ့် ခေါင်းငုံ့နေမိလျက် ...

"မဟုတ်ဘူးဆိုပေမယ့် နေထိုင်မကောင်းမှန်း သိနေတဲ့ သူဌေးရဲ့ မှာ ကျွန်တော် ရှိနေချင်လို့ပါ .. သူဌေး မျိုသိပ်ထားတဲ့ တစ်စုံတစ်ရာ ကို ပြောချင်တဲ့အချိန်မှာ ကျွန်တော် အဆင်သင့် ရှိနေချင်တယ် .. သူဌေး ချင်တာတစ်ခုခုကို စိတ်ရောကိုယ်ပါ တက်ကြွစွာ ဆောင်ရွက်ပေးဖို့ လည်း သူဌေးနားမှာ အမြဲရှိဖို့ လိုအပ်တဲ့အကြောင်းပါပဲ .. အဲဒါတွေ ကြောင့်ပါ .."

"ဘာပဲဖြစ်ဖြစ် ကျွန်တော် တစ်ယောက်တည်းနေရင် အသက် တ်သွားမှာ စိုးရိမ်နေတာတွေပဲ .."

ပြောပြီး ဦးကျော်ထွန်း ဘက်ကို ငဲ့ကြည့်သည်။ ဦးကျော်ထွန်း ချော့တိုးပြီး သေးတိုက်ကနေ မျက်နှာလှည့် ရပ်လိုက်ရင်း ...

"အဲဒါကို ကျွန်တော် မငြင်းခဲ့ပါဘူး .. ပွင့်ပွင့်လင်းလင်း ပြောရရင် ဌေးက သေဖို့ နီးကပ်နေပေမယ့် အဆင်သင့် မဖြစ်သေးဘူး .. အဲဒါ ကြောင့် .."

"ဘယ်လို!..."

ထပ်မေးလိုက်မှ ဦးကျော်ထွန်း က မျက်လွှာချလိုက်ကာ ...

"သူဌေးစိတ်ထဲမှာ မျိုသိပ်ထားတာတွေ ရှိတယ် .. ပြီးတော့ ဖြစ် ချင်တာတွေလည်း ရှိနေသေးတယ် .. အဲဒါတွေ ဘာမှ မဖြစ်မြောက် သူဌေး ဘဝကူးသွားမယ်ဆိုရင် .. သူဌေးရဲ့ .."



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် သိပြီ .."

"ကျွန်တော့်ကို ဒေါသထွက်မယ်ဆိုရင်လည်း ကြိုက်သလို အပြ
ပေးပါ .. ဒါပေမယ့် ဗုဒ္ဓဘာသာလူမျိုးတွေရဲ့ စိတ်ရင်းစေတနာအတိုင်း
သေဆုံးခါနီးအချိန်မှာ ဓမ္မမီးအိမ်နဲ့ လမ်းပြပေးနိုင်သူက မိတ်ဆွေ
ကောင်းပါ .. သူဌေးကို လမ်းပြပေးဖို့အထိတော့ ကျွန်တော် မတတ်နိုင်
ပေမယ့် .. အားလုံးကို စိတ်ချ အေးချမ်းစွာနဲ့ ဘုရားတရားကို အာရုံပြု
သွားနိုင်ဖို့တော့ ဆောင်ရွက်ပေးချင်မိတယ် .."

ဦးမနဂုဏ် သူ့ကို စူးစိုက်ကြည့်ရင်း တဖြည်းဖြည်း ခေါင်းညိတ်
သည်။ ပြီးတော့ လက်မောင်းကို ဆုပ်ကိုင်၍ ...

"ဟုတ်တယ် ကိုကျော် .. ခင်ဗျားက ကျွန်တော့်အတွက် မိတ်ဆွေ
ကောင်းလည်း ဟုတ် .. ဆရာဆိုလည်း မှန်တယ် .. ကျွန်တော့်ကို နား
လည်နိုင်ဆုံးလူပါ .."

နှမ်းယဲ့ ထိုင်းမှိုင်းနေသည့် ကိုယ့်ကိုယ်ကိုယ် ပြန်ဆင်ခြင်မိကာ
ဦးကျော်ထွန်း ပြောသွားတာတွေအတွက် ကျေးဇူးတင်စွာ ခေါင်းဆဲ
ညိတ်နေမိ၏။ ထို့ပြင် မျက်ဝန်းမှာ ကြည်နူးဂမ်းသာသော မျက်ရည်တို့
စိုစွတ်လာခဲ့ပြီး ...

"ကျွန်တော့် ရင်ထဲမှာ မွန်းကျပ်နေတယ် .. အဆိုးဆုံးက မိန်း
ငယ်လေးတစ်ယောက် ကျွန်တော့်ကြောင့် ဘဝနစ်မွန်းသွားခဲ့တာကို
သေတဲ့အထိ ဖြေနိုင်ပါ့မလားလို့ တွေးနေမိတာပဲ .."

"ပိုင်ဆိုင်ဖို့ ကြိုးစားခဲ့တာကတော့ ပုထုဇဉ်ပီပီ ရမ္မက်နွံမှာ ကျွံခဲ့
ရတာပါ သူဌေးရယ် .. ပြီးတော့ မိန်းကလေး သေဆုံးတဲ့အထိ ဖြစ်တာ
ကတော့ သူဌေးအပြစ် မဟုတ်ပါဘူး .. သူဌေးက ခုထိ ကျွန်တော့်ကို
မျှသိပ်ဖို့ .."





"အဲ့ဒါကို ထပ်မမေးပါနဲ့ ကိုကျော် .. ကိုယ့်လက်နက်နဲ့ ကိုယ်
ပြန်ထိတာမျိုးကို ဘယ်သူမှလည်း မသနားပါဘူး .."

"မဟုတ်ဘူး .. အဲ့ဒီလက်က သူဌေးဆီက .."

"တော်ပါတော့ .."

ဦးမနဂုဏ် ပြတင်းဘက်ကို ပြန်လှည့်လိုက်သည်။ ရေး မရှိတော့
ပါ။ ဒါပေမယ့် အပေါ်ထပ် ခါးတို ခါးရှည် တစ်မျိုးမျိုး အမြဲတမ်း
ဝတ်ထားတတ်သည့် သူမရဲ့ပုံစံကို ခုံတန်းမှာ ထိုင်လျက်သား
အတိုင်း မြင်ယောင်နေခဲ့၏။

"ခင်ဗျား အဲဒီလိုထင်နေတာ ဟုတ်တယ်ဆိုရင် ဘယ်လို သုံးသပ်
ချင်လို့လဲ .."

ဦးခနဂုဏ် က ဖျတ်ခနဲ လှည့်ကြည့်ကာ ...

"ပြောပါ .. စိတ်ထဲရှိတဲ့အတိုင်း ပြောပါ .."

"သူဌေးက စိတ်ထဲရှိတဲ့အတိုင်း မပြောသေးဘဲ ကျွန်တော်က
ဘာကို သုံးသပ်ပြရမှာလဲ .."

သူ ပြုံးလိုက်သည်။ ပြီးတော့ ခေါင်းညိတ်မိ၏။

"မဆိုးဘူး .. ခင်ဗျား တော်တယ် .."

ချီးကျူးသံတို့က နှစ်ထောင်းအားရစွာ ဆိုခြင်းထက် ကြေကွဲမှုက
ပိုတဲ့နေခဲ့ပြီး ...

"ပြောပြမှာပါ .. ဒါပေမယ့် ကျွန်တော့်ကို ကိုကျော် ဘယ်လို
ချစ်ခင်လေးစားပါစေ .. ကျွန်တော့်လို သည်းခံနိုင်တဲ့လူ မဖြစ်နိုင်ဘူး
ဆိုတာတော့ ဝန်ခံတယ်မို့လား .."

"ဘယ်သူ့ကိုလဲ သူဌေး ... ဘာအတွက်လဲ .."

"ကျွန်တော် အသက်လို တန်ဖိုးထားပြီး ချစ်သလောက် .. ဘယ်သူ



www.burmeseclassic.com

www.burmeseclassic.com



မှ ချစ်နိုင်မှာ မဟုတ်တဲ့အတွက် ..”

“သူဌေး ချစ်တဲ့ အချစ်မျိုးနဲ့ မဟုတ်ဘဲ သူဌေးကို ချစ်တဲ့အချစ်နဲ့ပဲ ဘာကိုဖြစ်ဖြစ် သည်းခံနိုင်တယ်ဆိုရင် မယုံကြည်သေးဘူးလား သူဌေး ရယ် .. ဆည်းဆာပန်းချီ နဲ့ ပတ်သက်ပြီး ..”

“အဲ့ဒါကို ထပ်မမေးပါနဲ့တော့ .. ကျွန်တော် မသေခင်တော့ ပြောခဲ့မှာပါ .. ဒါပေမယ့် အခု ကျွန်တော် ဖြစ်ချင်တာက သေသွားတဲ့လူနဲ့ မပတ်သက်ဘူး ..”

“ရွှေရေးပန်းချီ နဲ့ ဂုဏ် ကို သူဌေး နီးစပ်စေချင်နေတာမို့လား..”

ဦးမနုဂုဏ် မျက်နှာမှာ အံ့ဩသည့်အရိပ်တွေ ဖြတ်ပြေးသွားခဲ့၏။ ပြီးတော့ ခေါင်းညိတ်၍ ...

“ဆည်းဆာ နဲ့ ပတ်သက်ခဲ့တာတွေအတွက် ရွှေရေးပန်းချီ အပေါ်မှာ ခင်ဗျား လက်ခံချင်စိတ် ဖြစ်ရဲ့လား ..”

“သူဌေး ရယ် ..”

ဦးကျော်ထွန်း စိတ်မကောင်း ဖြစ်သွားသည်။ မျက်နှာ ငုံ့ကျသွားပြီးမှ တဖြည်းဖြည်း ပြန်မော့ကာ ...

“သူဌေး ဒီလောက်ထိ ဆန္ဒပြင်းပြတဲ့ အရေးကိစ္စကို မဆိုထားနဲ့ ကျွန်တော့်ဘဝကို ထိခိုက်နစ်နာသွားနိုင်တဲ့ကိစ္စမျိုးဆိုရင်တောင် ကျွန်တော် ဘာဖြစ်ဖြစ် အကောင်းဆုံး ဆောင်ရွက်ပေးမှာပါ .. ရွှေရေးပန်းချီ ဖြစ်ဖြစ် .. ဆည်းဆာ ပဲ ဖြစ်ဖြစ်ပါ သူတို့ကို ငြိုငြင်ခဲ့ဖူးတယ်ဆိုရင်တောင် သူဌေးအတွက်ပါပဲလို့ ပြောခဲ့ဖူးပါတယ် ..”

“ဟုတ်တယ် ..”

“သူဌေး သက်ရှိထင်ရှား ရှိနေနေ .. မရှိတော့တဲ့အခါ ဖြစ်ဖြစ် သူဌေး ဖြစ်စေချင်တဲ့အတိုင်း ဖြူဆို ဖြူပါ့မယ် .. မည်းဆို မည်းဖို့လည်း





အဆင်သင့်ပဲ .. ရွှေရေးပန်းချီ ကို ဂုဏ် နဲ့ နီးစပ်ဖို့အတွက် ကျွန်တော် ကြိုးစားပါ့မယ် ..”

“နှစ်ယောက်စလုံးမှာ အငြိုး အာဃာတတွေ များနေတဲ့အတွက် ဒါ မလွယ်ဘူးဆိုတာ ကျွန်တော် သိတယ် .. ဒါပေမယ့် သမီးလေးဘဝ ကိုတ်ချရဖို့အတွက် ဒီတိုင်းဖြစ်လာမှသာ အရာရာ အဆင်ပြေသွားမှာ..”

ဦးမနုဂုဏ် က တွေးဆ ပြောနေရင်း ...

“ဒီမိန်းကလေး ဘယ်လောက် မာနကြီးပြီး မာကျောတယ်ဆိုတာ သိပေမယ့် သူ့ရဲ့ တကယ့်အတွင်းစိတ်ကို သိချင်သေးတယ် .. တကယ် ဆို့ ဒီအငြိုးအာဃာတတွေက ကျွန်တော် သေတဲ့အထိ မပြေဘဲ ဒီ ဘလေးအပေါ်မှာ ခုတိုင်းပဲ ..”

“မစိုးရိမ်ပါနဲ့ သူဌေးရယ် ..ဒီခြံထဲကို ဝုန်းဒိုင်းကြဲပြီး ဝင်လာတဲ့ မိန်းကလေးအပေါ် သူဌေး မျှော်လင့်ချက်ထားနေခဲ့တာကိုက ဒါက ဆက်သွယ်ချက်တစ်ခုပါ .. သူ့အစ်မအတွက် ဒီလောက်တောင် ရန်ငြိုး ထားနေတဲ့မိန်းကလေးက အစ်မကမွေးခဲ့တဲ့ ကလေးအပေါ်မှာ သံယောဇဉ် အစ်စိုးတစ်စိမှ မရှိဘူးဆိုတာလည်း မဖြစ်နိုင်သလောက် ရှားပါတယ်.. ကျွန်တော်တို့ မျှော်လင့်ခွင့်ရှိတယ်ဆိုတာ ယုံကြည်လိုက်ပါ ..”

ဦးမနုဂုဏ် မျက်ဝန်းမှာ ဖြစ်တည်လာခဲ့သည့် မျှော်လင့်ခြင်းတွေ ကို မြင်လိုက်ရကာ ဦးကျော်ထွန်း ကျေနပ်သွားမိသည်။ ပြီးတော့ သူ့ မျက်နှာကို စူးစိုက်ကြည့်၍ ...

“ကျွန်တော့်ကို နှစ်သိမ့်ဖို့သက်သက် ပြောပေးတာ မဟုတ်မှန်း သိပါတယ် .. ကျေးဇူးလည်း တင်တယ် .. ဝမ်းလည်း သာတယ် .. ဒါ လွယ်ကူဘူးဆိုရင်တောင် ခင်ဗျား တကယ်ဖြစ်အောင် ဆောင်ရွက်ပေး နိုင်မယ်ဆိုတာကိုလည်း ယုံကြည်တယ် .. ဒါပေမယ့် ..”



www.burmeseclassic.com

www.burmeseclassic.com



"သူဌေး ဂုဏ် အတွက် စိတ်ပူတာလား .."

"ဟုတ်တယ် .. ကလေးအပေါ်မှာ သံယောဇဉ်ထားတာ ပေါ်လွင်လာခဲ့ရင်တောင် ဂုဏ် နဲ့ အဆင်ပြေဖို့ လွယ်ပါ့မလား ..၊ သမီးလေးကို ဘယ်သူ့ဘက်မှ ပါမသွားစေချင်သလို .. ကျွန်တော် မရှိတော့တဲ့အခါကျရင် ကလေးအပေါ်မှာ မကြင်နာတဲ့ နှစ်ယောက်စလုံးက ဒါကြောင့် ပဋိပက္ခ ပိုကြီးလာနိုင်တယ် .."

'ပေါ့စေလို၍ ကြောင်ရုပ်ရေး .. ဆေးအတွက် လေး' ဆိုတာလို ဖြစ်မသွားဘူးလို့ မပြောနိုင် ..။

"ပြင်းထန်တဲ့ အင်အားနှစ်ခု ထိစပ်ခြင်းကပဲ ပေါက်ကွဲမှုကို ဖြစ်စေနိုင်တာပါ .. သူတို့ချင်း ခုလို အတိုက်အခံတွေ ဖြစ်နေကြလို့ သူဌေး မစိုးရိမ်ပါနဲ့ .."

ဒါကိုလည်း ခေါင်းညိတ်မိပြန်သည်။ စိတ်တော့ လေးနေပေမယ့် ဒီတိုင်းဖြစ်မှသာ အဆင်ပြေမှာပါ ..၊ ရေး က အခေါ်ပေမယ့် သားဘက်ကကျတော့ တေးကဗျာ က ညီမအရင်း ဖြစ်နေသည်။

ကလေးကို သားက ပိုင်ဆိုင်ခွင့် ရှိနေသည်ထား ..၊

ရေး ကိုပဲ မအေလို စွဲလမ်းတွယ်တာနေသည့် သမီးလေးက ချစ်တဲ့သူကို ခွဲပြီး ဘယ်တုန်းကမှ မရင်းနှီး မနွေးထွေးခဲ့တဲ့ အစ်ကိုဖြစ်သူ လက်ပေါ်မှာ ပျော်နိုင်မလား ..၊

"သူဌေးရဲ့ခံစားချက်တွေကို ကျွန်တော် နားလည်နေပြီ သူဌေး မီးမီးလေးကို သူ့အမေနဲ့တူတဲ့ ရေး လက်ထဲမှာပဲ သူဌေး ထားခဲ့ချင်တယ် .. ဒါပေမယ့် ဂုဏ် အတွက် အထီးကျန် ဆုံးရှုံးမှုတွေနဲ့ ကျန်ခဲ့မှာလည်း မဖြစ်စေချင်ဘူးမို့လား .. ပြေးကြည့်လို့ မရသေးတဲ့အချိန်မှာ တွေးကြည့်နေရတာ ပင်ပန်းပါတယ် .."





"ဟုတ်တယ် ကိုကျော် .. ဒီအတွေးတွေနဲ့ ကျွန်တော် မှန်းကျပ်နေပြီ – ရေး ကို မြင်လိုက်တည်းက သူ့မျက်လုံးထဲမှာ မီးဝင်းဝင်းတောက်နေတဲ့ အမုန်းတွေကို ကျွန်တော် မမြင်ဘူး .. ကျွန်တော့်ရင်ထဲမှာ ပူပန်ထိုင်းမှိုင်းနေခဲ့တဲ့ အရာရာက သူ့ဆီ ရောက်သွားသလို ပေါ့ပါး ဝမ်းသာသွားခဲ့တာ .."

ဦးကျော်ထွန်း က နားလည်နေသည့် ပင့်သက်တစ်ရှိုက်နှင့် ခေါင်းညိတ်၏။

"သူ အိမ်မှာနေတော့လည်း သမီးလေးကို ရက်စက်နေတာပဲ .. ကျွန်တော် ဘာကြောင့် ဆက်လက် ယုံကြည်နေမိမှန်း မသိတော့ဘူး.. ဒါပေမယ့် ခုတော့ ရင်ထဲမှာ တော်တော် ပေါ့ပါးသွားပါပြီ .. ကျွန်တော် မရှိတော့တဲ့အခါမှာလည်း ရေး ကို ဒီမှာပဲ အတူရှိနေနိုင်အောင် ကိုကျော် ကြိုးစားပေးပါ .."

"ကျွန်တော် ကြိုးစားမယ်လို့ ကတိပေးပါတယ် .."

ခုချိန်မှာတော့ အနာဂတ်ကို ကြိုမမြင်နိုင်တာ တစ်ခုကလွဲ၍ တိုက်တွေ့ အလီလီကို အောင်နိုင်နေခဲ့ရင်း ..၊

"ဖြစ်ရမယ် .. အနာဂတ်ကို ငါ တွေးနေတာ မဟုတ်ဘူး .. နိမိတ်မြင်နေတာ .. အားလုံး ဒီတိုင်းပဲ ဖြစ်လာရမယ် .."

ဦးကျော်ထွန်း သူဌေးအတွက် ကြိုးစားမည့် သန္နိဋ္ဌာန် အခိုင်အမာချင်း ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄)

"ဟယ် .. လူတွေ စုံလှချေလား .."

"အမလေး.. လူစုံအောင် ဒီမိန်းမကို မနည်း ချိန်းထားရတာ -"

လုံမေ က သူမရဲ့ထုံးစံအတိုင်း စားသောက်ဆိုင် ထိုင်ပြီဆို အမြ

ကို မြင်သာသည့်ဘက်မှာ နေရာယူ၍ ...

"ဟွန်း .. ငါ့အတွက် နေရာချန်ထားပေးတာ အမွှန် မှ ဟုတ်

လား .."

"ဟုတ်ပ .. ရှင် စပ်စုတတ်တာကို သိလို့လေ .."

"ကဲ .. လူစုံရင် မတည့်ရာ မတည့်ကြောင်းက စပြီ .. အလုပ်ကိ

ဆွေးနွေးမလို့ လူစုတာကို မမေ့နဲ့ .."

နန္ဒာ က သတိပေး၍ မီနူး စလှန်သည်။ လုံမေ ကလည်း တစ်အု

ဆွဲ၍ ဟိုရှာ ဒီရှာနှင့် ...

"ဩော် .. အလုပ်ကိစ္စပြောဖို့ မမေ့နဲ့ဆိုပြီးတော့ လှန်တော့ မီ

ပါလား .."

"ဒါက အရေးကြီးတယ် .. ရှာရဦးမယ် .. မှာရဦးမယ် .. စောင့

တုန်း နှစ်ရေးသောက် အိပ်လို့ ရတယ် .. အဲ့ဒီမှာ ကြိုက်တာ ပြော -





"ဒုး က ဘာစားမှာလဲ .. မီနူး ကြည့်လေဟာ .."

နှာ က မီနူးကြည့်နေရင်း လက်တို့ ပြောသေးသည်။

"င်တို့ပြောတော့ ဟိုကောင်တွေ ပြန်ရောက်နေပြီဆို.. ဒီမှာ ချိန်း

သလား .."

"ချိန်းပြီးကော ရေး ရယ် .. ကိုယ်တော်တွေက တစ်ယောက်က

ခ်ီးနေလို့တဲ့ .. နှစ်ယောက်က အမေရိကကို ပြန်သွားမှာတဲ့.."

"ဆလ နဲ့ ဂျွန် မို့လား .."

"ဟုတ်ပ .. အလကား သစ္စာဖောက် လောက်ကောင်တွေ .."

"အောင်ဦး တို့ရော .."

"အောင်ဦး က မြစ်ကြီးနား ရောက်နေတယ် .. လင်းမင်းထွန်း

တော့လာမယ် .. နောက်ကျမယ်တဲ့ .."

"ဟုတ်လား .. ဒါဆိုရင်တော့ ငါက စောင့်ချင်မှ စောင့်နိုင်မှာ.."

"ဘင်!..."

နေကြသည့် ခေါင်းတွေ မော့လာ၏။

"ဆေး .. ငါတို့က ဒီတစ်ညနေလုံး ချိန်းထားတာလေ .."

"ဒါက သူများအိမ်မှာ နေနေတာလေ .. ပြောစရာ မဖြစ်ချင်ဘူး.."

"တွေ့လား .. စလာပြီ .."

"ဆေး ရယ် .. ငါတို့ ပြောသားပဲ .. တို့တွေမှာလည်း အတောင့်

ရှိတယ် .. ပညာတွေလည်း တတ်ပြီ .. ကုမ္ပဏီထောင်မယ် ..

လုပ်မယ် .. ဘယ်လို ရင်းနှီးမယ်နဲ့ သေချာ ပလန်ချထားခဲ့ကြ

"ဟုတ်တယ် ရေး .. ငါဆိုရင် ဟိုမှာပြန်ပြီး နောက်ထပ် သုံးနှစ်

ငွေစုချင်သေးတာ .. အိမ်ကလည်း အတင်းတားနေကြတယ်..



www.burmeseclassic.com

www.burmeseclassic.com



နင်တို့တွေနဲ့လည်း မခွဲနိုင်တော့လို့ ..''

''ငါလည်း အစ်(ဂ်)စပီးရီးယဲ့(စ်) ရအောင် သူများ လုပ်ငန်းခွင်ယဲ ဝင်ပြီး တစ်နှစ်လောက် အလုပ်လုပ်ကြည့်ဦးမယ်လို့ စိတ်ကူးထားခဲ့တာ ကို .. ကိုယ့်ဂရု(စ်)နဲ့ ကိုယ် ရှိတာပဲဆိုတဲ့ မာနနဲ့ ပယ်ချခဲ့တာ ..''

''တော်ကြပါတော့ဟာ .. နင်တို့ လောလောဆယ် ငါ့ကို ထည့် မတွက်ထားနဲ့ပေါ့ .. ဒါတွေပဲ အစ်ကြောင်းထပ်အောင် ရှင်းပြရတာ လည်း ဘယ်နှစ်ခါမှန်း မသိတော့ဘူး ..''

ရေး က ရှုံ့မဲ့ ညည်းသည်။

''ငါ ဘာလုပ်နေသလဲဆိုတာ နင်တို့ သိရဲ့သားနဲ့ ..''

''အဲမယ် .. မသိပါဘူး ..''

အမွှန် က သွက်သွက်လက်လက် ထပြင်း၏။

''ဟဲ့ .. နင်တို့ရော သိကြလို့လား ..''

''နိုး ..''

''မသိပါဘူး ..''

''မသိလို့ပေါ့.. သိလို့ကတော့ တားပြီးသားပဲ .. ဟွန်း .. ဘယ်သူမှ လက် မတို့ဘဲ တစ်ယောက်တည်း သွားပြီးတော့ ..''

တစ်ယောက်တစ်ခွန်း ပြောသံတွေ ထွက်လာမှ ရေး က ပခုံးလေး တွန့်၍ ...

''လက်တို့လိုက်ရင် တားမှာ သိလို့လေ ..''

''တားရမှာပေါ့ ရေး ရဲ့ .. ဖအေက အစ်ငကို သိမ်းပိုက်ထားတဲ့ လူ .. သားကလည်း အရမ်းရိုင်းဘာလို့ နာမည်ကျော်နေတာ ..''

''အေးလေ .. သူက မွေးနေ့လက်ဆောင်လေးကိုင်ပြီး လက်ခွဲနှုတ် ဆက်ဖို့သွားတာ ကျနေတာပဲ ..''





...ဒီအချိန်မှာ လူသတ်ချင်လောက်အောင် မုန်းနေတဲ့စိတ်က ...မှာ ဘာမှမရှိဘူး .. ဘာကိုမှလည်း မကြောက်ဘူး ..''

...သေမယ့် နင် ဟိုသတ္တဝါ စော်ကားတာ ခံခဲ့ရတယ်လေ ..''

...ကြောင့် ငါ မပြန်ဘဲ ဆက်နေတာ ..၊ သင်းတို့ကို ဒုက္ခကို ..''

... အသံတွေ တိတ်ကုန်ကာ မျက်လုံးချင်း ဆုံကြ၏။ ကြေးဥ ...ဖျော့ ဝတ်စုံလေးနှင့် အနက်ရောင်ပြေးနေသော စစ်စိမ်း ...တ် ကုတ်အင်္ကျီရှည်ကို ထပ်ဝတ်ထားသည့် ရေး က ဘယ် ...ိုင် ခြေချင်းချိတ်တတ်သည့် စတိုင်လ်လေးက ထင်းနေ

...ောင် ဝတ်ထားသလို စိမ်းကားသည့်စကားတွေကို ဆိုနေ ... ကို သူမတို့ မြင်နေတာက တစ်မျိုး ..၊

...တွေ့က် ပူမနေကြစမ်းပါနဲ့ .. အပြိုင်အဆိုင်ဆိုတာ ညံ့တဲ့လူ ... လမ်းကြိုလမ်းကြားမှာ အရက်သမားကို ခေါင်းခေါက်ရ ...ည်း မဟုတ်ဘူး .. ငါ့ကိုယ်ငါ ထိန်းသိမ်းနိုင်တယ် ..''

... အဲဒါကို မပူတော့ပါဘူး .. ဒါပေမယ့် နင့်ကိုယ်နင် ...ကိုတော့ ပြောချင်တယ် ရေး ..''

...ယ်.. နင် အရှမ်းတော်ပေမယ့် ဒီနေရာမှာတော့ အကွက် ...ပြီ ထင်တယ်နော် ..''

...လဲ ..''

...ဘဲ နင် တွေ့ချင်ရင် အတူသွားနေဖို့ထိ မလိုပါဘူးဟာ.. ...ရေးလုပ်ငန်းရှင် ဖြစ်တော့မယ် ..၊ ပြီးတော့ .. သူ့ရဲ့ ...ဲ ..''



www.burmeseclassic.com

www.burmeseclassic.com



"ငါက ကလေးကြောင့် သွားပါတယ်ဆို့ ပြောမိလို့လား .."

"မပြောပေမယ့် ရှင်းနေတာပဲဟာ .."

"လျှောက်ပြောမနေနဲ့ .."

"လုံးဝ အတိအကျ ပြောနေတာ ရွှေရေးပန်းချီ .. ရှင့်ကိုယ်ရှင်သ[...] မသိတာ .. ကလေးကို နင် ဘယ်လောက် ချစ်သလဲဆိုတာ ဟိုမှာတ[...] က ငါတို့ အကဲခတ်မိတယ် .."

"ဟိုမှာ ဟုတ်ချင် ဟုတ်မှာပေါ့ .. မမ အဖြစ်ကို အမှန်အတိုင်[...] မသိသေးတာ .."

"ရေး ရယ် .. အဖြစ်တွေ ဘယ်လိုရှိခဲ့ရှိခဲ့ .. ကလေးက နင့်အ[...] မွေးခဲ့တာပဲ .. ဒါကို ပြောင်းလဲပစ်လို့ ရသလား .."

"ရတယ် လုံမေ .. ငါ အခု ကလေးကို ကြင်ကြင်နာနာ ဆက်[...] တယ် နင်တို့ ထင်လို့လား .."

"နင်ကတော့ မချစ်ဘူးလို့ ပြောနေတာပဲလေ .. အပြောနဲ့ [...] တွေ့ ညီအောင် နေချင် နေမှပေါ့ .. ဒါပေမယ့် ရင်ထဲမှာက .."

"ဒီမှာ .. အမေရိကန်ထမင်းကြော်တစ်ပွဲနဲ့ အင်္ဂလိပ်ချဉ်စပ်[...] ပွဲကြီး တစ်ပွဲ .."

ရေး က စကားစ ပြတ်သွားအောင် တမင် အသံကျယ်[...] မှာ၏။ ပြီးတော့ သူမ ဘာမှ မလုပ်သလို လုံမေ တို့ကို မေးဆတ်[...] ကာ ...

"မှာကြလေ .."

အားလုံး မျက်နှာလေးတွေ ရှုံ့တွတွနှင့်ပဲ အကြိုက်တွေ့[...] ရော .. ကြိုက်တာ မတွေ့သေးတာရော ဘာဖြစ်ဖြစ် ပြီးစလွယ် မှ[...] ကြကာ ...





"ငါတို့ ပြောချင်တာက ကလေးကို နောင်တစ်ချိန်မှာ ကိုယ့်ဘက် [...]အောင် ခုတည်းက ယုယ ကြင်နာထားဖို့ပါ .."

အမွန် က ဒီစကားကိုပဲ မရမက ပြန်ဆက်၏။ နန္ဒာ က ခေါင်း [...]ိတ်ကာ ...

"ဟုတ်တယ် .. နောက်ကျမှ ချစ်ပါပြီ ခင်ပါပြီဆိုရင် နင် ရင်ကွဲ [...]နော် ရေး .. သက်ဆိုင်ပုံချင်း ယှဉ်လိုက်ရင် ဟိုတ မောင်နှမ .."

"နင်တို့ ဒါတွေပဲ ပြောကြမယ်ဆိုရင်တော့ .."

"အောင်မယ်လေး .. သိတယ် .. ပြန်တော့မယ်လို့ မောင်းထုတော့ [...]မို့လား .."

"ဟဲ့ .. ဟဲ့ .. ဟိုမှာ ဝင်လာကြတဲ့ အုပ်စု ကြည့်စမ်း .. အစိမ်းနဲ့ [...]နီရစ်နဲ့ စပို့ရှပ်လက်စက ဝတ်ထားတဲ့တစ်ယောက် .."

"အေးဟဲ့ .. ရေရေလည်လည် လန်းတယ် .. ငါတို့ မော့ကြည့်ရတဲ့ [...]အမေရိကန်ကောင်တွေ ဒေါက်မျိုးပဲ .. ဟိုမှာ ကြည့်လိုက် .."

"ဟုတ်တယ် ရေး .. ငါတို့ဘေးမှာ ထိုင်တော့မှာ နည်းနည်းလေး [...]ကြည့်လိုက်စမ်း .. အဟွန်း .. လေးနှစ်ကျော် ငါးနှစ်နီးပါး မွန်းကျပ် [...]ပန်းခဲ့သမျှ ခုမှပဲ မျက်စိကနေ ရင်ထဲထိ အေးသွားတော့တယ် .."

အမွန် တို့ ပြောလိုက်ရင် အလွန်အကျွံ ..။

ကိုယ့်ရဲ့နောက်နား မကျတကျ ဘေးမှာ လှုပ်ရှားမှုတွေ မြင်နေရ [...]ဖြင့် ရေး ပေါ်တင်ပဲ လှည့်ကြည့်လိုက်သည်။

ဟင်!...

ဂုဏ် ကလည်း ထိုင်ချလိုက်ကာမှ သူ မျက်နှာမူလိုက်သည့်ရှေ့က [...]ပွဲမှာ ရေး ကို မြင်သွား၏။ အမှတ်တမဲ့ မျက်လုံးချင်းဆုံကာ ဘယ်သူ [...] မျက်လုံး မလွှဲမိ ..။



www.burmeseclassic.com

www.burmeseclassic.com



"ဂုဏ် .. ဟိုမှာ မင်းရဲ့ ရွှေရေးပန်းချီ .."

ဂုဏ် က ဖျတ်ခနဲ မျက်နှာလွှဲလိုက်ကာ ...

"မင်း အလုံး ပြောင်းလိုက် .."

"ဟမ်!... ဘာ .."

"အချိန်မီ ပြင်ပြောရင် ခွင့်လွှတ်ပေးမယ် .."

"လာသေးတယ် .."

"ဟား .. ဟား .. ဟား ..."

မိုးခြိမ်းညံ့ စိတ်တိုသွားတာကို ကြည့်၍ မြတ်သု က ရ

"ခွင့်လွှတ်ရမှာက မင်း မဟုတ်ဘူး ဂုဏ် .. မိုးခြိမ်းညံ့

ဂုဏ့် မျက်နှာက မကြည်မလင်နှင့် ...

"ရုတ်တရက်လည်း တွေ့လိုက်ရော ငေးခန်းဖြစ်သွားတဲ့

လုံးကြီးတွေထဲမှာ.. မင်းရဲ့ လျှို့ဝှက်အပ်သောတွေ အကုန်ပေါ

"ဟော့ကောင် .. ဒါ နောက်စရာ မဟုတ်ဘူး .."

မြတ်သု က အတင်း ပြန်တည်လိုက်ရသည့် မချိုမချဉ်မျ

"အင်း .. လူတွေကိုက ခက်ပါတယ်လေ .. မပြောတော့

"အေးကွာ .. လှလိုက်တဲ့ ကောင်မလေးတွေ .. အစိမ်း

က အမိဆုံးပဲ .."

"ငါလည်း ခုမှ သေချာကြည့်မိတယ် .. နေထိုင်ပုံက သူ

ထူးခြားနေတာကွ .."

"ထွင်တာ နေမှာပေါ့ .."

ဂုဏ် က မဲ့ရွဲ့ ကဲ့ရဲ့၏။

"ဘာဖြစ်လဲကွ .. ထွင်တိုင်းလည်း ထွက်မလာပါဘူး -

တာ ကုတ်အင်္ကျီတွေကို ရင်ခွဲဝတ်တာ ခရေဇီဖြစ်ပုံပဲ -





ဆောင်းကုတ်ရင်ခွဲဝတ်တာကတော့ တကယ် လန်းတယ်နော် .."

ဂုဏ် က နောက်ထပ် ပြန်ကြည့်သည်။ သူမ ဝတ်ပုံက ကုတ်အင်္ကျီ ဒီနိုင်းတွေပေမယ့် တချို့က အပေါ်ထပ်သာသာ အပျော့စားလေးတွေ ဖြစ်ကာ အတွင်းခံကိုယ်ကျပ် ဒူးကျစကက်လေးတွေနဲ့ တွဲဝတ်တာ ဖြစ်သည်။

ခုကျတော့ ခါးစည်းပါသည့် ကုတ်အင်္ကျီကို မစည်းမနှောင်ဘဲ ဒီတိုင်းချထားသဖြင့် ခါးစည်းကြိုးပြားနှစ်ဖက်က ဒီတိုင်း ကျနေ၏။

ခြေချင်းချိတ်ထိုင်ထားသဖြင့် အင်္ကျီရင်ကွဲနှစ်ဖက်စတွေကပါ ဆားကို တစ်ဖက်စီ ကျနေကြလျက် ဖွေးနုသွယ်လျသော သူမရဲ့ ခြေသလုံးသား ဝင်းဝင်းလေးတွေကို မြင်နေရ၏။

စီးထားတာက အနက်ရောင် လေဒီရှူး ဒေါက်ချွန်ဖိနပ် ...၊

"အယ် .. ရေး ကို ခြေဆုံးခေါင်းဆုံး ကြည့်နေတယ်တော့ .."

"ပြန်ကြည့်လိုက် ရေး .. အတွေးမမှားနဲ့နော် .. နင်နဲ့ဆို ရှေ့သွား နောက်လိုက် အရမ်းညီမှာ .."

"လုပ်ပါဟယ် .. ငါတို့ လက်လှမ်းမမီပေမယ့် နင်နဲ့ဆို သထာပါ ဘယ် .."

"ဟွန်း .."

ရေး က မေးထောက်လိုက်ပြီး မဲ့တော့ လုံမေ က မျက်ခုံးတွေ ခင့်ကာ ...

"တွေ့လား .. မာန်တက်သွားတဲ့ ရုပ်ကြီးနဲ့ .. ငါတို့က သူ့မေးဖျား ဆေးကို ခြေဖျားထောက် နမ်းရင်တောင် မီမှာ မဟုတ်လို့ သူ့ကို ရက် ရက်ရောရော ပေးစားနေတာ နော် .."

"ဘာမှ ပေးစားမနေနဲ့ .. အဲ့ဒါ ငါ့ကို ကြိုက်လို့ ကြည့်နေတာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး .. ဒေါသတွေ အပြွတ်လိုက် အနိုက်လိုက်ထွက်ပြီး ခြေသ
လက်သည်းတွေ ပြေးခွာစားတော့မလို့ စိုင်းပြင်းနေတာ .."

"ဟယ်!..."

"ဘုရားရေ!..."

"ရေး နော် .. လျှောက်မပြောနဲ့ .. ဒီရုပ်လေးကို .."

"လှလို့ ကြည့်နေတာ အသိသာကြီးပါ ရေး ရယ် .. နင်ကလည်

"နင်တို့မျက်လုံးတွေ ခိုးချောင်ခိုးဝှက်နဲ့လည်း ကြည့်မနေ
အဲ့ဒီသတ္တဝါ မာန်တက်သွားလိမ့်မယ် .. ရုပ်လေး သနားကမား ရှိ
အထဲမှာ လောက်တက်နေတာ .."

"ဟင်!..."

"ရေး .. အဲ့ဒါ ဘယ်သူလဲ .. နင် သိလို့လား .."

"ဂုဏ်ထည်ဝါ လေ .. အဲ့ဒီသတ္တဝါပဲ .."

"ဗုဒ္ဓေါ!..."

"ဟော့တော် .. သူ့အတင်းတုတ်နေတုန်း တိုက်တိုက်ဆိုင်

"အယ်!... ထသွားပြီ ဟဲ့ .."

"ဖုန်းတွေဘာတွေ ထပြောတာ ဖြစ်မှာပေါ့ .."

"နင်တို့က ဘာဖြစ်လို့ လိုက်ကြည့်နေကြတာလဲ .."

"မဟုက်ဘူး .. သူက ဒီကိုကြည့်ပြီး ဆတ်ခနဲ ထထွက်သွ
ရေး ရဲ့ .."

"ဟုတ်လား .. ဒါဆိုရင်တော့ ရေး နဲ့ စစ်ပွဲက ပြင်းထန်
သေချာပြီဟ .."

"ဖြစ်ရလေ ရေး ရယ် .. ဒီလောက်ဖြောင့်တဲ့လူကိုမှ ရန်
ရတယ်လို့ .. မိုက်ပါဘိတော့ .."





သူငယ်ချင်းတွေက ပေါ့ပေါ့ပါးပါး ပြောနေကြပေမယ့် ရေး
ရင်ထဲမှာ တင်းကျပ်သွားတာတော့ အမှန်ပင် ..။

ကလေးလို ခွေးလိုလိုနဲ့ သင်းက ဘာအချိုး ချိုးသွားတာလဲ ..၊

မိတ်ဆွေဖြစ်ဖြစ် .. ရန်သူတွေဖြစ်ဖြစ် အမှတ်တမဲ့ လာဆုံကြတာ
ဒီလောက် သိသိသာသာ လုပ်ပြသွားရလောက်အောင် အောက်တန်း
ကျရသလား ..၊

"ဟော .. ဟော .. ဟိုမှာ ရေး မျက်နှာကို ကြည့် .. တင်းနေပြီ
တွေ့လား .."

လုံမေ က အံ့ဩပေမယ့် စနောက်ချင်သည့် မျက်နှာလေးနဲ့ဖြစ်ကာ
နှာ က မခံနိုင် ..၊

"တင်းမှာပေါ့ .. သူကရော ဘာတွေ မာန်တက်နေတာလဲ ..
ွန်း .. ယောကျ်ားလေးဖြစ်ပြီး စိတ်ဓာတ်က သေးသေးလေး .."

"သူက အဲဒီလို မာနကြီးနေတာ သတင်းမွှေးနေတာပဲလေ .. ဒါ
ာတော့ ထွင်တာ မဟုတ်လောက်ပါဘူး .. ရေး နဲ့ မတည့်တော့ တမင်
သိသာအောင် လုပ်ပြသွားတာ အသိသာကြီး .."

တစ်ယောက်က ဆွပေးလိုက်မှ ဒေါသတွေ စုပြုံဖြစ်လာကြကာ...

"ရေး ဒီလောက် မုန်းနေတာ နည်းတောင် နည်းသေးတယ် ..
သင်းက ပါးရိုက်တာကို ခံထားရတော့ ပိုဆိုးပြီ .."

"ဟုတ်တယ် ရေး .. ကိုယ့်ကိုယ်ကိုယ် လုံခြုံအောင်သာ ကာ
ွယ်ထား ..၊ ကျန်တာ ဆက်လုပ် .."

မထင်မှတ်ဘဲ အမုန်းတွေ ကူးစက်ကုန်ကြ၏။ စကားပြောရင်း
မျက်လုံးတွေကပါ မီးတောက်ကုန်ကြသဖြင့် တစ်ဖက်က မြင်နေရသည့်
ဆလ က ပခုံးတွန့်၍ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်တွေ .. မချောသုံးယောက် ကိုယ်သုံးယောက် ...
စိတ်ကူးတွေ ယဉ်မနေကြနဲ့ .. ဟိုမှာ ငါတို့ကို ပစ်ခတ်ကုန်ပြီ ..."

"ဘာတွေနဲ့လဲ .."

"သူတို့မှာ ရှိတာတွေနဲ့ .."

"ဟုတ်လို့လား .. ဘာတွေ ပါလာလို့တုန်း .."

"သြော် .. မင်းကလည်း မေးနေသေးတယ် .. သွားလေရာ ...
ဟာမို့လို့ လိုသလို အသုံးချပြီး ပစ်ခွင်းနေတာပေါ့ .."

"သွားလေရာ ပါတဲ့ဟာ ဆိုတော့ .. အင်း .. ဘာဖြစ်နိုင်လဲ ..."

"ဟော့ကောင်တွေ .."

"ဟင်!..."

"မင်းတို့ နောက်မနေနဲ့ .. ငါ့ရင်ဘတ်ကို ပစ်စိုက်နေ...
ဝင်လာမစဲ တသဲသဲ ပဲ .."

"လာပြန်ပြီ .. ငါဖြင့် ဘာမှ မမြင်ဘဲနဲ့ .."

"မြင်ချင်ရင် လှည့်ကြည့်လိုက် .."

မြတ်သု နဲ့ မိုးခြိမ်းညံ တို့ ပြိုင်တူ လှည့်ကြည့်ကြလျှင် —

"ဟွန်း .. ရုပ်တွေကိုက .."

နန္ဒာ တို့ သုံးယောက်စလုံး ပြိုင်တူ မျက်စောင်းထိုးကာ ...
လွှဲပစ်လိုက်ကြ၏။

"အား!... အမေ့ ရေ .."

"ဟယ် .. ကြည့်စမ်း .."

အော်ချလိုက်တာ နည်းတဲ့အသံကြီး မဟုတ် ...၊

မျက်စောင်းထိုးခြင်းတောင် လက်စမသတ်နိုင်ဘဲ လုံမေ ...
အဝိုင်းသား ဖြစ်သွားသည်။





အမွှန် ကလည်း နှာခေါင်းလေး ရှုံ့ကာ ...

"ဟုတ်ပ ဟယ် .. အခန်းပြင်ကတောင် ကြားလောက်တယ် .."

"မဟုတ်ဘူး .. အောက်ထပ်ထိ တိုက်ရိုက်ပေါက်မယ့် အသံ .."

"ဟိုတစ်ကောင်က လွဲရင် တော်တော်ကို ဗရုတ်ကျမယ့်ပုံပဲ ..
ရုပ်တွေ ဆိုးသလောက် .."

"လုံမေ ကလည်း ရုပ်ကတော့ သိပ်အဆိုးကြီးတွေ မဟုတ်ပါဘူး..
ချောတောမောတော အနေအထားတော့ .."

"ငါ ဖုန်းပြောရတာ မကြားရတဲ့အထဲဟာ .. တိတ်တိတ် နေကြ
စမ်းပါ .."

ရေး က စိတ်တိုနေသည့်အရှိန်နှင့် လုံမေ တို့ဘက်ကို မဲ၏။ နန္ဒာ
က ဟိုဘက်ကို မရောက်သောအကြည့်နှင့် မေးဆတ်ပြကာ ...

"ငါတို့အသံကြောင့် မဟုတ်ဘူး နော် ရေး .. ဟိုဘက်က ဗရုတ်
သုတ်ခတွေ မကြားဘူးလား .."

"ဘယ်သူ ဆက်တာလဲ ရေး .."

"အိမ်က .."

ရေး က ဖုန်းပြောရင်း ထရပ်လိုက်ကာ ...

"ဘာဖြစ်နေလို့လဲ .. ခု .."

"... ... ... ..."

"ဟလို .."

အိမ်ကဆိုတော့ အံ့သြသည့်မျက်နှာတွေ ဖြစ်ကုန်ကြကာ မေးဖို့
ပြင်လိုက်ပေမယ့် ဖုန်းပြောနေတာကိုပဲ မော့ငေးနေကြရကာ ...

"ဟလို .. မကြားရဘူး .. ဘာပြောနေတာလဲ .."

"... ... ... ..."



www.burmeseclassic.com

www.burmeseclassic.com



"ကလေး .. ကလေး ဟုတ်လား .. တေးကဗျာ ဘာဖြစ်လို့လဲ - ဟလို .. ဟလို .. ဦးဓနု ကို မေးနေတာ မဟုတ်ဘူး .. ကျွတ်!..."

ရေး ဖုန်းပိတ်လိုက်ပြီးမှ ပြန်လှည့်ကြည့်ကာ ...

"ငါ ပြန်ခေါ်လိုက်ဦးမယ် .. ဘာတွေ အရေးကြီးနေလဲ မသိဘူး- အမှန် .. ငါ ပြန်လာချင်မှ လာမှာ နော် .."

"ကြီးတော့ ဘာဖြစ်လဲဟယ် .. ဘာမှတောင် မစားရသေးဘူး-"

"အေးလေ .. ပြောတော့ဖြင့် ဆင်ဖမ်းမယ် .. ကျားဖမ်းမယ်နဲ့ ကလေး ဆိုတာနဲ့ပဲ .."

ပြောချင်ရာ ပြော ..၊ ဖုန်းပြန်ခေါ်ရင်း ရေး အပြင်ထွက်လာခဲ့သည်။ ကလေးဆိုလို့ မှုပန်နေတာလည်း မဟုတ်ပါ ..၊ သူတို့ကို ဂရုစိုက်၍ လည်း မဟုတ် ..။

ဒီလိုပုံစံ မခေါ်ဖူးသဖြင့် ဘာဖြစ်တာလဲဆိုတာကို သိချင်သည်။

"ဟလို .. ဟုတ်တယ် .. ကျွန်မ .."

"... ... ... ..."

"မစိန် လား .. ခုနက ဘာတွေပြောနေတာလဲ .. ဘယ်သူမှ မရှိဘူး လား .."

"... ... ... ..."

"ဟင်!..."

ဖုန်းနားထောင်ရင်း လေ့ကားထိပ်ရောက်မှ ရပ်တန့်သွားသော ဦးဓနုဂုဏ် သစ်ခွစင်ပြိုကျတဲ့အောက်မှာ ဒဏ်ရာဖြစ်ပြီး သတိလစ်သွား သည်တဲ့ ..။

ဦးကျော်ထွန်း လည်း မြို့ထဲ သွားနေသည်မို့ ကလေးတစ်ဖက်နဲ့ မယ်စိန် ဘာလုပ်ရမှန်း မသိ ဖြစ်နေသည်တဲ့ ..။





"ကလေးကလည်း သွေးထွက်သံယိုမြင်တော့ ငိုလိုက်တာ.. သူ့ဒြေး ကြီးနားကို မကပ်အောင် မနည်း ချော့နေရတယ် .. မိသားစုဆရာဝန် ကိုလည်း ဖုန်းဆက်တာ မရဘူး .. လုပ်ပါဦး မမလေး ရယ် .."

ပြောသမျှကို နားထောင်ရင်း ရေး မျက်လုံးပြူးသွားသည်။

"မစိန် .. မစိန် သေချာ နားထောင်ဦး.. ကလေးကို လူမမာနား ကိုးဝ ပေးမသွားနဲ့ နော် .. အခန်းထဲတောင် မဝင်စေနဲ့ .. ကျွန်မ ခု လာပြီ .."

ရင်ထဲမှာ ဗလောင်ဆူသွားသည်။ ခုန မကြားတကြား ဖြစ်နေ သည်းက ဒါကို ဆက်စပ်မတွေးနိုင်ပေမယ့် စိုးရိမ်ဖွယ်ရှိနေပြီကို သိ လိုက်သည်။

ဒါကြောင့် မရမက ပြန်ခေါ်ပြီး သေချာအောင် ထပ်မေးတာ ဖြစ် သည်။ ကလေးကို ဥပေက္ခာထားလိုက်နိုင်တာက သပ်သပ် ..၊ ဒါမျိုးကို တော့ သူမ တားဆီးရမှာပဲ ဖြစ်၏။

မမရဲ့ သမီးလေး ..၊ ကလေးကိုတော့ ဒီရောဂါ ကူးစက်ခွင့် မပေး နိုင် ..၊

ဖုန်းပြောနေရင်း သူငယ်ချင်းတွေကိုလည်း သတိမရတော့ဘဲ လှေ ကားကနေ ကတိုက်ကရိုက် လှည့်အဆင်း ...

"ဟာ!..."

"အား!..."

"ဒုတ် .. ဒုတ် ..."

ပြေးတက်လာသူနှင့် ပစ်တိုက်မိလိုက်တာ အင့်ခနဲ ..၊

ဖုန်းတွေ ဘယ်ဆီ လွင့်မြောက် ပြုတ်ကျကုန်မှန်း မသိဘဲ နောက် ပြန်လန်ကျသူက ရေး ကို ပြန်ပြီး အားပြုဆွဲ၏။ ရေး ကလည်း မဆင်း



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကိုယ်ကိုယ်တောင် မထိန်းလိုက်နိုင်ဘဲ ...

"အား!... သေ .. သေပါပြီ .."

"ကျွတ်!... ကျွတ် .."

ဖက်လျက်သားအတိုင်း လှေကားလက်ရန်းကို တွယ်ဖို့ ကြိုးစား
င်း နှစ်ပတ် သုံးပတ် လိမ့်သွား၏။ စားသောက်ဆိုင်မို့ လှေကားတစ်
ခစ်ချိုးကွေ့က အိမ်လှေကားတွေလို မြင့်မား ရှည်လျားမနေ ...၊

ထို့ကြောင့်သာ မဟုတ်လျှင် သူတို့ ဘယ်လိုမှ အရှိန်သတ်နိုင်ဖို့
ာမ်းမမြင် ...၊

"မင်း ဘာလို့ ဒီလောက်တောင် ဖက်ထားတာလဲ .."

လှေကားလက်ရန်းကို သေချာ ဆုပ်မိထားပေမယ့် နှစ်ကိုယ်စာ
ထိန်းထားရတာမို့ ဂုဏ် စိတ်တိုသွား၏။

ရှေး ကလည်း သည်းခံတတ်တာ မဟုတ် ...၊ ဒါပေမယ့် ဒေါသ
အလျောက် ဖက်ထားတာကို လွှတ်လိုက်သည်နှင့် အောက်ဆင့် လှေကား
သစ်မှာ ပုံလျက်သား ကျသွားခဲ့ပြီး ...

"ရှင့်ကို ဖက်ချင်လွန်းလို့ မှတ်နေသလား .."

"မသိဘူး .. ခင်ဗျားကိုယ် ခင်ဗျားပဲ သိမှာပေါ့ .."

"တောက်!..."

စိတ်တွေ ဘယ်လောက်တိုသွားသည်ဆိုတာ ပြစရာတောင် မရှိ...၊
ဒါပေမယ့် သတိရလိုက်တာက ဖုန်း ...၊

"ဖုန်း .. ဖုန်း ဘယ်ရောက်သွားလဲ မသိဘူး .. အ!.."

နေရာမှ ထလိုက်တော့ လက်ရန်းကို အားပြုလိုက်တာနှင့် လက်
မောင်းရင်းက မျက်သွားသည်။

ဖုန်းကို မြင်ပေမယ့် ဘယ်လောက်ထိ ပျက်စီးသွားပြီလဲဆိုတာ





ာကာ နာတာကိုလည်း သတိမထားမိပေ ...၊

"ဟော့ .. အဲ့ဒါ ငါ့ဖုန်း .."

"ာ!..."

"ငှန်မာလို ပြောနေတာ နားမလည်ဘူးလား .."

"ရှင်လည်း မကန်းသေးရင် သေချာကြည့် ...၊ ဒါ ကျွန်မဖုန်း .."

"ရေး .. မင်း မဟုတ်ဘူး နော် .."

"ဘာ မဟုတ်ရမှာလဲ .."

သူ အနားရောက်လာတဲ့အထိ ဖုန်းကို ဝင်လုလိုက်သဖြင့် ဟန်း
င်း တူနေပြီကို ရှေး သိလိုက်သည်။

"ဟင်!... ဟိုမှာ တစ်လုံး .."

ာက်ဖုန်းတစ်လုံးက ရှေး ရဲ့ ခြေထောက်နဲ့ ကွယ်နေကာ သူ
တ်မှ ကောက်ယူကြည့်လိုက်မိ၏။

ယောက်၏လက်ထဲမှာ အနက်ရောင်ကာဗာနှင့် ဟန်းဆက်
ာ မိတ္တူပွားထားသည့်အတိုင်း ...၊

"င်း ကိုယ့်ဖုန်းကို မမှတ်မိဘူးလား .."

"တ်မိတယ် .. ရော့ .."

း က ကိုင်ထားသည့်ဖုန်းကို သူ့လက်ထဲ ထည့်ကာ ...

"သ .. အဲ့ဒါ ကျွန်မ ဖုန်း .."

ကိုင်ထားသည့် ဖုန်းကို ဆွဲယူပစ်လိုက်သည်။ ဂုဏ် ဘာမှ
င်ဘဲ ကိုယ့်ဖုန်းကို သေချာကြည့်ရင်း ကျန်ရစ်ခဲ့၏။ ဘယ်သူ့ဖုန်း
အောင် ဖွင့်ကြည့်တော့လည်း စခရင်န်းတောင် မလင်းလာ
ရှိကာ ...

"ာက်!..."



www.burmeseclassic.com

www.burmeseclassic.com



ကွယ်ရာရောက်မှ ရေး တက်ခေါက်မိ၏။ ပထမဆုံး ဖုန်းကို ကောက်ယူလိုက်မိတာက ကိုယ်ပဲဖြစ်ကာ ဘယ်သူ့ဖုန်းမှန်း မသိဘဲ ကောက်မိသည့်အဖြစ်မျိုး မရောက်ချင်၍သာ ခပ်တည်တည် ပြန်လှယူခဲ့မိတာ ..။

တကယ်တမ်းက ဘယ်ဟာက ဘယ်သူ့ဖုန်းမှန်း သူမကိုယ်တိုင်လည်း မသိ ..။ ဖွင့်လို့လည်း မပွင့်တော့သဖြင့် ခုထိ အမှန်ကို မသိရသေး

ကားဆီရောက်လို့ ထွက်မယ်ကြံတော့ ရှေ့မှာ မလွတ်မလပ် ရပ်ထားသည့် ကားကြောင့် ဒေါသ နှစ်ဆတိုး၏။

"ဒီမှာ .. ဒီကား ဖယ်မပေးရင် ကျွန်မ ထွက်လို့ မရဘူး .. ကား ရပ်တည်းက ပါကင်နေရာချတာ ရှင်တို့ ကြည့်မနေဘူးလား .."

"ဗျာ!..."

ပါကင်စောင့်ကြည့်ပေးနေသည့် ဆိုင်ဝန်ထမ်းလူရွယ်က ပျာပျာသလဲ ခေါင်းညိတ်ကာ ...

"ဟုတ်ကဲ့ အစ်မ .. ခဏလေးပါ နော် .. ဒီကားပိုင်ရှင် ဆိုင်ထဲမှာရှိရင် ခေါ်ပေးပါ့မယ် .. ဒီမှာရပ်သွားတာ လုံးဝ မသိလိုက်လို့ပါ .. တောင်းပန်ပါတယ် .."

ဒါပေမယ့် ခေါ်မယ့်လူ မသွားရသေးခင် ထွက်လာသူက ဂုဏ်ဖြစ်နေကာ ဒီကားကို လှမ်းကြည့်လိုက်တည်းက ရေး သိလိုက်သည်။ တစ်အိမ်တည်းမှာ နေနေကြတာတောင် ဒီကကားကို သင်းက မသိဘူးတဲ့လား ..။

ဒါ တမင်လုပ်တာ ..။

ကိုယ့်ဘာသာ တပ်အပ်စွပ်စွဲပစ်လိုက်ကာ အံကြိတ်ရင်း မဲ့မိသည်။

ဂုဏ် ကတော့ ကားနားရောက်လာကာမှ ရေး ကို မြင်ကာ မျက်





ဆတ်ခနဲ ပင့်တက်သွားသည်။ သို့သော် ခဏအတွင်း မျက်နှာလွှဲ း သူ့ကားတံခါးကို ဖွင့်လိုက်၏။ ဒါပေမယ့် ...

"ဟာ!... ကြည့်စမ်း .. ကား .. ကားဘီး ပြားနေပြီ .."

"ဘီ .. .."

ား .. နားကို အူသွားတာပဲကွာ ..။

"တောက်!..."

ားဘီးနားမှာ ငုတ်တုတ်ထိုင်ကြည့်နေရင်း ဆတ်ခနဲ ထရပ်

"ဘာဖြစ်လို့ ဟွန်း ဒီလောက်တီးနေတာလဲ.. လက်ယားလို့လား.."

"ရှင်က အဲ့ဒီမှာ ဘာလုပ်နေတာလဲ ..။ ဒီမှာ သွားစရာ အရေးကြီး ယ် .."

"မင်းလိုပဲ .. အရေးကြီးလို့ ထွက်လာတာ .. တောက်!... မင်း ဘီး လေလျှော့လိုက်တာမို့လား .."

"ဘာ!..."

"ဒီမှာ ဘီးက ပြားချပ်နေပြီ .."

"သူ့ဟာသူ ပြားချင်လို့ ပြားနေတာ ကျွန်မကို လာစွပ်စွဲရလား.. .."

ရေး က ကားပေါ်က ပြန်ဆင်းပြီး တံခါးကို ဂျိန်းခနဲ နောက်ပြန် စ်ကာ ...

"ရှင် တမင်လုပ်ခဲ့တဲ့ကိစ္စကို စကားများများ မပြောချင်လို့ ဒီက နေလိုက်တာ .."

"ဘာလဲ .. ဘာကိုလဲ .."

"ဒီကား ကျွန်မ ကားမှန်း သိသားနဲ့ ရှင် တမင် ရှေ့မှာလာပြီး

www.burmeseclassic.com



မလွှတ်မလပ် ရပ်ထားခဲ့တာ .."

"မင့်ကားမှန်း သိရအောင် ငါက .."

"တစ်အိမ်တည်းမှာ အတူရှိနေကြပြီး ဒီကားကို နေ့မြင် ည
မြင်နေတာလေ .."

"နေ့မြင် ညမြင် မြင်နေတာလည်း ကြည့်မှ မြင်တာ .."

"ဩော် ... ဒီကား တစ်စီးယုံးကို ရှင် မမြင်ဘူးပေါ့ .."

"ဒါဆို မင်းလည်း ငါ့ကားကို သိနေတယ်ဆိုတာ ဝန်ခံလိုက်
ကားဘီး လေလျှော့ထားတာ မင်းပဲ .."

"ရှင်!... ရှင် .. ဘာပြောတယ် .."

ရေး သည်းခံနိုင်စွမ်း ကုန်သွား၏။

"ရှင် ထည်လဲစီးနေတဲ့ ကားတွေကို မှတ်မိနေရအောင် ကျွန်
ရှင့်ကား ရှိသမျှကို စာရင်းထိုင်ပြုစုနေတာ ဒုံ့လို့လား .."

"ဟုတ်ရင် ဟုတ်မှာပေါ့ .. မင်းက ဖဲကြိုးဟမ်း အားနေတာ

"တောက်!..."

ရေး ချာခနဲ ပြန်လှည့်ကာ ကားထဲဝင်၍ တံခါးဆောင့်ပိတ်
သည်။ ပြီးမှ စက်နှိုးရင်း မှန်တစ်ဝက် ချလိုက်ကာ ...

"ရှင့်ကားကို ခုချက်ချင်း ရွှေ့ပေး .."

"ရွှေ့ပေးလို့ရတဲ့ အခြေအနေလား .. မင်း ကြည့်လေ .."

"ပြီးရော .."

ဟင်!...

ဂုဏ် မျက်လုံးတွေ ပြူးသွားသည်။ သိမ့်ခနဲ နောက်ဆုတ်
သည့်ကားကို မြင်လိုက်တာနှင့် တစ်ခုခုဆိုတာ သိလိုက်ပြီး က
ကတန်း ရှောင်လိုက်တာ မြန်လို့ ...၊





"...ဒ်း .. ဂျိး ..."

"ဟာ!... ကြည့်စမ်း .. ဟော့ .."

နောက် နည်းနည်း ပြန်ဆုတ်ပြီး ရှေ့ပြန်တက်လာသည့်ကားသည်
၏ မေးရိုးကို မိုက်တိမိုက်ကန်း တိုက်ချသွားလျက် ...

"ရေး .. ဟိတ် .. နေဦး ..."

သမ်းမပေါ်ကို ပြန်ဝိုက်စဉ် ကားတစ်စီးကို မောင့်နေတုန်း ဂုဏ်
ခါးကို ပြေးထုကာ ...

"မင်း .. ခု ဆင်းခဲ့စမ်း .."

ဘံခါးကို ဆွဲဖွင့်ဖို့ ပြင်လိုက်တာနှင့် ရေး က လော့ခ်ချပစ်လိုက်ပြီး
ကို အကြမ်းပတမ်း ဝိုက်ထွက်သွား၏။

"တောက်!..."

လူ အနားကပ်နေတာကို ဒီလောက်ဖော့ မလုပ်လောက်ဘူး ထင်
...၊

သူ ပြန်ဆုတ်လိုက်တာ နည်းနည်း ...ဘက်ကျခဲ့လျှင် ခြေ
က်ကို နောက်ဘီး တက်ကြိတ်လို့ ပြားနေလောက်ပြီ ...၊

မိုက်ရိုင်းပါတယ်ဆိုသည့်သူကပဲ ဆရာ ပြေးခေါ်ရတော့မလိုလို...၊
ဒီနေ့ ရာသီဥတုက ဘယ်သူ့ဘက်မှာလဲ ...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

“ဟင့်အင်း .. ဟင့်အင်း .. မစားချင်ဘူး .. မေမေနဲ့မှ တူတူ
မယ် ..”

“ငါက စားသောက်လာခဲ့ပြီးသား .. သွား .. ကိုယ့်ဘာသာ
စား ..”

“လာပါ .. မီးမီးလေး ရယ်နော် .. မမလေး အလုပ်လုပ်နေ
မရှုပ်ရဘူး ..”

“ဟင့်အင်း .. မေမေနဲ့ပဲ နေမယ် ..”

နားငြီးနေပြီမို့ ဖွင့်ထားသည့်ဖုန်းကို ဒီတိုင်းထားကာ ရေး
ကဗျာ ကို ကြည့်လိုက်သည်။

“ထမင်း မစားချင်ရင်လည်း အခု ဒီနေရာကနေ ထသွား
တော့ သွား .. နားငြီးတာ ဘာမှကို လုပ်လို့ မရဘူး ..”

“မီးမီး ငြိမ်ငြိမ်လေး နေမှာပါ ..”





ခေါင်းတခါခါနှင့် တေးကဗျာ ၏ ရှုန်းဖယ်ငြင်းဆန်မှုတွေ ရုတ်
ချည်း ငြိမ်ကျသွားသည်။

ည၏ မီးရောင်အောက်မှာ ဂါဝန်အဝါရောင်လေးနှင့် သူမလိုပဲ
အဝါရောင်ဆံနွယ်လေးတွေနှင့် တေး ရဲ့မျက်နှာလေးက မျက်တောင်
ရှည်ကြီးတွေ ကော့နက်နေတာလည်း ယပ်တောင် ဖြန့်ထားသည့်
အတိုင်း ..၊

သူမက ကြည့်တော့ သူမလေးကလည်း ပြန်မော့ကြည့်နေကာ
စိတ်တိုနေမှန်း သိသည်နှင့် မျက်နှာလေး ငုံ့ပစ်၏။

ထိုအခါ မျက်လွှာအချမှာ တစ်စစီ ပျက်စီးနေသည့် ဖုန်းကို တွေ့
ပြန်ကာ ကြောက်တာကို မေ့သွားပုံ ပေါ်လျက် ...

“မေမေ ဖုန်းပျက်လို့လား ဟင် ..”

“ဟုတ်တယ် .. ဖုန်းပျက်လို့ ငါ စိတ်တိုနေတာ နော် .. အမေး
ခွန်းလည်း မထူနဲ့ ..၊ အနားမှာလာပြီး ပြဿနာလည်း မရှာနဲ့ ..
ပိပိတ်ပြီး ငြိမ်ငြိမ်လေး နေ ..”

“ဟုတ် ..”

ဖုန်းကို ဘာလုပ်ရမှန်း မသိတိုင်း ညနေကအဖြစ်ကို စိတ်တိုနေမိ
သည်။

ဖုန်းသာမက သူ့ကားကို တိုက်ပစ်ခဲ့သည့် ကိုယ့်ကားမှာလည်း
ထိုးအသေး ကွဲသွားသည်။ သူ့လိုပဲ ကားရဲ့ပါးချိတ်မှာ ချိုင့်ခွက် စုတ်
ပြတ်သွားခဲ့၏။

ဒေါသကြောင့် ဒီတိုင်း လုပ်ခဲ့မှုတာတွေ ခဏ ခဏ ..၊
ဘယ်လိုပဲ ကိုယ်က ပေါက်ကွဲခဲ့တယ်ဆိုစေ .. ပေါက်ကွဲခဲ့ရလို့
ပါးကျန်ရစ်ခဲ့ရင်လည်း ကောင်းသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"တောက်!..."

ဥပဒေဆိုတာ ာ မရှိခဲ့လျှင် အဲဒီ ဂုဏ်ထည်ဝါ ဆိုတဲ့ ယောကျ်ား

ကို သူတစ်ပြန် ကိုယ်တစ်ပြန်ပဲ ထသတ်မိမလား ...၊ ကွယ်ရာက

ချောင်းပြီး လည်မျိုကို ဓားနဲ့ ထိုးမိမလား .. တစ်ခုခုတော့ လုပ်မိနိုင်

"မမေ့ .."

"တေးကဗျာ .. နင် ငါ့ကို မေမေလို့ မခေါ်နဲ့လို့ ပြောထားတယ်

နော် .. ဘာလို့ မှတ်မထားတာလဲ .."

"မီးမီး မေ့သွားလို့ပါ .."

"မမေ့ရဘူး .. ကလေးဆိုတဲ့ သဘာဝက မေ့တယ်ဆိုတာ မ

ဘူး .. နောက်ကို အဲ့လို မခေါ်နဲ့ .."

"မေမေက အခု ရန်ဖြစ်လာတာလား ဟင် .."

ဟုတ်တယ် ...၊ နင့်အစ်ကိုဆိုတဲ့ သတ္တဝါနဲ့လို့ ပြောလိုက်ချင်

အိမ်ကို အမြန်ဆုံး ပြန်ရောက်ချင်သည့်စိတ်ဒေါကြောင့် ဖြစ်

သည်ဆိုလျှင် ...၊ ဒီဒေါက ဘယ်သူ့ကို ပူပန်သည့် ဒေါလဲ ...။

တေး မျက်နှာလေးပေါ် အကြည့်ရောက်ပြီးမှ မော့ပစ်လိုက်

သည်။ ပြီးတော့ ဆိုဖာမှာ ပက်ခနဲ မှီနေလိုက်မိ၏။

မလွယ်ပါလား ...၊

သူမရဲ့ ဒေါသတွေ .. မောဟတွေ .. ဒီကလေးအပေါ် ထား

ခံစားချက်တွေ .. ဘယ်ဟာက မှန်ပြီး ဘယ်ဟာက မှားနေခဲ့သလဲ

ဂုဏ်ထည်ဝါ ကို တုပြိုင် တိုက်ခိုက်ချင်တဲ့စိတ်တွေနဲ့ သူမ

နေဦးမယ်လို့ ဆုံးဖြတ်ခဲ့တာရော မှန်ရဲ့လား ...၊

ဦးနေဂုဏ် ကို စိန်ခေါ်မည် ...၊ ဂုဏ်ထည်ဝါ ကို ဒုက္ခပေးမည်

ဒီအစီအစဉ်တွေက ဦးနေဂုဏ် ၏ အရာရာကို အလျှော်





းနေမှုတွေအောက်မှာ သူမရဲ့လုပ်ပိုင်ခွင့်တွေကို ပျောက်ဆုံးစေ

ည်၊

"နင် သွားခဲ့တာကိုက ဒီကလေးကို မြင်ချင်လို့ပဲ...၊ အဲ့ဒါကို ဝန်ခံ

" တဲ့ ...၊

သုံမေ က တိုက်ရိုက် ဟောကိန်းထုတ်ခဲ့သည်။

"နင် အံရှမ်း အန္တရာယ်များတယ် နော် ရေး .. ငါတော့ မကြိုက်

ဘဲ့ ...။

နှာ ကလည်း မကြိုက်ခဲ့ပေ ...၊

"သူများကို ဒုက္ခမပေးရသေးဘူး .. လောလောဆယ် ကိုယ့်ရဲ့

က်လမ်းတွေ ပိတ်ဆို့နေတာလည်း သတိရဦး" လို့ ပြောခဲ့သာက

ကမှ ...၊

ခု .. သူမပုံစံက ဘာနဲ့ တူနေသလဲ ...၊

ဆည်းဆာပန်းချီ ရဲ့ညီမ ...၊ တေးကဗျာ ရဲ့ အခေါ်အဖြစ် နေစရာ

မျက်နှာပြောင်ပြောင်နဲ့ ခိုကပ်နေရသူလိုလား ...။

ဒါမှမဟုတ် ခုချိန်ထိ သူမရဲ့ ဆုံးဖြတ်ချက်တွေ ခိုင်မာနေဆဲလား...၊

"ဟား .."

မှန်ကျပ်လာသည့် ရင်ဘတ်တစ်ခုလုံးက နှုတ်ဖျားမှ လေပူတွေ

ထုတ်လိုက်ရုံနဲ့လည်း မပြေ ...၊

ဘကယ်က ဦးနေဂုဏ် ကသာ မမကို သူ ကြံစည်နိုင်ခဲ့တဲ့အကြောင်း

ကိုမြင်ပြီး လောဘတွေ တက်ပြလာခဲ့လျှင် သူ့သားရှေ့မှာပဲ ပက်

င့်သီးစွာ ပြော၍ သိက္ခာဆိုတာ တစ်ပြားသားမှ မကျန်အောင်

ခဲ့ပို့ ...၊

ဂုဏ်ထည်ဝါ ဆိုသူကိုတော့ ဒီကလေးကို ရက်ရက်စက်စက် နှိပ်



www.burmeseclassic.com

www.burmeseclassic.com



စက်ကလူ ဆက်ဆံပြပြီး ပညာပေးဖို့ပါ ..။

မမကို မုန်းခဲ့တဲ့ လူ ..။

မိုက်ရိုင်းလွန်းတဲ့ သားအဖြစ် သူမ သိထားခဲ့သူဟာ မမနဲ့ ရဲ့ သူ့အဖေရဲ့ သွေးသားအပေါ်မှာ ဘယ်လောက်ထိ ဥပေက္ခာထားနိုင် ဆိုတာ လက်တွေ့ ပညာပေးချင်တာ ဖြစ်၏။

ခုတော့ အရာအားလုံးက သူမ ထင်သလို ဖြစ်မလာခဲ့ပါလား

အရာရာကို အရှုံးပေး လည်စင်း၍ အိပ်ရာပေါ်မှာ လဲတော့ လူမမာကလည်း ရင်ကွဲပက်လက် လွမ်းပြနေသည်။

ဂုဏ်ထည်ဝါ ကလည်း သူမနည်းတူ မာကျောသော နှလုံးသား ကလေးအပေါ်မှာ ထားသည့် ဥပေက္ခာက ဒီအတိုင်း ..။

“သူ့ကို သူ့ညီမတော်နေမှန်း နင်က နိုးဆွပြီး ရက်စက်ချင် မို့လား .. သူ့လိုပဲ နင်လည်း နင့်တူမ တော်တာပဲလေ .. ရက်စက်နိုင် ချင်း ယှဉ်ရင် သူကတောင် ပိုချင် ပိုဦးမှာ ..” လို့ အမွှန် ပြော မှန်သလား ..။

ကိုယ့်ဘေးမှာ လက်လေးပိုက်၍ ခြေထောက်လေးတွေကို ဆော့နေသည့် တေးကဗျာ ဆီ အကြည့်တွေ ရောက်သွားခဲ့ပြန်၏

“တစ်ညနေလုံး သူ့ဖွေးအခန်းထဲ မဝင်ရလို့ဆိုပြီး ငိုနေတာ ရယ် .. မမ ရောက်လာမှ ပြုံးပြုံးရယ်ရယ် ဖြစ်သွားတာ ..”

မိနှင်း က သူမ ပြန်ရောက်ပြီး သိပ်မကြာခင် အားပါးတရ ပြောခဲ့သည်။ ကလေး ငိုနေတုန်းက ဘယ်လောက် စိတ်ညစ်ခဲ့ လည်း သိဘာနေကာ ...

“သူ့ဖွေး ခေါင်းကို သုံးချက်တောင် ချုပ်လိုက်ရတယ် တဲ့ - ထည့်ပြောသေးသည်။





တကယ့်အဖြစ်က မယ်စိန် ထိတ်လန့် ဗျာများကာ ရေး ကိုလည်း ဖုန်းဆက်သည်။ ဂုဏ့် ကိုလည်း ခေါ်ခဲ့၏။

နှစ်ယောက်စလုံး ဖုန်းရတာချင်း အချိန်ကိုက် ဖြစ်နေကာ ရေး က တစ်ခါတည်း ထွက်လာခဲ့ပြီး ဂုဏ် ကတော့ ဝေလ တို့ဆီ ပြန်ပြေး ဘက်ခဲ့ခြင်းမှာ လှေကားထိပ်မှာ ဝင်တိုက်ခဲ့ကြတာ ဖြစ်သည်။

သူမက အိမ်ကို အရင်ရောက်လာခဲ့လျက် .. အိမ်မှာ ဦးကျော်ထွန်း မရှိဘူးဆိုတာ သိလိုက်တည်းက ဂုဏ် က ဆရာဝန် တစ်ခါတည်း ပင့်လာသဖြင့် နောက်မှ ရောက်၏။

သို့သော် ပေါ်တီကိုအောက်မှာ ရပ်ထားသည့် ကားနှစ်စီး၏ ရုပ်ဆင်းအင်္ဂါတွေ လှပကြော့ရှင်းနေကြတာက တစ်ထပ်တည်း တူညီနေကြကာ ...

“သမီးလေး ထမင်း မစားရသေးဘူး ဆို ..”

အတွေးတို့သည် နာခေါင်းထဲဝင်လာသည့် ဆေးနံ့ ထောင်းခနဲကြောင့် တိခနဲ ပြတ်ကျသွားပြီး ရေး လှည့်ကြည့်လိုက်၏။

ခေါင်းမှာ ပတ်တီးဖွေးဖွေးနှင့် ပိန်လှီ ညှိုးချောင်နေသော မျက်နှာနှင့် ဦးစနဂုဏ် ..။

ရေး နဲ့ မျက်လုံးချင်း ဆုံတော့ ပြုံးပြကာ ...

“မင်းက ဖုန်းလည်း ပြင်တတ်သလား ..”

“မပြင်တတ်ပါဘူး .. ဘာဖြစ်မှန်း မသိလို့ လျှောက် ကလိနေတာ ..”

ရေး က မျက်နှာလေးကို တင်းထား၍ ကိုယ်ကို မတ်မတ်ပြန်ထိုင်လိုက်ရင်း တစ်ဖက်လှည့်ပစ်သည်။

“လာ .. သမီး လာ .. ဖေကြီး ထမင်းကျွေးမယ် ..”



www.burmeseclassic.com

www.burmeseclassic.com



ဟင်!...

ရေး ထိတ်ခနဲ ဖြစ်သွားသည်။

ထိုစဉ် ဦးကျော်ထွန်း ပြန်ရောက်လာကာ အမောတကော မျက်နှာနှင့် ...

"ထူထူထောင်ထောင်ပါလား .. ကျွန်တော် သူဌေးသတင်း ကြားပြီး အလုပ်ကိစ္စ အမြန်ဖြတ်လာခဲ့တာ .."

"မပြီးခဲ့ဘူးလား .."

"ပြီးပါပြီ .. ညကျ ဖုန်းစောင့်ရုံပဲ.. သူဌေး ဘယ်လိုဖြစ်တာလဲ.."

ဦးမနုဂုဏ် က ဘာမှမဖြစ်သလို ပြုံးလိုက်ပေမယ့် အပြုံးက မလန်းဆန်းပေ ...၊

ပြီးတော့ ရှေ့တိုးလိုက်ပြီး တေးကဗျာ ရဲ့ခေါင်းလေးကို ပွတ်သပ်၍ ...

"ကျွန်တော်က ခါချဉ်ကောင် မာန်ကြီးသလို စိတ်ကြီးဝင်သွားတာပါ .. ခြံထဲဆင်းလျှောက်ရင်း သစ်ခွစင်တစ်ဖက် ပြုတ်နေတာ မြင်လို့ ပြန်ပြင်ချည်မယ်ဆိုပြီးတော့လေ .. အဟွန်း .."

"သူဌေး ရယ်.. သစ်ခွတိုင်တွေ ချိတ်ထားတဲ့ ဝိတ်(ထ်)ကပဲ နည်းလို့လား .. ကျွန်တော် ပြန်လာရင် ခိုင်းလို့ ရတာပဲ .. ခြံထဲမှာ ကိုဗလတို့ရော မရှိကြဘူးလား .."

"သူတို့လည်း အနားမှာ မရှိကြတော့ ကြိုးပြင်ချည်ရုံပဲ ထင်တာနဲ့ ကိုင်လိုက်မိတာ .. ဘာမှမဖြစ်ပါဘူး .. ရုတ်တရက် ပူထူပြီး လဲသွားတာ .."

ဦးကျော်ထွန်း က စိုးရိမ်ကြီးနေသည့် မျက်နှာနှင့် ဦးမနုဂုဏ်သေား ရောက်လာပြီး တွဲကိုင်လိုက်၏။





"လာပါ သူဌေး .. ဒဏ်ရာကြီးနဲ့ အခန်းထဲမှာ အေးဆေး နားနေပါ .."

"ရတယ် .. တစ်ရေး အိပ်ပျော်သွားပြီးပြီ .. ဒဏ်ရာလည်း သက်သာနေပါပြီ .. သမီးလေး ငိုသံကြားလို့ ထွက်လာတာ .. လာ သမီးသာ .. ဖေကြီး ထမင်းလိုက်ကျွေးမယ် .."

"ဟုတ် .."

ရေး ဒီစကားကို ရောက်မှာစိုးလို့ ကြိတ်ဆုတောင်းနေပေမယ့် မပြည့်ခဲ့ဘဲ တေးကဗျာ က ချက်ချင်း ထရပ်၏။

"နေဦး .."

ရေး က တေးကဗျာ ရဲ့ လက်ကောက်ဝတ်လေးတစ်ဖက်ကို ဖမ်းဆွဲထားလိုက်ကာ ...

"ဦးမနုဂုဏ် .. လူမမာက လူမမာလို နေပါ .."

ကလေးရဲ့ လက်တစ်ဖက်စီကို ဆွဲထားမိကြကာ ဦးမနုဂုဏ် ခြေဆုမ်းပြင်ပြီးမှ သူမဘက်ကို အံ့သြသလို ပြန်ကြည့်၏။

ရေး က မတ်တတ်ထရပ်လိုက်ပြီး တေးကဗျာ လက်ကို ခပ်ကြမ်းကြမ်း ဆွဲ၍ ဦးမနုဂုဏ် လက်လွှတ်လိုက်တာ မြင်မှ ...

"ဘယ်သူ့ကိုမှ စိတ်ပူလို့ ပြောနေတာ မဟုတ်ဘူး .. အမြင်မတော်လို့ .."

ဒီတိုင်း ပြော၍ ကလေးလက်ကို ဆွဲရင်း ထမင်းစားခန်းဘက်ကို ဒေါသခြေလှမ်းများနှင့် ဦးတည်၏။

ဦးမနုဂုဏ် မျက်ဝန်းမှာ ရှက်ရွံ့ ကြေကွဲသော ...၊ နာကျင်ပေမယ့် ကြည်နူးသော အပြုံးယဲ့ယဲ့နှင့် ...

"ကိုကျော် .. တွေ့လား .."



www.burmeseclassic.com

www.burmeseclassic.com



ဦးကျော်ထွန်း ရင်ထဲမှာ နင့်သွားသည်။

ရောဂါပိုး ကူးစက်မှာ စိုးသည်လို့ ပေါ်တင် ခွဲခြား နှိမ့်ချပြသွားတာကို ဘယ်လို ကျေနပ်ပြီး ပြုံးပြရမလဲ ..၊

"ကျွန်တော့်သမီးလေးကို သူ ချစ်တယ် .. သူ့အစ်မရဲ့သွေးဆိုတာကို သူ ဘယ်လိုမှ မေ့လို့ မရနိုင်ဘူး .."

ကြည်နူးဝမ်းသာသော မျက်ရည်ကြည်တို့ ဝေ့သီလျက် .. ဦးခနေဂုဏ် အသံက ကြားရသည်ဆိုရုံလေး ..၊

ဦးကျော်ထွန်း ကတော့ ရေး ရဲ့စကားသံကိုသာ ပြန်လည် ကြားယောင်နေခဲ့၏။

"ဦးခနေဂုဏ် .. လူမမာက လူမမာလို နေပါ .." တဲ့ ..။





အခန်း (၁၆)

"ခေါ်ကြည့်ပါ ဆိုမှ .."

"ခေါ်နေပြီလေ .."

"ငါ့မှာ မခေါ်သေးဘူး .."

ရေး ကိုင်ထားသည့် ဖုန်းကို ဝိုင်းကြည့်နေကြသည့် မျက်လုံးတွေ ချက်တောင်တဖျပ်ဖျပ် ခတ်ကုန်ကြ၏။

"ဒါဆို .. နင်တို့ချင်း ဖုန်းမှားသွားတာ သေချာပြီ .."

"ဟဲ့ .. နင့်ဟာက ဟိုသတ္တဝါဆီမှာပဲ .. နင့်ကို ခေါ်တာ ဟိုမှာ သွားခေါ်နေပြီ .. ဟော ကိုင်နေပြီ .."

"ဘာလဲ .."

"ရေး ဥစ္စာကို ဂုဏ်ထည်ဝါ ကိုင်နေပြီ .."

"အမှန် နော် .. ငါ .."

ရေး နေရာမှ ထရပ်ကာ ဖုန်းကို လှမ်းဆွဲဖို့ ပြင်ကာမှ ...

"ဟလို .. ဟုတ်ပါတယ် .. ဖိုက်ဖီးရိုး တူးဖိုက်(ထ်)ကို ခေါ်တာပါ .. အဲ့ဒီက .."

"ရွှေရေးပန်းချီ ကို ပေးလိုက် .."



www.burmeseclassic.com

www.burmeseclassic.com



"ဟမ်!..."

အမွန့် မျက်နှာလေး မဲ့သွားပြီးမှ ဖုန်းကို မျက်စောင်းထိုးကာ —

"ကြီးကြီးကျယ်ကျယ် .. ဟွန်း .. ရော့ .."

ဖုန်းကို ရေး လက်ထဲ ထည့်လိုက်၏။ ရေး ကလည်း ဂုဏ် ဘာ ပြောလိုက်တာကို သိကာ ...

"ရှင့်ဖုန်း ဟိုနေ့က ဆိုင်မှာပဲ လာယူ .. ဒီက ဖုန်းကတ်ကို .."

"လာမယူနိုင်ဘူး .. ဒီမှာ ကားဘော်ဒီ ထုနေရတယ် .. 'ယူကော ဘော်ဒီရုံကို လာပေး .. မပေးနိုင်ရင် နောက် မမျှော်လင့်နဲ့တော့ .."

"ဘာ!... ဒီမှာ ဂုဏ်ထည်ဝါ .."

ရေး ဒေါသထွက်ပြီး ဇွေ့ဇွေ့ခုန်သွားသည်။ သူ့ဖုန်းကို ပြန်ယူဖို့ ရော မလိုလို့လား ...၊

"တောက်!... လူဝါးဝလိုက်တာ .. မမျှော်လင့်ဘူးလေ .. သင်း လည်း နေလိုက်ပေါ့ .."

ပြောဆိုနေကြတုန်း ဖုန်းတစ်ကောလ် ဝင်လာ၏။

"ဟဲ့ .. ဘာတဲ့လဲ .. ဘယ်သူလဲ .."

"မသိဘူး .. သူ့ဖုန်းကို ခေါ်တာ သူ့အသိ နေမှာပေါ့ .."

ရေး က ပြန်ဖြေပြီး နားထောင်လိုက်၏။

"ဟလို .."

ရေး မျက်မှောင်ကုတ်သွားတာ ကြည့်ကာ အမွန် က စပီကာဖွင့် ပစ်လိုက်၏။ ထိုအခါ တစ်ဖက်ကအသံက မာကျောကျော ...၊

"ပြောလေ.. ယူက ဘယ်သူလဲလို့...၊ ဒါ ဂုဏ်လေး ရဲ့ဖုန်းမို့လား–"

အမွန် က ဖုန်းကို ဆွဲယူလိုက်ပြီး ...

"ဂုဏ်လေးတာ ဂုဏ်ကြီးတာတွေ မေးနေမယ့်အစား ဒီဖုန်း





မိန်းကလေးတစ်ယောက် ကိုင်နေတည်းက ယူ့ သဘောမပေါက်ဘူး သား .."

"ဒါမျိုးတွေ ရှိနေပြီဟာ .. ဂုဏ့် ကို ဒီနည်းတွေနဲ့ လမ်းလွဲချိတ်ဖို့ မကြိုးစားစမ်းပါနဲ့ ...၊ ဂုဏ့် ရဲ့ ပစ္စုပ္ပန်တွေ .. အတိတ်တွေကို တို့က သိထားပြီးသား .. စီနီယာ လုံးဝ မရှိဘူး .."

"အခု ရှိနေပြီဆိုတော့ .. ယူက ဂျူနီယာ ဖြစ်သွားပြီပေါ့ .. ဘိုင့်.."

ဖုန်းပိတ်ပြီး ရယ်နေသေးသည်။

"နင် ဘာတွေ လျှောက်ပြောလိုက်တာလဲ အမွန် ရယ် .. ဒီကောင် နဲ့ ငါ စစ်တိုက်နေတာ သိရဲ့သားနဲ့ .."

"ဘာဖြစ်လဲ .. ဒီလောက်ကြောပြောနေတာကို ဒီတိုင်း ပြန်မပြော ဘဲ ငါက တောင်းပန်လိုက်ရမှာလား .."

"ဟဲ့ .. ဒါပေမယ့် .."

"ဂုဏ်ထည်ဝါ လည်း ဂရုမစိုက်နဲ့တော့ .. စစ်တိုက်ဖို့အတွက် ဇာတ်ကွက်တစ်ခုလို့ပဲ မှတ်ပြီး ရှေ့သာ ဆက် .."

"ဘာကို ရှေ့ဆက်ရမှာလဲ .. အခု နင် ပြောတာကို ဟိုက သိ လား .. သူ့ဖုန်း ငါ့ဆီမှာပဲ ထင်နေတာကို .. ငါ ပြောလိုက်တယ်ပဲ မှတ်မှာပါ ... နင် ငါ့ကို ဒုက္ခပေးပြန်ပြီ အမွန် ရယ် .."

"ဘာဒုက္ခလဲ .. နင်တို့ ဒီလောက်တောင် တင်းနေကြတာ .. သူ့ကို ကြိုက်လို့လုပ်တာ မဟုတ်မှန်း သူ သိတယ် ရေး .. ဘာဖြစ်လဲ .. သူ့ ကောင်မလေးတွေ သူ့ကို အထင်လွဲပြီး ပြဿနာရှာမယ် .. သူက ဖက် ဖက်မောအောင် လိုက်ရှင်းပြမယ် .. ဟိုပြေး ဒီလွှားနဲ့ ဒါပဲလေ.. သူ့ကို ဒီလိုနည်းနဲ့ ဒုက္ခပေးလိုက်နိုင်တာ ဂုဏ်တောင်ယူရဦးမှာ .."

ရေး အသံတိတ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ဒီဖုန်းနံပါတ်က ဘယ်လောက်လဲ ..၊ သူရော ကိုယ့် ဖုန်းနံပါတ်ကို သိနေပြီလား ..။

ကိုယ်က မမေးဖြစ်လိုက်ပေမယ့် ကိုယ့်ဖုန်းကို တစ်ယောက် ယောက်က ခေါ်လိုက်ရင်တော့ သူ မေးလိုက်ရင် သိသွားမှာပဲ ဖြစ်သည် ထိုစဉ် ဖုန်းက ထပ်မြည်လာပြန်၏။ ဒီတစ်ခါတော့ ဘယ်နံပါတ်ကို ခေါ်တာလဲလို့ မေးလိုက်ဖို့ စိတ်ကူးပေမယ့် ...

"သူပဲ ခေါ်တာဟဲ့ .."

ဘေးက ငုံ့ကြည့်နေသည့် နန္ဒာ က အရင်ဆုံး သတိပေးကာ အမှ က ရေး လက်ထဲကို ဖုန်းထည့်ပေးသည်။ ရေး ချက်ချင်း မကိုင်ဘဲ ခဏ ငိုင်နေမိစဉ် ဖုန်းက ကျသွား၏။

"ဘာလို့ မကိုင်လိုက်တာလဲ .."

စားသောက်စရာတွေ ရောက်လာတာကို ဂရုမစိုက်နိုင်ကြဘဲ ဖုန်း ကိစ္စကသာ အရေးတကြီး ဖြစ်နေကြလျက် ...

"ဟော .. ဟော .. ပြန်ခေါ်ပြီ .. ကိုင်လိုက်လေ .."

ရေး က ဖုန်းကို ရန်သူတစ်ယောက်လို ကြည့်ကာ ...

"ဟလို .."

"လေသံက မာလှချေလား .."

"ရှင် ပြောမှာကို ပြောပါ .. အပိုတွေ မပါပါနဲ့ .."

"မင်း ခု လာမှာလား ..၊ ငါ စောင့်နေရမယ်ဆိုရင် ..."

"မလာနိုင်ဘူး .. ရှင်လည်း ရှင့်ဖုန်းကို လိုချင်ရင် လာယူ .. ကျွန် က .."

သူကလည်း ရေး ဖုန်းပြောလို့ မပြီးသေးခင် ချက်ချင်းချသွား သည်။





"တွေ့လား .. တောက်!..."

"တွေ့တယ်လေ .. အဲဒါကြောင့် နင် ပြန်ဖိုက်ဖို့သာ စဉ်းစားတော့.. ကြားရတဲ့သတင်းက နည်းတောင် နည်းသေးတယ် .. တော်တော် လေဟပ်နေတဲ့ကောင် .."

"ကဲ စားစမ်းပါ .. ဒီလူတစ်ယောက်ကြောင့် အစားပျက်ရတာ ဘယ်နှစ်ခါ ရှိပြီလဲ .."

"အေးလေ .. သင်းက ဘဝင်လေဟပ်နေရအောင် ဘယ်လောက် ကြီးကျယ်ခမ်းနားနေလို့လဲ .. ပြောရရင် ရေး က သူ့ထက်တောင် တယ် .."

"နင်တို့ကလည်း ကလေးစကားတွေ ပြောနေကြပြန်ပြီ .."

လေးယောက်စလုံး မကြာခဏ ဆုံဖြစ်လာခဲ့ပေမယ့် သူမကိုက တစ်ရပ်ထဲမှာ ပါဝင်ရှုပ်ထွေးနေခဲ့တာမို့ စပြောဖြစ်ခဲ့တာလည်း ကြောင်းပဲဖြစ်ကာ တွေ့လိုက်တိုင်းလည်း ဒီအကြောင်းပဲ ပြောမိခဲ့ ၊

အမွန် တို့ သုံးယောက်ခများလည်း သူမတို့ရဲ့ လွတ်လပ်ပျော်ရွှင် ယ့် အချိန်လေးတွေမှာ ကိုယ့်အတွက်ပဲ အချိန်ကုန် အလုပ်ရှုပ် ကြရသည်။

"ကဲ .. စားပြီးရင်လည်း ပြန်မယ်ဟာ .. နင် သူ့ဆီ မသွားတာ လား .."

"ဘာလို့ သွားရမှာလဲ .. သူ့ဖုန်းကို သွားပေးမှ ငါ့ဖုန်းကို ရမှာ သူ့ဖုန်းလည်း ငါ့ဆီမှာ ရှိတယ် .. ငါက လျှော့စရာလား .."

"အေးလေ .."

"တစ်ခုပဲ စိုးရိမ်တယ် .."



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ .."

"သူက ဘော်ဒီရုံမှာ ကားဘော်ဒီ ထုနေရတယ်ဆိုတော့ .."

"အဲ့ဒါ ဘာစိုးရိမ်စရာ ရှိလို့လဲ ..၊ နင်လည်း ပြန်ပြင်ရတာပဲ .."

"တော်ကြတော့ ဟာ .. လာ .. ငါတို့ တစ်ခါတလေ စိတ်

လက်အေး ရေလယ်တံတားမှာ သွားထိုင်ရအောင် .."

"ဟာ .. နေပူပါသေးပယ် .. တခြားနေရာမှာ ဓာတ်ပုံရိုက်

မယ်လေ .. ငါ့ဖုန်းက ရီဆိုလူးရှင်း(န်) ကောင်းတယ် .."

"မရိုက်ချင်ပါဘူး .. ငါ ဘဏ်ကို သွားရဦးမှာ .. နောက်ကျ

မဖြစ်ဘူး .."

ရေး တစ်ယောက်တည်း ခေါင်းခါပြီးမှ ...

"ငါ တကယ် အချိန်မရလို့ပါဟာ .."

"တော်ပါ .. ခွဲထွက်သွားပြီဆို သူချည်းပဲ .."

"အေးလေ .. ငါတို့ချည်းပဲ ကျန်ခဲ့ကြတာ .."

ပြောပြောဆိုဆိုနဲ့ပဲ တညီတညွတ်တည်း ထရပ်လိုက်ကြကာ

က ပိုက်ဆံရှင်းနေရင်း နောက်ဆုံးမှ ထရပ်ပြီး ...

"ငါတို့လည်း ဘဏ်ကို လိုက်မယ်လေ.. နင့်မှာ ကားမှ မပါတာ

"ရပါတယ် .. ငါ ဒီတိုင်းပဲ .."

"ဒီမှာ .. ဒီမှာ ဗျ .."

ရေး တို့ ဆိုင်ထဲကနေ တန်းစီပြီး ဖြတ်သန်းလာခဲ့ကြစဉ်

အဝင်ဝကနေ အသံကျယ်ကျယ်နှင့် လက်ညှိုးထိုးခေါ်၍ ဝင်လာသူ

ယောက်က ...

"အစ်မတို့က မာစီးဒီး နိုင်းဂျီ အနက်ရောင် ဘော်ဒီထုထာ

အစ်မတွေလား .."





"ရှင်!..."

"ဘာ!..."

မေးခွန်းနှင့် ရေ့ကို တလွှားလွှား ရောက်လာသူနှစ်ယောက်ကို

့ သိလည်း မသိ ..၊ ဒီကားကိုလည်း ဂုဏ်ကားဆိုတာ ရုတ်

မစဉ်းစားမိဘဲ ...

"ရှင် .. ဘာတွေ လာပြောနေတာလဲ .."

"ဟား!..."

"ဟာဗျာ .. ခင်ဗျားတို့ အဲ့ဒါပဲ .."

သူတို့ကပဲ စိတ်ပျက်လက်ပျက် လက်မြှောက်ခြေမြှောက်နှင့် ...

ြီးတော့ နောက်က ပါလာသူသည် စက်ဆီမည်းတွေ စွန်းထင်း

နေသော အဖြူမှန်း အညိုမှန်း မသိနိုင်တော့သည့် အင်္ကျီကို

င်းက ဆွဲတင်လိုက် .. လက်မောင်းက ဆွဲလိုက်နှင့် အလွန်အမင်း

ထွက်သွားသလို ရေ့တက်လာပြီး ...

"မီးလုံးကွဲသွားတာလည်း ထည့်ပေးထားရတယ် .. မျက်နှာ တစ်

း စုတ်ပြတ်နေတာကိုလည်း ထုပေးထားတယ် .. ပိုက်ဆံရှင်းဖို့

တ်ပြေးနေတယ် .."

"ဘာ!..."

တွေကြားထဲမှာ သူမတို့ ပူထူကုန်ကာ ဘာတွေ ဘယ်လို ထဖြစ်

း မသိတော့ပေ ..၊

"ဟိုလူကလည်း ခင်ဗျားတို့ ပေးမှာတဲ့ .. ခင်ဗျားတို့ကလည်း

လေးတွေ မတန်မယ့် ကားပြင်ထားပြီးမှ ပတ်ပြေးနေတယ် ..

ကျ ဘယ်သူ့ဆီက တောင်းရမှာလဲဗျ .."

ကြည့်စမ်း ..၊ ဒါ ဂုဏ်လက်ချက် ..၊



www.burmeseclassic.com

www.burmeseclassic.com



နောက်ကျမှ တွေးမိရခြင်းအတွက် ရေး ခံပြင်းစွာ တက်ခေါက်မိ၏။ အခြေအနေ ဘယ်လိုရှိရှိ စားသောက်ဆိုင်ကြီးထဲမှာ ကြွေးတောင်းခံရခြင်းပဲ ဖြစ်ကာ ...

"ဒီမှာ ... အဲ့ဒီကားက .."

"နေကြပါဦး .. ကျွန်တော့်ကိစ္စက ပိုအရေးကြီးလို့ပါ .."

နောက်ထပ် လူရွယ်နှစ်ယောက် ထပ်ရောက်လာကာ ရေး ကိုင်ထားသည့် ဖုန်းကို လက်ညှိုးထိုး၍ ...

"ခင်ဗျား ဘာပြဿနာတွေ တက်နေသလဲတော့ မသိဘူး .. ကျွန်တော့်ဖုန်းကို ပြန်ပေးပါ ဗျာ .."

"ဘာ!..."

"ဖုန်း ကောက်ရထားတယ်ဆိုလို့ ကျွန်တော့်မှာ ပြေးလာလိုက်တာ .. ပစ္စည်းပြန်ပေးလို့ ကျေးဇူးဆပ်တယ်ဆိုတာ ဒီဟန်းဆက် တန်သလောက်တော့ ဘယ်ပေးနိုင်ပါ့မလဲ .."

လူရွယ်က ဖြူဖြူချောချောလေးပဲဖြစ်ကာ မျက်နှာက ခေတောင်းပန်ဟန်တွေအပြည့်နှင့် လူတွေဘက်ကို လှည့်ပြီး ထောက်ခံတောင်းသလို ကြည့်လိုက်သေးသည်။ ပြီးမှ ...

"ကျွန်တော် ပေးနိုင်သလောက်နဲ့ပဲ ကျေနပ်ပေးပါ .. ခင်ဗျားလိုချင်သလောက် မပေးနိုင်လို့ပါ .. တကယ်ပါဗျာ .. ကျွန်တော့်ဖုန်းလေး ပြန်ပေးပါ .."

"ဒီမှာ .. ရှင်တို့ ဘယ်သူတွေလဲ .. အကုန်လုံးကို သရေဖျက်ပြီး တရားစွဲပစ်လို့ ရတယ် နော် .."

ဘယ်သူ့အနေအထား ဘယ်လိုရှိနေသည်ကို မသိတော့သော အမွန် စိတ်တိုပြီး အားလုံးကို အော်ပစ်လိုက်၏။





"ဟာ .. ခင်ဗျားတို့က ဒီလိုလား .."

"လုပ်လိုက်လေ .. ဒီနေရာထိ လိုက်တောင်းရတည်းက ခင်ဗျားအဲဒီလို မိန်းကလေးတွေမှန်း သိပါတယ် .."

"ကြည့်စမ်း .. ဒီလူ .."

"ကားကို လာပို့ထားပြီး ဟိုလူပေးမှာလိုလို .. ဒီလူ ပေးမှာလိုလိုတည်းက ပိုက်ဆံမပေးနိုင်သေးရင်လည်း ကား လာမပြင်ဘဲ နေ ... ခုတော့ အမြန်လုပ်ပါလည်း ပြောသေးတယ် .. ကျုပ်တို့ ဘယ်လောက်နစ်နာသလဲ သိလား .."

"ဟုတ်တယ် .. ဖုန်းဆက်တောင်းလည်း မရဘူး .. လိုက်တောင်းတဲ့လူတွေကို တရားစွဲဦးမယ်တဲ့ .. အံ့ရောဗျာ .."

"ဒီမှာ အစ်မဗျာ .. ကျွန်တော့်ဖုန်း ပြန်ပေးပါ .. ခင်ဗျား ဒီဖုန်း ...တ်တောင် မသိဘဲနဲ့ ဘယ်သူ ခေါ်မလဲ စောင့်မေးမလို့လား .. ခုနေ ...ဘာလေးနဲ့ ကျေနပ်ပေးရင် နှစ်ဖက်စလုံး အကျိုးရှိပါတယ် .."

"တောက်!..."

ရေး ဒေါသတွေ ဆူပွက်ကာ ရှက်ဖို့ကိုလည်း သတိမရတော့ပေ...၊ ...ဆိုင်လုံးကိုသာမက တစ်လောကလုံးကို မသိတော့ဘဲ ...

"ဂုဏ်ထည်ဝါ .. လူယုတ်မာ .."

စိတ်ရှိလက်ရှိ အော်ရင်း ဖုန်းကို နံရံဆီ လွှဲပေါက်ပစ်လိုက်သည်။ ...သည် အစိတ်စိတ်အမြွှာမြွှာ လွင့်စင်ကုန်လျက် ...

"ဟာ .. ရှက်ရမ်း ရမ်းကုန်ပြီ .."

လူတွေထဲက တိုးတိုးကြိတ်ကြိတ် ထွက်လာသောအသံသည် ...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၇)

ပေါ်တီကိုအောက်ကို ကားဝင်လာတော့ ညနေ ခြောက်နာရီ
ထိတိ …၊

ရေး ခြေချင်းချိတ်ထားခြင်းကို ဖြုတ်၍ နာရီဆီ မျက်လုံးရောက်
သွားသည်။ ဆင်းလာသူက ဂုဏ် ပဲ ဖြစ်ကာ အိမ်ပေါ်ကို ခြေလှမ်းလိုက်
တာနှင့် မျက်လုံးက သူမဆီ တန်းခနဲ ရောက်၏။

ကလေးကိုလည်း မတွေ့ …၊ ဘယ်သူမှလည်း မရှိ …။

ရေး ကို ဧည့်ခန်းမှာ တစ်ယောက်တည်း အကျအန ထိုင်နေ
မျိုး မတွေ့ခဲ့ဖူးသဖြင့် တစ်ခုခုဆိုတာ ခံစားမိလိုက်သည်။

ကိုယ်ကလည်း တစ်ခုခု ကြံစည်ထားခဲ့တာမို့ ဘယ်သူ့ဘက်
တစ်ခုခုကိုမှ အရေးမစိုက်စွာ ကားသော့ကို ဆော့ရင်း တောက်လျှောက်
ဝင်လာခဲ့၏။

သူမ ထရပ်လိုက်တာကိုလည်း မြင်သည်။ ဒါပေမယ့် မျက်လုံး
တော့ မရောက်ခဲ့ဘဲ ဒီတိုင်း ဆက်ဝင်လာခဲ့လျှင် …

"ဂုဏ်ထည်ဝါ …"





ခြေသံက ကိုယ့်နောက်မှာ ချက်ချင်း ကပ်လျက် ပါလာတော့
နောက်သို့သွားခြင်းနှင့်အတူ လှည့်ကြည့်လိုက်မိ၏။

မျက်လုံးထဲမှာ ရိုပ်ခနဲဆို ဘာမှ ပြင်ဆင်ချိန် မရလိုက်မီ …

"ဖြန်း …"

မိုက်ခနဲ ဖြစ်သွားကာ ပါးတစ်ဖက်သည် ဓားနဲ့ ဖြတ်လှီးခံလိုက်ရ
သလို တစ်ခါဖူးမျှ မခံစားဖူးခဲ့သော ပြင်းရှသည့် ဝေဒနာက ရုတ်တရက်
ကိုယ့်ကိုယ်ကိုယ် ဘာဖြစ်သွားမှန်း မသိလိုက်ခင် ဒုက္ခပေး၏။

"အဲ့ဒါ … ယုတ်မာဦး …"

"ဘာ!… ဖြစ်တယ် … ယုတ်မာတယ် ဟုတ်လား …"

ဆံပင်တွေကို အကြမ်းပတမ်း ခါထုတ်ပစ်လိုက်ကာ ဒေါသက
သူမနဲ့ ထပ်တူ …၊

"ယုတ်မာတော့ ဘာဖြစ်လဲ … မင်းလို မိန်းမကို ယုတ်မာတော့
ဘာဖြစ်သွားနိုင်သလဲ …၊ ဒီမှာ ရွှေရေးပန်းချီ …"

"ရှင်!… ဖယ် နော် …"

"လူယုတ်မာဆိုတာ ချိုမပါဘူး … အဲဒါကြောင့် ငါ့အိမ်ပေါ်
တက်လာပြီး မင်း ထင်တိုင်းကြဲဖို့ ကြိုးစားနိုင်ခဲ့တာ …"

"ရှင် … ဖယ်လို့ ပြောနေတယ် … လွှတ် …"

ပခုံးနှစ်ဖက်ကို ဖိညှစ်ဆုပ်ကိုင်ကာ ဒေါသကြီးနေသည့် ခြေလှမ်း
များနောက်မှာ ရေး နောက်ဆုတ်နေမိရင်း နံရံမှာ ကျောနဲ့ ကပ်မိတော့မှ
ရပ်တန့်သွား၏။

"မင်း လုပ်နေတာတွေကတော့ ကောင်းသလား … ထင်သလို
မိုက်ရိုင်း … ထင်သလို နေ … အေး … အဲဒီထဲမှာ မင်း လုံးဝ မှားသွားတာ
ငါ့ပါးကို ရိုက်လိုက်နိုင်တာပဲ …"



www.burmeseclassic.com

www.burmeseclassic.com



"ဂုဏ်ထည်ဝါ .. ရှင့်!... ရှင် မယုတ်မာနဲ့ .. လွှတ် နော် .."

"မရဘူး .. ငါလည်း မင်းလိုပဲ မိုက်ရိုင်းတတ်တယ် .."

"ဟင့်အင်း .. ရှင် ကျွန်မကို ထိကြည့် .."

ရေး သူ့ကို ပါးရိုက်ဖို့ လက်ပြင်လိုက်တာနှင့် နံရံမှာ ဖိကပ်ချုပ်

ကာ မျက်နှာလွှဲသမျှ အတင်းလိုက်နမ်း၏။

"လူရမ်းကား .. ရှင် မယုတ်မာနဲ့ .."

ကြောက်လန့် တုန်လှုပ်လာခြင်းသည် မျက်ရည်စက်တွေအဖြ

ပြိုဆင်းလာကြ၏။ ထိုစဉ် ...

"ဂုဏ် .. လူလေး .. မလုပ်နဲ့ .."

ဦးကျော်ထွန်း ၏ ပျာပျာသလဲ တားဆီးသံကြောင့် ဂုဏ့် လှုပ်ရှာ

မှုတွေ ရပ်တန့်သွား၏။

ရေး က သူ့ရင်ဘတ်ကို ဆောင့်တွန်းပစ်လိုက်ကာ ...

"ကဲ .."

"ဖြန်း .."

ဂုဏ့် မျက်နှာ လည်ထွက်သွားသည်။ နောက်တစ်ချက်ထိ သူ

မထင်မှတ်စွာ ခံလိုက်ရလျှင် ...

"ဟိတ် .. မင်း!..."

"လူလေး .."

ရေး လက်ကို ဖျတ်ခနဲ ဖမ်းဆွဲလိုက်ပေမယ့် ဦးကျော်ထွန်း ဖ

ကြားကနေ သူ့လက်ကို ပြန်ဆွဲထားလိုက်ပြီး ...

"မလုပ်ပါနဲ့ကွာ .. သူက မိန်းကလေး .."

"မိန်းကလေးက ရိုက်တိုင်း ခံနေရမယ်လို့ ဘယ်ဥပဒေက သင်

မှတ်ထားလို့လဲ ..၊ တောက်!... ဒီမိန်းမ .."





ပါးတစ်ဖက်တည်းမှာပဲ အရိုက်ခံလိုက်ရတာ နှစ်ကြိမ် ..၊ ဂုဏ်

ဒါသထွက်လွန်းကာ ညှော်ခန်းမှာ အလှအပ ပြင်ဆင်ထားတာရှိသမျှ

အားလုံးကို ဆွဲချ ပေါက်ခွဲပစ်၏။

"လူလေး .. မင်းအဖေ သိသွားရင် ပြဿနာ ပိုကြီးသွားပါ့မယ်

ဆော်ပါတော့ .. သူ့ဒွေး အခြေအနေ တစ်နေ့ထက်တစ်နေ့ ဆိုးလာတာ

မင်း သိသားနဲ့ လူလေးရာ .."

"ဒါပဲ .. ကျွန်တော် ဘာလုပ်လုပ် ဖေဖေ ရှိတယ် .. ဒီမိန်းမက

ဆော့ ဖေဖေ့ကို သေပါစေဆိုပြီး နေ့ရှိသမျှ ကျိန်တွယ်နေတယ် .. အဲ့ဒါ

ဘယ်သူ ခွင့်ပြုထားတဲ့ ပါမစ်နဲ့လဲ .. သူ့ကျမှ ဘာဖြစ်လို့ စော်ကားခွင့်

ရှိနေတာလဲ .."

"လူလေးရယ် .."

ဦးကျော်ထွန်း ပြောဖို့ ခက်ပါပြီ ..၊ လူကြီးတွေ မျှော်လင့်နေကြ

ဘာက တစ်မျိုး ..၊

သူတို့ ဦးတည် ပြင်ဆင်နေကြတာက တခြား ..၊

ဘာတွေ ဖြစ်လာမယ် .. မလာဘူး ဆိုတာကတော့ ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၈)

ကိုယ့်မျက်နှာကို မှန်ထဲမှာ ပြန်ကြည့်မိတိုင်း သွေးခြည်ဥ၍ ထင်ကျန်ရစ်သော အနီကွက်တချို့က မွှေရေးပန်ချီ ဆိုသော မိန်းမ၏လက်တစ်ဖက်ကို မမေ့ဖို့ သတိပေးနေခဲ့၏။

ရေချိုးခန်းထဲ ရောက်လာသည်နှင့် သွားတိုက်နေရင်း မျက်လုံးသပါးတစ်ဖက်မှာပဲ စူးစိုက်နေခဲ့သည်။

ပလုတ်ကျင်းနေရင်းနဲ့လည်း မှန်ဆီမှာပဲ အကြည့်ကို့ရှိကာ လက်ခုပ်ထဲက ရေနဲ့ ကိုယ့်လည်ကုပ်ကို ပြန်ရိုက်ရင်း ထိုရိုက်ချက်တွေကြောင့် ပါးပြင်ကို စိတ်ဝင်စားခြင်းက ပိုနေခဲ့၏။

ပြီးတော့ ရေစိုနေသည့်လက်နဲ့ ပါးကို ပွတ်သပ်နေမိသည်၊

ခုချိန်မှာ သူမရဲ့ ရိုက်ချက်တွေကို သတိရနေခြင်းက ဒေါသသက်နဲ့ မဟုတ်ပေ …၊

ဒီလောက်ထိ အကဲပိုလွန်းသော မိန်းမတစ်ယောက်၏ ဒေါသနားမလည်ခြင်းသာ ဖြစ်လျက် …

"ဒေါက် .. ဒေါက် .."





တံခါးခေါက်သံကြောင့် လှည့်ကြည့်လိုက်မိသည်။ ထိုစဉ် တံခါးက ရုပ်ခနဲ ပွင့်သွားကာ …

"ဟင်!…"

တဘက်နဲ့ ပဝါကို ပိုက်လျက် ရေး မျက်လုံးဝိုင်းသွားသည်။ ချက်ချင်း မျက်နှာလွှဲပစ်၍ လှည့်ထွက်လာခဲ့၏။

"ဟိတ် .. နေဦး .."

ဂုဏ် ရေး နောက်က လိုက်လာခဲ့ရင်း …

"နေဦးလို့ ပြောနေတာ မကြားဘူးလား .."

ဘေးကနေ ထိကပ်တော့မလို ကပ်ပြောလိုက်သဖြင့် ရေး က ဘစောင်း လှည့်ရပ်လိုက်ပြီး မျက်နှာလွှဲ၍ …

"ဘာလဲ .."

"အဲဒါ မင်းကို မေးရမှာ ..၊ မင်း ဝင်လို့ရပြီသားနဲ့ ဘာလို့ ပြန်လှည့်သွားတာလဲ .."

"ဩော် .. ရှင် အဲဒါကို သေလုမြောပါး လိုက်ပြောရတာလား.."

ရန်တွေ့ဖို့ကျမှ ရဲရင့်စွာ လှည့်လာသဖြင့် ဂုဏ် က မဲ့သည်။ ပခုံးက ချက်နှာသုတ်ပဝါကို လည်ပင်းမှာ ပတ်လိုက်ပြီး ခါးထောက်၍ …

"အဲဒါကိုပြောဖို့ သေလုမြောပါး လိုက်လာမှာ မဟုတ်မှန်း မင်းသိပါတယ် .. လူကို မြင်တာနဲ့ သန့်ဖျပ်ပြီး ပြန်လှည့်ပြေးတာကို သိချင်လို့ .. ဘာလဲ .. မနေ့က မင်း ငါ့ပါးကို ရိုက်ခဲ့ပြီးမှ လန့်နေတာလား.."

"ဟွန့် .."

ရေး ကလည်း ပခုံးလေးပါ တွန့်၍ မဲ့သည်။

"ဟုတ်မှာပေါ့ .. ဒီနေ့ အနားမှာ ဘယ်သူမှ ဝင်ဆွဲမယ့်လူ ရှိဘူးလေ .."



www.burmeseclassic.com

www.burmeseclassic.com



"ဂုဏ်ထည်ဝါ .."

"ပြော .."

"အင်အားကြီးလို့ အင်အားနည်းတဲ့လူကို စိန်ခေါ်ရတာ ရှင် တော်တော် ဂုဏ်ယူနေပုံပဲ .."

"အင်အားချင်း မမျှရင် စိန်မခေါ်သင့်ဘူးဆိုတာလည်း မင်း သိဖို့ကောင်းတယ် .."

"အဲဒီတော့ ရှင်က မကျေနပ်လို့ ခု ထပ်ပြီး စိန်ခေါ်တာလား.."

"စိန်ခေါ်တယ် ဆိုတော့ .."

"ကျွန်မက ရှင် ထင်သလို အင်အားချင်း မျှမမျှ နှိုင်းယှဉ်ပြီး ခေါ်သထွက်တတ်တာ မဟုတ်မှန်း ရှင် သိသွားမှာပေါ့ .."

"သြော .. သြော ..."

ဂုဏ် က ခပ်စောင်းစောင်း ခေါင်းညိတ်ပြီး မဲ့သည်။ ရေး ကလည်း ဂရုမစိုက် ...၊

"ရှင် ကျွန်မကို အင်အားကြောင့် နိုင်ချင် နိုင်လိမ့်မယ် ဂုဏ်ထည်ဝါ .. ဒါပေမယ့် ကျွန်မက မမျှတမှုပေါ်မှာ ဘယ်တော့မှ အရှုံးမပေးတတ်တဲ့ မိန်းမ .."

"အေး .. ငါကလည်း အင်အား မျှတာ မမျှတာ .. အထီးလား အမလား နားမလည်ဘူး .. စိတ်ထဲက နာရင် စိတ်နဲ့ ...၊ အသားပေါ်မှာ နာရင် နာသလိုပဲ .. အဲဒါကြောင့် မင်းကို သတိပေးလိုက်မယ် .. နောက်ထပ်ပြီး မင်း ငါနဲ့ ထိပ်တိုက် ရင်မဆိုင်မိစေနဲ့ .."

မျက်နှာနား ကပ်ကြိမ်းသွားသဖြင့် ရေး မျက်နှာလေး နောက်တွန့်သွားသည်။ ထိုစဉ် ...

"ခွမ်း .."





နောက်က ကွဲရှသံကြောင့် ထွက်သွားပြီးမှ ဂုဏ် က လှည့်ကြည့်သည်။ ပြီးတော့ အပေါ်ထပ် တက်သွား၏။

"မေမေ .."

မိနှင်း ကြောက်ကြောက်လန့်လန့်နှင့် ဖိတ်စဉ် ကွဲရှကုန်တာတွေကို ငုတ်တုတ်လေး ထိုင်ချလိုက်ပြီး ကောက်၏။ ပြီးတော့ ရေး ကိုသည်း ရှင်းပြဖို့ ကြိုးစားရင်း ကောက်တော့မလို ကျုံးတော့မလို ကတုန်ကယင် ဖြစ်နေရှာသည်။

"ဘာဖြစ်တာလဲ မိနှင်း .. အမှိုက်ဂေါ် သွားယူလေ .. လက်တွေ ဒီလိမ့်မယ် .."

"ရှင် .. ဟုတ် .. ဟုတ်ကဲ့ .."

ရေး ကတော့ သူမ ဘာဖြစ်သွားတယ်ဆိုတာ တကယ် မသိခဲ့...၊



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁၉)

"ဟုတ်လို့လား မိနှင်း ရယ် .."

"ဟုတ်ပါတယ်ဆို အစ်မစိန် ကလည်း .."

"မဖြစ်နိုင်ဘူး .."

"ကျွန်မ မျက်စိနဲ့ တပ်အပ်ကြီး မြင်တာပါ အစ်မစိန် ရယ် .. အစ်ကိုလေးက မမကို ငုံ့နမ်းလိုက်တာ အရှင်းကြီး ..၊ ပြီးတော့ မမက ရှက်နေတာ .."

ဟင်!...

ဦးနေဂုဏ် ခြေလှမ်းတွေ ရပ်တန့်သွား၏။

ထိုအချိန်မှာပဲ နောက်ကနေ ဝင်လာသည့် ရေး ကလည်း ဦးနေဂုဏ် ကို အရင်မြင်သွားကာ ထမင်းစားခန်းရှေ့မှာ ကွယ်ပြီး နားစိုက်ထောင်နေပုံကို အံ့ဩသွား၏။





အထဲက စကားသံတစ်ခုခုကို ခိုးချောင်းခိုးဝှက် နားထောင်နေမှန်း သာနေလျက် ဘာအကြောင်းအရာမို့လို့ ဒီလို နားထောင်နေရကာလဲ တာ သူမပါ စိတ်ဝင်စားသွားခဲ့၏။

သူမ ဒီတိုင်း ဖြတ်ထွက်သွားရင်လည်း ဦးနေဂုဏ် သူခိုးလူမိပြီး ရဲ့ မရိုးသားမှုတွေကို ချက်ချင်း ဖုံးကွယ်ပစ်မှာ သေချာသည်။

ထို့ကြောင့် သူမလည်း နံရံနား ကပ်၍ ...

"အစ်ကိုလေးက အရမ်းချောတာ .. မမကလည်း ပါးချိုင့်လေး နဲ့ ဖွာဖွာထက်ထက်လေး အရမ်းလိုက်တာပဲ နော် .."

"ဒီလောက်မတည့်တာကို မိနှင်း ရယ် .. နင် လျှောက်ပြောနေတာ တော့ .."

"လျှောက်ပြောတာ မဟုတ်ပါဘူးဆိုမှ အစ်မစိန် ရယ် .. အစ်ကို ကယ် တကယ် နမ်းလိုက်တာပါ .."

ဘုရားရေ!...

သေချာကြားလိုက်ရသည့် စကားကြောင့် ရေး မျက်လုံးပြူးသွား သည်။

"မမကလည်း ရှက်သွားတာများ ဘယ်လိုပုံစံလေးမှန်းကို မသိ .. ကျွန်မ ဆို .. သိမ်းလာတဲ့ ဖန်ခွက်နဲ့ ဇွန်းတွေ လွှတ်တောင် တယ် .."

"နင် အဲ့ဒါကို မြင်ပြီး ကျကွဲကုန်တာလား .."

"ဟုတ်ပါတယ်ဆိုမှ .. ခုထိ မယုံသေးဘူးလား အစ်မစိန် ရယ်.. အစ်ကိုလေးနဲ့သာ ညားသွားရင် အရမ်းကောင်းမှာ နော် .."

"ဟဲ့ .. လျှောက်ပြောမနေနဲ့ .."

"တွေးကြည့်တာပါ .. တောကဗျာလေး လည်း အမေ အစ



www.burmeseclassic.com

www.burmeseclassic.com



မယ် .. အစ်ကိုလေးနဲ့ ကျတော့လည်း မောင်နှမလေ .. အစ်ကိုကြီး
အဖအရာဆိုတော့ အဖေ အမေ ခေါ်လို့ ရတာပဲဟာ .."

"အေးလေ .. နင် ပြောသလို မဖြစ်နိုင်ဘူးလို့တော့ ခုထိ ထင်
တုန်းပဲ .. ဒါပေမယ့် အဲဒီလို ဖြစ်သွားရင် ကောင်းမှာပဲဆိုတာမျိုး
လည်း တွေးမိတာပဲ ..၊ ပြီးတော့ သူ့မွေးကြီးကိုလည်း ငါ သနားတယ်
လေးလည်း လေးစားတယ် .."

"ဟုတ်ပ .. မမလေး နဲ့ ချုတ်စွပ်တူနေပေမယ့် မမ ရွှေရေး
ကိုကျတော့ တူမသားချင်းလိုပဲ နော် .. ဒါနဲ့များ အစ်ကိုလေးနဲ့ လ
ထပ်ပေးလိုက်ရင် ပြီးတာပဲ .."

"အောင်မယ်လေး .. ငါကလည်း ပြောသမျှ ဝိုင်းကူပြော
တော့တယ် ဒုက္ခပါပဲ .. တော်တော့ မိနှင်း ရေ .. ချက်စရာရှိတာ
မြန် ချက် .. တော်ကြာ ကလေး ကျောင်းကပြန်လာရင် ငါက ကလေး
နေရမှာ .. နင် တစ်ယောက်တည်း ဖြစ်နေလိမ့်မယ် .."

"သြော် .. ဘာမှ မရှိတော့ဘူး ပြီးနေပြီ .. ကျွန်မကတော့ မ
အစ်ကိုလေးကို မျက်စိထဲ မြင်နေပြီးတော့လေ .."

"တယ် .. ဒီကလေးမ တော်ပါတော့ ဆိုတာကို .."

ရေး ထွက်သွားချင်ပေမယ့် ထွက်ဖို့ ခက်နေဆဲ .. ၊ ဦးမနေဂုဏ်
ခပ်လှုပ်လှုပ် လျှောက်ထွက်လာ၏။

သူမ ရုတ်တရက် ထိတ်သွားသော်လည်း ဦးမနေဂုဏ် က ဒီဘက်
ကို မလှည့်ဘဲ မျက်နှာသည် အပြုံးတို့ ခိုတွဲနေလျှင် ...

ဒီလူကြီးက သူ့သားနဲ့များ ငါ့ကို စိတ်ကူးနေတာလား ..၊

ပြုံးသွားသည့်မျက်နှာကို မြင်လိုက်ရတာတောင် မယုံချင်သ
ဖြစ်နေခဲ့၏။





သူမ စိတ်ကူးတွေထဲမှာ ဒီလူကြီးရဲ့ ဘဝနဲ့ သိက္ခာတွေ အစိတ်
စိတ်မြွှာ ဖြစ်သွားအောင် သူမ လုပ်နိုင်ခဲ့သည်။

ဒါကြောင့်လည်း သူများရဲ့စက်ကွင်းထဲထိ သူမ ရဲရင့်စွာ ဝင်လာ
ခဲ့ ..၊

ဘာတွေ ဖြစ်ကုန်တာလဲ ..၊

သဘာဝတွေက ပြောင်းလဲကုန်တာလား .. လူတွေက ပြောင်းလဲ
ကုန်တာလား ..၊

ဒါပေမယ့် သူမကတော့ မပြောင်းလဲနိုင် ..၊

ဒီမိသားစု တစ်စုလုံးက သူမရဲ့ ရန်သူ ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၀)

"အေး .. ရန်သူလို သဘောထားကဲ့လူက အသက်တောင် ထွက်
တော့မယ် .. ကိုယ့်ကိုလည်း လက်နက်မျ အရှုံးပေးထားပြီးသား .."

"ဟုတ်တယ် .. နင် မှ တိုက်နိုက်နေရတာက ဂုဏ်ထည်ဝါ .."

"ငါ သူ့ကို ခေါင်းထဲမှာကို မရှိဘူး .."

"အေး .. နင်ကချည်းပဲ ဆော်ထည့်နေရတာကိုး ရေး ရဲ့ .. နင်
ပါးရိုက်လိုက်တာကို ဟိုက ကျေနပ် မေ့ပျောက်သွားမယ်များ ထင်လို့
လား .."

"ဟုတ်ပ ရေး ရယ် .. ဘာမှ မဟုတ်တာလေးကိုတောင် စား
သောက်ဆိုင်ထဲမှာ အရှက်ခွဲလိုက်တာ ညုပ်ပူးညုပ်ပိတ် .."

လုံမေ တို့က ထိုအဖြစ်အပျက်ကို ပြောတိုင်း ဒေါသတွေ ထွက်
မဲ့ရှုံ့နေကြတုန်း ...။





"...ပ်လေးချောသလောက် တော်တော်ညစ်ပတ်တတ်တဲ့ သတ္တဝါ.."

"...ကဲဟာ .. ဒေါသတွေ ထွက်ပြမနေပါနဲ့တော့ .. ရေး ဆော်ထည့်
...ာလည်း ဟိုမှာ မီးပွားတစ်စ ဖြစ်သွားပြီးပြီ.. အဲဒီမီးစ ထတောက်
...ါစေနဲ့ပဲ ဆုတောင်းကြဦး .."

...ုံမေ က ခုကျမှ လူကြီးလေးလို နားချ ညည်းတွားနေ၏။
...ါ တွေ့ဖြစ်ကြတာကိုက အင်းလျားကန်ပေါင်မှာဖြစ်ကာ ဘယ်
...မှလည်း မထိုင်ကြပေ ...။

...နေကြာစေ့ နှစ်ထုပ်က လေးယောက်လက်ထဲမှာ မရောင်းရသည့်
...ည်တစ်ယောက် ငိုက်မျဉ်းနေသလို ဘယ်သူမှ ဖောက်ဖို့ စားဖို့
...ူးမရှိကြတော့ ဒီအတိုင်း ...။

"ချွတ်စွပ်တူနေတဲ့ အစ်မနေရာမှာ နင် ဝင်သွားတာကိုက မှား
... ဆားလူကြည့်ရင် နင်က သူ့ဌေးကြီးကို မှန်းပြီး ဒုတိယမြောက်
...သီအဖြစ် ဆက်ခံချင်နေလို့ သွားသလိုပဲ .."

"ဟုတ်တယ် .. ခဏ ခဏ အဖေ်ပြောရတာ ကောင်းတော့
...င်းပါဘူး .. ဒါပေမယ့် နင် အမြင်မှန် မရလို့ ခက်နေတာ .."

...ုံမေ နဲ့ အမွန် တို့က တစ်ယောက်တစ်လှည့် အပြစ်တင်နေကြ

"သူဌေးကြီးက အခု ရောဂါသည်မို့ ရုပ်ကျနေတာရယ် .. မဟုတ်
...သက်ကို ဖယ်ကြည့်ပါလား .. အရွယ်က အလတ်ကြီး ရှိသေး
.."

"အမွန် ပြောတာ ဟုတ်တယ် .. ဒါကြောင့်ပဲ ဟိုက စိတ်လျော့
...ာလည်း ဖြစ်နိုင်တာပဲ .. မဟုတ်ရင် သူ့မိန်းမနဲ့ ချွတ်စွပ်တူနေ
...ီးကို လက်လွှတ်ခံမလား .."



www.burmeseclassic.com

www.burmeseclassic.com



"ငါကလည်း အဲဒါမျိုး ဖြစ်မလာလို့ အံ့ဩနေတာ .."

"ငါတို့ကတော့ ဖြစ်လာလည်း နင် ရှောင်နိုင်မှာ မဟုတ်ဘူး
တာပဲ .."

"ဘာ!..."

ရေး ရဲ့ ဒေါသဖြစ်နေသည့် မျက်နှာကို အမွန် က ပြန်ကြည့်
၍ ...

"နင် သူ့များအရိပ်ကို သွားခိုနေတာ သူ့လက်ခုပ်ထဲက ရေပဲ
ရဲ့ .. နောက်ပြီး နင့်တူမ မျက်နှာကို ငဲ့ရတော့မယ် .. နင် ဘယ်လော
သတ္တိကောင်းမှာလဲ .."

"အဲ့ဒါ ငါ့ဘက်က ဘာမှ ပြခွင့်မရတော့လို့ နင်တို့ ပြောနိုင်
နေတာ .. ဒီလူကြီးသာ ငါ့စိတ်ကူးထဲကအတိုင်း ငါ့ကို ပြစ်မှားကြည့်
လိုက်စမ်းပါ .. သူ စော်ကားခွင့် ကြုံဖို့အထိ ငါ အခွင့်အရေး မပေး
ဘူး .."

"ဘာပဲဖြစ်ဖြစ် နင် လုပ်တာတွေ အရမ်း အန္တရာယ်များနေတယ်
ဆိုတာ လက်ခံစမ်းပါ ရေး ရယ် .."

"အေးလေ.. အခု ဦးခနဂုဏ် ကို ကြောက်စရာ မလိုတော့.. သ
က တစ်မျိုး .."

ရေး က ကန့်ရေပြင်ထဲကို ငေးစိုက်နေရင်း အံကြိတ်လျက် ...

"ဒီလူကြီး ကလေးနဲ့ ငါ့ကို မှားလိုက်တည်းက ငါ့ဘက်က အပိုင်
တွက်လိုက်တာ .. သင်းရဲ့ မကောင်းတဲ့ အကျင့်တွေ၊ စိတ်ဓာတ်တွေ
သူ့သားရှေ့မှာ ကောင်းကောင်းကြီး ဖော်ထုတ်ပြဖို့လေ ...၊ ဟွန်း .. သူ
များ ငါ့အစ်မကို မုန်းနေသေးတယ် .. ဖအေက ယုတ်မာလိုက် .. သ
က မိုက်ရိုင်းလိုက် .. ငါ့အစ်မ ဘယ်လောက်ထိ အဖြစ်ဆိုးခဲ့ရသလဲ."





"ဒီကောင်က မိုက်ရိုင်းတဲ့ဗီဇကို ပါလာတာနဲ့ တူပါတယ် .."

"သူ မိုက်ရိုင်းသလောက် ငါကလည်း တုံ့ပြန်ဖို့ ပြင်ဆင်ထားပြီး
သား အမွန် .. သူ့အဖေ ယုတ်မာတာကို အရှက်ခွဲပြီးရင် ငါ့အစ်မ
အတွက် သင်းကို ဒဏ်ခတ်ရဦးမှာ ...၊ ခုတော့ ဟိုတစ်ယောက်က သေ
နိုး ဖြစ်နေပြီ .."

"အဲဒီတော့ .. ကျန်တာတွေကို ဆက်မလုပ်ပါနဲ့တော့ .. ငါတို့က
င့်အတွက် .."

"ငါ့မှာ အန္တရာယ်ရှိမှန်း ငါ သိတယ် .. ဒါပေမယ့် သူ ငါ့ကို
င်အားသုံးပြီး ယုတ်မာနိုင်ရင် ယုတ်မာပါစေ .. ဒါပေမယ့် သူ ငါ့ရဲ့
ရှက်ကို ယူရင် ငါက သူ့အသက်ကို ပြန်ယူမယ် .. တစ်နေရာတည်း
စ်လောင်း သုံးလောင်း ထပ်သွားပေ့စေ .."

"အမလေး နော် .. အဲဒါတွေကြောင့် ခက်နေတာပဲ .."

"ဟုတ်ပ လုံမေ .. ဒီမိန်းမကို လျှော့တွက်လို့ မရတော့ဘူး ကြည့်
း .. စိတ်ကူးထားတာတွေတဲ့ ဟယ် .. ဘာမှဖြစ်မလာခဲ့တာပဲ တော်
းလို့ပါလား .."

"ပိုလန့်သွားအောင် ပြောပြရဦးမယ် .."

နန္ဒာ က ခုမှ ဘာတွေ ဘယ်လို စဉ်းစားမိသွားသည် မသိ ...၊

"ဂုဏ်ထည်ဝါ ကလည်း မိန်းမ ယောက်ျားဖြစ်ဖြစ် .. ဒေါသ
က်လာရင် ပါးစပ်ကလည်း မညှာဘူး .. လက်ကလည်း မြန်မှ မြန်ပဲ
သိလား ...၊ သူက မိန်းကလေးတွေ သူ့ကို စပြီး ချဉ်းကပ်လာကြရင်
မ်း အပြောပက်စက်တာ တဲ့ .."

"အခြောက်ကြီးလာမှ မသိတာ .."

"ဟဲ့ .. အခြောက်တွေက ရုပ်ရှင်ထဲမှာပဲ သိသာအောင် ပြနေ

www.burmeseclassic.com



ကြတာ .. အပြင်မှာဆို သူတို့ကို ဘယ်သူမှ အခြောက်မှန်း မသိ
နော် .. တကယ့် ဂျန်းတဲလ်မန်း(န်)စတိုင်နဲ့ နေကာ .. အခြောက်
လေ .."

"ကြွပ်ရှလာလေပဲလား .."

"မကြွပ် မရှတော့ဘူး .. ခြောက်လာလေ အကဲခတ် မရလေ"

"ဒါဆို ဖြစ်နိုင်တာပေါ့ .."

"ဘာလဲ .."

"ဂုဏ်ထည်ဝါ လေ .."

သုံးယောက်စလုံး ပခုံးတွေ တွန့်၍ မသိကြဘူး လုပ်ကြ၏။
က ခေါင်းညိတ်၍ ...

"ဖြစ်နိုင်တယ် .. တကယ် ခြောက်သွားပြီဆိုတဲ့ ယောက်ျား
တော်တော်များများ နှမြောဖို့ ကောင်းလောက်အောင် ချောကြတာ
တယ် .."

"ဟော .. တွေ့လား ..၊ ရေး ရင်ထဲက စကားတွေ .."

"ဘာ!..."

"ဟား .. ဟား ..."

အမွန် က ဖက်ခနဲ လက်ခုပ်တီးပြီး ရယ်ကာ ...

"ဂုဏ်ထည်ဝါ တော်တော် ချောပါလားလို့ နင် တွေးမိ
မို့လား.. ဝန်ခံလိုက် .."

"မဟုတ်သေးဘူး .. နှမြောစရာကြီးလို တဖွဖွ ရေရွတ်ပြီး
ခေါက်နေတာ .."

ရေး က မဲ့ကာ ...

"ဟုတ်တယ် .. သူ ကြားတယ် .."





"ဟား .. ဟား .. ဟား ... အဲ့ဒီလို ဝန်ခံလိုက်ပေါ့ဟာ .. မေးရတဲ့
အလုပ် ပိုမရှုပ်တော့ဘူးပေါ့ .."

"အမွန် နော် .. ငါ ရေထဲ တွန်းချလိုက်လို့ .."

စိတ်ညစ်စရာတွေထဲကနေ ရယ်စရာတွေ ပြောဖြစ်ရင်း ရယ်လိုက်
ဘာ့လည်း နည်းနည်းတော့ ပေါ့ပါးသွားကြ၏။

"ငါတို့တွေ ကုမ္ပဏီဖွင့်ဖို့အတွက် နေရာရှာထားပြီးပြီ ရေး ..
နင့်ရဲ့ နှလုံးသားရေးရာကိစ္စတွေ လက်စသတ်ဖို့ ပြင်တော့ .."

"ငါ ဒီလူကြီး အသက်ထွက်တဲ့နေ့အထိ နေဦးမှာ .. ဒီနေ့ သေပြီ
ဆိုရင် နောက်နေ့ ငါ ထွက်ခဲ့မယ် .."

"ရေး .."

"ဘာလဲ .."

"ဘယ်နေ့ သေမယ်မှန်း မသိတဲ့ လူမမာကိုဟယ် .."

"အေးလေ .. ရန်သူတောင် လက်နက်ချရင် ကျေအေးရသေးတာ..
ဒီသူကြီးက နင့်ကို ဘာမှလည်း .."

"နင်တို့ ပြောသလိုပဲလေ .. သူသာ ရောဂါသည်ဖြစ်မနေရင် ဒီလို
ဒုနားစရာတစ်ကောင် ဖြစ်နေမှာလား .. အလကား အားမတန်လို့ မာန်
လျှော့ပြီး ရုပ်ရှင်ရိုက်နေတာ .."

"အဲဒီတော့ .. နင်က .."

"အသက်ထွက်ခါနီးရင် အားလုံးကို ဇာစ်မြစ်ဖော် ပြောမယ်.. သူ့
သမီးကို သူ့ရှေ့မှာပဲ ထုထောင်း ရိုက်ပုတ်ပြီး ထားခဲ့မယ်..၊ ဘယ်လိုနည်း
နဲ့ဖြစ်ဖြစ် .. သေခါနီးမှ ချက်ချင်း အသက်ထွက်သွားပါတော့လို့ သူ့
ဘယ်သူ ဆုတောင်းပြီး မရှိမဆုံ ခံစား သေရအောင် လုပ်မှာ .."

"ဘုရား!... ဘုရား .. နင် ဗုဒ္ဓဘာသာ မဟုတ်သလိုပဲ ရေး ရယ်.."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပဟာယ် .. ဘယ်လောက် မုန်းတီးနေပါစေ .. သေခါနီး
ကို ဒီလိုလုပ်မယ်ဆိုတာ ရက်စက်လွန်းပါတယ်ဟာ .. အခု ပြောတာ
တင် နင် အရမ်းကို ရဲကြီးနေပြီ သိလား .."

"ကြီးပါစေ .. ငါ့အစ်မကို ကြွေးတွေနဲ့ ဖိနှိပ် သိမ်းပိုက်ပြီး ချစ်
နဲ့ ခွဲ .. မချစ်တဲ့သူနဲ့ ပေါင်းရတဲ့ ဒုက္ခကို ပေးခဲ့တယ် .. ပြီးတော့ -

ရေး ဆက်မပြောတော့ပါ ..။

သေမယ့်ရောဂါ ရှိနေရက်နဲ့ သူများသားသမီးကို သေတွင်း
ဆွဲနှစ်ခဲ့တဲ့ လူယုတ်မာကြီး ..။

သူ ဒီရောဂါနဲ့ ဗုန်းဗုန်းလဲနေတာကို ဘယ်သူက သနားရဦး
လဲ ..။

"ကလေးကိုလည်း ဒုက္ခပေးဦးမယ် တဲ့ .. နင့်အစ်မက မွေး
တူမအရင်း နော် ရေး .. သူတို့က သွေးသားသံယောဇဉ် ရှိရင် ရှိ
မှယ် .. နင့်လောက် မရင်းဘူး .."

"ဟုတ်တယ် .. ကလေးရဖို့အတွက် မိန်းမ ကောက်ယူလိုက်
ရတယ် .. ယောကျ်ားတွေနဲ့ ကလေးရဲ့ ပတ်သက်မှုက ဘာလဲ ..
တကယ် ကြည့်ရမှာက ကိုယ့်အစ်မက မွေးခဲ့တာ ကိုယ်မွေးရသလို
နင် ချစ်ရမှာ .."

"ငါမှ မချစ်တာ .."

"ဟုတ်မှလည်း လုပ်ပါ ရေး ရယ် .. ဟိုနေ့က နင် ပြန်ပြော
တာ မချစ်လို့လား .."

"အဲဒါတွေ ထောက်ပြမနေစမ်းပါနဲ့ .. ငါ့တူမဆိုတဲ့အသိ ငါ့
ရှိသလို .. သူတို့ သွေးသားမှန်းလည်း သူတို့ သိတယ် .. ငါက ပစ်ထား
ခတ် ရက်စက်ခဲ့တယ်ဆိုပေမယ့် သူတို့ သွေးသားကို သူတို့ ရိုက်





မသတ်ပါဘူး .. လိုရင်းက ဒါပဲ ..။ ပိုရှင်းအောင် ပြောရရင် ငါ့မှာ ငါ
ရာဖွေ စုဆောင်းလာတာက လွဲရင် ဘာမှမရှိဘူး .. သူတို့က အရမ်း
ချမ်းသာတယ် .. ဒီကလေးကို ငါ ဘယ်လို ဆက်ဆံ .. ဆက်ဆံ သူတို့က
ပစ်မထားဘူးဆိုရင် .. အဲဒါ လိုရင်းပဲ .."

နန္ဒာ က ကျယ်လောင်သော သက်ပြင်းချသံနှင့်အတူ ...

"ဒါဆိုလည်း ငါ့ကို ပြောကြဦး.. ကိုစောနောင် ရဲ့အစ်မက အိမ်မှာ
ထမင်း လာစားကြပါဦးလို့ ခေါ်နေတာ .. ခဏ ခဏ ရှိနေပြီ.."

"သွားစားလိုက်ပေါ့ဟာ .. ကိုယ်နဲ့ ရွယ်တူ သူငယ်ချင်းလည်း
မဟုတ်ဘူး .. မမလည်း မရှိတော့တဲ့ဟာ .. ဘာဖြစ်လို့လဲ .."

"ဟုတ်တယ် .. ဒါပေမယ့် သူကလည်း မဆည်းဆာ နဲ့ ပတ်
သက်ပြီး နင့်ကို တွေ့ချင်နေတာဆိုတော့ ငါတို့က နင် မပါဘဲ ဘယ်လို
လုပ် သွားမလဲ .. ကြာလာတော့လည်း အားနာစရာကြီး .."

"သူ့ပုံစံက သူ့မောင်လေး ဆုံးသွားကာမှ သူ့မောင်ရဲ့ သူငယ်ချင်း
တွေရော .. အသိမိတ်ဆွေတွေနဲ့ပါ အရမ်းကို ပြန်ဆုံချင်နေတာဟ ..
စကားလက်ဆုံကျပြီး အလွမ်းဖြေချင်တာမျိုးပေါ့ဟယ် .."

ခေါင်းထဲမှာ ဘာမှမရှိခဲ့တာတွေအတွက် အချိန်ပေး အလုပ်ရှုပ်
ခံရတာ ရေး စိတ်အပျက်ဆုံးပဲ ဖြစ်သည်။

"ပြီးတော့ ပြောသေးတယ် သိလား .."

နန္ဒာ က ရေး ကို ပခုံးချင်း တိုက်လိုက်ရင်း ...

"နင့်အစ်မနဲ့ ကိုစောနောင် က အရမ်းရင်းနှီးတာတဲ့ .. ပြီးတော့
ကိုစောနောင် က ဘယ်လောက်ပဲ စိတ်ဓာတ်ကျ ငေးမှိုင်နေပါစေ
မဆည်းဆာ ရောက်လာရင် သူငယ်ချင်း မြင်လိုက်တာနဲ့ သူ့မျက်နှာ
ကြည်လင်သွားတာပဲ တဲ့ .."



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ အဲ့ဒါ မမ ပဲဟာ .. အခု ဘယ်သူမှလည်း မရှိကြတော့ဘူး .. နေပေ့စေဟာ .. ငါပြသနာကို နည်းနည်းပါးပါး ပြောပြထားလိုက် .. ခု ရက်ပိုင်းတွေမှာတော့ မဖြစ်နိုင်သေးဘူး လို့ .."

"အင်းပေါ့ .. သေမယ့်လူက ဒီရက်ပိုင်းကျော်ကျော်မှာ အသက်ထွက်ပါ့မယ်လို့ သူ့ဆီမှာ ဖွန်(မ်) လာတင်သွားပြီလေ .."

"စကား အကောင်းပြောနေတာ နော် .."

"အေးပါ .. အကောင်းပါပဲ .."

လုံမေ က ခေါင်းညိတ်လိုက်ပေမယ့် နှုတ်ခမ်းလေး မဲ့၏။

စကားကောင်း မပြောဖြစ်ကြတာ ဘယ်လောက် ကြာပြီလဲ ..

သူမှ အပြောကောင်း ..၊





အခန်း (၂၁)

"အဲ့ဒါ ဘာလုပ်တာလဲ .. ခု ရပ်လိုက်ပါ .."

ဦးကျော်ထွန်း က ကလေးလက်ကို ဆွဲခေါ်သွားကာ ဂုဏ် က ဆားမှာ ..၊

"ကလေးကို ဘယ်ခေါ်သွားမလို့လဲ .."

ဦးကျော်ထွန်း က ကလေးလက်ကို ပို၍ ဖိဆုပ်ထားပြီးမှ ...

"သူ့ဖွေးက ကလေးကို .."

"မရဘူး .. အဲဒီအခန်းထဲ လုံးဝ မဝင်ရဘူး .."

ရေး က အနားရောက်လာတာနှင့် ကလေးလက်ကို ခပ်ဆောင့်ဆောင့် ဖြုတ်ယူပစ်လိုက်ကာ ...

"ကလေးက ဝင်ချင်ရင်တောင် တားရဦးမှာ.. လူကြီးတွေက ဒီလိုလုပ်နေကြတာ အရမ်း အံ့သြဖို့ ကောင်းတယ် .."



www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး သူ့သမီးကို သူ့အဖေက ခေါ်တဲ့ကိစ္စ မင်းနဲ့ ဘာဆိုင်လို့ ဒီလိုတွေ ဝင်ရှုပ်နေတာလဲ .."

"ဘာဆိုင်လဲဆိုတော့ ကျွန်မက မတော်ချင်ပေမယ့် ဆိုင်တော့ ဆိုင်နေသေးလို့လေ .. ကျွန်မကို ဒီအိမ်မှာ နေပါ ထိုင်ပါလို့ တောင်းပန် ထားတဲ့ ရှင့်အဖေကို မေးကြည့်လို့လည်း ရတယ် .."

"အခေါ် တော်တာကို မဟ္လှပ်တိုင် တက်ပြနေတာလား .."

"အခေါ်တော်တာကို မဟ္လှပ်တိုင်တက်ပြဖို့ မလိုပေမယ့် ဆွေစဉ် မျိုးဆက် လူညွန့်တုံးတဲ့ရောဂါနဲ့ သေကုန်ကြတဲ့ရာဇဝင် ကျန်ခဲ့မှာစိုး လို့ .. ဆွေဂုဏ်မျိုးဂုဏ်အတွက် တားနေတာ .. ရှင့်အဖေက သေခါနီးမှ အလွမ်းသယ်ချင်တာ အရေးမကြီးဘူး .. ကလေးရဲ့နောင်ရေးကို စဉ်းစား ရမှာ .."

"မင်းတူမ မင်း ချစ်ရင် အခု ခေါ်သွားလိုက်လေ .. ဘယ်သူက ဂရုစိုက်နေလို့လဲ .."

"ဟား .. ရှင့်ထက် ပိုတာပေါ့ .. ရေး တို့က ပျော့စိစိဆို မုန့်ဆီ ကြော်တောင် မကြိုက်တဲ့ မိန်းမ .."

ရေး မျက်နှာက ဂုဏ့် ထက် အဆပေါင်းများစွာ ပိုတင်းနေကာ—

"လိုချင်ရင် ဘယ်လို ကောက်ကျစ်တဲ့နည်းနဲ့ဖြစ်ဖြစ် ရအောင် ယူတတ်ကဲ့ ရှင့်အဖေနဲ့ .. ငြိုးမိရင် ဘယ်လို ယုတ်မာ အောက်တန်းကျ တဲ့နည်းနဲ့ဖြစ်ဖြစ် လက်တုံ့ပြန်တတ်တဲ့ .."

"ရွှေ ရေး ပန်း ချီ .."

"လူလေး .."

သူ့အသံ ဟိန်းထွက်လာတာနှင့် ဦးကျော်ထွန်း က တားဆီးပြီး သားဖြစ်ကာ ရေး ကတော့ ထိမထင် မဲ့လိုက်ပြီး ...





"ဥပမာ .. ပါးစပ်နဲ့မနိုင်ရင် ဖက်ကိုက်ဖို့ ဝန်မလေးတဲ့ ရှင့်လို သားမျိုးနဲ့ ဆက်နွယ် ပတ်သက်နေတဲ့ ဒီကလေးက .. ကျွန်မအစ်မရဲ့ ဒမ်းနဲ့ လွှယ်မွေးခဲ့ပေမယ့် ကျွန်မအတွက် သံယောဇဉ်ကြီးလောက်ဖွယ် ဘာမှမရှိဘူး ဂုဏ်ထည်ဝါ .."

"ဒါဆို ပြော .. မင်း ဒီမှာ ဘာလာလုပ်နေတာလဲ .."

"ပြောနေတာပဲလေ .. ကျွန်မအစ်မရဲ့ သမီး ဖြစ်နေတဲ့ ဂုဏ် သိက္ခာအတွက် ထိန်းသိမ်း တည့်မတ်ပေးရမှာတွေ ရှိနေလို့ ..၊ ပြီး တော့ .."

သူမက ဂုဏ့် ကို စိုက်ကြည့်ပြီး ...

"ရှင်က မနေစေချင်တော့ ကျွန်မကလည်း နေကို နေမှာပဲဆိုတဲ့ ဆုံးဖြတ်ချက်အရ .."

"ခဏလေး ရေး .. နေကြဦး .."

ဦးကျော်ထွန်း က ကလေးကို တစ်ယောက်ယောက်နဲ့ ထည့်လွှတ် လိုက်ဖို့ ပတ်ဝန်းကျင်ကို ကြည့်သည်။

ကလေးက အားလုံးကို နားမလည်ပေမယ့် အခြေအနေကို သိသွား သည်မို့ ...

"ဘိုးဘိုးကြီး .. မီးမီးက ဖေကြီးနဲ့ မံမန်း အတူဟူ စားမလို့ .."

"စားရမယ် မီးမီး .. ခဏပဲ နော် .. မယ်စိန် .. ဟော့ .."

"ဘာလုပ်မလို့လဲ အဘ .. ကလေး ဝင်ပါစေ .."

ကလေးလက်ကို ဂုဏ် က ထပ်ဆွဲလိုက်တော့ ကလေးက ရေး ရဲ့လက်ထဲမှာပဲဖြစ်ကာ လက်လေးတစ်ဖက်ကို ဦးကျော်ထွန်း နဲ့ ဂုဏ် က ဆွဲကိုင်ထားပြီးဖြစ်လျက် ...

"ရှင် ကလေးကို အဲဒီအခန်းထဲ သွင်းရဲရင် သွင်းကြည့်လေ .."



www.burmeseclassic.com

"ဘာလို့ မသွင်းရဲရမှာလဲ .."

"ရှင် နော် .."

"ဟော့ .. နေကြဦး .. ကလေး နာကျင်သွားလိမ့်မယ်ကွ .."

ဦးကျော်ထွန်း က ငုတ်တုတ်ထိုင်ချလိုက်ပြီး ဂုဏ် ဆုပ်ကိုင်ထားသည့် ကလေးလက်ကို မရမက ဖြုတ်ချလိုက်၏။

"အဘ ဘာလုပ်တာလဲ .."

"နေကြပါဦး .. မင်းတို့ကို အဘ စကားပြောမယ် .. ကလေး ရှေ့မှာ မပြောချင်လို့ .."

"အဲဒါ ဖေဖေကလည်း ခေါ်နေတယ် .. အထဲ ပို့ပေးလိုက်ရင် ပြီးတာပဲ မဟုတ်ဘူးလား .."

"မပို့ရဘူး .. ရောဂါပိုးတွေနဲ့ သေတော့မယ့် လူမမာကို ဂရုစိုက်ပြီး ကလေးငယ်လေးကို ပျက်စီးမခံနိုင်ဘူး .."

"ရွှေ ရေး ပန်း ချီ .."

"အား!... ကိုကြီး .."

"အား!..."

ရေး က ကလေးခေါ်ပြီး ထွက်သွားဖို့ ပြင်လိုက်တာနှင့် ဂုဏ် က လက်တစ်ဖက်ကို ပြန်ဆောင့်ဆွဲလိုက်လျှင် ရေး တစ်ကိုယ်လုံး ယိမ်းယိုင်သွားကာ သူမ ဖက်ထားသည့် တေးကဗျာ က ကြမ်းပြင်ပေါ် လဲကျသွား၏။

"သမီးလေး .."

ဦးကျော်ထွန်း တေးကဗျာ ကို ကမန်းကတန်း ပြေးထူသည်။ ဒါပေမယ့် ရေး က ဦးအောင် ကောက်ယူ၍ ပခုံးလေးကို ဖက်ထားလိုက်ပြီး ...





"မရဘူး .. ဦးခေနဂုဏ်မှာ ခေါင်းက ဒဏ်ရာ အကင်းမသေသေးဘူး လေးနဲ့ မတွေ့ရဘူး .. နောက်ထပ် ထိရှမိတဲ့ဒဏ်ရာ ထပ်ရရင် ထပ် ဒိတ်ပင်ရဦးမှာပဲ ..၊ အဲဒီတော့ ဒဏ်ရာ မြန်မြန်ပျောက်ပါစေလို့ ဆောင်း .. ဒါမှမဟုတ်ရင် မြန်မြန် သေဖို့ပဲ .."

"ဟာ!... ဒီမိန်းမ .."

"မလုပ်နဲ့ လူလေး .."

"ရိုက်ချင်တာလား .. လုပ်လေ ..၊ ရှင်တို့ ယောကျ်ားတွေထဲမှာ နေတာ .. ကျွန်မကို ကြောက်တတ်တဲ့မိန်းမလို့ ထင်ရင် စမ်းကြည့် ကစ်စမ်းပါ .. ရှင့်လိုတော့ ပြောမနိုင်တိုင်း ဖက်ကိုက်ဖို့ မကြိုးစားဘူး.. သ ကိုယ်သေပဲ .."

"တောက်!..."

တက်ခေါက်သံက ခါးသွားလို ပြတ်ရှနေလျက် ...

"မင်း!... မင်း .. တော်တော် လူဝါးဝတဲ့ မိန်းမ..."

"ပညာတွေ ရထားတာလေ .. ကာလံ ဒေသံ အလိုက်ပေါ့ .."

ရေး က ကလေးကို လက်ဆွဲ၍ ထွက်သွား၏။ ခြေထောက်နာ သဖြင့် တေး ခြေထောက်လေး ထော့၍ ပါသွားတာကို လှမ်းကြည့် ...

"တောက်!... အဘတို့ ဘာသဘောနဲ့ ဒီလောက်ထိ သဘော ကောင်းနေကြတာလဲ .."

"သူလည်း သူ့တူမမို့လို့ပေါ့ကွယ် .."

"သူ့တူမလို့ ခေါင်းစဉ်တပ်ထားတာကိုက လိုသလို အသုံးချဖို့ပဲ.. ပြောသမျှ .. သူ လုပ်သမျှ တူမဆိုပြီး ချစ်ခင်ကြင်နာတာ ဘယ် ရာမှာ ရှိသလဲ .."

www.burmeseclassic.com



"ဒါဆို လူလေးကရော .."

ဒီလို မေးလာမည် မထင်ခဲ့သဖြင့် ဂုဏ် အံ့အားသင့်သွား၏။

"လူလေးနဲ့ဆိုလည်း မောင်နှမပဲလေ .."

"ကျွန်တော့်ကို ဘာဖြစ်လို့ ပြန်မေးတာလဲ အဘ .."

"လူလေး ပြောတဲ့ စကားအရပေါ့ .. အခု ကလေးအပေါ်မှာ သူ မကြင်နာတာတွေကို ထောက်ပြမယ်ဆိုရင် လူလေးကတော့ သူ့လိုလူ ဖြစ်မနေဖို့ လိုတယ်မို့လား .."

"ကျွန်တော်က သူ့လို ကလေးကို မြင်တိုင်း တစ်ခုမဟုတ်တစ်ခုနဲ့ ဆူပူကြိမ်းမောင်းနေတာမျိုး လုပ်ခဲ့သလား ..၊ မေတ္တာရှိလွန်းလို့ မဟုတ်ပါဘူးဆိုတဲ့ စကားမျိုးရော ပြောခဲ့ဖူးလို့လား .."

"ဒါပေမယ့် ချစ်တယ်လို့လည်း မပြောခဲ့ဖူးဘူးလေ .. အမူအရာနဲ့လည်း မပြခဲ့ဘူး .. ပြောလည်း မပြောခဲ့ဘူး .. လူလေးသာ ကိုယ့်ညီမလေးအပေါ် ချစ်ခင်ကြင်နာခဲ့မယ်ဆိုရင် ခုချိန်မှာ ကလေးက လူလေးခြေသလုံးဖက်ပြီး ဘယ်သူ ဆွဲခေါ်ခေါ် မလိုက်ဘူးပဲ ငြင်းနေတော့မှာ .."

"ဒါဆိုလည်း သူနဲ့ ကျွန်တော် ဘာထူးလို့လဲ ..၊ ဘာဖြစ်လို့ .."

"ဘာဖြစ်လို့လဲဆိုတော့ ကလေးက ခေါ်တိုင်း ပါသွားတာ သူ့ကို ပိုပြီး ယုံကြည်နေလို့ပေါ့ လူလေးရယ် .. ကလေးဆိုတာ လက်သာရာမှာ ပျော်တတ်တာပဲ .."

"ဘယ်နေရာမှာ လက်သာသွားတာလဲ .. ကျွန်တော့်ကို ထောက်ပြစမ်းပါ .."

"ထောက်ပြလို့ မရဘူး .. မမြင်နိုင်ဘဲနဲ့ ဖြတ်တောက် မလွယ်အောင် ခိုင်မာတာ သံယောဇဉ်ကြိုးပဲ .."





ဂုဏ် က နှာခေါင်းရော နှုတ်ခမ်းပါ မဲ့ပစ်ပြီး ခါးထောက်သည်။ ဦးတော့ ကျောခိုင်းလိုက်ပြီးမှ ဖျတ်ခနဲ ပြန်လှည့်၍ ...

"အဘနဲ့ ဖေဖေတို့က ဒီမိန်းမ ရင်ထဲမှာ ကလေးကို ချစ်တဲ့စိတ် ရှိနေတယ်လို့ ထင်နေကြတာလား .."

ဦးကျော်ထွန်း ရုတ်တရက် မဖြေဘဲ သက်ပြင်းချသည်။

"ဒီလောက်ထိ ပါးစပ်ကနေ ရိုင်းရိုင်းပျပျတွေ ပြောပြီး မုန်းပါတယ် .. ငြိုးပါတယ်လို့ အော်နေတာကျတော့ .."

"မဟုတ်သေးဘူး .. သူ ချစ်နေမှာလို့ ယုံကြည်နေတာမျိုး မဟုတ်ဘူး .. ဒါပေမယ့် ဖြစ်တတ်တဲ့ သဘာဝတရားအရ သူခိုးက ဘယ်တော့ ခိုးပါတယ်လို့ မအော်ဘူး .. အမုန်းကြီးတဲ့လူတွေဟာ အချစ်ကြီးကြတဲ့ပါ .. ချစ်တတ်နေတဲ့ နှလုံးသားက တစ်စုံတစ်ရာသော ရိုက်ခတ်မှုကြောင့် အသံမြည်လောက်အောင် မာကျောသွားတာဖြစ်ရင် ဖြစ်မယ်.. ဘဝစဉ် ဒီတိုင်း ဖြစ်မသွားနိုင်ဘူး .."

ဦးကျော်ထွန်း က အခန်းထဲဝင်ဖို့ [illegible]ါးနားထိ ကပ်လိုက်ပြီး ..

"ဘယ်သူ့ရင်ထဲမှာ ဘာတွေရှိတယ်လို့ အဘတို့ မပြောနိုင်ပါဘူး.. ဒါပေမယ့် အကောင်းဆုံး ဖြစ်မနေပေမယ့် အကောင်းဆုံး ဖြစ်လာဖို့တော့ မျှော်လင့်လို့ ရတာပဲ .."

"ဘာကိုလဲ အဘ .."

"အားလုံးပဲ လူလေး .. အရေးကြီးဆုံး ပြောရရင် သူ့မွေးက သူ့သားနဲ့ သမီးငယ်လေးအတွက်ပဲ အများကြီး စဉ်းစားနေခဲ့တာဆိုတာ ကိုင်း ယုံကြည်ပါ .."

"ဘာတွေ စဉ်းစားထားပါတယ်ဆိုတာကို ကျွန်တော်က ဘယ်



www.burmeseclassic.com

www.burmeseclassic.com



အချိန်ကျမှ သိခွင့်ရှိမှာလဲ ..၊ ဒါမှမဟုတ် ဖေဖေ ဒီတိုင်း လောကကြီး ကနေ ထွက်သွားပြီးမှ အဘက တစ်ဆင့်လား .."

"လူလေး .."

"နေပါဦး .."

ဦးကျော်ထွန်း က ပါးစပ်ပြင်ပေမယ့် သူ လက်ကာ တားဆီး ကာ ...

"ဖေဖေ စီစဉ်နေတာတွေကို ကျွန်တော်က ကျေနပ်လား .. မကျေ နပ်ဘူးလားဆိုတာရော မလိုအပ်ဘူးလား .."

"လိုအပ်ပါတယ် သား ရယ် .."

ဦးကျော်ထွန်း မဖြေရသေးခင် အခန်းတံခါး ပွင့်သွားကာ ဦး ဂုဏ် ကို မြင်လိုက်ရ၏။

တိုးသဲ့သော စကားသံက လူမမာ၏ အခြေအနေကို ဖော်ပြနေ မကဘဲ လှည့်ကြည့်လိုက်သည့်ခဏမှာပဲ ဦးနေဂုဏ် စိုက်ခနဲ သွား၏။

"ဖေဖေ!..."

"သူဌေး!..."

ဂုဏ့် လက်ထဲမှာ လူက မဟန်နိုင်ပေမယ့် စိတ်က ဆော လျက် ...

"သားကို ဖေဖေ .. ဖေဖေ ပြောချင်တာတွေ ရှိပါတယ် .."

"နေဦး ဖေဖေ .."

ဂုဏ့် ရင်ထဲမှာ စူးနင့် ထိခိုက်သွားခဲ့ခြင်းက ဘယ်တုန်းက ဘယ် လို ခံစားချက်နဲ့မှ မတူ ..၊

"ဖေဖေ သတိထားဦး နော် .. စကားပြောဖို့ ကြိုးစားမနေနဲ့ .."





ရာထက်မှာ ကမန်းကတန်း ပွေ့ချီသွားချကာ ဖုန်းပြောဖို့ လုပ် ဦးကျော်ထွန်း က လက်ကို ဖမ်းဆွဲထားပြီး ...

"မခေါ်နဲ့ လူလေး .."

"ဖေဖေ ဒီလောက်ဖြစ်နေတာ ဆရာဝန် ခေါ်ရမှာပေါ့ အဘ .."

"မခေါ်နဲ့ .."

ဦးကျော်ထွန်း က ဂုဏ် ရုန်းထွက်သွားသည့်လက်ကို မိအောင် ပြီး ဆုပ်ကိုင်ထားကာ ...

"သူဌေး ကြိုက်မှာ မဟုတ်ဘူး လူလေး .."

"အဘ .. ဒါက .."

"သူဌေးနားမှာ မင်း ထိုင်နေလိုက်ပါ .. နားလည်သွားပါလိမ့် .."

သူ ဘယ်လိုမှ နားမလည်နိုင်တော့ပေ ..၊

ဖေဖေ့ကို ကြည့်လိုက်တော့လည်း လက်ယပ်ခေါ်နေတာတောင် ရားနေသည့်လက်တို့က ခွန်အားမဲ့နေသလိုမျိုး ..၊

ဘာတွေဖြစ်ကုန်တာလဲ ..၊

ဖေဖေ ဒီလောက်ထိ ဆိုးရွားနေတာကို သူ ဘာလို့ မသိခဲ့တာ

ဖေဖေကရော ဘာဖြစ်လို့ အခန်းတံခါးပိတ်ပြီး လုံးဝ ခြားနားစွာ ဘာလဲ ..၊

န်းကို ဖိကျစ်ဆုပ်ကိုင်ရင်း သူ ဒီတိုင်း ရပ်နေမိဆဲ ..၊

ဖေဖေ့ကို သူ အများကြီး စော်ကားခဲ့သည်။

အရိုအသေတန်ခဲ့မိသော ခံစားချက်တစ်ရပ်နှင့် ဖေဖေ့အပေါ်မှာ ားသမှုတွေ .. ချစ်ခင် တွယ်တာမှုတွေ ..၊

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ဖေဖေ့လုပ်ရပ်မှန်သမျှအပေါ် တစ်ခုမှ အကောင်[illegible] နိုင်အောင် ရှုးစမ်း စိမ်းကားသော မျက်လုံးတွေနဲ့သာ ကြည့်ခဲ့[illegible]

ခုတော့ တကယ်ပဲ ဖေဖေ့အခြေအနေက နောက်ဆုံးအ[illegible] ရောက်နေပြီလား ...၊

သူ ဖေဖေ့ခုတင်ဘေးကို ရောက်သွားချိန်မှာ ကမ်းလာသည့် [illegible] တစ်ဖက်ကို ပြန်၍ ထွေးဆုပ်လိုက်ရင်း ရင်ထဲမှာ ဆို့ကျပ် ပူလော[illegible] သည်။

ငိုချင်လာခဲ့သည့် ခံစားချက်ဆိုတာ မငိုခဲ့ဖူးသူမို့ သူ မသိ[illegible]





အခန်း (၂၂)

"ဖေဖေ့ကြောင့် သူတို့ညီအစ်မ ဘဝပျက်ရရှာတယ် သား .. ညီမ [illegible]ကို နိုင်ငံခြားသွားဖို့ ငွေရှာနေရတဲ့ အစ်မဖြစ်တဲ့သူကို ဖေဖေက [illegible]ိုက်ခဲ့တယ် .. ရွှေရေးပန်းချီ သာ ပညာတတ်ပြီး စိတ်ဓာတ် [illegible]ာတဲ့ မိန်းကလေး မဟုတ်ခဲ့ရင် နိုင်ငံရပ်ခြားမှာ ဒီမိန်းကလေး [illegible]ပြီ .." တဲ့ ...။

[illegible]ဖေ ပြောခဲ့တဲ့ စကားတွေအားလုံးက .. 'သားက သည်းခံပါ'...။

"ကလေးက ညညဆို အဒေါ်ဖြစ်သူနဲ့ သွားအိပ်ဖို့ ပူဆာနေတယ် .. သူ့ခမျာ ဖအေနဲ့ မအိပ်ရပေမယ့် အမေတော့ ရှိသေးတယ်ဆိုတဲ့ [illegible]လေးနဲ့ပါ .. ဒါကို ကြည့်ရင် ဖေဖေတို့က ရက်စက်နေတယ်လို့ [illegible]မယ့် ဒီတိုင်း မဟုတ်ခဲ့လို့သာ ကလေးက ခင်တွယ်နေတာပါ"

'အရိုးကြွဲအောင် ရိုက်လို့ အသည်းစွဲအောင် ချစ်တယ်' ဆိုတာတွေ [illegible]ယ်သွားထားမလဲ ...၊



www.burmeseclassic.com

www.burmeseclassic.com



စီးကရက်တစ်လိပ်လုံး ကုန်သွားတဲ့အထိ လက်ကို အပူမွေ့ ...
လာမှ သူ သတိဝင်လာခဲ့သည်။

ဒီမိန်းမကို ဘယ်လို ပါရမီထူးတွေနဲ့ သည်းခံဖို့ ကြိုးစားရ ...

"သားက မိန်းမလည်လို့ ထင်ခဲ့တဲ့ ဆည်းဆာ ကိုလည်း ... ပဲ မတရား အကွက်ချ စီစဉ်ပြီး သိမ်းပိုက်ခဲ့တာ .. ခုလည်း ဒီ ... ကြောင့် သူ စောစီးစွာ လောကထဲက နုတ်ထွက်ခဲ့ရတယ် .. ဖေဖေ ... ဒီလို မတရားမှုကြီးနဲ့ ရှင်သန်မနေချင်တော့ပါဘူး .. ဒါပေမယ့် ... သမီးလေးရယ် .. မကြင်နာတဲ့ သူ့ရဲ့အစ်ကိုရယ်ကို ဖေဖေ ဘယ် ... စိတ်မချနိုင်ဘူး .."

ဒါကြောင့် ရွှေရေးပန်းချီ နဲ့ ကလေးကို စိတ်ချထားခဲ့ချင်တာ ... လို့ သူ ဖေဖေ့ရှေ့မှာတုန်းက မမေးရက်ခဲ့ပါ ..၊ ဒါပေမယ့် ခုတော့ ... အတွေးကပဲ နှိပ်စက်နေခဲ့၏။

ရေး ကို စုပြုံ နားလည်ပေးနေကြပြီး သူ့အပေါ်မှာကျတော့ ... တဲ့အတိုင်း .. ကြားတဲ့အတိုင်း သတ်မှတ်ထားလိုက်ကြတာ ဘယ် ... မရှေ့ပါလား ..။

ဆည်းဆာ ကို သူ မုန်းပေမယ့် ကလေးကိုတော့ သူ တ ... မုန်းခဲ့သလား .. မမုန်းဘူးလား ဆိုတာ သူ့ကိုယ်သူတောင် မဆန် ... ရသေးဘဲ ရွှေရေးပန်းချီ ရောက်လာခဲ့သည်။

အမြဲဘမ်း မြင်တွေ့နေရသည့် သူ့ရင်ထဲကိုတော့ မြင်ဖို့ မကြိုး... ကြပါလား ..၊

"ဒေါက် .. ဒေါက် .."

"ဘယ်သူလဲ .."

"အစ်ကိုလေး ကျွန်မပါ .."





အေးပုံ အသံကို ကြားလိုက်တော့ နာရီကို ကြည့်မိ၏။ ည ဆယ် ...ရီ ထိုးတော့မည်။

"ဘာကိစ္စလဲ .."

"ဟို .. တေးလေး ငိုနေလို့ .."

"အဲ့ဒါ ဘာဖြစ်လဲ .."

"ဘဘကြီးလည်း သူ့ဆွေးကြီးအခန်းထဲမှာမို့လို့ .."

"ဟိုတစ်ယောက် မရှိဘူးလား .."

"ရှင်!..."

ရုတ်တရက် အေးပုံ အသံလေး တိတ်သွားပြီး ဟိုတစ်ယောက် ...တာကို စဉ်းစားနေပုံ ပေါ်၏။ သူကလည်း ထပ်မဖြေ ..၊ သူမသော ...ာကရုဏာရှင်ဆိုရင် အဲဒီ ကရုဏာရှင်ပဲ တာဝန်ယူပါလိမ့်မည်။

"အစ်ကိုလေး .. မမကလည်း နေမကောင်းလို့ အိပ်နေတာ .."

"အသက်နဲ့ အဝေးကြီးပဲ .. နှိုးလိုက် .."

"ရှင် .. ဟုတ် .."

အေးပုံ အသံလေး ပျောက်သွားတာ အတန်ကြာ၏။ သူ တံခါးနား ...်လိုက်ပြီး အသာလေး တံခါးဟကြည့်တော့ ကလေးငိုသံသဲ့သဲ့ကို ...းလိုက်ရ၏။

ဘယ်မှာ ငိုနေတာလဲ ..၊

သေချာတာက ရေး အခန်းရှေ့မှာပဲ ဖြစ်နိုင်၏။

"တောက်!..."

ဒီဟာလေးက ဘာဖြစ်လို့ သင်းနဲ့မှ အတူအိပ်ချင်ပါသည် ..၊ အတူ ...င်ပါသည် ဖြစ်နေရတာလဲ ..၊ သူ စိတ်တိုကာ အပြင်ထွက်ဖို့ ပြင် ...ကာမှ ...



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုလေး .."

အေးပုံ ပြန်ရောက်လာပြီး တံခါးဟနေတာ မြင်ကာ ထိုအေးမှာ ရပ်လိုက်ပြီး ...

"ကလေးက မမနဲ့ အိပ်မယ်လို့ပဲ .."

"အေးပုံ .."

ပြောနေတုန်း စကားသံတစ်ရပ်ကို ကြားဖြတ် ကြားလိုက်ရ ပြီးတော့ တိုးတိုးကြိတ်ကြိတ် ဆက်ပြောနေသည်။ ပြီးတော့မှ ...

"ရပြီတဲ့ အစ်ကိုလေး .. မမ ထွက်ခေါ်သွားပြီ တဲ့ .."

ဟင်!...

ဒီတစ်ခါ အံ့သြသွားတာ သူ့အလှည့် ဖြစ်၏။ သူမ ရောက်လာ လနဲ့ ချီနေပါပြီ ..။

ကလေးက ဘာပဲတောင်းဆို တောင်းဆို လိုက်လျောခဲ့တာ တ ခါမှ မရှိခဲ့ ..။

တံခါးဖွင့်၍ အပြင်ကို တိတ်ဆိတ်စွာ ထွက်လာခဲ့သည်။ ကလေး ငိုသံကတော့ တိတ်သွားတာ အမှန်ပင် ..။ ပြောလည်း ပြောသွားသည် ငိုသံလည်း မကြားတော့ပါဘဲ သူ မယုံချင် ..။

အိပ်ခန်းတိုင်းက အသံလုံ စီစဉ်ထားတာမို့ အထဲက စကားပြော လောက်ဆို အပြင်က မကြားရပေ ..။ ထို့ကြောင့် ကလေးကို ခေါ်သွင်း သွားပြီး ဘယ်လို နေရာပေး ဆက်ဆံနေသလဲဆိုတာ သိချင်လာသည် စိတ်က လူကို ကသိကအောက် ဖြစ်စေ၏။

ထိုစဉ် အေးပုံ နဲ့ မိနှင်း တို့ ရေဘူးနှင့် သစ်သီးတွေ .. ကွတ်ကီးနှ တွေ အသီးသီးကိုင်ပြီး ခပ်သုတ်သုတ် သွားနေကြတာ မြင်တော့ ဝမ်း သာသွား၏။





အခန်းတံခါးကို တံတောင်နဲ့ တိုက်ဖွင့်ပြီး နှစ်ယောက် ဝင်သွား သူ အခန်းရှေ့ကို အမီရောက်အောင် သွားပြီး ကွယ်ရပ်လေးကနေ ငှင့်ထားလိုက်သည်။

"ထားခဲ့လိုက် .."

ရေး က သံပြတ်နဲ့ပဲ ဖြစ်ကာ ...

"ဟိုဘက်တံခါး ဖွင့်လိုက်ရင် ရေအိမ် ရှိတယ် .. အဲဒီမှာ စားစရာ ဘင်ပေးထားတယ် .. အိပ်နေရင်း တစ်ခုခု လိုအပ်ရင် ကိုယ့် နာ ကိုယ်ထရှင်း .. ကြားတယ် နော် .."

"မေမေနဲ့ တူတူ မအိပ်ရဘူးလား .."

"မအိပ်ရဘူး .. နင့်ကို အခန်းထဲ ခေါ်ထည့်ထားတာနဲ့ ရောင့် ကဲ့နဲ့ .. နင့်အဖေ ရောဂါသည်ကြီးဆီ မသွားစေချင်လို့ .. အခု ပိတ်ပြီး .. အိပ်တော့ .."

"မမ .. ကလေးကို ကျွန်မ စောင့်အိပ်ပေးရမလား ဟင် .."

"ဘာ!..."

နာခေါင်းသံတွေ ပါနေပေမယ့် ရေး အသံက မာထန်နေလျက်...

"ငါ့အိပ်ခန်းကို ဆေးရုံက အထူးကုသဆောင်များ မှတ်နေ သား .."

"မ .. မဟုတ်ပါဘူး မမရယ် .. မမလည်း နေမကောင်း .."

"ချက်ချင်း သေသွားမယ့်ရောဂါ မဟုတ်ဘူး .. ဘယ်သူ့အတွက်မှ နဲ့ .. မနေတတ်ရင် သေတော့မယ့်လူနာ ရှိတယ် .. အဲ့ဒီမှာ သွား င့်ပေးလိုက်ကြ .."

ကြားရသမျှကို တက်မခေါက်မိအောင် မနည်းပဲ ထိန်းချုပ်နေရ သည်။ သူမကို အဆင်ပြေပြေ ဆက်ဆံကြည့်ဖို့ သူ စိတ်ကူးမိခဲ့သေး

www.burmeseclassic.com

သည်။

ဒါပေမယ့် စိတ်ကူးက စိတ်ကူးတွေ မပြီးဆုံးခင်မှာပဲ ပျက်စီးသွားခဲ့၏။ ဘယ်လို တည့်အောင်ပေါင်းလို့မှ အဆင်ပြေနိုင်ဖို့ မလွယ်သည့် မိန်းမ ..၊

ရေး ကတော့ ကိုယ့်ဝေဒနာနဲ့ ကိုယ်ပါ ..၊

နဂိုတည်းက သည်းမခံချင်သည့်စိတ်က စကားတွေ ရှည်နေတာကို ဘယ်သူ့အတွက် စေတနာပဲဖြစ်ဖြစ် စိတ်မရှည်နိုင် ..၊

"အား .. ကျွတ် .. ကျွတ်!..."

"မေမေ ဘာဖြစ်လို့လဲ ဟင် .."

"ဘာမှမဖြစ်ဘူး .. အိပ်တော့ .."

ဘေးမှာ ခေါက်ခုတင်လေး ချခင်းကာ ဘူမကပဲ ပြောင်းအိပ်လိုက်သည်။ တေး ကတော့ ကလေးမို့ ခုတင်ကျဉ်းကျဉ်းဆို ပြုတ်ကျသွားနိုင်သည်။

ထို့ကြောင့် သူမ မွေ့ရာပေါ်မှာ သိပ်ထားလိုက်၏။ သူမ စောင်ခြုံပြီး ကွေးနေရင်း ညည်းတော့ တေး က ကိုယ်ပေါ်က စောင်ကို ခွာချကာ ငုတ်တုတ်လေး ထထိုင်၏။

"မေမေ ကွတ်ကီး စားပါလား .. မီးမီး ဖောက်ပေးမယ် လေ.."

"မစားချင်ပါဘူး .."

"ပန်းသီး ရော .."

"မစားဘူးဆိုမှ ဘာဖြစ်နေတာလဲ တေးကဗျာ .. အိပ်ဆို အိပ်ပါလား .. တောက်!..."

တေး ပါးစပ်လေး ပိတ်ထားရှာပေမယ့် ငုတ်တုတ်လေးအတိုင်း အတန်ကြာ ရှိနေပြီး သူမကို ကြည့်နေခဲ့၏။





"ဘာလဲ မအိပ်ချင်ဘူးလား .. မအိပ်ချင်ရင် ပြန်ထွက်တော့ သွား .."

"မီးမီး အိပ်တော့မယ် .."

ပြောတော့မှ ခွေခနဲ လှဲချလိုက်ပြီး မျက်ဝန်းလေးတွေကို ဇွတ်ပိတ်ထား၏။ လှမ်းကြည့်လိုက်တော့ ရှည်ကော့သည့် မျက်တောင်များလေးတွေက လှုပ်ခတ်နေလျက် ..၊ သူမရှိရာကို ခိုးကြည့်ဖို့လည်း ကြိုးစားနေသေးသည်။

သူမ မျက်ဝန်းလေးတွေ ဖွင့်မလာခင် ရေး က အရင် မျက်လုံးတွေကို မှိတ်ထားလိုက်သည်။ ထိုအခါကျမှ ပူပြင်းနေသည့် မျက်ဝန်းအိမ်ထဲမှာ သဲတွေဝင်နေသလို ကြမ်းရှ နာကျင်နေတာကို သတိထားမိသည်။

ပြီးတော့ နှာခေါင်းတွေ အာခံတွင်းတွေကအစ ပူနေခဲ့၏။ ဒါပေမယ့် ရင်ထဲမှာ ချမ်းနေတာက ခုနေ အသံကျယ်ကျယ်သာ ပြောဖို့ ရှိသလျှင် ဆိတ်အော်သံနဲ့ ခွဲခြားနိုင်ဖို့ မလွယ် ..၊

မခံနိုင်သည့်အဆုံးမှာ မျက်လုံးတွေ အရင်ဖွင့်ပြီး တေး ကို လှမ်းကြည့်မိ၏။ တေး အိပ်ပျော်နေပါပြီ ..၊

"အ!..."

အသံမထွက်အောင် အံကြိတ်ထားတာတောင် မူးနေသည့် ခေါင်းက မိုက်ခနဲဖြစ်ပြီး အိပ်ရာပေါ် ကုန်းကုန်းကွကွ ပြန်ကျ၏။ ပြီးတော့ ချမ်းနေတာကို မခံနိုင် ..၊

ရှိသမျှ အနွေးထည်တွေ ထပ်ဝတ်ကာ တံခါးဆွဲဖွင့်ပြီး ထွက်လာခဲ့သည်။ ကိုယ်ပူဖျားနာခြင်းကို ဒီတစ်ခါသာ ထဲထဲဝင်ဝင် ခံစားဖူးတာပါဆို ယုံချင်မှ ယုံကြမည်။

သူမကတော့ ဒီလောက်ထိ တစ်ခါမှ မချိမဆံ့ မခံစားခဲ့ဖူးတာ



www.burmeseclassic.com

www.burmeseclassic.com



အမှန်ပင် ..၊

အောက်ထပ်က ထမင်းစားခန်းနှင့် တွဲလျက် အခန်းထဲမှာ အရက်ဘား ရှိသည်။ ရင်ထဲက ရေခဲပြင်ကို မီးလောင်တိုက်သွင်းမှ သူမ အချမ်းပြေမှာကို တွေးပြီး စွန့်စားခဲ့မိတာ ဖြစ်၏။

မိနှင်း ပြောပုံအရဆို ဒီအခန်းက ဦးနေဂုဏ် မကျန်းမာတော့တဲ့ နောက်ပိုင်းမှာ ဘယ်သူမှ မဝင်ဘူး ဒီတိုင်းပဲ .. တဲ့ ..၊

"အစ်ကိုလေးက သူငယ်ချင်းတွေနဲ့ ပျော်ပျော်နေတတ်ပေမယ့် အိမ်မှာလည်း မသောက်ဖူးဘူး .. အပြင်က မူးရူးပြန်လာတာမျိုးလည်း မတွေ့ဖူးဘူး"တဲ့ ..။

အခန်းထဲမှာ လူမရှိပါစေနဲ့လို့ တွေးရင်း သူမ ဝင်လာခဲ့မိ၏။ ဒီအခန်းမှာ ကတ္တီပါနီညိုရောင်နှင့် ကန့်လန့်ကာခြားထားတာပဲ ရှိကာ တံခါး မရှိ ..၊

အဆင်သင့် ယူလာသည့် ဆေးကို ပုလင်းဖင်တစ်ခုနှင့် ခပ်ဖိဖိ ထုချေပစ်ကာ ဖန်ခွက်ထဲမှာ ဝီစကီနှင့် ရောလိုက်၏။ ပြီးတော့ ဖန်ခွက်ကို ပါးစပ်နား ကပ်တော့ပြီးမှ အသက်ဝဝ ရှူလိုက်ရင်း ...

"ငါ မူးယစ်သေစာ မှီဝဲတာ မဟုတ်ဘူး .. ဆေးသောက်တာ .."

နှုတ်ခမ်းလှုပ်ရုံ ရေရွတ်ကာ နောက်ထပ် အသက်အောင့်၍ တစ်ချက်မှ မနားဘဲ မျိုချပစ်လိုက်သည်။

"အား .. ဟား .."

"ဒေါက် .."

မျိုချပစ်မိတာနှင့် ပူထူ မူးမိုက်သွား၏။ နဂိုတည်းက မူးနောက်နေသည့်အရှိန်ကြောင့် စိုက်ခနဲ ဖြစ်သွားကာ ဖန်ခွက်ကို စားပွဲပေါ် ဆောင့်ချလိုက်မိသလို အသံမြည်သွားခဲ့သည်။





ပူစမ်း ..၊

ရင်ထဲမှာ ပူထူ လောင်မြိုက်သွားအောင် ပူ ..၊

ချမ်းလွန်းလို့ ဘယ်လိုမှ မခံနိုင် ..၊

ဒီနေ့ ရေ သုံးခါ ချိုးမိသွားကာ နောက်ဆုံးအကြိမ်ကျမှ ဒီနေ့ ခေါင်းလျှော်ထားမှ ဖြစ်မှာကို တွေးမိပြီး မိုးချုပ်မှ ခေါင်းလျှော်လိုက်မိ၏။

"ရေချိုးမိုးချိုးလည်း ဆင်ခြင်ဦး ဖနော် ရေး .. လူစိမ်းတွေကြားထဲမှာ နေထိုင်မကောင်းဖြစ်ရင် နင် တစ်ယောက်တည်း ဒုက္ခရောက်နေသိမ့်မယ် .."လို့ လုံမေ က သတိပေးတာ နှစ်ခါ ..၊

ဖြစ်တာတောင် နည်းသေးသည်ပဲ ..၊

ကိုယ့်ကိုယ်ကိုယ်လည်း အပြစ်တင်လို့ မဆုံးနိုင်ပါ ..၊ ကုလားထိုင်မှာ တအိအိ ပြိုကျသလို ထိုင်လိုက်မိရင်း အနွေးထည်အင်္ကျီ ရင်ဘတ်စဆွဲကို အတင်း ဆွဲစေ့ရင်း လက်ပိုက်ထားမိသည်။

လည်ချောင်းကနေ ထိုးဆင်းသွားသည့် ပူလောင်ခြင်းက ရင်ထဲထိ တကယ်ရောက်သွားခဲ့၏။ တရှိန်ရှိန် နွေးလာခြင်းနှင့်အတူ အချမ်းတက်ပြီး သေတော့မလောက် ခံစားနေရသည့်ဝေဒနာတွေ သိသာစွာ လျော့ပါးသွားသည်။

ထို့ပြင် ဆေးရှိန်ကြောင့် သက်သောင့်သက်သာ ရှိလာခြင်းမှာ အိပ်ချင်စိတ်တွေပါ ဖြစ်လာခဲ့သည်။ သူမ အိပ်ခန်းထဲကို ဝီစကီတစ်ခွက် ထည့်ယူသွားမည် ..၊ ထပ်ချမ်းလာလျှင် ထပ်သောက်မည်။

နေရာမှ ပြန်ထရပ်ကာ ဝီစကီနဲ့ ဖန်ခွက်ကို ကိုင်လိုက်သည်။ ဒါပေမယ့် တော်တော်နဲ့ မဆုပ်ကိုင်မိဘဲ ဖြစ်နေလေသည်။

"ကျွတ်!... ဘာလဲဟာ .."

ခေါင်းကို ခါထုတ်ပစ်လိုက်ပြီး ပြူးပြဲကြည့်တော့မှ သူ့လက်က



www.burmeseclassic.com

www.burmeseclassic.com



ပုလင်းဆီ မရောက်သေး ...၊

"သေလိုက်တော့ .."

ကိုယ့်ဘာသာ ကျိန်ဆဲကာ ပုလင်းကို အမိအရ ဆုပ်ကိုင်လိုက်သည်။ ထိုအချိန်မှာ ဂုဏ် က အခန်းရှေ့ကနေ ဖြတ်လျှောက်သွားခဲ့ပြီး –

ဘာလဲ ...၊

အခန်းထဲက လှုပ်ရှားသံတစ်ချက်ကို သူ ကြားလိုက်သည်။ ခြေလှမ်းတွေက လွန်သွားပြီးမှ တုံ့ခနဲ ဖြစ်ကာ နားစွင့်လိုက်၏။

ဟုတ်သည် ...၊

ပုလင်းသံ .. ခွက်သံ ...၊ ပြီးတော့ လောင်းထည့်နေသည့်အသံ –

"အား!... ပူလိုက်တာ .."

နောက်ထပ် ရေး အသံကို ကြားလိုက်ရလျှင် သူ့ခြေလှမ်းတွေ အခန်းရှေ့ ပြန်ရောက်ကာ ကန့်လန့်ကာကို သိမ်းဖယ်ကြည့်လိုက်မိ၏။

ရေး ဘာတွေ လုပ်နေတာလဲ ...၊

မျက်စိရှေ့မှာ သူမ ဝီစကီတွေ မော့သောက်နေတာ မြင်နေပါလျက်နှင့် မယုံနိုင် ...၊

"မင်း ဒီမှာ ဘာလုပ်နေတာလဲ .."

ဟင်!...

ရေး ခါးလေးတော့ မတ်သွားသည် ထင်သည်။ ဒါပေမယ့် မျက်တောင်ကော့တို့ စိုက်ကျ မှေးစင်း ပျက် ...၊ မျက်ဝန်းတို့သည် သူ့ထံ မဆုံးနိုင်ခဲ့ဘဲ ...

"ဘာလဲ .. ဘယ်သူလဲ .."

မသောက်ဖူးဘဲနှင့် သူမ ရုပ်ပျက်ဆင်းပျက် ခွေဆင်းနေပြီဖြစ်၏။ ဖြစ်တော့ ဖန်ခွက်ကို စားပွဲပေါ် တင်ထားပြီးပါလျက်နှင့် ထပ်ရွှေ့နေ





–း ..

"ခွမ်း .."

စားပွဲစွန်းက လွတ်သွားမှ လက်လွှတ်လိုက်တော့ ပြုတ်ကျ ကွဲ –ကြမ်းပြင်သို့ ရောက်လေသည်။

"ကွဲသွားပြီလား .. ဘာလို့ တိုက်ချလိုက်တာလဲ .."

ကွဲသွားတာကို သိသည်။ ကြမ်းပြင်ကို ပြူးပြဲ ငုံ့ကြည့်ကာ ဖန်ကွဲစ –ကို ဆင်းကောက်ဖို့ ပြင်သည်နှင့် ဂုဏ် က သူမ လက်မောင်းကို –ဆွဲထူသလို ကိုင်ထားလိုက်ကာ ...

"မိန်းကလေးတန်မယ့် အရက်သောက်တယ် ဟုတ်လား .."

"ဘာ!..."

"သိတယ် .. မင်းလို မိန်းကလေးက ဘာမဆို မလုပ်ရဲတာ မရှိ –န်း .."

"ဟုတ်တယ်.. မရှိဘူး...၊ ချမ်းလို့လေ.. အရမ်းချမ်းလို့ ဆေးသောက် –ိုက်တာ .. ဆေးသောက်တာ နော် .. အရက် မဟုတ်ဘူး .. အစ် .."

သူ ဆွဲထူလိုက်မှ ကြို့ထိုးလိုက်သလို ယိုင်ခနဲ ဖြစ်သွား၏။ ထိုအခါ –သူမ နဖူးက သူ့မေးဖျားနဲ့ မထိတထိ ဖြစ်သွားကာ ရေး ကိုယ်တွေ –ဖြစ်နေတာကို သတိထားမိလိုက်သည်။

စိတ်နောက်ကိုယ်ပါ ဆွဲထူထားပြီးမှ သူမကို ဘယ်လို စီရင်ရမှန်း –သိ ဖြစ်သွားသည်။ ထိုစဉ် ...

"မူး .. မူးတယ် .. ဝေါ့ .."

"ဟာ!... သွားပြီ .."

လူချင်း နီးကပ်နေတုန်း အန်ချပစ်လိုက်သဖြင့် ဂုဏ် ရင်ဘတ် –တစ်ခြမ်းလုံး ပေကျံကုန်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် ဗျာများသွားတုန်းမှာ သူမက ရင်ဘတ်ပေါ် ထပ်ပြီး မှီကျလာတော့ ပိုဆိုးသွား၏။

ကိုယ့်မှာ ပေကျံကုန်နေတာတွေ သူမနဲ့ ရောပြီး အဖြစ်ဆိုးကုန် ပြီမှန်း သိလိုက်ကာ သူမကို ကမန်းကတန်း ပြန်တွန်းလိုက်မိကာ —

"တောက်!..."

"အ!..."

"ဒုန်း .."

သူ တွန်းလိုက်တာ ကုလားထိုင်ပေါ် ထိုင်ကျရုံ အရှိန်မများပါ— ဒါပေမယ့် ရေး က ယိမ်းထိုးနေသဖြင့် စားပွဲပေါ်ကို ခါးစောင်းနဲ့ ထိ တိုက်ပြီးမှ ကုလားထိုင်ပေါ် ပြိုကျ၏။

နောက်ထပ် ကြမ်းပေါ် ကျွမ်းပြန်မကျတာ ကံကောင်း ..၊

သူမကို ထားခဲ့ပြီး ဒေါသခြေလှမ်းတွေက ကျောခိုင်းထွက်ခဲ့ပြီး ပြန်ကြည့်လိုက်မိသည်။

"အ .. အစ် .."

သူမ လူးလွန့် ညည်းညူရင်း ပျို့အန်ဖို့ စိုင်းပြင်းနေတုန်း ...

ကိုယ့်မှာလည်း ပေကျံနေတာ သူမကြောင့် ..၊

ဒေါသတွေလည်း ထွက်နေပြီပေမယ့် လူးလူးလိမ့်လိမ့် ဖြစ်နေသည့် သူမဆီကိုပဲ ပြန်လှည့်လာမိတာ ဘာကြောင့်မှန်း မသိ ..၊

"ကဲ .. ထ .."

ဆွဲထူမိတော့လည်း ဆူဆူအောင့်အောင့် ..၊

"အမူးပြေသွားအောင် နားရင်းနှစ်ချက်လောက် ပိတ်အုပ်လိုက် ရရင် ကြည့်ကောင်းဦးမယ် .. တောက်!..."

"ဘာလဲ .. ဘယ်သူ့ကိုလဲ .. အား .. ကျွတ် .."





လူမှန်းမသိအောင် ဖြစ်နေကာ သူ့ခါးကိုပဲ အတင်းဖက်တွယ် မှီခို လာ၏။ ရေချိုးခန်းတံခါးကို ပခုံးနဲ့တိုက်ဖွင့်ပြီး သူမကို ကြွေကန် ံ့ထားလိုက်ကာ သူ့အင်္ကျီကို ချွတ်ဖို့အတွက် အညစ်အကြေးတွေကို ၣ်ဆေးချပစ်ရ၏။

ဒီညကျမှ ဒီအချိန်ထိ ညဝတ်အင်္ကျီ မဝတ်သေးဘဲ နေမိသည့် ..၊

"တောက်!..."

အင်္ကျီချွတ်လို့ ရသည်နှင့် ကိုယ့်အင်္ကျီ ကိုယ်တိုင် လျှော်လိုက်ရ ည့်အဖြစ်ကြောင့် တက်ခေါက်လိုက်မိ၏။

အဲဒါ သွားကြည့်ချင်ဦး .. သွားထူချင်ဦး ..၊

နည်းသေးတယ် ဂုဏ်ထည်ဝါ .. မင်း ..၊

"ဝေါ့ .."

နောက်ကို လှည့်ကြည့်လိုက်တော့ သူမ အန်ချနေတာ ဗွက်ထ ပြီ ..၊

ကောင်းတယ် ..၊ အဲဒီမှာ များများအန်ပြီး ကိုယ့်အခန်းကို အန် ၣ်တွေနဲ့ လက်ပစ်ကူးသွားလိုက် ..၊

စိတ်ထဲက ကြိမ်းဝါးပြီး တက်ခေါက်မိလို မိ ..၊

ပါးစပ်က ထုတ်ပြောပြီး တစ်ယောက်တည်း ရှုံ့မဲ့ ခေါင်းခါရင်း —

"ကဲ .. ထစမ်းပါ .."

အန်ဖတ်တွေနဲ့ပေးအောင် သေးကို တရွတ်တိုက် ရွှေ့ယူကာ သူမ ၣ်ပေါ်က ပေကျံနေသည့် အနွေးထည်အင်္ကျီကို ချွတ်လိုက်သည်။ ဘော့ ထိုအင်္ကျီကို လုံးထွေးကိုင်ကာ နံရံဆီကို ပစ်ပေါက်လိုက်စဉ်...



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်!..."

မိနှင်း အခန်းရှေ့မှာ ကျွတ်ထွက်တော့မတတ် ပြူးကျယ်နေသည့် မျက်လုံးတို့နှင့် တအံ့တဩ ..၊

"ဟို .. ဟိုဥစ္စာ .. ဟိုသင်း .."

လက်ညှိုးထိုးမလိုနှင့် လက်ညှိုးက ဟိုရောက် ဒီရောက် မိုး ထောင်သွားကာ .. ပြီးမှ နောက်ပြန် လန်ကျသွားပြီး ...

"တေး .. တေးကဗျာ .. ကျွန်မ .. မ .. မမ က .."

"ဟာ!... ဘာလဲ .."

"အောင်မယ်လေး .."

သူ အော်လိုက်တော့ တုန်ခနဲ ဖြစ်သွား၏။

"သွားစမ်း .. စိတ်တိုရတဲ့အထဲ .."

"ဟုတ် .."

ပြန်ပျောက်သွားလိုက်တာ လေတိုက်သွားတဲ့အတိုင်း ..၊ ဒီပုံစံကို ကြည့်ပြီး တစ်မျိုးတစ်မည် ထင်သွားပြီကို သိလိုက်သည်။ ဒါပေမယ့် မတတ်နိုင် ..၊

ဘယ်သူ ဘယ်လိုထင်ထင် ကိုယ့်အကြောင်းနဲ့ ကိုယ် ..၊





အခန်း (၂၃)

"အား!... ကိုက်လိုက်တာ .. ကျွတ် .. ကျွတ် .."

...ကိုယ်လုံး လက်ထောက်လို့ပင် မခိုင်ချင်လောက်အောင် ကတုန် ...ဖြစ်နေသည်။ လဲနေရာကနေ ကျုံးထလိုက်နိုင်ပေမယ့် ပြန်လဲချ ...သည်။

...ပေမယ့် ခေါင်းတွေက တစ်အုံလုံး ကိုက်ခဲနေ၏။

"...တ်မောနင်း မမေ .."

...င်!...

...ကြုံဝတ်စုံလေးနှင့် ကျောပိုးအိတ်လေးကို ပိုးရင်း တေးကဗျာ ...လေးက ပါးချိုင့်လေးတွေ လင်းလက်နေအောင် ပြုံးချိုနေ၏။ ...ကနေ နှုတ်ဆက်ပြီး ပြေးဝင်လာကာ ရေး ရဲ့ပါးပြင်ကို ခွေ့ခနဲ ...၏။

"မမေ .. နေကောင်းသွားပြီးလား ဟင် .."

"အင်း .."



www.burmeseclassic.com

www.burmeseclassic.com



"မေမေ့ .. မေမေ့ကိုယ်က နံတယ် .."

"ဘာ!..."

တေး က နှာခေါင်းလေး ရှုံ့တွတွနှင့် နေပြီးမှ ရေး စိတ်ဆိုးသွား မှာ စိုးသလို ရယ်ပြလိုက်၏။ ပြီးတော့ ...

"မနံပါဘူး .. နည်းနည်းလေးပဲ .."

"ဘာစော် နံတာလဲ .."

"ဖေကြီးဆီက အနံ့မျိုးနဲ့ တူတယ် .."

"ဘာ!... ပြောတယ် .."

"မီးမီးလေး .."

ရေး ဒေါသထွက်သွားသည့်အချိန်နှင့် တစ်ပြိုင်နက် အေးပုံ ဝင်လာပြီး ကလေးကို လာခေါ်၏။

"ကျောင်းသွားရအောင် နော် မီးမီးလေး .."

ကလေးကို ချီပွေ့လိုက်ပြီးမှ ရေး ကို မကြည့်ဘဲ မျက်နှာ ငုံ့၍ ...

"ကလေးကို ခေါ်သွားမယ်နော် မမ .. ကျောင်းပို့ရတော့မှာ လို့ .."

"မေမေ့ကို ချစ်တယ် .."

စိတ်တွေတိုနေရတုန်း တာ့တာ လုပ်ပြသွားသေးသည်။

တေးကဗျာလေး ဟာ သူ့မထံမှ ဘယ်လိုဥပေက္ခာနဲ့ ရက်စက် တွေပဲ ပေးနေပါစေ .. မျက်နှာလေး ပျက်သွားလည်း ခဏတာပဲဖြစ် ငိုယိုသွားတဲ့အထိ ဖြစ်ရင်တောင် မျက်ရည်ခြောက်တာနဲ့ အနားရောက် လာတာပင် ..၊

"ကျွတ်!..."





ခေါင်းတွေ ထိုးကိုက်လာကာ တေးကဗျာ ကြောင့် စိတ်ပျက်ရ တာတွေနှင့် ဝေဒနာ ခံရတာ နှစ်ဆ တိုးလာသလိုပင် ..၊

ညက သူ့မ ဘာတွေ ဖြစ်ခဲ့သလဲ ..၊

ချမ်းတာကို ဘယ်လိုမှ မခံနိုင်တော့လို့ အရက်ဘားရှိတဲ့နေရာ ရောက်သွားခဲ့သည်။ ပြီးတော့ တကယ် သောက်ခဲ့တာကိုလည်း မှတ်မိရသည်။

ရင်ထဲမှာ ပူဆင်းသွားတာနှင့် နွေးထွေးသွားသည့်အရသာကို မက် မောကာ နောက်ထပ် သောက်ခဲ့သေးသည်။ ဒါပေမယ့် ဘယ်လောက် အထိအောင် သောက်နေမိခဲ့သလဲ ..၊

နောက်ထပ် ဘာတွေ လုပ်မိခဲ့သေးလဲ ..၊

စဉ်းစားနေရင်း ကိုယ့်ကိုယ်က အနံ့ကို သတိထားမိလာ၏။ ကုတင်ရာပေါ်ကနေ ဆင်းကာ ခေါင်းကိုက်နေတာထက် နံစော်နေသည့် ပြဿနာကို အရင်ရှင်းဖို့ လုပ်ရ၏။

ညက ကိုယ်ပူဖျားနာနေတာတွေ ပျောက်ကုန်ပြီပေမယ့် ဆိုးရွား ခြင်း အလီလီကို ခံစားနေရကာ အခန်းထဲက ထွက်လာတော့လည်း ကိုယ့်ကိုယ်က အင်အားကုန်ခန်းနေသလိုပင် ..၊

"မမ .."

"အဲ .."

ရေး အခန်းထဲက ထွက်လာတော့ ရေချိုးခန်းဘက်က နှစ်ယောက် အတူ ထွက်လာကြသော အေးပုံ နဲ့ မိနှင်း တို့ ခြေလှမ်းတွေ ပြိုင်တူ တုံ့သွားကြသည်။

ထို့ပြင် မျက်လုံးနှစ်စုံ ပြူးခနဲ ဖြစ်သွားကြတာလည်း ပြိုင်တူ ..၊

သူ့မတို့ရဲ့ပုံစံကို မြင်လိုက်တာနှင့် ကိုယ့်အကြောင်း တစ်ခုခု ပြော



www.burmeseclassic.com

www.burmeseclassic.com



လာတုန်း လူမိသွားတာပဲဆိုတာ ရေး ကလည်း တန်းသိသည်။

မိနှင်း က အဆိုးခုံးပဲဖြစ်ကာ ပါးကုတ် နားကုတ် ဖြစ်သွား မျက်မှောင်ကုတ်ကြည့်နေသည့် ရေး ကို ပြုံးပြပြီး မျက်နှာငုံ့၍ –

"မမ ဘာခိုင်းမလို့လဲ ဟင် .."

"မခိုင်းပါဘူး .."

ရေး က အေးဆေးသည့်ပုံစံနှင့် သူမဆီကို လျှောက်သွားကာ

"ညတုန်းက .."

"ရှင်!..."

မိနှင်း တုန်ခနဲတောင် ဖြစ်သွား၏။ ရေး မျက်ခုံးတန်းလေး တွန့်သွားစဉ် ...

"မိနှင်း ရေ .."

"ဟင် .. ရှင် .. ရှိတယ် အစ်မစိန် .."

မယ်စိန့် အသံ ကြားလိုက်တာနှင့် မိနှင်း ဝမ်းသာအားရ ဖ အေးပုံ ကို ပြန်ငဲ့ကြည့်သည်။ ပြီးတော့ ခေါင်းငုံ့ပြီး အပြေးအ ထွက်သွားလေသည်။

ကိုယ့်ခေါင်းပေါ် ကျလာပြီမှန်း သိလိုက်ကာ အေးပုံ မျက် သာ တွင်တွင်ငုံ့ထားမိ၏။

ဒါပေမယ့် ရေး က ဘာမှ ထပ်မပြောဘဲ လှည့်ထွက်သွားသ ကိုယ့်ကိုယ်ကိုယ် ကံကောင်းလေစွလို့ မှတ်ရင်း...

"အေးပုံ .."

"ရှင် .."

"သြော် .. ဒီကောင်မလေးတွေ ခေါ်ရခက်လိုက်တာ .. ဈေ ပြန်ရောက်လာရင် ပစ္စည်းပိုင်းသယ်ရမယ်ဆိုတာ နားမလည်ကြဘူ





ဟယ် .. မသိရင် သယ်ရမှာစိုးလို့ ချောင်ခို တွယ်ကပ်နေတာ ကျနေတာ ပဲ .."

မယ်စိန့် အသံကိုသာ ကြားနေရကာ လူကိုတော့ မတွေ့ရပါ ..၊ ဈေးဝယ်တဲ့လူတောင် ပြန်ရောက်လာပြီဆိုတော့ သူမ ဒီအချိန်ထိ အိပ် ပျော်သွားခဲ့ပါလားလို့ တွေးမိကာ ဘရေ့ဖတ်စ် စားဖို့ အစီအစဉ်ကိုပါ ဖျက်လိုက်မိ၏။

ကော်ဖီပူပူနဲ့ သံပရာရည်လေး ညှစ်သောက်၍ ခဏ ပြန်နားလိုက် သည်။

ခေါင်းကိုက်ပြေအောင် သူများတွေ လုပ်ကြသည့် လုပ်ထုံးလုပ် နည်းအတိုင်း ကော်ဖီဖျော်ခဲ့ရင်း ကိုယ့်ကိုယ်ကိုယ် အရက်သမားလို့ ဆောင် ထင်လာမိသည်။

ထိုစဉ် ခပ်ဟဟ အခန်းထဲမှ စကားသံတွေကြောင့် အခန်းရှိရာကို မျက်လုံးရောက်သွားခဲ့၏။ စကားသံတွေက တီးတိုးပြောနေကြတာ မဟုတ်သည်မို့ နားစွင့်ရင်း လျှောက်လာခဲ့လျှင် ...

"သက်သောင့်သက်သာ ပြန်လှဲနေပါ သူဌေးရယ် .. ကျွန်တော် ပြန်ရှာပေးပါ့မယ် .."

"ကျွန်တော် ဒီထဲထိ လိုက်လာတာ ပြန်ရှာမလို့ မဟုတ်ဘူး ကိုကျော် .. ခင်ဗျား .."

"မဟုတ်ရပါဘူး သူဌေးရယ် .. ကျွန်တော် ယူလည်း မသိမ်းဘူး.. မှင့်လည်း မကြည့်ဘူး .. မညာရပါဘူး .. တကယ်ပါ .."

"ဒါကို ပြန်မတွေ့ရမချင်း ကျွန်တော် မယုံနိုင်ဘူး ကိုကျော် .. အားတော့ နာတယ် .."

"အားမနာပါနဲ့ .. စီစီတီဗွီကင်မရာနဲ့ ပတ်သက်တဲ့ ပစ္စည်းတွေ



www.burmeseclassic.com

www.burmeseclassic.com



ရော .. ကတ်ရော .. အားလုံးက သူ့ဌေးအတွက် ဒီလောက် အရေး
နေတာကို ကျွန်တော် သေချာ မထိန်းသိမ်းနိုင်ခဲ့တဲ့အတွက်ပဲ စိတ်
မကောင်း ဖြစ်မိတာပါ .."

"ဟုတ်ဟယ် .. အဲ့ဒါတွေ အားလုံးကို ဖြုတ်ပြီး သိမ်းပစ်လိုက်
နေ့တည်းက ကျွန်တော် ဒီထဲမှာပဲ ထားတာ .."

"ဟုတ်ကဲ့ပါ .. ဒီအခန်းနံရံတစ်ခြမ်း ဆေးသုတ်ပြီး ပစ္စည်းေ
ပြောင်းရွှေ့လိုက်တော့ .."

"မဟုတ်ဘူး ကိုကျော်.. ကျွန်တော် ထားတဲ့ ဘယ်လိုပစ္စည်း ဘ
လိုစာရွက်စာတမ်း ဖြစ်ဖြစ် .. ကျွန်တော့်ကို အသိမပေးဘဲ ဘယ်သူ
ပြောင်းရွှေ့ ဖျက်ဆီးရဲတာ မဟုတ်ဘူး .."

"သူဌေး .."

ဦးကျော်ထွန်း ရင်နင့်သွားသည့်မျက်နှာနှင့် ရုတ်တရက် ဆွံ့
သွားခဲ့၏။

ဘယ်သူမှ မပြောင်းရွှေ့ မဖျက်ဆီးရဲပေမယ့် သူကတော့ ဒီ
လုပ်ပိုင်ခွင့်တွေ ရရှိထားတဲ့သူ ..၊

ဘယ်လိုရှင်းပြပေမယ့် ကိုယ့်ကို စွပ်စွဲနေခြင်းသာ ဖြစ်သည်မို့

"သူဌေးရယ် .. ကင်မရာတွေ ဖြုတ်ရှင်းပစ်ခဲ့တာ ဘယ်တု
တည်းကလဲ စဉ်းစားကြည့်ပါဦး .. သူဌေးနဲ့ ပတ်သက်သမျှ ကျွန်တေ
ထက် ပိုပြီး စွက်ဖက်လုပ်ကိုင်ခွင့်တွေ ရှိထားတဲ့ ဆည်းဆာ ကိုလည်း
ထည့်တွေးပေးပါ .. သူ ရွှေ့ပြောင်းထားမိတယ် ဆိုရင်လည်း .."

ဦးနေဂုဏ် က လက်ကာလိုက်သဖြင့် ဦးကျော်ထွန်း အသံ တိတ်
သွားသည်။

"ဆောရီး ကိုကျော် .. ကျွန်တော် စိတ်လောသွားမိတယ် .."





သူ တကယ် မှားသွားခဲ့တာပါ .. အခန်းတချို့တွေထဲမှာ ကင်မရာ
တွေ ရှိနေတာကို ဆည်းဆာ က မုန်းသည်။ ဒါပေမယ့် သူကတော့
သဘောကျခဲ့၏။

သူမ၏ ကြည်ဖြူမှုကို လိုလားလာမိသည့်နောက်ပိုင်းမှာ ကိုယ့်
ဘက်က အလှကြည့် အချစ်နဲ့သာ ထိန်းသိမ်းနေခဲ့ရသည်။ ထို့ကြောင့်
သူမလေးရဲ့ သွားလာလှုပ်ရှားမှုလေးတွေကို အချိန်တိုင်းမှာ မြင်နေခွင့်
ရချင်တော့ ကင်မရာတွေကို မဖြုတ်ဘဲ ဒီတိုင်း ထားခဲ့၏။

"မင်း မကြည်ဖြူဘဲ ကိုယ် ဘာမှ မယူခဲ့ဘူး ဆည်းဆာ .. ကိုယ့်ကို
ရင်မဆိုင်မိဖို့ပဲ ကြိုးစားနေတဲ့ မင်းကို ကိုယ်က ဘယ်လိုမြင်ရမှာလဲ..၊
အလှကြည့်နေခွင့်လေးတော့ ပေးပါ .."

လို့ သူ ပြောတော့ ...

"ရှင် အရူးပဲ .."ဆိုပြီး လက်ညှိုးငေါက်ငေါက်ထိုးပြီး ပြောခဲ့သည်။
လူတိုင်းဟာ တစ်မျိုးစီ ရူးနေကြတာပဲ မဟုတ်ဘူးလား ..၊

ဒီကင်မရာတွေကို ဖြုတ်ချထားလိုက်တာ မြင်သည့်အချိန်မှာ သူမ
ဝမ်းသာအားရ ကောက်ယူ ဖျက်ဆီးပစ်လိုက်တာလည်း ဖြစ်နိုင်သည်ပဲ..၊

ဦးနေဂုဏ် ၏ အဆုံးမဲ့ နာကျင်မှုတို့သည် လူကို တစ်စစ စုတ်ယူ
ဝါးမျိုခံနေရသကဲ့သို့ မျက်လုံးတွေ စုံမှိတ်ထားမိပေမယ့် ခေါင်းထဲမှာ
ချာချာလည်နေ၏။

ပြီးတော့ မွန်းကျပ် ပူလောင်လာခဲ့လျက် ...

"ပျက်စီးကုန်တာပဲ ဖြစ်ပါစေ .."

"သူဌေး!..."

ခွေကျသွားသည့် ဦးနေဂုဏ် ကို ဦးကျော်ထွန်း ကမန်းကတန်း
ပွေ့ထားလိုက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"သူဌေး သတိထားပါဦး .. သူဌေး .."

ရေး ထိုနေရာမှ ဦးအောင် ထွက်လာခဲ့ရင်း စကြိုလမ်းချိုးကွေ့ ခြေစုံရပ်လိုက်၏။ ပြီးတော့ တွေးလိုက်မိဘာက ဖြုတ်ချ သိမ်းဆည်းပြီး သည့် ကင်မရာနဲ့ ပစ္စည်းတွေကို မတွေ့တာလောက်နဲ့တော့ ဦးနေဂုဏ် ဒေါသတွေ ဒီလောက်ထိ ဖိစီးနေမှာ မဟုတ် ..၊

ကွန်ပျူတာထဲမှာ .. ဒါမှမဟုတ် enternal hardisk ထဲမှာ သူ့ရဲ့ လူသိမခံနိုင်သော ကြီးမားသည့် လျှို့ဝှက်ချက် တစ်စုံတစ်ရာ ရှိနေလို့ သာ ဖြစ်ရမည်။

လျှို့ဝှက်ချက်က ဘာလဲ ..၊

မမနဲ့ သက်ဆိုင်နေမှာကတော့ ကိုးဆယ်ရာနှုန်းလောက်ပင် ..

ရေး အတွေးနယ်ချဲ့နေမိစဉ် ဦးကျော်ထွန်း ၏ ပျာယိပျာယာ လှုပ်ရှားမှုတွေကို မြင်လိုက်ရ၏။

ဟိုလူကြီး ဘာဖြစ်သွားပြီလဲ ..၊





အခန်း (၂၄)

"ဟင်!..."

ဦးနေဂုဏ် ကို ဆေးတိုက်ပြီး ဒီဘက်ပြန်အလှည့်မှာ ရေး ကို မြင် လိုက်ရသဖြင့် ဦးကျော်ထွန်း အံ့သြသွား၏။

သူမ ဒီအခန်းထိ ရောက်လာခဲ့တာ ဘယ်လိုမှ ကောင်းနိုးရာရာ ဖြစ်ဖွယ် မရှိမှန်း တွေးမိလိုက်ကာ ...

"ဘာကိစ္စရှိလို့လဲ ရေး .."

စိတ်ထဲမှာတော့ တင်းသွားပေမယ့် အနားမှာ သူဌေး ရှိနေသဖြင့် အပြေပြစ်ဆုံး ပြင်ဆင်လိုက်ရင်း နေရာမှ ထသွား၍ ...

"ပြောဖို့ တစ်ခုခုရှိရင် ကျုပ်ကို ပြောပါ .. သူဌေးက .."

"ကျွန်မက ဦးနေဂုဏ် ကို ပြောဖို့ လာတာ .."

"ဟုတ်ပါတယ် .. အဲဒါကိုပဲ .."

ရေး က သူ့စကားကို ဂရုမစိုက်ပေ ..၊ စကားလည်း ဆုံးအောင် နားမထောင်ဘဲ ရှောင်ကွင်းပြီး လူမမာခုတင်နားထိ ရောက်အောင်သွား သည်။



www.burmeseclassic.com

www.burmeseclassic.com



သူမရဲ့ ခြေလှမ်းတိုင်းကို တည်ကြည်အေးဆေးစွာ ကြည့်နေမဲ့သည့် ဦးနေဂုဏ် ၏ မျက်နှာရှေ့တည့်တည့်ရောက်မှ ရပ်တန့်ကာ ...

"သော့ခတ်ထားတဲ့အခန်းကို ကျွန်မ ဝင်ကြည့်ချင်တယ် .."

"ဟော့ .. နေပါဦး .. မင်းက ဘာကို လာတောင်းဆိုနေတာလဲ.."

ဦးကျော်ထွန်း စိတ်တိုသွားတာကို ဘယ်လိုမှ မထိန်းနိုင်ဘဲ ပြောရင်း အနားရောက်လာသည်။

"သော့ခတ်ပိတ်ထားတည်းက .."

"သော့ပေးလိုက်ပါ ကိုကျော် .."

"ဗျာ!..."

ဦးကျော်ထွန်း အံ့ဩသွားသည်။ ဒါက အိမ်ရှင်ကို တိုက်ရိုက်စော်ကား၍ စိန်ခေါ်လိုက်တာ မဟုတ်ဘူးလား ...၊

ဦးနေဂုဏ် မျက်နှာကတော့ စိတ်လှုပ်ရှား ဒေါသ အလျဉ်းမရှိဘဲ မျက်နှာသာမက မျက်ဝန်းတို့သည် ခံစားချက်မဲ့နေသော လူသေတစ်ဦးကဲ့သို့ ...၊

"ကျွန်မ ဘာကို သိချင်သလဲဆိုတာ ရှင် မမေးတော့ဘူးလား .."

"မလိုတော့ပါဘူး .. မင်း သိချင်တဲ့ မင်းအစ်မနဲ့ ပတ်သက်တာတွေကို အဲ့ဒီထဲမှာ စိတ်ရှိသလောက် လှန်လှောရှာပါ .. နောက်ထပ် ဒီအခန်းထဲမှာ ဖြစ်ဖြစ် .."

"သူ့ရွေး .."

ဦးကျော်ထွန်း တနုံ့နုံ့ဖြစ်ရင်း သတိပေး တားဆီးနေပေမယ့် ဦးနေဂုဏ် က သူ ပြောတာကို ဂရုမစိုက် ...၊

မျက်တောင်ဖျားတို့တောင် မလှုပ်ခတ်ဘဲ ရေး ကိုသာ ငေးကြည့်ရင်း ...





"သူနဲ့ပတ်သက်ပြီး ငါ့ဘက်က လျှို့ဝှက်ချင်တဲ့ တစ်စုံတစ်ရာ ရှိခဲ့ရင်တောင် .. အဲဒါကို မင်း သိသွားတယ်ဆိုရင် ငါ ကျေနပ်တယ်.."

ရေး ကတော့ သူ ဘာပြောပြော ပလီနေတာဆိုသည့် အကြည့်တို့နှင့် ခပ်နွဲ့နွဲ့ လက်ပိုက်၍ မျက်ခုံးနှစ်ဖက်ကို ပင့်ထားရင်း ခပ်မဲ့မဲ့ ...၊

"နောက်ထပ် သေချာတာက မင်း သိသွားရင်လည်း မင်း ဘယ်သူ့ကိုမှ ထပ်သိစေချင်မှာ မဟုတ်ဘူးဆိုတာပဲ .."

ရေး ရဲ့ ပင့်ချီနေသည့် မျက်ခုံးတန်းလေးတွေ ကုတ်ကျသွားသည်။ ဦးကျော်ထွန်း ကိုယ်တိုင် သူ မသိခဲ့ရသည့် တစ်စုံတစ်ရာအပေါ်မှာ စိတ်ဝင်စားမှုတွေ ပိုမိုသွားခဲ့၏။

ဒါပေမယ့် ဦးနေဂုဏ် က ထိုစကားကို ရှေ့မဆက်ခဲ့ဘဲ ...

"မင်း ငါ့ကို မုန်းနေတာ ငါ နားလည်တယ် .."

"ရှင် နားမလည်ပါဘူး .. ကျွန်မ ဘယ်လောက်ထိ မုန်းနေလဲဆိုတာကို တစ်ဆုံး မမြင်သေးဘူး ဦးနေဂုဏ် .. ဒါကြောင့် ကျွန်မကို ရှင် ဒီမှာ လက်ခံရဲတာ .. အရူးလို မျှော်လင့်ချက်တွေ ထားနေတာ .."

"ပြောပါဦး .. ဒါဆို ငါက ဘာကို မျှော်လင့်နေတာလဲ .."

ခဏ စောင့်နေပေမယ့် ရေး မဖြေလျှင် ...

"ခုချိန်မှာ ငါ့အတွက် ရှုးလောက်အောင် မျှော်လင့်နေစရာ ဘာမှ မရှိတော့ဘူးလို့ပဲ ထင်ခဲ့တာ .. ဒါပေမယ့် နေ့တိုင်း ကိုယ့်ကိုယ်ကိုယ် မှန်ကြည့်ရင်း မြင်နေရတဲ့လူတွေတောင်မှ ကိုယ့်အပြစ်ကို သူများပြောမှ သိတာလေ .. ကိုယ့်မျက်ချေးကို မမြင်ဘူးဆိုတဲ့ စကားလိုပေါ့ .. ငါ မှန်မကြည့်ဖြစ်ခဲ့တာ နှစ်နဲ့ ချီနေပါပြီ .."

"မကြည့်ဖြစ်တာ မဟုတ်ဘဲ ကိုယ့်မျက်နှာကို ပြန်မကြည့်ရဲတာ သည်း ဖြစ်နိုင်တာပဲ .."

www.burmeseclassic.com



ဦးမနဂုဏ် မျက်ဝန်းတွေမှာ ရီဝေခြင်းတို့က အေးခဲသွားမတတ် ရှိလျက် ...

"ဟွန်း .."

နှာကျင်သည့် မဲ့ပြုံးတစ်ရပ်က ခပ်ယဲ့ယဲ့သာ ..။

"ဖြစ်နိုင်ပါတယ် .. အခု မင်း ဒီထိရောက်လာတယ်ဆိုတော့ ငါ့ကို အစက သူ့စရိတ်နဲ့သူ သွားမှာပဲဆိုပြီးတော့ နေခဲ့ပေမယ့် မသေနိုင်သေးတဲ့အတွက် စိတ်လိုက်မာန်ပါ တစ်ခုခု လုပ်ဖို့ ရှိလာတာလား .."

"ဟွန်း.. တကယ်တော့ ကျွန်မ ဘာလုပ်ချင်တာလဲဆိုတာကို ရှင် သိချင်နေတာပဲ .."

"မဟုတ်ဘူး .. ငါ စိတ်ကူးကြည့်ခဲ့တာတွေ ဘာမှမဖြစ်ခဲ့လို့ အံ့ဩတာ .."

"ရှင့်ကို ရင်ခွဲ ဆားပက်ပြီး မီးကင်တော့မှာပဲလို့ တွေးကြောက်နေတာလား .."

ဦးမနဂုဏ် က တုပ်တုပ်မျှ မလှုပ်ဘဲ ဖြေလည်း မဖြေ ..။

"ပူမနေနဲ့ ဦးမနဂုဏ် .. လူတစ်ယောက်ကို ရက်စက်တဲ့နည်း တစ်မျိုးမျိုးနဲ့ ပက်ပက်စက်စက် သတ်ချင်လောက်အောင် စိတ်ကြိုက် မုန်းတီးခွင့်ရှိပေမယ့် မုန်းနေတိုင်း သတ်ပစ်လို့ မရဘူးဆိုတာ သိတယ်- ပြီးတော့ အာဏာပါးကွက်သားလက်ထဲ ရောက်နေပြီးတဲ့ ရှင့်လိုလူကို ဓားနဲ့ ဝင်ခုတ်ပြီး အပြစ်ကျ ရလောက်အောင် ကျွန်မ မမိုက်မဲသေးဘူး .."

ရေး က ပြောပြီး နှုတ်ခမ်းမဲ့၍ ဆတ်ခနဲ ခေါင်းခါပစ်သည်။ ပျော့နဲ့လှပသည့် ဆံနွယ်တို့သည် သူမရဲ့ပါးရိုးလေးတွေပေါ်မှာ ဖရိုဖရဲ ဘယ်လို ပြုံ့ဆင်းနေနေ .. ဘယ်လိုဖွဖွ ဘယ်လိုခါပစ်ပါစေ ဖြူစင်နုမွတ်သည့်





ာလေးက အလှမပျက် ..။

ထို့ပြင် မုန်းတီးစက်ဆုပ်တာတွေ .. ဘယ်လိုပဲ ပက်စက်ရင့်သီးစွာ နေပေမယ့် ပါးပြင်နှစ်ဖက်ပေါ်မှာ ဝိုင်းစက် ချိုင့်ခွက်သွားတတ် ပါးချိုင့်လေးနှစ်ဖက်ကြောင့် တစ်ဖက်လူမှာ စိတ်ဆိုးဖို့ ခက်သွား ။

ဦးမနဂုဏ် ငေးကြည့်နေသည့် မျက်ဝန်းတွေကို မသိပေမယ့် သူ့ ကို လှည့်လိုက်စဉ်ခဏမှာ လှုပ်ရှားပြောင်းလဲသွားသည့် သူမ ာလေးနှင့် အစစသော အလှအပတွေကို ဦးကျော်ထွန်း လက်မခံလို့ တော့အောင် ဖြစ်သွားခဲ့သည်။

ထို့ပြင် သူမသည် ဆည်းဆာပန်းချီ ထက် အစစ သာလွန်လှပ ဖြစ်နေမှန်းလည်း နောက်ထပ် တွေးဖြစ်လေသည်။

ပြာလဲ့စူးရဲသော မျက်ဝန်းညိုက ရုတ်တရက် သူ့ဘက်ကို လှည့်လာ ာ –

"ကျွန်မကို သော့ပေးပါ .."

သူ ဦးမနဂုဏ် ကို လှမ်းကြည့်လိုက်တော့ ခေါင်းညိတ်ပြသဖြင့် က် ပို၍ အရောင်ရင့်သော နံရံကပ်ဗီရိုကြီးက တံခါးနှစ်ချပ်ကို ွင့်ပြီး သော့ထုတ်ယူလိုက်၏။

အတွဲလိုက်ဘာညာ မရှိဘဲ သော့သည် တစ်ချောင်းတည်းသာ ာက် ..။ မိန်းကလေးကြိုက် ကီးချိန်းလေးက တလက်လက် လွှဲယမ်း ။ သူမ သေချာကြည့်လိုက်တော့ ကီးချိန်းအစစ် မဟုတ်ပေ ..။ ပလက်တီနမ်ဆွဲကြိုးကို ခေါက်တုံ့ပြန်ပတ်ကာ လွှဲယမ်းနေတာ န် လက်စွပ်လေး တစ်ကွင်း ..။ ထိုစဉ် ...

"ဟာ .. ဖေကြီး နိုးနေပြီ .."



www.burmeseclassic.com

www.burmeseclassic.com



အဖြူအနီ အထပ်ထပ်နှင့် ဂါဝန်လေးဝတ်ထားသည့် တေးကဗျာက ဖအေ ကြည်ကြည်လင်လင် ထိုင်နေတာမြင်ကာ အခန်းတံခါးလည်း ပွင့်နေသဖြင့် တဖားဖား ပြေးဝင်လာ၏။

သတိလက်လွတ် ခုန်ပေါက်မြူးတူးသွားတာမျိုးဖြစ်ကာ ရေး ထိုရေး နဲ့ နံဘေး ရောက်လာကာမှ တွေ့သွားခဲ့၏။

"မေမေ .."

"သွား .. ခု ပြန်ထွက် .."

"မေမေ .. မီးမီးက .."

"ပြောနေတာ မကြားဘူးလား .."

"ဟင့်အင်း .. ဖေကြီးဆီ သွားချင်လို့ .. မီးမီး ဖေကြီးဆီ သွားမှာ"

"မသွားရဘူး .. နင့်ကို ငါ ဒဏ်ပေးပြီးတော့ မှတ်လောက်အောင် ဆုံးမမယ် .. လာခဲ့ .."

ဖအေနဲ့ ကလေးကို ချစ်သော ဖအေရဲ့လူယုံကြီးရှေ့မှာပဲ လက်လေးတစ်ဖက်ကို ဆောင့်ဆွဲခေါ်သည်။ ထို့ပြင် ဦးကျော်ထွန်း ဒီတိုင်းကိုင်ထားမိဆဲ သော့ကို ဆတ်ခနဲ ဆွဲယူသွားတာ ခပ်ရိုင်းရိုင်း ..၊

ဦးခနဂုဏ် ၏ မှိတ်ချပစ်လိုက်သော မျက်ဝန်းတွေကြောင့် ဦးကျော်ထွန်း ပါးစပ်လှုပ်ရင်း ခြေလှမ်းပြင်ရင်းနှင့် ဒီတိုင်းပဲ ကျန်ရစ်ခဲ့လေသည်။

သူ လှုပ်ရှားပြောဆိုနိုင်ဖို့အတွက် လိုအပ်တာက အမိန့်တစ်ရပ်





## အခန်း (၂၅)

"မင်း ဘာရှာတာလဲ ရေး .."

လက်ထဲရောက်လာသည့် ဟက်ဒစ်(ခ်)ကို သေချာကိုင်ကြည့်ပြီး ...နေတုန်း ဦးကျော်ထွန်း အသံ ကြားသဖြင့် မော့ကြည့်လိုက်မိ...၏။

ဦးကျော်ထွန်း က အထဲကို ဝင်မလာဘဲ တံခါးဝအပြင်ကနေ ...နှစ်ဖက် နောက်ပစ်ရပ်နေလျက် ...

"စိတ်တော့ မရှိပါနဲ့ .. အခု မင်း ရှာနေတာ တွေ့ပြီလို့ ငါ ထင် ... .."

ရေး ကိုင်ထားတာကို တစ်ချက်ကြည့်ပြီးမှ မျက်လုံးတွေ သူမ ...နှာဆီ ပြန်ရောက်လာကာ ...

"မင်း ဒီအခန်းထဲကို ဝင်ချင်ရတဲ့အကြောင်းရယ် .. ဒါကို ရှာယူ...နိုင်တဲ့ အရည်အချင်းရယ်ကို ကြည့်ရင်း ကျုပ်တောင် သိခွင့်မရခဲ့...စုတချို့ကို မင်း သိနေတယ်လို့ ပြောရင် မှားသွားနိုင်လား .."



www.burmeseclassic.com

www.burmeseclassic.com



ရေး က နားထောင်ပြီး ဟက်ဒစ်(ခ်)ကို ပြန်ငုံ့ကြည့်သည်။ ဦး
မော့လာကာ ...

"ရှင်တို့ ရှာနေကြတာ ဒါလားဆိုတာကို ကျွန်မက ခုမှ
ကြည့်နေတုန်းဆိုရင်ရော ရှင် ယုံမှာလား .."

ဦးကျော်ထွန်း မျက်မှောင်ကုတ်သွား၏။

"ဒါဖြင့်ရင် သူဌေးနဲ့ ကျုပ်တို့ ပဇ္ဇည်းပျောက်ရှာရင်း စိတ်ဒုက္ခ
နေကြတာကို မင်း သိသွားတာပေါ့ .."

"အပြန်အလှန် မေးခွန်းတွေချည်း ဖြစ်နေကြရင် အဖြေကို
လိုထုတ်ကြည့်နိုင်မှာလဲ ဦးကျော် .."

"ဒါဆိုရင်လည်း ကျုပ်က မင်းကို မေးချင်လို့ ရောက်လာ
ပါ .."

"ကျွန်မကတော့ မသိတာရှိပေမယ့် ဘယ်သူ့ကိုမှ မေးဖို့ စိတ်
မရှိတဲ့အတွက် သူများမေးတာကို ဖြေဖို့လည်း စိတ်မဝင်စားဘူး"

ရေး က ခပ်ပြတ်ပြတ်ပြောပြီး ပါးရိုးဘမ်ဖက်ပေါ်မှာ ဝေ့ဝဲ
သည့် ဆံပင်တွေကို လက်တစ်ဖက်နဲ့ သိမ်းတင်ရင်း ...

"ဒါပေမယ့် တစ်ခုတော့ ပြောချင်သေးတယ် .."

ရှေ့ကို တစ်လှမ်းချင်း လျှောက်လာရင်း ဦးကျော်ထွန်း ကို
ရင်းဖြင့် ...

"စီစီတီဗွီကင်မရာတွေ တပ်ပြီး သူများတကာရဲ့ အချိန်
အချိန်တိုင်းက အရေးကြီးတာတွေ .. မကြီးတာတွေ .. လျှို့ဝှက်ချ
တွေ .. လျှို့ဝှက်ဖို့ မလိုအပ်တာတွေအားလုံးကို အခန်းထဲက
ထိုင်ကြည့်နေတာ ဆိုတော့ .."

"မဟုတ်ဘူး .. အဲ့ဒါတွေက မဟုတ်သေးဘူး ရေး .."





"ဟုတ်တာ .. မဟုတ်တာတွေ ရှင်က ပြောရအောင် ကျွန်မက
ပြောနေတာလား .."

း က ပြောချင်လာပြီဆို စိတ်ထဲရှိတဲ့အတိုင်း ပြောတတ်ကာ
မရှိုင်းတာ မသိ ..၊

ဂျက်သိက္ခာကို အရောင်တင်ပြီး အတွင်းလိုက်စားနေတဲ့ စည်းမဲ့
.."

သော့ .."

ဒါကြောင့် ကင်မရာတွေ တပ်ထားတာ .. မမရဲ့ မေးလ်တွေ
ည်းက အဲဒါတွေကို ကျွန်မ သိတယ် .. အခု ဒီပြဿနာတက်
ို့ မနေ့တစ်နေ့ကအတိုင်းပဲ ပြန်ခံစားနေရတယ် .. ကိုယ့်သား
ချစ်သူရှိတဲ့ မိန်းကလေးတစ်ယောက်ကို ယုတ်မာတဲ့နည်းနဲ့
ယူပြီး အိမ်ထဲမှာ ထားတော့လည်း ဒီလိုစည်းကမ်းမဲ့ခြင်းတွေနဲ့
ရေးအားလုံးကို လွှမ်းမိုး ချုပ်ထားသေးတယ် .. အခု ဒါကို
သွားတော့ ရှင်တို့အတွက် ဘာတွေဖြစ်သွားနိုင်လဲ .."

ဘာမှမဖြစ်ဘူးလို့ မင်းကို သူဌေး ဖြေခဲ့တယ် မို့လား .."

ဒီလူးက မြက်စားပြီး ငိုပြနေလည်း သနားဖို့ မရှိဘူး ဦးကျော်.."

သူဌေးက မင်းကို စိန်ခေါ်ခဲ့တာလည်း မရှိဘူး .. သနားလည်း
း ရေး .. ရောက်လာတာလည်း မင်းပဲ .. ငြိုးပါတယ် .. မုန်းပါ
တာလည်း မင်းပဲ .. ကျုပ်တို့က မင်းရင်ထဲကို မသိပါဘူး ..
ည့် ဆည်းဆာပန်းချီ ရဲ့ညီမဆိုတဲ့ အခွင့်အရေး မင်းကို အပြည့်
ခဲ့ပြီးသား .. မင်းဘက်က ကိုယ့်အတွေးနဲ့ကိုယ် မုန်းနေ ငြိုးနေ
ျုပ်တို့ မငြိုမငြင် လမ်းဖွင့် ကြိုဆိုခဲ့ကြတယ် .."

အဲဒီတော့ ကျွန်မက ကျေးဇူးတင်ပါတယ်ဆိုပြီး လက်ဆွဲ နှုတ်



www.burmeseclassic.com

www.burmeseclassic.com



ဆက်ရမလား .."

"မင်း ဆုံးဖြတ်ပါ .. အခု ကျုပ် မင်းနေတဲ့ နေရာထိ ရောက်[illegible] တာက ဒါ ဘာပစ္စည်းလဲဆိုတာကို မေးချင်တာ မဟုတ်ဘူး .."

ဦးကျော်ထွန်း က မျက်မှောင်ကုတ်ထားပေမယ့် သူ့မျက်နှာ[illegible] ခက်ထန်တင်းမာခြင်း အလျှဉ်းမရှိခဲ့ဘဲ မျက်ဝန်းတွေ ခပ်လွဲလွဲ[illegible] ပင့်သက်ရှိုက်သည်။

ပြီးတော့မှ အထဲကို ခြေနှစ်လှမ်းလောက် လှမ်းဝင်လာ[illegible] နဲ့ လက်တစ်ကမ်းသာသာအကွာမှာ ရပ်တန့်သွား၍ ...

"သူဌေး အခြေအနေ တော်တော်ဆိုးနေပြီ .."

သေသင့်တာ ကြာပြီပဲ ..၊

ရေး စိတ်က ပြောတာပေမယ့် မစာမနာမဲ့လိုက်သည့် [illegible] တွေကို ဦးကျော်ထွန်း က စိုက်ကြည့်၍ ...

"မင်းအစ်မကို ရယူ သိမ်းပိုက်ခဲ့တဲ့အကြောင်းတွေ ကျုပ်[illegible] သိပ်မသိဘူး .. ဒါက ကျုပ်တို့ ပြောရမယ့်အပိုင်းလည်း မဟုတ်[illegible] ဒါပေမယ့် မင်း ရောက်လာကာမှ မင်းဘက်မှာ ဘာမှ အနှောင့်[illegible] မဖြစ်အောင် ကျုပ်တို့ဘက်က ချို့ယွင်းခဲ့တာမျိုးလည်း မဖြစ်[illegible] သူ အများကြီး ကြိုးစားခဲ့တယ် .."

"ဒီမှာ ဦးကျော်ထွန်း .. ရှင်က သစ္စာရှိလူယုံ ဗီသပါ[illegible] ရှင့်သူဌေး ဘယ်လိုလူဖြစ်ဖြစ် အသက်ပေး သစ္စာရှိမယ့်ပုံလည်း[illegible] တယ် .. ဒါပေမယ့် ကျွန်မကတော့ ရှင် ပြောသမျှ နားခါ[illegible] ရှင့်သစ္စာတရားတွေကိုလည်း အထင်မကြီးဘူး .. အထူးသဖြင့် ရှင်[illegible] ရဲ့ ကောင်းရာကောင်းကြောင်းတွေ ကြားရတိုင်း ပြောလာ[illegible] ပြန်မိုက်ရိုင်းဖို့ ကျွန်မ ပါးစပ်က အဆင်သင့်ပဲ .."





ဦးကျော်ထွန်း သက်ပြင်းချလိုက်ပုံက အသံမထွက်ဘဲ စိတ်ပျက်[illegible]ပျက် ..၊

ဆိုပြင် ရေး ကို ဘယ်လိုစကားမျိုးမှ မပြောချင်တော့သလို မျက်နှာ[illegible] ခေါင်းခါ၏။

ထောကြာမှ ...

"မင်းရင်ထဲက အမုန်းငြိုးက မသေးဘူးပဲ .."

"ခုမှ နားလည်သွားတာလား .."

"ဒါပေမယ့် ကျုပ် ပြောချင်တာကိုတော့ ပြောရလိမ့်မယ် .. ပြီး[illegible] ကျုပ် ပြောချင်တယ်ဆိုပေမယ့် ကျုပ်ရဲ့စကား မဟုတ်ဘူး .."

"ဦးခနဂုဏ် ပြောခိုင်းတာပေါ့ .."

"မပြောခိုင်းဘူး .. ပြောပြချင်လိုက်တာလို့လည်း သူ့ပါးစပ်က [illegible]ပြောဘူး .. ဒါပေမယ့် သူ မသေခင် ဖြစ်ချင်ဆုံးဆန္ဒတစ်ခု ရှိနေ[illegible] .. ခု သိလာတာက သူ့သမီးလေး တေးကဗျာလေး ကို သူ မင်း[illegible]ထဲ ထည့်ခဲ့ချင်တာ .."

"ဟွန့် .."

ရေး က ရက်စက်စွာ မဲ့လေသည်။

"တစ်ခြမ်းယုတ်နေတဲ့ သူ့ရဲ့ မျိုးဆက်သွေးကို ဘယ်သူက ချစ်ပါ[illegible] .. ခင်ပါတယ် ပြောနေလို့လဲ .."

ဦးကျော်ထွန်း က စိုက်ကြည့်နေသဖြင့် ရေး မျက်နှာ ကွက်ခနဲ [illegible]သွားသည်။

ပြီးမှ မာနနှင့် ခပ်တင်းတင်း မော့ကာ ...

"ကျွန်မ သိတယ် .. သူ့သွေးသားကိုတော့ မသိစိတ်က ချစ်နေမှာ[illegible] ရှင်တို့တွေ တွက်နေကြတာ .."



www.burmeseclassic.com

www.burmeseclassic.com



"သွေးသားသံယောဇဉ်ဆိုတာ 'လူတွေတင်မကဘူး .. သ
သတ္တဝါတိုင်းမှာ ရှိတယ်.. ခု ကျုပ် ပြောချင်တာက မပြီးသေးဘူး

ဦးကျော်ထွန်း က မျက်နှာပူသလိုမျိုး မျက်လုံးတွေ လွှဲလိုက်
ချောင်းတစ်ချက် ဟန့်သည်။ ပြီးတော့ ပြန်ကြည့်၍ ...

"မင်းနဲ့ ဂုဏ် တို့ အကြောင်းကို မိနှင်း ပြောပြတယ် .."

"ဘာ!..."

ရေး ဆတ်ခနဲ ဖြစ်သွားသည်။

"ဘယ်လို!... ဘယ်လို .."

ထပ်မေးလိုက်ရင်း ပါးပြင်နှစ်ဖက်မှာ ပါးနီဆိုးလိုက်သလို
စွာ ရဲတက်လာသည်။

မိနှင်း တို့ နှစ်ယောက် ကိုယ့်ကို မြင်လိုက်တိုင်း အိုးနင်းခွက်
ဖြစ်သွားတတ်တာတွေကို တစ်ခုခုဆိုတာတော့ တွက်မိခဲ့ပါ
ဒါပေမယ့် ...

"မင်းတို့နှစ်ယောက်ကို ရေချိုးခန်းထဲမှာ .."

"မဟုတ်တာတွေ လျှောက်ထင်မနေနဲ့ .. ဒီလိုမျိုး တိုက်ဆိုင်
အဖြစ်တွေက ရုပ်ရှင်တွေထဲမှာပဲရှိတာ မဟုတ်ဘူး .. ဒါပေမယ့်
ဆိုင်လာတိုင်းလည်း .."

"ရုပ်ရှင်တွေထဲမှာ မြင်နေရတာတွေကလည်း ဘဝတွေရဲ့
ပြင်ပဲ ရွှေရေးပန်းချီ .. မင်း ဒီအဖြစ်ကို မေ့ထားလိုက်တာလား ..
စရာ မလိုဘူးလို့ ထင်တာလား .."

"ဘာမှ မဟုတ်တာတွေကို ကျွန်မက ဘာကို ဂရုစိုက်ရမှာ

"ဒါဆို မင်း နည်းနည်းလောက် သည်းခံပြီး ကျုပ်မေး
ဖြေပေးနိုင်မလား .."





ရေး ပါးစပ်ပြင်လိုက်ပေမယ့် ရုတ်တရက် ဘာသံမှ မထွက်နိုင်ခဲ့..။

"မင်းနဲ့ ဂုဏ် .."

"သူနဲ့ ကျွန်မ မျက်နှာချင်းဆိုင်လို့တောင် ရတာ မဟုတ်ဘူး.."

"ဒါပေမယ့် မိနှင်း မြင်ခဲ့တဲ့ ပုံစံမျိုး ဖြစ်ခဲ့တာကိုတော့ မင်း ငြင်းဖို့
ဘူး ထင်တယ် .."

"ကျွန်မ .."

"မင်းကို ဂုဏ် က အင်္ကျီလဲပေး .."

"ရှင် လျှောက်မပြောပါနဲ့ .."

ရေး အသံလေး တုန်နေအောင် အမူအရာတွေပါ ပျက်ယွင်းနေ

ဒီညကအဖြစ်တွေကို သူမကိုယ်တိုင် သေချာ ဘာမှ မမှတ်မိခဲ့
ဘယ်သူက ဘယ်လိုမြင်ခဲ့ပါသည်ပြောပြော ငြင်းဆန် ခုခံဖို့က
သိ ..။

ဦးကျော်ထွန်း ကလည်း သူ့စကားကြောင့် ရေး ဘယ်လောက်
ထိတ်လန့်သွားသည်ကို သိနေသည်။

ဒီလိုဖြစ်စေချင်လို့ ပြောလိုက်တာလည်း မဟုတ်ခဲ့ပါ ..။ ဒါပေမယ့်
လို့လည်း မဖြစ် ..။

"သဘာဝတရားကိုက ဖြစ်သင့်တာ .. မဖြစ်သင့်တာတွေကို ခွဲခြား
ပြီးသားပါ .. အဲ့ဒီညက မင်းတို့ ဖြစ်နေကြတာကို ကျုပ်တို့လည်း
.."

"မဟုတ်ဘူး ဦးကျော်ထွန်း .. အဲ့ဒီညက ကျွန်မ မူးနေတာ .."

"ဘယ်လို!..."

ဘယ်အရာကိုမှ ဂရုမစိုက်ချင်ခဲ့ပေမယ့် ကိုယ့်ရဲ့ ဂုဏ်သိက္ခာ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ထိုညက သောက်မိခဲ့ရသည့်အဖြစ်ကို ပြောပြလိုက်မိသည် တော့ အားလုံးကို အမှန်အတိုင်း ...။

"သူ မူးမနေဘူးဆိုရင် ဘာမှမဟုတ်ဘူးဆိုတာ သူ သိရမှာ ရှင်တို့ သူ့ကို သွားမေးပါလား .."

"မင်းတို့နှစ်ယောက်စလုံးဆီက ဒီလိုစကားတွေပဲ ကြားရ ရေး .. တစ်ယောက်စီကို မေးပြီး ဖြေရှင်းပေးလို့ရတဲ့ ပြဿနာမျိုး မဟုတ်တော့ .."

"အခု ဒီပြဿနာက ဘာဖြစ်သွားနိုင်လို့လဲ ပြောပါ .."

"လူတစ်ယောက်ရဲ့ ပါးစပ်ကနေ နောက်ထပ် တစ်ရာ .. ကနေ ဘယ်လောက်ထိ ထပ်ဖြစ်သွားမလဲ ဆိုတာပဲ .."

"အဲ့ဒီတော့ .."

"မင်းနဲ့ ဂုဏ် ကို .."

"ဦးကျော်ထွန်း .."

ရေး က သံပြတ်နှင့် တားဆီးပစ်ကာ ...

"ကျွန်မက ဂရုမစိုက်ဘူး .."

"ဒါပေမယ့် .."

"ရှင့်သူဌေးက ဒီတိုင်း ဖြစ်စေချင်နေတယ်ပေါ့ .."

"ကလေးအတွက် အများကြီး ပါပါတယ် .."

"ဘယ်သူ့အတွက်မှ မစဉ်းစားခဲ့လို့ သူ့ရဲ့ မကောင်းဆိုးဝါး တွေကို ယုတ်ယုတ်မာမာ ဖြန့်ချိခဲ့တာပေါ့ .."

"ကလေးက သန့်စင်ပါတယ် .. ပြီးတော့ ဒါ မင်းတူမ ဂုဏ် က သူ့အစ်ကိုဆိုပေမယ့် ယောကျ်ားလေး .. ကလေးက ကို ပိုခင်တွယ်နေသလဲဆိုတာလည်း မင်း သိပါတယ် .."





"အဲ့ဒါ ကျွန်မအလုပ် မဟုတ်ပါဘူး .. အခု ကျွန်မ ဒီမှာ ရှိနေတာ သည်း သူ့အဒေါ်အဖြစ် ရပ်တည်ဖို့ မဟုတ်ဘူး .. ဒါပေမယ့် ဘာမှ သည်း ဖြစ်မလာခဲ့ဘူးဆိုတော့ .."

ရေး က ပြောလက်စကို ခဏရပ်လိုက်ပြီးမှ ...

"အခု အားလုံး ဖောက်ထွင်နေတဲ့လမ်းကိုလည်း မလျှောက်နိုင်တဲ့ အတွက် ကျွန်မ ဒီကနေ ထွက်သွားမယ် .."

ပြောပြီးတာနှင့် ရေး က နေရာမှ ချက်ချင်းခွာ၏။ ဦးကျော်ထွန်း က တိတ်ဆိတ်စွာ တိတ်ရစ်လေသည်။

ဒီတိုင်း ဖြစ်လာမှာပဲဆိုတာ တွက်ထားခဲ့ပေမယ့်လည်း ...။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၂၆)

"သွား .. ရှင် ထွက်သွား နော် .. အို .. မထိနဲ့ .. လူယုတ်မာကြီး.."

"ဆည်းဆာ ရယ် .. မင်းကို ကို အများကြီး အလိုလိုက်ထားခဲ့တာ ပါ .. ကိုယ်တို့ လင်မယားချင်းမှာ တစ်ခါတလေ ဖောက်ပြန်ခွင့်လောက် တော့ ရှိပါတယ် .."

"အို .. မရှိရဘူး .. လူယုတ်မာ .. ရှင်ကြီးကို မုန်းတယ် .. ကိုယ့် သူငွေးခိုပြီး ရှိသေလေးစားခဲ့သမျှ .. ရှင် ဆည်းဆာ ကို အပိုင်ကြံလိုက် တဲ့နောက်ပိုင်းမှာ ရှင့်ကို ဘယ်လောက်ထိ မုန်းတီးသွားခဲ့သလဲ ရှင် သိလား .."

ဖန်သားပြင်ပေါ်မှာ ပေါ်လာတည်းက ရှိုက်ငင် ငိုကြွေးနေတာက မမ ..၊

ပြီးတော့ မသေမသပ် ဖရိုဖရဲဆန်သော ခုတင်မွေ့ရာနှင့်တကွ မမရဲ့ပုံစံကလည်း ဆံပင်တွေပွလျက် တကယ့်ကို သွေးရူးသွေးတန်း ဖြစ်နေခဲ့ပြီး ...

"ရှင့်ကို အကြိုက်ပြီး သေအောင် ကျွန်မ ကြံစည်ခဲ့တာ .."

"ဘာ!..."





ဦးမနဂုဏ် ပုံစံက အံ့ဩတာထက် မထင်မှတ် မယုံကြည်နိုင်ခြင်း ဆာသော စိုးမိုးနေခဲ့ပေမယ့် ရေး ကတော့ ထိုင်ကြည့်နေရင်း ရင်ခုန်သံ ဆာ မြန်လာခဲ့၏။ တအံ့တဩ ပွင့်ဟသွားမိသည့် နှုတ်ခမ်းတို့မှသည် သည်ချောင်းတစ်လျှောက်သို့ လိမ့်ဆင်းသွားသည့် အပူရှိန်က အာခေါင် တွေကို ခြောက်သွေ့သွားစေခဲ့လျက် ...

"မင်း ဘာပြောလိုက်တာလဲ .."

"ကြားတဲ့အတိုင်းပဲ .."

ဆည်းဆာ က ပါးပေါ်က မျက်ရည်တွေကို ဖြစ်သလို ပွတ်ဆွဲသုတ် ်စ်ရင်း ဦးမနဂုဏ် ရှေ့တိုးလိုက်တိုင်း နောက်ကိုဆုတ်လျက် ...

"ကျွန်မ ဘူငယ်ချင်း ရောဂါသည် ရှိတယ် .. သူ သုံးနေတဲ့ဓားနဲ့ ရှင့်ကို ပါးမြိုင်းမွေး ရိတ်ပေးခဲ့တာလေ .. ရှင့်ကို ပျူငှာချိုသာစွာ ပြုစုပေး ခဲ့တာ သဘောတွေ သိပ်ကောင်းနေလို့များ ထင်နေသလား .."

"မင်း!... မင်း .. တကယ် ပြောနေတာလား .."

"ဟုတ်တယ် .. ရှင့်နားထင်မှာ ဓားထိသွားတာ မတော်တဆ မဟုတ်ဘူး .. ကျွန်မ လန့်အော်ခဲ့တာလည်း တကယ် မဟုတ်ဘူး .. ဘမင် သွေးထွက်အောင် လုပ်ပစ်တာ.. ဝမ်းသာလွန်းလို့ ထအော်တာ.."

မမရဲ့ ရက်စက်မှုကို ရေး ဘယ်လိုမှ လိုက်မမီတော့ပါ ..၊ အဘယ် ကြောင့်ဆိုလျှင် .. သူမကိုယ်တိုင် ဒီလို ကြံစည်ကျူးလွန်ဖို့ နေနေသာ သာ မြင်နေရတာနဲ့တင် မယုံနိုင် ..၊

မမ ဒီလောက်ထိ မုန်းတီးခဲ့တာလား ..၊ ဒီလို လုပ်ပစ်ဖို့ထိ မိုက်မဲ ခဲ့ဘာလား ..၊ ခုတော့ .. ကိုယ့်လက်နက်နဲ့ ကိုယ့်ကို ပြန်ထိပါပြီ ..၊

"ရှင် .. ရှင်ကြီး အဲ့ဒါကို ရိပ်မိလို့ ကျွန်မကို ပြန်ယုတ်မာတာ.."

"မဟုတ်ဘူး .. လုံးဝ မဟုတ်ဘူး .."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် .."

ဦးနေဂုဏ် က သူ့ကိုယ်မှာ သေနိုင်သည့်ရောဂါဆိုးကြီး ဝင်ရောက်နေပြီမှန်း သိရက်နဲ့ မမကို ရှင်းပြဖို့ ကြိုးစားနေသည်။ ထို့ပြင် —

"ကိုယ့်မှာ ဒီရောဂါ ဝင်နေပါစေ .. မင်းကို ဒုက္ခမရောက်စေရဘူး ဆည်းဆာ .. မင်းအတွက် ဘယ်လောက်ကုန်ကုန် ကိုယ် ကြိုးစားကုပေးမယ် .."

"ဒါကို ကုစရာ ဆေးမရှိမှန်း သိလို့ လျှာအရိုးမရှိတိုင်း လျှောက်ပြောမနေနဲ့ .."

"ဘာလို့ မရရမှာလဲ .. ကုလို့ ရတယ် .."

"မပြောနဲ့ .. မပြောပါနဲ့တော့ .."

မမ နားနှစ်ဖက်စလုံးကို လက်ဖဝါးတွေနဲ့ ကပ်ပိတ်ပြီး ငုတ်တုတ်လေး ထိုင်ချလိုက်သည်။ ပြီးတော့ ခေါင်းတွင်တွင်ခါရင်း အရူးတစ်ယောက်လို အာခေါင်ခြစ် အော်လေသည်။

"ရှင်ကြီး လူယုတ်မာ .. ကျွန်မရဲ့ ကြည်ဖြူမှုကိုမှ ဘယ်တော့မှ မရတော့ရင် အဓိပ္ပာယ်မဲ့ပါတယ် .. ဘာဖြစ်တယ် .. ညာဖြစ်တယ်နဲ့ ပလီခဲ့တယ် .. လွတ်လပ်ခွင့်ပေးပါ့မယ် .. ကွာရှင်းခွင့် ပေးပါ့မယ်လို့လည်း ကတိတွေ ပေးခဲ့သေးတယ် .. လက်ဖျားနဲ့ မတို့ပါဘူး .. ယုံပါ ဆိုတာတွေကိုရော ဘယ်လူလိမ်က ပြောခဲ့တာလဲ .."

"ဆည်းဆာ ရယ် .."

"ဟင့်အင်း .. သွား .. ရှင် ခု ထွက်သွားဆို သွား .. သွားပါ — သွားပါတော့ .."

ဦးနေဂုဏ် မျက်နှာကြီး ပျက်ကျနေပုံက ဗုန်းဗုန်းလဲတော့မတတ်ပင် ..။





ထို့ပြင် တော်တော်ရက်စက်တဲ့ မိန်းမဆိုသည့် ဒေါသမျိုး သူ့မျက်နှာမှာ မတွေ့ရပေ ..။ မမ ပြောသမျှအပေါ်မှာ ဖြေရှင်းခွင့်မသာခဲ့ခြင်းကြောင့်သာ စိတ်ဆင်းရဲကြီးစွာ ခံစားသွားရတာမျိုး ..။

အများကြီး ကြည့်နေခဲ့ပြီးမှ ဒီနေရာမှာပဲ ရပ်ပစ်လိုက်ရသည်။ ရေး ဘယ်လိုမှ ဆက်မကြည့်ချင်တော့ပေ ..။

ဦးနေဂုဏ် ကို သေစေလို၍ ရောဂါရအောင် ကြံစည်ခဲ့သည်။ ဒီရောဂါ ကိုယ့်ဆီ ပြန်ရောက်လာတော့ ကြံစည်ခံရတဲ့လူက ကျန်ခဲ့ပြီး ကြံစည်ခဲ့တဲ့လူသာ စောစီးစွာ လောကကို ကျောခိုင်းထွက်ခွာခဲ့ရ၏။

မကောင်းမှုကံတွေက ကြောက်စရာကောင်းလှချေလား ..။

အခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန် လျှောက်နေမိရင်း ရေး ရင်တွေပူနေမိသည်။ မမကို ကွာရှင်းပေးပါမည်ဆိုတဲ့ ကတိ ဦးနေဂုဏ် ပေးသွားခဲ့သည်။

ဒီကတိကို ရတည်းက ကွာရှင်းခွင့်ရဖို့ ကြိုးစားလိုက်ပါလား ..။ ဘာဖြစ်လို့ လူ့အသက်တစ်ချောင်းကို ဒီလောက် ရဲရဲတင်းတင်း ကြံစည်ရတာလဲ ..။

နာကြည်းတယ်ဆိုတာကတော့ အကြောင်းတစ်မျိုးမျိုးနဲ့ လူတိုင်းကိုယ်စီ ရှိခဲ့ဖူးကြမှာပါ .. ဒါပေမယ့် လူတိုင်း ဒီလိုနည်းတွေနဲ့ ဖြေရှင်းနေကြသလား ..။

ပြီးတော့ ဒီယောကျ်ားကို ချစ်သည်ဖြစ်စေ .. မချစ်သည်ဖြစ်စေ သမီးလေးတစ်ယောက်တောင် ထွန်းကားခဲ့ပြီ မဟုတ်ဘူးလား ..။

ရေး စိတ်တွေ ယောက်ယက်ခတ်လာသည်။

မမ ဒါတွေကို တစ်ယောက်တည်း ကြိတ်ကြံခဲ့သလို သူမကို ဘာမှ အမှန်အတိုင်း မပြောခဲ့ဘဲ တစ်ယောက်တည်းပဲ ကြိတ်ခံသွားခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည်။ တကယ်ဆို ခံစားနေရသမျှကို ဖွင့်ပြောလို့ ရသည်။ မှန်ရင် မှန်သည်။ မှားခဲ့တာရှိရင်လည်း မှားတဲ့အကြောင်း ..။

ခုတော့ သူမ တစ်ဖက်သတ်ကြီး မုန်းတီးပေါက်ကွဲနေခဲ့မိသည်။ ဦးနေဂျာ် ဆိုတဲ့လူကြီးက ဒီကိစ္စတွေကို ဘယ်သူ့ကိုမှ အသိမခံဘဲ သိမ်းဆည်း မျိုသိပ်ခဲ့သည်။ သူမအပေါ်မှာလည်း ဆိုးသည်ကောင်းသည် ဘာမှ မဝေဖန်ခဲ့သလို ဘာကိုမှလည်း မဖြေရှင်းခဲ့ ..။

ဘာတွေဘယ်လို ဖြစ်ကုန်ကြတာလဲ ..။

ဗီဒီယိုရိုကော့(ဒ်)တစ်ခုကြောင့် ပြောင်းလဲခဲ့ရသည့် အရာရာဟာ ဘယ်လိုမှ ယုံနိုင်ဖွယ် မရှိသော ရိုက်ချက်ဆန်းတွေပါလား ..။

"အဲဒါကို မင်း သိသွားတယ်ဆိုရင် ငါ ကျေနပ်တယ်" တဲ့ ..။

ဦးနေဂျာ် ပြောခဲ့တုန်းကလည်း ဂရုမစိုက်ခဲ့မိပေ ..။

"နောက်ထပ် သေချာတာက မင်း သိသွားရင်လည်း မင်း ဘယ်သူ့ကိုမှ ထပ်သိစေချင်မှာ မဟုတ်ဘူး ဆိုတာပဲ .."

ဒီထိပြောခဲ့တာတောင် အယုံအကြည်မရှိသည့် စာရင်းထဲမှာ ထည့်ထားပြီးသည့်လူတစ်ယောက်အဖြစ် ဘာပြောပြော ခေါင်းထဲ မထည့်ခဲ့ပေ ..။

ဒါဆို ခု သူမ ဘာလုပ်ရမလဲ ..။

နာရီကို မော့ကြည့်မိတော့ ည ကိုးနာရီကျော်နေပြီ ဖြစ်သည်။ ကိုယ့်ကိုယ်ကိုယ် ထိုင်စရာနေရာ မရှိတဲ့လူလို ဘယ်မှာမှလည်း ထိုင်လို့ မရ ..။

ညဉ့်နက်လာပြီပေမယ့် အိပ်လည်း မအိပ်ချင် ..။

"ဒေါက် .. ဒေါက် ..."

ဟင်!...





ရေး တွန့်ခနဲ ဖြစ်သွားသည်။ တံခါးဆီကို သရဲတစ္ဆေတစ်ကောင်ကို လှမ်းကြည့်မိ၏။

"ရေး .."

ခေါ်သံအရဆိုရင် အပြင်မှာ ဂုဏ်ထည်ဝါ ..။

"ဒေါက် .. ဒေါက် ..."

"ဟိတ် .. ရေး .."

"ဘာကိစ္စ ရှိလို့လဲ .."

"မင်းနဲ့ ပြောစရာရှိလို့ .."

"မနက်မှ ပြော .. ခု အိပ်တော့မလို့ .."

"မရဘူး .. ခု ပြောမှ ဖြစ်မှာ .."

ရေး ဘာလုပ်ရမလဲ ချီတုံချတုံ ဖြစ်နေရင်း တံခါးနား ရောက်သွားခဲ့၏။ ဒီလူနဲ့ သူမ တစ်အိမ်တည်းမှာ နေဖြစ်ခဲ့ကြပြီး မြင်ဖန် တွေ့ဖန် များနေခဲ့ကြတာလည်း မှန်သည်။

ရန်တွေသာ ဖြစ်နေခဲ့ကြပြီး ဘယ်မှာ ရင်းနှီး ခင်မင်ဖူးလို့လဲ ..။

"ဟေ့ .. တံခါးဖွင့်လေ .. မင်း မအိပ်သေးဘဲနဲ့ .."

"ဒုန်း .. ဒုန်း ..."

"ဘာလို့ ထုနေတာလဲ .."

တံခါးကို တတိယအကြိမ် ထပ်ထုဖို့ ပြင်လိုက်သည့်လက်က တံခါးဖွင့်လိုက်တော့ လေထဲမှာပဲ ရပ်တန့်သွားခဲ့သည်။

ရေး က မိုးပြာရောင် ညဝတ်ခါးရှည်အင်္ကျီကို ခါးပတ်ကြိုးလေး ချည်ရင်စေ့ဝတ်ထားကာ ကော်ဖီရောင်နုနု ဆံစတို့က အတွင်းက ရောင်ခံနှင့် ရွှေရောင် အနားကွပ်ထားသလိုပင် ..။

ပန်းနုရောင် ဝင်းနှစ်နေသည့် မျက်နှာလေးကို ရုတ်တရက် စိုက်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်မိရင်း နှစ်ယောက်စလုံး ဘယ်သူမှ စကား မစဖြစ်ခဲ့ …၊

"ဘာလဲ .."

ရူးရဲသည့်အကြည့်တို့ကို ရေး က အရင် မနှစ်သက်ခြင်းပြလျက် မျက်စောင်းရှယ်၏။

"အဟမ်း .."

ဂုဏ် က အဖြူရောင်စပို့ရှပ်၏ကော်လံကို မလိုအပ်ဘဲ ဆွဲတင်ပြီး ငေးသွားသည့်သူ့အဖြစ်ကို ဖုံးကွယ်ဖို့ ကြိုးစား၏။

"မင်းကို ပြောပြီးပြီလား .."

"ဘာလဲ .."

"မင်းနဲ့ ငါ့ကို .."

"ဂုဏ်ထည်ဝါ .."

"ပြော .."

"ဘာမှမဟုတ်တာကို ရှင် သိတယ် နော် .."

"ဘာကိုလဲ မသိဘူး .."

"မသိဘူးဆိုရင် ဒါတွေ ဒီလိုဖြစ်ကုန်အောင် ရှင် ဖန်တီးခဲ့တာလဲ"

"ဒါတွေ ဒီလိုဆိုတာ ဘာတွေက ဘယ်လိုလဲ ..၊ အဲ့ဒါကို မင်း ပြောစမ်းပါ .."

ရေး မျက်နှာလေး အရောင် ပိုရင့်သွားခဲ့သည်။

"မိနှင်း နဲ့ အေးပုံ တို့ ဘာတွေပြောနေကြတာလဲ .. အဲ့ဒါကို ရှင် ပိုသိမှာပေါ့ .."

"ပိုသိနိုင်တဲ့ အကြောင်းက .."

"ကျွန်မက အချမ်းတက်လွန်းလို့ အချမ်းပြေအောင် ဝီစကီ မျိုချထားတာ .."





"ဒါကို မင်း သိနေတာပဲကွ .. မူးနေတဲ့မိန်းမကို ငါ ဘယ်ခေါ်ပဲ .. ဘာလုပ် .."

"ရှင် နော် .."

"ပြောပြတာလေ .. ငါ့ဘက်က လုံးဝ ကလီးယား နော် .. မယုံ .. ဒါပေမယ့် လူပြောသူပြောတွေ ရှိလာခဲ့ရင် မင်းမှာပဲ .."

"မလိုပါဘူး .. အဲ့ဒါကို ကျွန်မ ဂရုမစိုက်ဘူး .."

"ဘာကို ဂရုစိုက်တာလဲ .."

"အခု ရှင် ဒီရွာက ပြန်သွားဖို့ပဲ .."

"ဟော့ .."

"ရှင် .. ဘာလုပ်တာလဲ .."

တံခါးပိတ်ဖို့ပေမယ့် ဂုဏ် က လက်ခံထားလိုက်သဖြင့် ရေး ထွက်သွားသည်။ ဂုဏ် က တံခါးဘောင်မှာ လက်ထောက်ထား ပြီး စိုက်ကြည့်၍ …

"သူတို့ မြင်သွားတဲ့ပုံစံက မင်း ဘယ်လိုရှောင်ထွက်ထွက် .. ငါ ဘက် ရှင်းပြပြ .. ရိုးသားကြတဲ့ ပတ်သက်မှုမျိုး ဘယ်လိုမှ နိုင်ဘူး .."

"ဘာ! …"

"ဘာလဲ .. မင်းကို ညာပြောနေတယ် မှတ်လို့လား .. အဲ့ဒီညက မနိုင်အောင် မူးနေတာ .. ပြီးတော့ ငါ့ရင်ဘတ်ပေါ်မှာ အန်ချ .."

"ရှင် .. ရှင်ကရော .."

"ဘာလဲ .."

"ကျွန်မနားကို ဘာဖြစ်လို့ ရောက်နေတာလဲ .."



www.burmeseclassic.com

www.burmeseclassic.com



"မူးနေတယ်ဆိုတော့ အခွင့်အရေး ရရင်လည်း .."

"ဘာ!... ပြောတယ် .."

"ငါ တခြားအကြောင်း ပြောလည်း မင်း ဒီတိုင်း စွပ်စွဲမှာ လား.."

"ဟင့်အင်း .. မေးတာကိုပဲ ဖြေ .."

"မေးရင်လည်း ဖြေချင်အောင် မေးစမ်းပါ .. တစ်အိမ်တည်း နေနေကြတာ .. ပြီးတော့ ဘားဆိုတာ မင်း ရှိနေရမယ့်နေရာလား ငါ ရှိနေတယ်ဆိုတာက သဘာဝမကျတာလား .."

"ကျွန်မ ဆေးသောက်တာလို့ ပြောပြီးပြီ .."

"သြော် .. မှတ်သားသင့်တာပဲ .."

"ဘာလဲ .. ရှင်က လူကို လှောင်တာလား .."

"ထားလိုက်စမ်းပါ .. မင်းဘာသာ ဆေးပဲသောက်သောက် အဆိပ်ပဲ သောက်သောက် .. အဲ့ဒါတွေ ... ပြီးသွားပြီ .. အခု မင်း ဖေဖေက .."

"ရပြီ.. ရှင် ပြောရသက်သာအောင် ကျွန်မ ပြောပေးမယ်.. သူ ဘယ်လိုထင်ထင် .. ကျွန်မက .."

"မင်းက ဂရုမစိုက်ပေမယ့် ငါက စိုက်မှဖြစ်မယ် ရေး .. မင်းရဲ့သိက္ခာတွေ ပဝါတွေကို မဟုတ်ဘူး .. ငါ့အဖေရဲ့ နောက်ဆုံး သက်မှာ စိတ်လက်ချမ်းသာစွာ ထွက်သွားနိုင်ဖို့ပဲ .."

"ရှင်!..."

"ငါ့အဖေအတွက် မင်း ဂရုမစိုက်ဘူးဆိုတာလည်း သိတယ် ဒါပေမယ့် ငါက ဂရုစိုက်ရမှာ ဖြစ်တဲ့အတွက် မင်းနဲ့ငါ လက်ထပ်..."

"အို .. အဓိပ္ပာယ်မရှိတာ .."



"အဖေ့အတွက်ကတော့ အဓိပ္ပာယ်ရှိတယ် ထင်တာပဲ .."

... က ထောက်ထားသည့်လက်ကို ဖြုတ်၍ အကျအန လက် ...

"...င်း ယုံမယ်ဆိုရင် ပြောချင်တယ် .. အဲဒီညက မင်းကို ဘားမှာ ...တော့ အံ့ဩသွားတယ် .. မင်း ဖျားနေမှန်း သိလိုက်လို့လည်း ...ထားခဲ့ချင်တဲ့စိတ်က ရိုးရိုးသားသား ဖြစ်သွားတာပါ .."

... နားမထောင်ချင်ပေမယ့် ဦးစေဂုဏ် နဲ့ ပတ်သက်သော ...ကြောင့် ချောက်ချား တွေဝေနေခြင်းက သူ ပြောသမျှကို ...နားထောင်နေသလို ဖြစ်သွားခဲ့သည်။

"...င်း အန်ချလိုက်ပြီး ကိုယ့်ပေါ်ကို ထပ်လဲလာတော့ နှစ်ယောက် ...သေကုန်တယ် .. အဲဒီမှာလည်း မင်းကို ဒီတိုင်းထားပြီး ငါ ...ဒို့ လုပ်သေးတယ် .."

... မျက်တောင်ဖျားတွေ ဖျတ်ခနဲ ပင့်တက်လာတော့ သူ့ ...တွေနဲ့ ဆုံမိ၏။ ချက်ချင်း ဘာ ... ဖြစ်ကြတဲ့ ငေးကြည့် ...

"...င်းကို ရေချိုးခန်းထဲ ခေါ်သွားမိတာက မှားသွားတာပဲ .."

"...!.."

"...ပြစရာတွေ ဖြစ်ကုန်တာကို ဆိုချင်တာ .."

"...ချိုးခန်းထဲမှာ ရှင်က .."

"...ယ့်အကျီပေါ်က မင်း အန်ဖတ်တွေကို ဆေးချရတယ်လေ.. ...ကျီချွတ်လိုက်တာပေါ့ .. အဲ့ဒါ မင်းရဲ့ အပေါ်အင်္ကျီထည်ကို

...ဘာ်တော့ .."

www.burmeseclassic.com

www.burmeseclassic.com



"အရသာတွေ့လွန်းလို့ ပြောပြနေတာ မဟုတ်ဘူး .." သူ့မှာလည်း ဒေါသနဲ့ပဲ ..၊ မာနဆိုတာလည်း လူတိုင်းမှာ ရှိ ဂုဏ့် မျက်နှာက ချက်ချင်း ပုတ်သိုးသိုး ဖြစ်သွားကာ ...

"ဒီအခြေအနေ ဖြစ်သွားတဲ့အပေါ်မှာ အခွင့်အရေး ယူချင် ငါ့မှာ မရှိဘူးဆိုတာ မင်း သိဖို့ပဲ .."

"သိစေချင်တာက ဘာကြောင့်လဲ ..၊ သိတယ်ဆိုတော့ ဘာ ဖြစ်သွားနိုင်လဲ .."

"မင်းနဲ့ ကိုယ် လက်ထပ်ဖြစ်တာကို လိုချင်တယ် .."

"ဦးနေဂုဏ် က လား .."

"ဖေဖေ ခု စကားတောင် ကြာကြာ မပြောနိုင်တော့ဘူး .. ငယ်ကို သူ့သား လက်ထဲမှာထက် မင်းကိုပဲ ပေးခဲ့ချင်တာ ..

ရေး ခဏတော့ ငိုင်သွားခဲ့၏။

သို့သော် လိပ်ပြာမလုံခြင်းသည် လိုအပ်သောမာန်မာနထက် မြင့်သွားသော အချိုးဆနင့် ...

"ကျွန်မ လက်မခံနိုင်ဘူး .."

ပြတ်သားစွာ ငြင်း၍ တံခါးရွက်ကို နောက်ထပ် ဖြန့် ပြီးတော့ ...

"ဖယ်ပါ .."

ဖယ်ပါလို့ ပြောပြီး ဖယ်ဖယ် မဖယ်ဖယ် ဆွဲပိတ်ပစ် ဂျိမ်းခနဲ ..၊

သူသာ အချိန်မီ နောက်မဆုတ်လိုက်နိုင်လျှင် သူ့တစ် တံခါးနဲ့ မိတ်ဆက်ပြီး ဘယ်လောက်ထိ အဖြစ်ဆိုးသွားမည်

"တောက်!..."





"လူလေး .."

ခေါက်ခေါက်သံကြောင့် အဆင်မပြေခြင်းကို ရိပ်မိကာ ဦးကျော် ယိပျာယာ ရောက်လာ၏။

"ဘာတွေဖြစ်ကြတာလဲ .. အဘဘာသာ ပြောပါ့မယ် ဆိုထားသား .."

"ဘယ်သူ ဘာပြောပြော ဒီစကားပဲ အဘ .. သူ့ကို ဘယ်သူက လွန်းလို့လဲ .."

"ခက်တယ် .."

"ဘာမှ မခက်ဘူး .. ကျွန်တော့်ဘက်က သိက္ခာပဝါချပြီး သူ အောင် အားလုံး ပြောပြခဲ့တယ် .. ဒါလည်း လူမမာအတွက် ချက် ဖြစ်နေလို့ နားလည်မှုနဲ့ .."

"နားလည်မှုနဲ့ ဘာတွေလုပ်ဖို့ လူလေး သွားပြောလိုက်တာလဲ.."

"လက်ထပ်ဖို့လေ ..၊ ဖေဖေ အခြေအနေ ဘယ်လောက်ဆိုးနေတာ လည်း သိတာပဲ .."

"သူမ မသိတာ လူလေးရဲ့ .. သိလည်း တုန်လှုပ်ပြုးပျာသွားမယ့် မဟုတ်ဘူး .. အဘတို့ လုပ်ရမှာက ဘယ်နည်းလမ်းက အကောင်း ဆိုတာ စဉ်းစားဖို့ပဲ .."

"ကော်တော် မာနကြီးတဲ့ မိန်းမ.. အငြိုးကြီးတာလည်း လက်လန် .. ဒီလို သတ္တိပြောင်တာမျိုး နောက်ထပ် ရှာတွေ့ရင် စံအိမ်ကို ပေးလိုက်ဦးမယ် .."

"ဒိုရင်တော့ ရှင် ဘယ်တော့မှ စိန်တွေ ဖြုန်းတီးခွင့်ရမှာ မဟုတ် ဂုဏ်ထည်ဝါ ..၊

ဖြစ်လို့လဲဆိုတော့ ကျွန်မလို မိန်းမမျိုးက ကျွန်မပဲ ရှိတာ ...



www.burmeseclassic.com

www.burmeseclassic.com



အပြင်က ပြောနေသမျှကို ကြားနေရရင်း တံခါးကို ကျော မှီထားလျက် ငိုချင်လာခဲ့သည်။ ခြေသံတွေ ပျောက်ကွယ်သွားတော့ မျက်ဝန်းမှာ စိုစိုစွတ်စွတ် ဖြစ်လာခဲ့၏။

သူမလို မိန်းမမျိုး နောက်ထပ် ရှိနိုင်ပါ့မလား ..။

အစ်မဖြစ်သူက သူများအိမ်ပေါ်မှာ သူများကို ကျကျနန ဒု သွားခဲ့သည်။ သူညီမကျတော့ မကောင်းဆိုးပါးတစ်ကောင်လို လာပြီး ဝုန်းဒိုင်းကြဲသွားအောင် မိုက်ရိုင်းခဲ့သည်။ ကျိန်စာတွေတို့ စိန်ခေါ်နေခဲ့၏။

ကိုယ် ဘာတွေ လွှန်လွှန်ကျူးကျူး ပြောခဲ့သလဲဆိုတာ ဘာသာ သိနေသည်။ ထို့ကြောင့် ဆုံးဖြတ်ချက်တစ်ရပ်ကို ခိုင် ချမိသည်။

မှားခဲ့တာ မှန်ပေမယ့် မှားပါပြီလို့တော့ သူမ ဘယ်တော့မှ တောင်းပန်မှာ မဟုတ်ပေ ..။

ထို့ကြောင့် အမှားကိုပဲ မိမိဘာသာ လျှို့ဝှက်သိမ်းဆည်း ဝှက်စွာ ထွက်ခွာသွားမှာ ဖြစ်၏။

ကလေးကို ရက်စက်ခဲ့မိသည့် ဥပေက္ခာတွေအတွက် ကွယ်ရာကနေပဲ .. သူမ ..။





အခန်း (၂၇)

"မိနှင်း .."

"ရှင် .. မမ .."

နှား က ပတ်ဝန်းကျင်ကို အကဲခတ်လိုက်ပြီးမှ သူမ နားကို ကပ်သွားကာ ...

"ဟေး ရော .."

"အစ်ကိုလေး သွားခေါ်နေတယ် မမ .."

"ဦးကျော် ရှိလား .."

"ခုနက ရှိတယ် မမ .. အခုလေးတင် ထွက်သွားတာ .. ဘယ်ကို တော့ မသိဘူး .."

"ဩော် .."

နှား က ခေါင်းညိတ်လိုက်ပြီးမှ မိနှင်း ကို တစ်ချက် စိုက်ကြည့်

"ဝှတ် နဲ့ ငါ့အကြောင်းကို ဘယ်သူ မေးတာလဲ .."

www.burmeseclassic.com

www.burmeseclassic.com



"ရှင်!..."

ခေါင်းလေးငုံ၍ ရှောင်ထွက်မလို ပြင်နေတုန်း မိနှင်း မျက်လုံးပြူး[…] သွားသည်။

"မင်း သွားပြောပြတာလား .. သူတို့ မေးတာလား .."

"ဟို .."

"အများကြီး မပြောနဲ့ .. မေးတာကိုပဲ ဖြေ .."

"ဟိုလေ .. မမတို့ ချွတ် .. ချွတ်ခဲ့တဲ့ အင်္ကျီကို မနက်ကျ[…] ဘကြီးကျော် က မြင်သွားပြီး မေးတာနဲ့ .."

"ရပြီ .."

ရေး မျက်နှာလေးက တင်းနေကာ မိနှင်း နဲ့ ဒီအဖြစ်ကို ယှဉ်[…] ကြည့်ရင်း တရားလည်း ကျမိပါ၏။ 'လူ့ပါးစပ်တစ်ပေါက် ပိတ်ရ[…] သည်'ဆိုတာ စကားပုံ ရိုင်းပေမယ့် သွေးထွက်အောင် မှန်ပါပေသ[…]

သူမ နေရာမှ လှည့်ထွက်လာခဲ့ရင်း အိတ်ထဲက အိတ်(စ်)[…] နယ်လ် ဟက်ဒစ်(ခ်)ကို ထုတ်ယူလိုက်၏။

ဦးနေဂုဏ် ၏ အခန်းတံခါးရှေ့ကို ရောက်တော့ တံခါးပေါ် […] တင်ပြီးမှ တုံ့ခနဲ ဖြစ်သွား၏။

"ညီမလေး .. ဘာလိုလို့လဲ ဟင် .."

မယ်စိန် က ချိုသာနူးညံ့သည့်မျက်နှာနှင့် ချက်ချင်း။ အနား[…] လာ၏။ အားလုံးရဲ့အမြင်မှာ ရေး က ဦးနေဂုဏ် ကို ဒုက္ခပေးဖို့ […] လာတဲ့သူမို့ ...

"သူဌေးက အိပ်နေတယ်လေ .. ဘကြီးကျော် က မရှိဘူး—[…] တစ်ခုခုများ .."





"ကျွန်မ ဦးနေဂုဏ် နဲ့ တွေ့ဖို့ လာတာ .."

"ဟင်!..."

မယ်စိန် မျက်နှာပျက်သွားသည်။

"ညီမလေး .."

မယ်စိန် ပျာပျာသလဲ ဖြစ်သွားပေမယ့် တားလည်း မတားရဲ ...၊

ရေး ကလည်း ဂရုမစိုက်ဘဲ တံခါးတွန်းဖွင့်ပြီး ဝင်သည်။ အခန်း […]ခါး ပွင့်သွားတည်းက စိမ်းသက်သော ကိုယ်သင်းနံ့ကြောင့် ဦးနေ[…] က မျက်လုံးတွေ တဖြည်းဖြည်း ဖွင့်လာခဲ့၏။

ရေး ကို မြင်လိုက်တော့ မျက်လုံးတွေ ပို၍ လင်းလက်သွားခဲ့ပြီး...

"ရွှေ ရေး ပန်း ချီ .."

တိုးသဲ့သော ခေါ်သံနှင့်အတူ နှုတ်ခမ်းတို့မှာ ပြုံးယောင်သမ်း[…] ...

"မင်း လာမယ်လို့ .. ငါ မထင်ခဲ့ဘူး .."

ရေး က ဘာမှမပြောဘဲ ဟက်ဒစ်(ခ်)ကို ကိုင်ပြီး ရှေ့ကို တစ် […]မ်းချင်း တိုးသွားခဲ့၏။ ဦးနေဂုဏ် မျက်လုံးတွေ ဟက်ဒစ်(ခ်)ဆီ […]က်သွားတော့ အံ့ဩသလို ဖြစ်သွားကာ ...

"မင်း .. မင်း တွေ့သွားတာလား .."

ဝမ်းသာခြင်း .. စိုးရိမ်ခြင်းတွေ တရှပ်ရှပ် ဖြတ်ပြေးသွားသည့် […]ာက စိတ်ကျ ဖိစီးခြင်းတို့နှင့် အဆုံးသတ်၍ ...

"မင်းပဲ သိထားသေးတယ်လို့ ငါ ထင်ပါတယ် .. အဲ့ဒီတိုင်းပဲ […]လိုက်ပါ .. မင်းကို .. မင်းကို ကျေးဇူးတင်ပါတယ် .."

ပြောနေရင်း မောလာသလို ဖြစ်လျက် ...

"ဂုဏ် မသိပါစေနဲ့ .. ငါက မင်းတို့နှစ်ယောက်ကို .."



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ကို ကျွန်မ ဒါ လာပေးတာ .."

"ရွှေရေးပန်းချီ .."

ဦးနေဂုဏ် အလျှင်စလို ခေါ်လိုက်တာပေမယ့် မောဟိုက်သံ ပါ နေပုံက တစ်မျိုးကြီး ဖြစ်နေသောကြောင့် စားပွဲပေါ်မှာ ဟက်ဒစ်(ခ်) လှမ်းတင်လိုက်ပြီး ရေး လှည့်ကြည့်မိ၏။

"မင်းကို ငါ မေတ္တာတောင်းခံနေတာ မဟုတ်ပါဘူး .. သမီး – သမီးလေးက .. သမီးလေးက အပြစ်ကင်းပါတယ် .. သူ့ဘဝမှာ မအေ ဆီက မေတ္တာကိုလည်း အပြည့်အဝ မရခဲ့ဘူး .. ငါလည်း ဒီ .. ဒီရောဂါ ကြောင့် သမီးလေးကို အနီးကပ် မကြင်နာနိုင်ခဲ့ဘူး .. သမီးလေး ဒီတိုင်း သာ ဆက်သွားရရင် သူ့အနာဂတ်မှာ .."

ဦးနေဂုဏ် ၏ မောဟိုက်နေခြင်းကို စာနာစိတ်တော့ တစ်ချက် ဖြစ်မိသည်။

ဒါပေမယ့် ရေး ဒီတိုင်း ရပ်နေရာမှ တုပ်တုပ်မျှ လှုပ်ဖို့ သတိမရ–

"သူ့အနာဂတ်အတွက် မင်း စဉ်းစားပေးပါ .. ငါ .. ဒါ .. ဒါ တစ်ခုကိုပဲ .."

သူမ ကတိမပေးနိုင်ပါ ..၊ ကိုယ့်မှာ အပြစ်တွေ ဖြစ်ခဲ့ပြီမို့ သူမရဲ့ စိတ်ကူးတွေအားလုံးက ဒီကနေ အမြန်ဆုံး ထွက်ခွာဖို့ပဲဖြစ်လျက် –

"ကျွန်မလည်း တစ်ကောင်ကြွက်ပဲ ဦးနေဂုဏ်.. ပြီးတော့ ကလေး ကို အိမ်မှာပဲ ရှိသင့်တာ .. သူ့ကို စောင့်ရှောက်နိုင်တဲ့သူလည်း .."

ဦးနေဂုဏ် က လက်ကာပြလိုက်ပြီး ...

"စောင့်ရှောက်နိုင်တယ်ဆိုတာကို ငါ မလိုချင်ဘူး .. ငါ လိုချင် တာ သမီးလေးဘဝ သာယာချမ်းမြေ့ဖို့ပါ .. ငါ့သမီးလေး ငါ့လို အမှန်း အထီးကျန်ဘဝနဲ့ အနာဂတ်ကို မဖြတ်သန်းစေချင်ဘူး .."





ပြောနေရင်း မျက်ဝန်းထောင့်က စီးကျလာသည့် မျက်ရည်တွေကို မြင်လိုက်လျှင် ရေး မျက်နှာလွှဲပစ်လိုက်မိသည်။

"သမီးကို သူ့အစ်ကိုက စောင့်ရှောက်ရင် အရိပ်အာဝါသတစ်ခု ဆီးနိုင်ရုံလောက်ပဲ .. မင်း စောင့်ရှောက်မှ သူ့အတွက် .."

"လူတစ်ယောက်အတွက် အရိပ်အာဝါသကောင်း တစ်ခုသာ အလိုအပ်ဆုံးပါ .. ကျွန်မတို့ညီအစ်မ ဘယ်အရိပ်အာဝါသမှ မရှိ .. ငွေကြေးအသိုင်းအဝိုင်း မရှိဘဲ ကြီးပြင်းခဲ့ကြတာ .. အခု ငွေကြေးပြည့်စုံ အောင် ရှာနိုင်ပေမယ့် အရိပ်အာဝါသကောင်း ဘယ်မှာလဲ .."

ရေး မျက်နှာလေးမှာ ခံစားချက်တွေ ရင်နဲ့ အပြည့် ..၊

"ဘယ်သူမဆို ကိုယ် လိုအပ်နေတာသာ အရေးကြီး အလိုအပ်ဆုံး လို့ ထင်ကြတာပါ .. ရှင် ကျွန်မကို အရမ်း မျှော်လင့်ထားတဲ့အတွက် စိတ်မကောင်းပါဘူး ..၊ ဒါပေမယ့် ဘာမှ ရေရာမသိခင်က တန့်နဲ့နဲ့ အရမ်း နာကြည်းခဲ့ရသလိုပဲ .. သိရတော့လည်း ဘာကိုမှ မတွေ့ချင် .. မကြားချင်အောင် ဖြစ်နေတယ် .."

ပြောပြီးတာနှင့် သူမ စားပွဲနားက ခွာသည်။

"နေပါဦး .. ရေး .."

"ကျွန်မ ခုပဲ သွားတော့မလို့ .."

"ဟင်!... ဘယ် .. ဘယ်ကိုလဲ .."

"ကျွန်မ နေရာကိုပေါ့ .. ဘယ်သူ့ကိုမှ နှုတ်ဆက်နေဖို့ မလိုပေ မယ့် ကျွန်မ ပြန်သွားရတဲ့အကြောင်းကိုတော့ ရှင့်ကို သိစေချင်လို့ ဟက်ဒစ်(ခ်) လာပေးတာ .."

"ခဏ နေပါဦး .."

ဦးနေဂုဏ် စိုးရိမ်ကြီးသွားသည့်မျက်နှာနှင့် ထဆွဲမတတ် အားဆီး



www.burmeseclassic.com

www.burmeseclassic.com



နေ၏။ ပြီးတော့ သူ ဘာမှ မတတ်နိုင်တော့သည်မို့ မချင့်မရဲ ..၊ နှုတ်ခမ်းတွေ ဖိ၍ အံကြိတ်လျက် ...

"ငါ မင်းကို တွေ့ချင်နေတဲ့စိတ်နဲ့ ခုထိ အသေမဖြောင့်ဘဲ ရှိနေတာပါ ရွှေရေးပန်းချီ .. မင်း .. မင်း ငါ့ဆန္ဒကို ဒါလေး တစ်ခုပဲ .."

ရေး နားထဲမှာ ကားသံသဲ့သဲ့ ဝင်လာ၏။ ထိုအချိန်မှာ ဖျတ်ခနဲ ဝင်လာသည့်အသိက ဘယ်သူမှ မသိလိုက်ခင် သူမ ဒီက ထွက်သွားတော့ဖို့ ..၊

"ဆောရီးပါ .. ကျွန်မ သွားမယ် .."

ချိုသာသောစကား မဟုတ်သော်လည်း သူမ စိတ်တွေ ထွေပြားနေခဲ့ပြီ ဖြစ်သည်။ ထိုအခါ ပြောမိသမျှတို့မှာ နိုင်မာပြတ်သားမှုတွေ နည်းပါးနေခဲ့လျက် ...

"ဟား!..."

တိုက်ကြီးရဲ့ ဘေးတံခါးကနေ ခြံထဲ ရောက်လာလျှင် ပင့်သက်တဝကြီး ရှိုက်၍ မှုတ်ထုတ်ပစ်လိုက်၏။

ပြီးတော့ မျက်နှာကို မော့ထားကာ မျက်လုံးတွေကိုပါ ငါးစက္ကန့်လောက် ပိတ်ထားမိလေသည်။

ဘာဖြစ်တာလဲ ရေး ..၊

ဒီလူကြီး မျက်ရည်ကျပြတာနဲ့ပဲ ဒီလူမှ သနားစရာလို့ မြင်သွားတာလား ..၊

စိတ်မပျော့နဲ့ ရေး ..၊ တောင်ငူကလည်း တောင်ငူ .. မောင်းထောင်ကလည်း မောင်းထောင် ..၊

"ရှူး .."

လီဗာကို သတိလက်လွတ် နင်းပစ်လိုက်မိ၏။ ခြံ၏ခြေရင်းပိုင်း





ပါကင်နေရာကနေ ဝေါခနဲ ဆောင့်ထွက်သွားမှ သတိဝင်လာ၏။ ခြံဝရောက်တော့ ခြံစောင့်က ပြေးထွက်လာပြီး တအံ့တဩ ..၊

"ဘာကြည့်နေတာလဲ .. တံခါးဖွင့်လေ .."

"ဟုတ်ကဲ့ .."

ပြီးတော့ မလိုအပ်ဘဲ တံခါးဖွင့်ရင်း စကားတွေ ပြောနေသေးသည်။

"ခုပဲ ကားဝင်သွားပြီး ပြန်ထွက်လာတော့ ကျွန်တော်က အံ့ဩသွားလို့ပါ .."

တစ်ခုခု ပြောပစ်လိုက်ချင်ပေမယ့် ဒီခြံဝင်းထဲက လူတွေနဲ့ ကိစ္စအဝဝကို ထားခဲ့လိုက်ဖို့ ဆုံးဖြတ်ပြီးသားမို့ ဘာမှ မပြောဖြစ်လိုက်ပါ...။

ထိုစဉ် ကားကို လမ်းပေါ်မှာ သေချာ လမ်းကြောင်းတည့်ပြီးမှ...

"ခွေးရူး .. ခွေးရူး .."

'ဝေးဝေးရှောင်နေ နော် .. ခွေးရူး .."

လမ်းမပေါ်မှာ လူတွေ ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။ ကားကို အရှိန်မတင်ဘဲ ဒီတိုင်း လိမ့်နေစေကာ ရှေ့ကနေ ပြေးလာနေသည့် ခွေးကို ခွေးရူး ဟုတ်မဟုတ် သေချာကြည့်နေမိသည်။

ထိုခွေး၏ ရှေ့တည့်တည့်မှာ လူတွေ ရှဲကုန်ကြကာ ခွေးက အမြီးစင်းစင်း .. လည်ချောင်းစင်းလျက် သွားရည်တွေ တမြားမြားနဲ့ ဖြစ်၏။

ကိုယ်ကတော့ ကားပေါ်မှာမို့ ဂရုစိုက်ဖို့ မရှိပေ။ သို့သော် ...

"ဟင်!..."

ဘက်ခ်မှန်ဆီ ကြည့်လိုက်မိစဉ် ခေါင်းထဲမှာ ဒိန်းခနဲ ပစ်ဆောင့်သွားသလိုပင် ..၊

တေး ..၊



www.burmeseclassic.com

www.burmeseclassic.com



ပန်းနုရောင်ဂါဝန်လေးနှင့် တဖားဖားပြေးလိုက်နေ၏။ အဖြူနှင့် ပန်းရောင်စပ်ကျား ခြေအိတ်လေးနှင့် ရှူးဖိနပ်အဖြူလေးကလည်း အဝေးကနေ ထင်းနေအောင် မြင်ရသည်။ တေး ကိုယ့်နောက်ကို ထွက်လိုက်လာတာမှန်း သိလိုက်ကာ အထိတ်တလန့် ဖြစ်သွား၏။

"ဒုက္ခပါပဲ!..."

ရေး ရုတ်တရက် ပျာသွားကာ ကားကို အလျင်စလို ရပ်ပစ်လိုက်သည်။ ရှေ့ကခွေးနဲ့ ပြေးလာနေသည့် ကလေးရဲ့ အကွာအဝေးက သူမ ကားရပ်ထားသည့်နေရာကို ဗဟိုပြု၍ သိပ်မဝေးတော့ဘဲ ရှိကာ ...

"ရှီး .. ဟဲ့ ..."

"ဂျိမ်း .."

ကားပေါ်က ကမန်းကတန်း ဆင်းကာ တံခါးကို ဆောင့်ပိတ်လိုက်လျှင် ပလက်ဖောင်းပေါ်မှာ ပြေးလာနေသည့် ခွေးက တုံ့ခနဲ တစ်ချက် ဖြစ်သွားသည်။

"သွား .. ရှူး ..."

တွေ့ကရာ ခဲယမ်းမီးခြောက်တွေနဲ့ ပစ်ခတ်ပေမယ့် ခွေးက အနည်းငယ်သာ တန့်သွားပြီး ပို၍ မြန်အောင် ပြေး၏။

"သမီး .. သမီး မလာနဲ့တော့ .. အဲဒီကနေ ဘေးကပ် ပုန်းနေလိုက် .. မပြေးနဲ့တော့ .."

"မေမေ ရေ .."

"သမီး ပြောတာ ကြားရဲ့လား .. ဘေးကပ်နေ .. ဘေးကပ်လိုက်.."

"မေမေ ဘယ်မှ မသွားပါနဲ့ .. မေမေ မသွားရဘူး .. မီးမီးကို ခေါ်ပါ .."

"ဂါး .."



"သမီး!..."

ခွေးက ကလေးကို မြင်သွား၏။ ခေါင်းတစ်ချက်ခါပြီး ကလေး ခြေထောက်ကို ပြေးဆွဲလျှင် ...

"သမီး!..."

ရေး မျက်လုံးတွေ ပြာသွားသည်။ ခွေးကို စိတ်ရှိလက်ရှိ ပြေးကန်ပစ်လိုက်ပြီး ကလေးကို ချီဖို့ပေမယ့် ကိုယ့်အရှိန်ကို မထိန်းနိုင်ဘဲ ကလေးနဲ့အတူ ဒလိမ့်ခေါက်ကွေး လဲ၏။

ထိုအခါ အတွန်းခံလိုက်ရပြီး ပုံလဲသွားသည့်ခွေးရူးက ပြန်ထလာကာ ဒေါသတကြီး ခုန်ဆွဲလေသည်။

ကလေးကို ရင်ခွင်ထဲမှာ ပိုက်ထားကာ ရေး မျက်လုံးတွေ မှိတ်ချလိုက်မိ၏။ ထိုစဉ် ...

"ဒုတ် .."

"ဂိန်!..."

ပြင်းထန်သော ထိခတ်သံနှင့်အတူ ခွေး အသံတစ်ချက်ပဲ ထွက်ပြီး ခွေခနဲ ပုံကျသွား၏။

"ဘုန်း .."

"အု .."

ရေး မော့ကြည့်လိုက်တော့ ဂုဏ် က အနားရောက်လာပြီဖြစ်ကာ တုတ်တစ်ချက် လွှဲကန်ပစ်လိုက်သဖြင့် ဘေးက သွပ်ဆူးကြိုးတန်းဆီ လွင့်သွားကာ ခွေး တုပ်တုပ်မှ မလှုပ်တော့ပေ ..။

နောက်က လိုက်လာကြသူတွေလည်း အနားမရောက်ခင်မှာ ရပ်တန့်ကြကာ ...

"တော်သေးတာပေါ့ .. ဟိုကောင်လေး လက်မြန်လို့ .."

www.burmeseclassic.com

www.burmeseclassic.com



"အုတ်ခဲကျိုးနဲ့ လှမ်းပစ်လိုက်တာ ခေါင်းကိုသာ တည့်တည့်မထိရင် ဟိုနှစ်ယောက် လိမ်ခံရမှာ .."

တစ်ယောက်တစ်ခွန်း ပြောကြရင်း လှည့်ထွက်သွားကြသည်။

"သမီး .. သမီးလေး .."

"မေမေ .."

"သမီးရယ် .."

ရေး ခုချိန်ထိ ရင်တွေတုန်နေဆဲ ...၊

"တီ .. တီ .."

ကားဟွန်းသံတွေ ဆူညံသွားသည်။ ဂုဏ် က ဟိုဘက်လမ်းကြောကနေ ဒီဘက်ကို ထောင့်ဖြတ် ကွေ့ချိုးလာကာ ရေး ရဲ့ကားရှေ့မှာ ခေါင်းချင်းဆိုင် ရပ်ထားတာ ဖြစ်သည်။

ထို့ကြောင့် ကားက လမ်းကြောတစ်ခုလုံးမှာ ပိတ်ဆို့ထားသလို ဖြစ်နေ၏။ ကားပြန်ရွှေ့ပေးနေသည့် ဂုဏ် ကို ဘာမှမပြောတော့ဘဲ သမီးလေးကို ပွေ့ချီကာ ရေး ထရပ်လိုက်သည်။

"မေမေ .. ဘယ်သွားမလို့လဲ ဟင် .. မေမေ ထွက်မသွားပါနဲ့ မီးမီးကို မထားခဲ့ပါနဲ့ .."

တေး က ချွေးရှူးရဲ့အန္တရာယ်ကို သေချာ သိလိုက်ပုံတောင် မပေါ် ရေး ရဲ့လည်ပင်းကို ကျစ်နေအောင် ဖက်ထားကာ တတွတ်တွတ် ပြော နေရင်း မျက်ရည်တွေလည်း ကျ၏။

"မီးမီး မေမေ့ကို ချစ်တယ် .."

"သမီးရယ် .. တို့က သမီးရဲ့ အ!..."

သမီးကို ဖက်ထားရင်း ခြေလှမ်းလိုက်သည်နှင့် ခြေချင်းဝတ် မျက်ခနဲ ဖြစ်သွားသည်။





သူက ယိုင်သွားကာ ကလေးနဲ့မို့ ထိန်းရခက်နေစဉ် ...

"ကလေးကို ပေး .."

ရေး ရဲ့ပခုံးကို နောက်ကနေ ထိန်းကိုင်လိုက်ရင်း ကလေးကို ဆွဲ ...

"မင်းက ဘာလုပ်တာလဲ .."

"ဘာလုပ်တယ် ထင်လို့လဲ .."

အမေးနဲ့ ဖြေပုံက ယဉ်သည်။ နှစ်ယောက်စလုံးရဲ့မျက်နှာတွေက ခုနထိတ်လန့် ဗျာများသွားခဲ့ကြသည့်ခဏမှာ ဖြစ်ပျက်သွားကြ နှင့် တခြားစီ ...၊

"မေမေ မသွားပါနဲ့ .. မီးမီးကို မထားခဲ့ပါနဲ့ .."

ဂုဏ် ချီထားသည့် လက်ပေါ်ကနေ တေး က ရေး ရဲ့လည်ပင်းကို ဖက်လိုက်လျှင် နှစ်ယောက်စလုံး ပို၍ နီးကပ်သွားကြ၏။

"မေမေ ပြန်လာခဲ့ပါ နော် .. မီးမီးတို့ကို ခွဲမသွားပါနဲ့ .."

"သမီး .. တီလေးက သမီးမေမေ မဟုတ် .."

"ဟင့်အင်း .. ဟင့်အင်း ..."

"ရေး .. မင်းကို ငါ အများကြီး ပြောထားပြီးပြီကွာ .. ဘာဖြစ်လို့ တောင် မာနတွေ ထားနေတာလဲ .. ဖေဖေ့ဆီကို တက်သွား ဖေဖေ့အခန်းထဲ ဝင်သွားတယ်လို့ မယ်စိန် က ပြောတယ်.."

"တစ်ခုခု လုပ်သွားပြီလို့ရော မပြောပြဘူးလား .. ကျွန်မက သတ် အောင် မုန်းတီးနေတဲ့သူ .."

"ဘာမှကို နားထောင်ချိန် မရလိုက်ဘူး .. ကလေး ထွက်ပြေးသွား နောက်က တန်းလိုက်ခဲ့ရတာ .."

"... ခေါ်သွားလို့ ရပြီ .."



www.burmeseclassic.com

"မင်းကိုပါ ခေါ်သွားမှ ဖြစ်မှာ .."

"ဘာ!..."

"ခဏ ပြန်လိုက်ခဲ့ပါ .."

သူ ပြောနေတုန်း ဖုန်းဝင်လာသဖြင့် နားထောင်လိုက်တော့ အ
ဖုန်း ဖြစ်ကာ ...

"ဖေဖေ အခြေအနေ မကောင်းဘူး .. မင်းကို ခေါ်ပေးပါ
ပြောနေတယ် တဲ့ .."

ရေး တွေဝေသွားသည်။

ကလေးကလည်း လည်ပင်းက လက်ကို ဖြုတ်ချလိုက်တော့
ပခုံးသားကို ပြန်ဆွဲထား၏။

"တီ .."

ဂုဏ် က သူ့ကားကို ရီမု(ထ်)နဲ့ ဒယော့ချပစ်လိုက်ကာ ...

"သွားမယ် .."

ရေး ရဲ့ကားပေါ်ကို တက်သွားလိုက်တာ ကိုယ့်ကားပေါ်ကို
လိုက်တဲ့အတိုင်း ...၊

ရေး ရင်ထဲမှာ ဆုံးဖြတ်ချက်နဲ့ ခံစားချက် တစ်ထပ်တည်း
သေးသော်လည်း ...၊



## အခန်း (၂၈)

ဦးခနဂုဏ် မျက်ဝန်းထောင့်မှ မျက်ရည်စ တချို့ စိုစွတ်လာခဲ့တာ
မြင်နေရသည်။ စကားမပြောနိုင်တော့သည့် နှုတ်ခမ်းသားတွေက
သင်နေကာ မျက်လုံးအစုံသည် ကလေးမျက်နှာလေးကနေ မခွာ
..

"သူဌေး .. ဒီမှာ ဂုဏ် နဲ့ ရေး တို့ ရောက်လာပါပြီ .."

ဦးခနဂုဏ် ၏ နောက်ဆုံးအချိန်မို့ ဦးကျော်ထွန်း မျက်နှာကြီး
ကာ အသံတွေပါ အက်ရှနေခဲ့၏။

ရေး ရင်ထဲမှာလည်း မကောင်းပါ ...၊ သေအံ့ဆဲဆဲ လူတစ်
င်၏ ချူးကျ ယိုယွင်းနေသော မျက်နှာသွင်ပြင်ကို ပထမဆုံး
ခြင်းဖြစ်ကာ ထိုမျက်ဝန်းမှာ မျက်ရည်တွေနဲ့ ...၊

"ဂုဏ် .."

ဦးကျော်ထွန်း က ဂုဏ့် ကို ခေါ်ပြီး ရေး ကို လှမ်းကြည့်ကာ ...

"မင်းတို့နှစ်ယောက် ရှေ့တိုးလိုက်ကြပါ .."

www.burmeseclassic.com



"အဘ .. ကျွန်တော် ..."

ဂုဏ့် မျက်ဝန်းမှာ မျက်ရည်တွေ ပြည့်သိပ်နေခဲ့လျက် ...

"ကျွန်တော် အဲ့ဒါကို ထိုင်ကြည့်မနေချင်ဘူး .."

"ဒီလိုမဟုတ်ဘူး လူလေး .. သူ့ရဲ့ နောက်ဆုံးအချိန်ကို ငါ အားလုံး ဂရုစိုက်ရမယ်.. သူ့ရဲ့ စိတ်အေးချမ်းစွာနဲ့ သက်သောင့်သက်သာ ဘဝကူးကောင်းဖို့ မင်းတို့က အဓိက ဖြစ်နေတာ .."

ဦးမနေဂုဏ် ၏ အကြားအာရုံတွေ ပျက်စီး ချို့ယွင်းကုန်ပြီလား

ပတ်ဝန်းကျင်မှာ ဘယ်သူတွေ ဘာပြောနေကြသလဲဆိုတာ နား ကြည့်လို့ မရ ..၊ ဘယ်သူတွေ ရှိနေသလဲဆိုတာလည်း ခေါင်းလှည့် ကြည့်တာ မအောင်မြင်ပေ ..။

"ဖေဖေ .."

သူ့လက်မောင်းတစ်ဖက်ကို ဆုပ်ကိုင်လာကာ ဖေဖေလို့ ခေါ်သံ ကြားလိုက်၏။ 'သား ..'လို့ သူ ခေါ်ချင်သည်။ ဒါပေမယ့် အသံမထွက် နိုင် ..၊ နောက်ထပ် လက်တစ်ဖက်ကို မြှော်လင့်ရင်း သူ့လက်က စမ်း၍ ဆုပ်ဖမ်းစရာ မဲ့နေခဲ့၏။

ဂုဏ် က ရေး ရဲ့လက်တစ်ဖက်ကို ဆုပ်ကိုင်၍ ထိုလက်ထဲ ထည့် ပေးလိုက်မှ ...

"ရေး လေ သူဌေး .. သူဌေးရဲ့ လက်တစ်ဖက်စီမှာ ဂုဏ် နဲ့ ကို ဆုပ်ကိုင်ထားပြီးပြီ .."

ဦးကျော်ထွန်း က မျက်နှာချင်း နီးကပ်အောင် ငုံ့၍ ကြား ပြောပေးလိုက်သည်။

"ကလေးကို ငိုမှာစိုးလို့ မယ်စိန် ခေါ်သွားတယ် .. သူဌေး မပူနဲ့ နော် .."





ဦးမနေဂုဏ် ခေါင်းညိတ်လိုက်တော့ ပြောတာကို ကြားနေရမှန်း ကာ ဂုဏ် အားတက်သွားသည်။ ထို့ကြောင့် မျက်နှာကို ငုံ့၍ ...

"ဖေဖေ .. ဘာပြောချင်လို့လဲ .."

ပြောဖို့ ကြိုးစားနေသည့် နှုတ်ခမ်းအစုံက လှုပ်ခတ်နေပြီး အသံ ထွက် ..၊

ဒါပေမယ့် ရေး ရဲ့လက်ကလေးကိုတော့ သူ့လက်ထဲ ထည့်ပေးနိုင် ပြီး လက်ဖဝါးနှစ်ဖက်ကို ဆုပ်ကိုင်ထားသလို ဖြစ်စေခဲ့လျက် ...

"သ .. သမီးလေးကို မင်းတို့ လက်ထပ် .. လက် .. ထပ် .. မှ .. င့် .. ရှောက် .."

"သူဌေး!..."

"ဖေဖေ!... ဖေဖေ ..."

ဦးမနေဂုဏ် မျက်လုံးတွေ မှိတ်ကျသွားသည်။

ရေး က ထပ်ကိုင်ထားခဲ့သည့် သူမရဲ့လက်ကို ပြန်ဆွဲနုတ်ပြီး ်လိုက်၏။

ဘာရောဂါနဲ့ သေဆုံးသွားသည်ဆိုတာ လူမသိစေရအောင် ရောဂါ ်းတိုင်း ဆရာဝန် မခေါ်ဖို့ တားမြစ်ခဲ့သော ဦးမနေဂုဏ် ..၊

သမီးငယ်လေးအပေါ်မှာ မွေ့ပိုက် ယုယချင်ပါလျက်နှင့် သားအဖ ်င်းဖြင့် အထီးကျန်ခြင်းဝေဒနာကို လူးလှိမ့် ခံစားခဲ့သော အချစ်ရူး ကြီး ..၊

ရေး ဆတ်ခနဲ ကျောခိုင်းထွက်ခွာသွားဖို့ စိတ်က ဖြစ်ပေမယ့် နိုင်ခဲ့ပေ ..၊

အသက်ဝိညာဉ် ကင်းမဲ့နေပြီဖြစ်သော ဦးမနေဂုဏ် ၏ရုပ်အလောင်း ကြည့်ရင်း ကိုယ် သံယောဇဉ်ကြီးခဲ့ရသော လူတစ်ယောက်လို့



www.burmeseclassic.com

www.burmeseclassic.com


ရင်ထဲမှာ နာကျင်နေသည်။

"ရှင့်ကို အေကိုက်ပြီး သေအောင် ကျွန်မ ကြံစည်ခဲ့တာ .."

"ဘာ!..."

"ရှင့်နားထင်မှာ မားထိသွားတာ တမင် သွေးထွက်အောင် လုပ်ခဲ့တာ .."

"ရှင်ကြီး အဲ့ဒါကို ရိပ်မိလို့ ကျွန်မကို ပြန်ယုတ်မာတာ .."

"လုံးဝ မဟုတ်ဘူး .. ကိုယ့်မှာ ဒီရောဂါ ဝင်နေပါစေ .. မင်း ဒုက္ခမရောက်စေရဘူး .. မင်းအတွက် ဘယ်လောက်ကုန်ကုန် ကိုယ်ကြိုးစားကုပေးမယ် .."

သူမကိုယ်တိုင် မြင်ခဲ့ရသမျှ ကြားခဲ့သမျှ အားလုံးဟာ မမကိုယ်တိုင် သူမ ကျူးလွန်ခဲ့သမျှကို ပြောပြထားတာတွေ ဖြစ်သည်။

ဒါတွေကို မယုံကြည်ထိုက်တဲ့ စကားတွေအဖြစ် ဘယ်လို... လိုက်ရမလဲ ..

ဒီလူကြီးကို ဘယ်လိုပြစ်ချက်တွေ ထပ်ဖို့ပြီး မုန်းတီးနေရမလဲ

အလောင်းကို ငုံ့မိုးကြည့်နေရင်း ရေး မျက်ရည်တွေ လည်... သည်။

"ဒါတွေကို သား မသိပါစေနဲ့" တဲ့ ..

ဦးနေဂုဏ် က ထပ်မံ တားဆီးခဲ့သေးသည်။ မမ မရှိတော့... ဒီအဖြစ်မှန်ကိုသာ ဂုဏ် သိသွားခဲ့ရင် အမုန်းတွေ ထပ်တိုးသွားမှာ... ဝပ်အပ်သိနေတာ ဖြစ်သည်။

ဒါကြောင့် ဒါတွေကို ဘယ်သူမှ မကြည့်နိုင်တော့အောင် ... ဖျက်ထားခဲ့သည်။ မတွေ့တော့ ဦးကျော်ထွန်း ကို ဒေါသနှင့် ... မောင်းနေခဲ့၏။





အကယ်၍ ဒီအကြောင်းကို ရေး ကို သူကိုယ်တိုင် ပြောပြရင်ရော ...သုံ့ပါ့မလား ..

မယုံဘူးဆိုတာ သေချာပြီးသားပင် ..

ဒီလို ရက်စက် အောက်တန်းကျတဲ့နည်းနဲ့ တိုက်ခိုက်မည်ဆိုတာ ...ကိုယ်တိုင် ပြောနေတာတောင်မှ သူမ အံ့ဩလို့ မဆုံး ..

"ရေး .."

သူမ ခပ်ဖြည်းဖြည်း နောက်ပြန်လှည့်စဉ် ဦးကျော်ထွန်း က ရှေ့... ပိတ်ကာထားလိုက်ပြီး ...

"မင်း ဒီလောက်ထိ မရက်စက်ဘူးလို့ ကျုပ် မျှော်လင့်ခဲ့တာ .."

"ဟုတ်တယ် .. မရက်စက်ချင်ဘူး .. ဒါပေမယ့် သူ ပြောသလို ...နိုင်ဘူး ဦးကျော် .."

"ဖြစ်နိုင်တာ မဖြစ်နိုင်တာတွေလည်း ကျုပ်တို့ ထပ်ဆွေးနွေးလို့ ...ရတယ် .. အခု နာရေးလည်း ဖြစ်နေပြီ .. ကလေးများလည်း ဖအေ ...တွေ့ခွင့်ရမှာ မဟုတ်တော့ဘူး .. မင်း ထွက်သွားဦးမှာလား .."

...ရေး ခြေလှမ်းတွေ တုံ့ဆိုင်းနေခဲ့၏။

ဂါသီဥတုက မသာယာ ..


www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၉)

"မဆောင်းချင်ပါဘူး .."

"ဆောင်းရမှာပေါ့ကွ .. မြန်မာ သတို့သားဝတ်စုံ .."

"ဟော့ကောင် .. လက်မှတ်ထိုးရုံပဲ .. ဒါ မလိုဘူး ..၊ ငါ့ကို ...
မှတ်နေသလား .."

ကျက်သရေခေါင်းပေါင်းကို ဆွဲယူပြီး မွေ့ရာပေါ် ပစ်ပေါက်...
တော့ ဝေလ က တခွိခွိ ရယ်သည်။ မြတ်သု က ဝေလ နားမှာ တိုး...
ကပ်ပြောကာ ...

"မေးကြည့် .. မေးကြည့် .."

"ဘာလဲ .."

သူတို့ ရယ်နေ ပြုံးနေတာကို နဂိုတည်းက စိတ်မလုံဖြစ်နေသ...
နီမြန်းနေသည့် မျက်နှာကြီးနှင့် ဂုဏ် က မေးဆတ်မေးသည်။

"မင်းကို မြတ်သု က မေးခိုင်းနေတယ် .."

"ဘာလဲ .. ဒီနေရာမှာ ရပ်ရင် ဘယ်လောက်ပေးမယ်တဲ့ ...

"ပေးမယ်ဆိုရင် မင်းက ရပ်မှာလား .."





"မေးရဲတဲ့ကောင် မေးကြည့်လေ .."

"ဟား .. ဟား .. ဟား ..."

"ဂုဏ် .. ဂုဏ် .. ဟား .. ဟား .. ဟား .. တော်တော် ရယ်ရတဲ့
...ကောင် .."

ဂုဏ် က ပြုံးစိစိနှင့် မှန်ထဲမှာ ကြည့်ပြီး ဆံပင်ကို သေချာဖြီး
...နေ၏။

"ရိုးရိုးပဲ မေးမှာ .. လေးခွန်းတည်းပဲ ..၊ ရေး ကို ချစ်လား .."

"ချစ်ချစ် မချစ်ချစ် .."

"ညာတာ .."

"ထားလိုက်ပါကွာ .. ကဲ ရေး ကရော မီးစိမ်းပြဖို့ ရှိလား .."

"လမ်းဆုံမှာ .. ပြေးကြည့်လိုက်လေ .."

"ဂုဏ် .."

"ဘာလဲ .."

"မင်းအတွက် ပြောနေတာ .."

"ငါ့အတွက် ငါလုပ်မှ ဖြစ်မှာ .. မင်းတို့နဲ့ ဆိုင်လို့လား .."

"အေးပါ .. မင်းလုပ်မှ ဖြစ်မှာ သိပါတယ် .."

"ခွေးသူခိုး .."

"မင်း ပြောလို့ ပြောတာ .. မဆဲနဲ့ .."

ဂုဏ် က ဘီးကို ပစ်တင်လိုက်ကာ မွေ့ရာစပ်မှာ အတုံးအရုံး
...နေထိုင်နေကြသည့် မြတ်သု တို့ကို ကြည့်၍ ...

"မင်းတို့ကို ငါ ပြောဖူးတာပဲ .. ငါက ငါ့ကို မချစ်တဲ့ မိန်းမကိုမှ
...ဝင်စားတယ် ဆိုတာ .."

"စိတ်ဝင်စားတယ်ဆိုတာ ဘာလဲ ..၊ မင်း သူ့ကို ချစ်တယ်လို့



www.burmeseclassic.com

www.burmeseclassic.com



ဘာသာပြန်ရမှာလား ..”

“မဟုတ်ဘူး .. ငါက ..”

“ရှင်းရှင်းပြောစမ်းပါကွာ .. မချစ်ဘူးလို့တော့ မညာနဲ့ .. လက်ထပ်ဖို့ပြင်ဆင်နေတဲ့ ရုပ်ကြီးက သွားကြီးဖြီးမနေပေမယ့် ဖြီးနေတာထက်တောင် ပိုသေးတယ် ..”

“ဘာ ပိုတာလဲ ..”

“အပျော်တွေ လွန်ပြီး ဒိန်းတပ်တပ် ဖြစ်နေတာ ..”

မိုးခြိမ်းညံ့ စကားကြောင့် ဂုဏ် က ရယ်ကာ နာရီ ကောက်ပတ်လိုက်သည်။ ပြီးတော့ အချိန်ကို ကြည့်၍ ...

“သွားမယ် ..”

“တွေ့လား .. ဟော့ကောင် မင်း မဟုတ်တော့ဘူး ..”

“ဘာလဲ ..”

“မေးတာကို ဖြေဦးလေ .. သူငယ်ချင်းချင်းတောင် မပွင့်လင်းရဲဘူးလား .. ချစ်ရင် ချစ်တယ်ပေါ့ကွ ..”

“မင်းတို့ကို ပွင့်လင်းပြီး ဘာလုပ်ရမှာလဲ ..၊ ငါ လိုချင်တာ မင်းတို့ပေးမှာမို့လို့လား ..”

“ဘုရား .. ဘုရား ..”

“မြတ်သု သေချာ သိမ်းထားဦး ..”

“ခွေးကောင် ..”

ဂုဏ် က ဖြန်းခနဲ ရိုက်ပစ်လိုက်ပြီး ရယ်လျှင် ...

“ခုန သူ ယူလာတဲ့ ရင်ကပ်ပန်းကို ပြောတာပါ .. ပြုတ်ထွက်ကုန်မှာစိုးလို့ ..”

“ဟား .. ဟား .. ဟား ...”





“ဒေါက် .. ဒေါက် ..”

“ဟော ..”

တံခါးခေါက်သံကြောင့် အားလုံး အသံတွေ တိတ်ကုန်ကြ၏။

“လူလေးတို့ ပြီးရင် ထွက်ခဲ့ကြတော့ .. လူကြီးတွေက ပြန်စောင့်ရရင် မကောင်းဘူးကွယ့် ..”

“ဟုတ်ကဲ့ အဘ ..”

မြတ်သု က နှုတ်သွက်လျှာသွက် ပြန်ဖြေကာ အားလုံးကို ခုတင်ါ က ဆင်းဖို့ လက်ဟန်ပြ၍ ဆွဲချလို ချ ..၊

“ဘာတွေဖြစ်နေတာလဲ .. သတို့သားက မပြီးသေးဘဲနဲ့ ..”

“ပြီးပြီ .. သွားမယ် ..”

ဂုဏ် က မှန်ထဲမှာ ပြန်ကြည့်ပြီးမှ လှည့်ထွက်လာ၏။ မိုးပြာရောင်ျော ပိုးပုဆိုးနှင့် ရှပ်အင်္ကျီလက်ရှည်က အရောင်တူဖြစ်ကာ အဖြူင်တိုက်ပုံကို ဝတ်ထား၏။

“ဒီလိုကျတော့လည်း လူတော်လူကောင်းရုပ်လေး ပါပဲ ..”

“အေးကွ .. ဘယ်တစ်နေရာမှ ထောင့်မကျိုးတဲ့ကောင်လို့ လုံးဝင်ရဘူး ..”

“သေချာတယ် .. အချစ် တစ်ယောက် ခရီးသွားရင်း ခလုတ်တိုက်ဦး ..”

“ပိုသေချာတာက သူ ကော့သောင်းကနေ လုံးဝ ပြန်လာမှာတ်တော့ဘူး ..”

“အေးလေကွာ .. ရှာနားက မြက် .. ရှာနွား ..”

“ဟော့ကောင် ..”

ဂုဏ် က အချိန်မှီ ဘုရားတ်အုပ်ဖို့ သတိပေး၏။

ရွှေအမြုတေ

www.burmeseclassic.com

www.burmeseclassic.com



"မင်းကို နွားလို့ ပြောတာမှ မဟုတ်ဘဲကွ .. စကားပုံက ဒီတိုင်းပဲ ဥပမာ .."

"ဘာစကားပုံမှ ရွတ်ပြမနေနဲ့ .. ပြေပြေပြစ်ပြစ်လေး မြင်တိုင်း သိကွာမဲ့အောင် ကပ်တွယ်လာတာမျိုးတွေ ငါ လုံးဝ စိတ်မဝင်စားဘူး.."

"အေးပေါ့ .. တစ်နေ့ကို ပိသာလေးနဲ့ ဘေးပစ်သလို အလီလီ အခါခါ ပေါက်သတ်မယ့်မိန်းမကမှ ချစ်စရာ ကောင်းတာကိုး .."

"အဟွန်း .."

"တွေ့လား .. ရယ်ပုံက .."

"မထင်ရဘူး ဒီကောင် .. ရွှေရေးပန်းချီ ကိုမှ ပစ်ကျသွားတာ.."

"လှလည်း လှတာကိုးကွ .."

"ကိုကြီး .. ကိုကိုကြီး .."

"ဒုန်း .."

ကလေးအသံလေး ကြားသည်နှင့် ဂုဏ် က တံခါးဖွင့်လိုက်ကာ—

"ဘာလဲ .."

"မပြီးသေးဘူးလား .. မေမေ့ကို သွားခေါ်ပေးလေ .."

"မပြီးသေးလို့ နေမှာပေါ့ .."

"စိန်စိန်ကြီး က ပြောတယ် .. မေမေက ဘာမှ မလိမ်းဘူးတဲ့ - အင်္ကျီလှလှလည်း မဝတ်ဘူး တဲ့ .."

ဂုဏ် နဲ့အတူ မြတ်သူ တို့ မျက်နှာတွေ ပျက်ကုန်ကြ၏။

"မီးလေး ရေ .. လာ .. လာ .. သွားမရှုပ်ရဘူး နော် .."

စကားပြောနေတုန်း မယ်စိန် ရောက်လာပြီး တေး ကို ခေါ်၏

"မယ်စိန် .."

"ရှင် .."





အသက်တွေ ကွာပေမယ့် ဒီတိုင်းပဲ ခေါ်ပြောနေခဲ့တာ အကျင့်ပါ ပြီမို့ ..၊ တစ်အိမ်လုံးက မယ်စိန် လို့ပဲ ခေါ်ကြတာ ဖြစ်၏။

"ရေး က နေမကောင်းလို့လား .."

"ဟို .. နေတော့ ကောင်းပါတယ် .. ဒါပေမယ့် .."

မယ်စိန် က တစ်ခုခု ပြောရခက်နေသလို ရှိလျက် ...

"ကျွန်မလည်း သူ ပြင်ဆင်ပြီးနေပြီ ထင်တာ .. ဘာမှ .."

"ရပြီ .. ရပြီ .. သွားတော့ .."

ဂုဏ် ခါးထောက်လျက် မျက်မှောင်ကုတ် အံကြိတ်ရင်း ငိုင်သွား ၏၊

"ဂုဏ် .. မင်း အပြင်ကနေ စောင့်နေလို့ မရဘူး နော် .."

"ဟုတ်တယ် .. အချိန်ကပ်နေမှ ထော်လော်ကန့်လန့်တွေ ထလုပ် ခင် ခက်မယ် .."

"သွားကွာ .. ပွင့်ပွင့်လင်းလင်း မေးလိုက် .."

"ဘာမှန်းမသိဘူး အဲ့ဒီတစ်ယောက်လည်း .."

"ငါ ထင်သားပဲ ဒီလောက် မာနကြီးတာ .. ဂုဏ် မလွယ်ဘူး.."

ဂုဏ် က ဖျတ်ခနဲ လှည့်ကြည့်၍ ...

"ဘာ မလွယ်တာလဲ .."

"မင်းရဲ့ဒဿနနဲ့ .. မင်းကို ဒုက္ခပေးလိမ့်မယ် .. ကိုယ်က မချစ်ရင် အောင် သူက ချစ်နေရမှာလေ .. ဒါမှမဟုတ်ရင်လည်း ကိုယ် ကြိုက် အား ကိုယ်ယူပြီး စိတ်ညစ်ရတာက တန်တယ် .."

"ဟုတ်တယ် .. ကိုယ်က မချစ်ဘဲနဲ့ လာချစ်တာကို မကြိုက်ဘူး - ခုလည်း ကိုယ့်ဘက်က စိတ်ဝင်စားနေတာ တစ်ခုတည်းနဲ့ ကိုယ့် မှန်းနေတဲ့ မိန်းမကိုမှ .."



www.burmeseclassic.com

www.burmeseclassic.com



"ပူမနေနဲ့ .. ငါ့အလုပ် ငါလုပ်တာ .."

"လာပြန်ပြီ .."

"အေး .. လုပ်ကြ.. မာနတွေ အပြိုင် မီးပွင့်ပြီး ပူဓွေးနေတဲ့ ကမ္ဘာကြီးပါ မီးထတောက်သွားဦးမယ် .."

ပြောချင်ရာ ပြော ..။

ဂုဏ် က ဘာကိုမှ ဂရုမစိုက်ပေ ..။ ရေး ရှိနေသည့် အခန်းဆီ ဦးတည်လာခဲ့၏။

"လူလေး .."

ဦးကျော်ထွန်း က သူ့ကို လှမ်းခေါ်ကာ .. ခပ်သုတ်သုတ် လျှောက်လာပြီး ...

"ရေး ဆီ သွားမလို့လား .."

"ဟုတ်တယ် .."

"ပြဿနာဖြစ်မယ့်စကားမျိုးတော့ မပြောမိပါစေနဲ့ လူလေး ရယ် သူ့ဘက်က ကြည့်ရင်လည်း သူ ခံစားနေရတာတွေ အားလုံးက မှန်တယ်လို့ မင်း နားလည်ပေးလိုက်ပါ .."

"ဘယ်လို!..."

"သူက မုန်းနေတဲ့သူလေ .. ပြီးတော့ ဆင်ဖမ်းမယ် .. ကျားဖမ်းမယ်နဲ့ ကြိမ်းဝါးလာခဲ့တဲ့သူ ..။ သူ့ဘက်ကကျတော့ ညီအစ်မ နှစ်ယောက်စလုံး .."

"ဒါတွေ ထိုင်တွေးပြီး ဘယ်ဘက်က နစ်နာနေသလဲလို့ တွက်မယ်ရင် အစတည်းက လက်မခံနဲ့ပေါ့ .."

"လူလေး .."

ဂုဏ် က ပြန်လှည့်မကြည့်တော့ဘဲ ရေး အခန်းဆီ ထွက်လာ





သည်။ အခန်းရှေ့ရောက်တော့ တေး ရဲ့ အသံစာစာလေးကို အရင် ကြားလိုက်ရကာ ...

"မေမေက တေး ကို မချစ်ဘူးလား ဟင် .."

"ချစ်ပါတယ် သမီးလေး ရယ် .. အဲဒါက ဒီအင်္ကျီတွေ ပန်းတွေ နဲ့ မဆိုင်ဘူး .."

"ဘာဖြစ်လို့ မဆိုင်ရတာလဲ ..။ မီးမီးတောင်မှ အင်္ကျီလှလှတွေ လဲပြီးပြီ .. မိတ်ကပ်တွေလည်း လိမ်းထားတယ် .. ပါးနီလည်း ခြယ်ထားတယ် .. နှုတ်ခမ်းနီလည်း ဆိုးတယ် ..။ ကြည့် .. မီးမီး မလှဘူးလား.."

"လှတာပေါ့ .."

"မေမေလည်း လိမ်းလေ .."

"မေမေက .."

ဂုဏ်တံခါး တွန်းဖွင့်လိုက်တာနှင့် နှစ်ယောက်စလုံး လှည့်ကြည့်လိုက်ကြကာ ...

"ဟာ .. ကိုကိုကြီး လာပြီ .."

တေး က ဂုဏ် ဆီ လှည့်ပြေးလာပြီး လက်ကို ဆွဲခေါ်၏။ ရေး နဲ့ မျက်နှာချင်းဆိုင်မိကာမှ နှစ်ယောက်စလုံးကို မော့ကြည့်ကာ ...

"ကိုကိုကြီး .. မေမေ့ကို အင်္ကျီတွေ လဲခိုင်းပေးပါ .. မေမေက ဆံထုံးလည်း မထုံးဘူး .. ပန်းတွေလည်း မပန်ဘူး တဲ့ .."

အပြာနုနု သုံးထပ်ဇာဂါဝန်လှလှလေးနှင့် တေး အသံလေးက တစ်ခန်းလုံးကို လွှမ်းခြုံနေ၏။ သူမလေး ပျော်ရွှင်နေသလောက် လူကြီးတွေ မျက်နှာမှာ ဘယ်လိုရာသီဥတုတွေ ဆင်နေသလဲဆိုတာကို မသိရှာ..။

"မီးမီးလေး ရေ .. လာ မီးမီး လာ .. မေမေတို့ စကားပြောပါစေ.."

ဦးကျော်ထွန်း ကလေးကို တံခါးဝကနေ အသံပေးပြီးမှ အထဲထိ



www.burmeseclassic.com

www.burmeseclassic.com



ဝင်ခေါ်သည်။ ပြီးတော့ ရေး တို့ကို အကဲခတ်၍ ...

"မြန်မြန်ထွက်ခဲ့ကြ နော် .. ရုံးမှာ လူကြီးတွေကို ကြိုချိန်းထားတာ ဆိုတော့ ကိုယ်က ထပ်ပြီး နောက်ကျလို့ မကောင်းဘူး .."

သတိပေးပြီးမှ ကလေးကို ချီ၍ ထွက်လာခဲ့၏။

"မေမေ .. ပန်းလှလှလေး ပန်ခဲ့ နော် .. မီးမီး မွှေးမွှေးပေးမယ်.."

ချီထားသည့် လက်ပေါ်ကနေ ဖလိုင်းကစ် လုပ်ပြရင်း တေး က ရယ်နေသည်။ ဦးကျော်ထွန်း သက်ပြင်းချလိုက်မိ၏။ ဒီနှစ်ယောက် အဆင်ပြေပါ့မလား ..။

"ရေး .."

ဘယ်သူမှ မရှိတော့သည်နှင့် ရေး က စားပွဲဘက်ကို လှည့်ထွက် သွားကာ လက်ပ်တော့ပ်ကို ဖွင့်နေသဖြင့် ဂုဏ် အသည်းယားသွားသည်။

ကိုယ်ကတော့ သတို့သားဝတ်စုံ တကားကားနဲ့ အရူးလို ..၊

"ဟော့ .. မင်းကို ခေါ်နေတာ ရေး .."

သူ ရေး ရဲ့အားကို ရောက်သွားကာ လက်ကောက်ဝတ်လေး တစ် ဖက်ကို ဆုပ်ကိုင်လိုက်သည်။ ရေး က လူကို မော့ကြည့်ပြီးမှ အသာ လေး ရုန်းပစ်လိုက်ကာ ...

"ကျွန်မတို့ချင်း ပါးစပ်နဲ့ ဆွေးနွေးလို့ ရတယ် .."

"ဒါ ဆွေးနွေးရမယ့်အချိန်မှ မဟုတ်တော့ဘဲ .. မင်း ဘာဖြစ်နေ တာလဲ .. ဘာပြောချင်လို့လဲ ..၊ အားလုံးရဲ့ရှေ့မှာ မင်းနဲ့ ငါ ကတိတွေ ပေးခဲ့ကြတာ .. အဲဒီကတိက ဘာမှမဟုတ်တဲ့ ကတိတွေလား .."

"ရှင့်အဖေအတွက်လို့ ပြောပြီး ဦးကျော် က အထပ်ထပ် ကောင်း ပန်ခဲ့လို့လေ .."

"ဘာ!... ပြောတယ် ..၊ မင်း!..."





ရေး က လှည့်မကြည့်တော့ဘဲ မတ်တတ်ကနေ ကွန်ပျူတာကို ...ာ မောက်(စ်)ရွှေ့ရင်း လူကို အဖတ်မတန်သလို လှည့်လည်း ...ြည့် .. ပြန်လည်း မပြော ..။

"ရေး .. မင်း အခု ဘာလုပ်ဖို့ စိတ်ကူးနေတာလဲ ..၊ ဒီနေ့ လက် ...ကြဖို့ ပြင်နေကြတဲ့ ငါတို့အားလုံးက အရူးတွေလား ..၊ ဒီလိုဖြစ် ...င် မင်း တမင်လုပ်တာလား .. ပြောစမ်းပါ .."

"ရှင့်ကို ပြစရာရှိတယ် ဂုဏ် .."

ရေး က သူ့မျက်နှာကို တည့်တည့်လှည့်ကြည့်ပြီး အေးစက်စွာ ...သည်။ ပြီးတော့ ...

"အဲ့ဒါကို ရှင် သိပြီးမှ ကျွန်မတို့ ရှေ့ဆက်ကြဖို့ သင့်မသင့် ဆုံး ...ယ် .."

...ပြောပြီး ကွန်ပျူတာဘက် ပြန်လှည့်လိုက်လျှင် ဂုဏ် စိတ်တိုသွား ...ေး ရဲ့ ပခုံးလေးနှစ်ဖက်ကို ဆတ်ခနဲ ဆွဲလှည့်လိုက်သည်။

"ဒီအခြေအနေထိ ဆုံးဖြတ်ခဲ့ပြီးမှ ဘာကို ဆက်သိပြီး ဘာ ...ဲ ဆုံးဖြတ်ချက်တွေ ချရမှာလဲ ..၊ မင်း လူတွေကို အရူးမလုပ်နဲ့ ...ငါလည်း မင်းလိုလူပဲဆိုတာ မမေ့နဲ့ .."

"ဟွန်း .."

...ေး က မျက်မှောင်ကုတ်ကြည့်နေပြီးမှ မဲ့သည်။ ပြီးတော့ သူ့ ...တွေကို ဖယ်ချပစ်၏။

"အဲဒါကြောင့် ရှင်နဲ့ မပတ်သက်ချင်တော့ဘူး .."

"ဘာ!..."

"အားလုံး ရှင် သိမှ ဖြစ်မယ် .. သိပြီးရင် ကြိုက်သလို ဆုံးဖြတ်..."

...မှက မောက်စ်ကို ကစားနေပေမယ့် ဂုဏ် က ကွန်ပျူတာကို



www.burmeseclassic.com

www.burmeseclassic.com



စိတ်မဝင်စားပေ ...၊

အဖြူဆွတ်ဆွတ် လက်ပြတ်ဘလောက်(စ်)ပွပွလေးနှင့် နို့နှစ်

ဘောင်းဘီရှည်ပွပွလေး ဝတ်ထားသည့် ရေး ပုံစံလေးကိုပဲ အနီး

ကနေ ရှူးစိုက်ကြည့်နေခဲ့၏။

တကယ်ကို သူမ ဘာမှပြင်ဆင်မထားခဲ့တာ ဖြစ်သည်။ မျက်

မှာ အမြဲတမ်း မှုန်ညက်ညက်လေး တင်ထားတတ်သည့် မှုန်

တစ်စိုးတစ်စိလေးတောင်မှ ရှိမနေခဲ့ပေ ...။

ပါးမို့လေးတွေက ပြောင်ချောနေကာ ပန်းရောင်ဖျော့ဖျော့

ခမ်းသားလေးတွေကလည်း ဒီတိုင်း ...၊ ဆံနွယ်ပျော့ပျော့လေး

မျက်နှာ နည်းနည်းလေး ငုံ့ထားတာမို့ ပါးရိုးလေးတစ်ခြမ်းကို

ကာကွယ်ထား၏။

ဆံပင်တစ်ဖက်ကို နားနောက်မှာ ညှပ်ထားသဖြင့် သူ့ဘ

ကြည့်တော့ ကော့ထင်းနေသည့် နှာတံလေးနှင့် မျက်နှာလေးက

သည်။

"ရှင် ကြည့်လို့ ရပြီ .."

သူမ အသံ ကြားမှ သူ့အကြည့်တွေ မော်နီတာဆီ ရောက်

၏။ သူ သိထားခဲ့သမျှ အရာရာဟာ အမှန်မဟုတ်ခဲ့ဘဲ ဘယ်ဟာ

ဆိုတာ စီစီတီဗွီကင်မရာကနေ ဖော်ပြထားခဲ့တာ ဖြစ်၏။

သူ အားလုံးကို အမေ့တလျော့ ဖြစ်သွားကာ ဖေဖေနဲ့ ဆ

ရဲ့ အဖြစ်သနစ်တွေကို ငေးမောနေမိလေသည်။

ပြီးတော့ တနုံ့နုံ့ ဖြစ်လာတာက ဒေါသတွေ ဖြစ်၏။

"တောက်!..."

တော်တော် ရန်ငြိုးကြီးတဲ့ မိန်းမ ...၊





ဘိုက်ပုံအကျီကို ချွတ်၍ တွေ့ကရာ ပစ်ပေါက်လိုက်မိသည်။

တော့ ...

"မင်း ဘယ်မှ မသွားရဘူး .."

ရေး ရဲ့ လက်တစ်ဖက်ကို ဖျတ်ခနဲ ဆောင့်ဆွဲလိုက်ကာ ...

"မင်း သွားလို့ မရဘူး .. မင်း ငါ့ကို လက်ထပ်ရမယ် .. မင်း

သလိုပေါ့ .. ဒါကိုကြည့်ပြီး ဆုံးဖြတ်လိုက်တဲ့ ငါ့ရဲ့ ဆုံးဖြတ်ချက်က

.."

"ဟွန်း .."

ရေး က လက်ကို ပြန်ဆောင့်ရုန်းသည်။ ဒါပေမယ့် ဂုဏ် က

ပေးဘဲ အတင်းအကျပ် ဆုပ်ကိုင်ထားခဲ့ပြီး ...

"မင်း ဘာမဲ့တာလဲ ရေး .. ကိုယ် ပေးလိုက်ရတာပဲ ဖြစ်ဖြစ် ..

နိုင်တာဖြစ်ဖြစ် တစ်ခါပဲ ရမယ် .."

"အနိုင်နဲ့ပဲ ပိုင်းနေတဲ့လူတွေ မရှိဖူးလို့လား .."

"ရှုံးပဲ ရှုံးနေတဲ့လူတွေလည်း ရှိတယ် .. ဒါပေမယ့် အဲဒါတွေက

ဆန်နိုင်လို့ ဖြစ်ကြတာတွေ .. တမင် ရည်ရွယ်ပြီး ဖန်တီးနိုင်ရင်

ပဲ .."

"ဒါဆို အဲဒီတစ်ခါက ပြီးသွားပြီ .. ကျွန်မလက်ကို လွှတ် .."

"မရဘူး .."

"ရှင် ဘာလုပ်တာလဲ .. ဖအေလိုအချိုး ချိုးလာရင် ကျွန်မက

ဘာပန်းချီ မဟုတ်ဘူး .. အဲဒါ နားလည်ထား .."

"သိတယ် .. မင်းလိုမိန်းမမျိုး မင်းပဲ ရှိတယ်ဆိုတာ .."

ဂုဏ် က ရေး ကို အဝတ်ဗီရိုနား ဆွဲခေါ်လာကာ ...

"ချက်ချင်း အဝတ်စား လဲ .. ရုံးသွားမယ် .."



www.burmeseclassic.com

www.burmeseclassic.com



ဗီရိုကို ဆွဲဖွင့်လိုက်တော့ အထဲမှာ ဘာမှ မရှိ ..၊

"ကျွန်မက ညှော်သည်ပဲ .. ကျွန်မ အဝတ်အစားက ခရီးဆောင်သေတ္တာထဲမှာပဲ ရှိမှာပေါ့ .. ဖယ် .. လွှတ် .."

"ခရီးဆောင်ဆိုလည်း ခရီးဆောင်ပေါ့ .."

လက်ကို တစ်ချက်မှ မလွှတ်ဘဲ အဝတ်လဲသည့် ကန့်လန့်ကာနောက်ထဲ ဝင်သည်။ တကယ်ပဲ ခရီးဆောင်သေတ္တာကြီးနဲ့ အဝတ်တွေကို တွေ့လိုက်ရကာ ...

"ရပြီ လဲတော့ .."

"ဂုဏ်ထည်ဝါ .."

"ဘာလဲ .."

"ရှင် ကလဲ့စားချေဖို့အတွက် လည်စင်းပေးရအောင် ကျွန်မသိုးကလေးတစ်ကောင် မှတ်နေသလား .."

"မင်း ဘာဖြစ်ဖြစ် ငါ့အလုပ် မဟုတ်ပါဘူး .. ဆည်းဆာ မိန်းမကိုရော သိုးလား .. ကျားလား ဘယ်သူ သိလို့လဲ .. ဒါပေမဲ့ ငါ့အဖေ အားလုံးကို လုံးထွေးပြီး သူချည်းပဲ တရားခံ လုပ်ခဲ့တာ .."

"ကျွန်မက ဦးခနေဂုဏ် မဟုတ်ဘူး ..၊ ဆည်းဆာ ရဲ့ညီမ ဖြစ်တာနဲ့ပဲ ဆည်းဆာ ကျူးလွန်ခဲ့သမျှ ခေါင်းတိုးမခံနိုင်ဘူး .."

"မင်းအစ်မ မတရားခံရတယ် ထင်တုန်းကတော့ မင်း ကလဲ့စားချေဖို့ ရောက်လာခဲ့တာပဲ .."

"မရည်ရွယ်ခဲ့ဘူး ဂုဏ်ထည်ဝါ .. ကလေးရဲ့မွေးနေ့ပွဲကို လာခဲ့တဲ့အထိ ကလဲ့စားချေဖို့တွေ .. ဒီလိုဖြစ်ကြဖို့တွေ မပါဘူး .. ရှင် ယုံချင်ယုံ .. မယုံချင် နေ .."

"မယုံဘူး .."





"သဘောပဲလေ .. ရှင့်အဖေ အရာရာကို ပြည်ဖုံးကားချထားခဲ့ယ်ဆိုတာကရော သူ ပေးဆပ်သင့်တယ်ထင်လို့ ပေးဆပ်ခဲ့တာ .. ကျွန်မကလည်း သူ့ရဲ့ သဘောထားကြီးမှုအတွက် နည်းနည်းတော့ ...တာသင့်တယ်ထင်တဲ့အတွက် လက်ထပ်ဖို့အထိ ငြိမ်နေပေးခဲ့တာပဲ .. ...မှာ ကျွန်မ သဘောကျ ဆုံးဖြတ်ခွင့် ရှိတယ် .."

"မဟုတ်ဘူး .. ဆုံးဖြတ်ခွင့်က ငါ့မှာပဲ ရှိတယ် .. မင်း နုတ်ထွက်...ို့ မရဘူး .."

"သိပ်ရတာပေါ့ .. ရှင် ခု ဖယ်ပေး .."

"မဖယ်နိုင်ဘူး .."

"ဒီမှာ ဂုဏ် .. ကလဲ့စားချေတာ .. ရွဲ့တာတွေက အိမ်ထောင်ရေးနဲ့ ...မဆိုင်ဘူး နော် .. ကလေးကို ရှင့်လိုပဲ ကျွန်မလည်း စောင့်ရှောက်...ယ် .. ဒီတော့ ကလေးကို မေးမယ် .. သူ နေချင်တဲ့ဘက်မှာ ...ိ ရှိတယ် .."

"မလိုပါဘူး .. မင်း လုပ်ချင်တိုင်း လုပ်ခွင့်ရမလားပဲ ငါ့ကို မေး.."

ဂုဏ် မျက်နှာက တင်းမာနေကာ အဝတ်လဲသည့် လိုက်ကာ...ဘက်မှာ သူ့ကိုယ်ကြီး ပိတ်ကာထားတာနှင့် ရေး ဘယ်ကိုမှ ...ပြေးလို့ မရ ..၊

"ဒေါက် .. ဒေါက် .."

"လူလေးရေ .. ထွက်ခဲ့ကြတော့ လူလေး .. အချိန် သိပ်ကပ်နေ.."

...နဲ့ ဂုဏ် မျက်လုံးချင်း ဆုံသွားကြသည်။ သူမကို သူ သွားခွင့်...ပ် ..၊



www.burmeseclassic.com

www.burmeseclassic.com



ဒါက အဖြစ်မှန်တွေကို သိလိုက်ရလို့ ဖြစ်လာရတဲ့ဒေါသနဲ့ ထ စားစိတ်ကြောင့်လား ..၊ ဒါမှမဟုတ် သူမကို လက်လွှတ် ဆုံးရှုံးမ တာလား ..။

ရေး ကတော့ ရှင်းပါသည်။ ဒါတွေကို သိသွားမယ်ဆိုရင် ဂု တစ်ခုခု တုံ့ပြန်ဖို့ အတွေးဝင်လာတော့မှာကို သိထားပြီးသား ..၊

ထို့ကြောင့် လက်ထပ်ပေးခဲ့သလို ဦးစနေဂုဏ် ပြုမူသွားသည့်ကို နာခံသလိုပဲ နေခဲ့လိုက်တာ ဖြစ်သည်။

ဒါက သူ့ရဲ့ နောက်ဆုံးထွက်သက်အတွက် သူမဘက်က ထ လျှော့ပေးခဲ့ခြင်း သက်သက် ..၊

နောက်ထပ်ပြီး ဆက်ရန်ရှိသေးတာတွေက ကိုယ်နဲ့ ဆိုင်လို့

"မင်း အဝတ်လဲ .. ပြီးရင် ထွက်လာခဲ့ .."

အမိန့်တစ်ရပ်လို သတ်မှတ်၍ ဂုဏ် က ကန့်လန့်ကာရဲ့ အပြ ထွက်သွားသည်။ ဒါပေမယ့် အခန်းပြင်ကို မဟုတ်ဘဲ အထဲမှာပဲ ကကြည့်ကြည့်နှင့် ခေါက်တုံ့ခေါက်ပြန် လျှောက်နေတာဖြစ်က

"ဟာ!... မင်း .."

ရေး ထွက်လာတာ မြင်တော့ မျက်နှာတစ်ပြင်လုံး ဖျန်း သွား၏။ ရေး က အနက်ရောင် ဒူးကျစကတ်လေးနှင့် ဘာ အပြားမှ မပါသော အနက်ရောင် ပိုးပျော့လည်ဟိုက်လက်ပြတ် တွဲဝတ်ထားသည်။

ဘယ်ဘက်ရင်အုံထက်မှာ ကြက်ဥလုံးနီးပါးရှိသည့် အနီ ရင်ထိုးက တဖျပ်ဖျပ် လက်နေကာ ဘယ်ဘက်ဆံစတို့ကို သိမ်းထို သည့် ဘီးကုတ်လေးကလည်း အနီရောင် ကျောက်တန်းလေး

ဖွေးနုနေသော သူမ တစ်ကိုယ်လုံးက အနက်ရောင်နှင့် ပို၍





း လှတာထက် ပိုလှသည်။ ကိုယ်လုံးအလှကလည်း ကောက် င်း ဆွဲထားသလိုပင် ..၊

ဒါပေမယ့် ဒီလို ဝတ်ထွက်လာသည့် ရည်ရွယ်ချက်ကို သိလိုက် ဂုဏ် ချက်ချင်း အနားရောက်သွား၏။

"မင်း ဘာလုပ်တာလဲ ရေး .."

"ရှင် မြင်တဲ့အတိုင်းပဲ .."

"မြင်တယ် .. လူတွေကို မင်း ထင်တိုင်း နေရာချပြီး ကစားလို့ အရုပ်တွေလို့ မင်း ထင်နေသလား .."

"ကျွန်မကလည်း ရှင် ထင်သလို အသုံးချလို့ရမယ့် အရုပ် မဟုတ် ဘာ ရှင် နားလည်သင့်တာပေါ့ .."

"ဒီလို အတူလုပ်ကြဖို့ ဆုံးဖြတ်ခဲ့တာ မင်းလည်း ပါတယ် ရေး.."

"ရှင့်အဖေ အသေဖြောင့်ဖို့လေ .. အခု ပြီးသွားပြီ .."

"ရေး .."

"အို .. လူကို မကိုင်ပါနဲ့ .."

ရေး က နည်းနည်းလေးမှ အထိမခံဘဲ နောက်ဆုတ်၍ ပုတ်ခါချ ...

"အခု ရှင့်အဖေကို မမက လုပ်ကြံခဲ့တယ်ဆိုတာ ရှင် သိပြီးပြီ .. ကာ ကျွန်မကို သူ့အမေ ထင်ပြီး စွဲလမ်းတမ်းတနေတာကလည်း တန်ရင် သူ နားလည်သွားမှာပဲ .."

"အဲဒီတော့ .."

"ကျွန်မနဲ့ ရှင် ဒီလောက်ထိ ပတ်သက်ကြဖို့ ဘာမှမလိုဘူး.. အထူး ကျွန်မအစ်မ ဘာအပြစ်တွေ ကျူးလွန်ခဲ့ ကျူးလွန်ခဲ့ .. ကျွန်မ ပြဿနာတွေအတွက် ကျွန်မ မပေးဆပ်နိုင်ဘူး .."



www.burmeseclassic.com

www.burmeseclassic.com



"သြော် ..."

"ကလေးက ရှင့်ညီမပါ .. ရှင်က ပိုပြီး ပိုင်ဆိုင်ခွင့် ရှိပါတယ် .. အဲဒီတော့ ရှင်ပဲ ကလေးကို စောင့်ရှောက်ရမှာ .. ဒီအဖြစ်တွေကိုရော .. ကလေးကိုရော .."

ရေး နည်းနည်းတော့ အသံလေး တုန်သွားသည်။ တေးကဗျာ... ကို သူမ ပိုင်ဆိုင်ချင်ပါ၏။ သို့သော် ...

"ကျွန်မက ဘာမှ မသက်ဆိုင်တဲ့သူ .."

"မင်းကို ငါက ဒါတွေနဲ့ ရစ်ပတ်ဆွဲနေတယ်လို့ ထင်တယ် .. ဟုတ်လား .."

ရေး သူ့ကို မျှတ်ခနဲ ကြည့်သည်။ ပြီးတော့ ဆွဲထွက်လာခဲ့သော အဝတ်သေတ္တာကို ဘယ်ညာ ပြောင်းကိုင်လိုက်ကာ ...

"ဖယ်ပေးပါ .."

"မဖယ်နိုင်ဘူး .."

ဂုဏ် က သူမလက်တစ်ဖက်မှာ ဆွဲထားသည့် သေတ္တာကိုင်း... ဖြုတ်ချပစ်လိုက်ပြီး ပခုံးလေး နှစ်ဖက်ကို ဆုပ်ကိုင်လိုက်၏။

"မင်းကို လက်ထပ်ဖို့ ကြိုးစားနေတာ .. ဘာနဲ့မှ မသက်ဆိုင်... ဆိုရင်ရော .."

မျက်ဝန်းတို့ ဆုံစည်းသွားခဲ့ပြီး ရေး ချက်ချင်း မျက်နှာလွှဲ... သည်။ ပြီးတော့ သေတ္တာကို ကောက်ကိုင်လျှင် ...

"မင်း ထွက်သွားလို့ မရဘူးလို့ ကိုယ် ပြောပြီးပြီ ရေး .. အဲ့... ထားလိုက် .."

"မထားနိုင်ပါဘူး .. ရှင် အမိန့်ပေးတိုင်း ကျွန်မက နာခံရမှာ... ဘာမှ မဆိုင်ဘူး လွှတ် .."





"ဘာလို့မဆိုင်ရမှာလဲ.. ဆိုင်တယ်ဆိုတာ ခုပဲ လက်တွေ့ပြမယ်.."

"အို .. ရှင့်နော် .. ဟင့်အင်း .. လွှတ် .."

သူ့လက်တွေကို ဖယ်ချ ရုန်းနေရင်း ရေး နောက်ကို တစ်လှမ်းပြီး တစ်လှမ်း ဆုတ်သွားခဲ့၏။ ဂုဏ် က ရေး ကိုယ်လေးကို အတင်းအကျပ် ဖက်ထားလိုက်ကာ ...

"ဒေါက် .. ဒေါက် .."

"ဘာသံမှ မကြားပါလား .."

"ပြောဆိုရင်း ဒေါသတွေ ပေါက်ကွဲပြီး သတ်ဖြတ်ကုန်ကြပြီ ထင်ဘယ် .."

"ဟုတ်တယ် .. နှစ်လောင်းပြိုင်တွေ ဘာတွေ ဖြစ်ကုန်ရင် ခက်မယ် .."

"ကြာတယ် .. ဖွင့်လိုက် .."

"ဟာ!..."

"ဟာ .. ကြည့်စမ်း .."

"ရိုက် .. ရိုက် .. ဓာတ်ပုံ ရိုက်ယူလိုက် .."

အခန်းထဲကို လူတွေ အလုံးလိုက် ဝင်လာတဲ့အထိ သူ ရေး ကို အတင်း ဖိကပ်နမ်းနေခဲ့၏။ လွှတ်မြောက်သည့်အချိန်တွင် ရှက်ရှက်နှင့် ရေး သူ့ပါးကို လွှဲရိုက်ပစ်လိုက်၏။ သို့သော် ...

"ဆောရီး .."

"ဘာ ဆောရီးလဲ .. ရှင် .. ရှင် လွှတ် နော် .."

"ရှက်နေပြီ တွေ့လား .. ဒီကောင် ကောင်မလေး အလိုမတူဘဲနဲ့ နှုတ် .."

"ဟုတ်မှာပေါ့ .. ဒီကောင် လုပ်ပုံကို ကြည့်ပါလား .."



www.burmeseclassic.com

www.burmeseclassic.com



"အေးလေကွာ .. တံခါးဖွင့် ဝင်လာကြတာတောင်မှ .."

"ဒါပေါ့ကွ .. ဒီကောင် ခုမှ ပထမဆုံး အနမ်း .."

"ဟေ့ကောင်တွေ .. သွားကြ သွား .."

"အေးပါ .. ဒီမှာ နှစ်ပုံတောင် ရပြီ .. ခုချက်ချင်း အင်တာနက်ပေါ် တင်လိုက်မယ် .."

စကားတွေ ပြောသွားကြတာ ဆူညံနေတော့သည်။

ရေး ရှက်လွန်းသဖြင့် တအား ရှိုက်ငိုမိ၏။ ဂုဏ် က စိုက်ကြည့်ပြီး မချိုမချဉ် ပြုံးသည်။

ပြီးတော့ ရှေ့တိုးလာကာ သူမ မျက်နှာလေးနဲ့ ထိမတတ် ငုံ့၍ ...

"ဘယ်လို ပတ်သက်နေသလဲဆိုတာ ခု သိသွားပြီလား .."

"ရှင် နော် .. ရှင် ခု ထွက်သွား .."

ရေး သူ့ရင်ဘတ်ကို ဆောင့်တွန်းပစ်လိုက်လျှင် ထိုလက်လေးတွေကို သူက ဆုပ်ကိုင်ထားလိုက်ကာ ...

"ဖေဖေတို့ ကိစ္စတွေကို ကိုယ် သိရင် အမုန်းတွေ တစ်ကနေ ပြန်စလိမ့်မယ်လို့ မင်း ထင်နေတယ်မို့လား .."

ရေး က ရှိုက်နေရင်း ကျောခိုင်းပစ်လိုက်သည်။ သူက ရှေ့ထပ်တိုးပြီး ရေး ရဲ့ ပခုံးစွန်းလေးပေါ်က ကျော်၍ မျက်နှာကို ငုံ့ကြည့်၏။

"ဆည်းဆာပန်းချီ ဆိုတဲ့ မိန်းမကို ဆိုရင်တော့ ဟုတ်တယ် .. ခုချိန်ထိ မုန်းနေတုန်းပဲ .. ဒါပေမယ့် ကိုယ့်လိုပဲ မုန်းတတ်တဲ့ မင်းကို တော့ ဆက်ပြီး မုန်းလို့ မရတော့ဘူး .."

သူ့နှုတ်ဖျားက လေငွေ့နွေးတို့က နားသယ်ဆံစတို့ကို ပုတ်ခတ် လာကြသဖြင့် ရေး ရှေ့တိုးလိုက်၏။

သူကလည်း ဒီတိုင်း ထက်ကြပ်မကွာ တိုးကပ်ပါလာလျက် —





"မင်းနဲ့ ငါ ဖေါ်ဘတွေနဲ့ လုံးထွေး သက်ပုတ်ချင်း ဘာပြောပြော ကဗျာမဆန်ဘူး ဖြစ်နေတာပါ .. ငါလည်း မင်းကို ကဗျာဆန်ဆန်တွေ ပြောလာမိလိမ့်မယ်လို့ ကိုယ့်ကိုယ်ကိုယ် မထင်ခဲ့ဘူး .. ဒီအခန်းထဲ ဝင်လာခဲ့တဲ့အထိပဲ .."

"ဒါဆိုလည်း ဒီတိုင်းပဲ ဆက်နေလိုက်စမ်းပါ .. ကျွန်မကလည်း.."

"မင်းက မချစ်နိုင်တာ ကိုယ် သိပါတယ် .."

"ရှင်က ချစ်နေပါပြီလို့ ပြောမလို့လား ..၊ မယုံဘူး .."

ရေး က နေရာမှ ရှောင်ထွက်သွားဖို့ လှည့်လိုက်လျှင် ဂုဏ် က နှုတ်ခနဲ ဆွဲဖက်ထားလိုက်ကာ ...

"နောက်တော့ မင်း ယုံလာမှာပါ .."

"အို .. မသိဘူး .. လွှတ် .."

"မင်း သိလား ရေး .. ကိုယ် မင်းနဲ့ကျမှ ရင်ခုန်တတ်ခဲ့တာ .."

သူက ရေးကို လှုပ်လို့မရအောင် ချုပ်ဖက်ထားလိုက်ပြီး မျက်နှာချင်း ကပ်ကာ ...

"အဲ့ဒါ မင်းရဲ့ တိုက်ခိုက်ချင်တဲ့ စိတ်တွေကြောင့် ထင်တယ် .. ဘာစ်ချစ်တည်း ချစ်နေကြတာတွေကို ကိုယ် အထင်မကြီးဘူး .. ပြီးတော့ ကိုယ်သိထားတဲ့ မိန်းမဆိုတာက ယောကျ်ားလေးတစ်ယောက်ကို သဘောကျပြီဆို သဘောကျစရာတွေ ဇွန်းပေါလအော ပေးတတ်တဲ့ ဘာသိုက်တာမျိုးတွေနဲ့ မဟုတ်ဘူး .."

"ရှင် လွှတ်စမ်းပါ .. ကျွန်မဆီက သဘောကျစရာတွေကို ဖတ်ရှုနေ့လာနေရအောင် ကျွန်မက ရှင့်အိမ်ကို ကြင်ရာတော်ရွေးပွဲ တက်လာတယ် မှတ်နေသလား .. ဖယ် နော် .."

ရေး က အတင်းအကျပ် ရုန်းနေကာ သူ့ကိုယ်ကို လက်သွတ်သပ်ရှု



www.burmeseclassic.com

www.burmeseclassic.com



အတင်း ထုန့်က်ပစ်နေ၏။

"ဟုတ်တယ် .. မင်းက ကိုယ့်အတွက်မို့လို့ ကိုယ့်အိမ်ပေါ်ထိ ရောက်လာတာ .."

"ရှင် ကြီးကြီးကျယ်ကျယ်တွေ မပြောနဲ့ .."

"ကြီးကျယ်နေတာ မဟုတ်ဘူး .. မိန်းမယူဖို့ မပြောနဲ့ ခုချိန်ထိ ရည်းစားထားဖို့ကို စိတ်မဝင်စားခဲ့တဲ့ ကောင် .."

ပြောပြီးတော့ ရေး ကို သူ နမ်းဖို့ ကြိုးစားသည်။ ချစ်သူဆိုတာ ဘာမှန်းမသိလိုက်ဘဲ ယောကျ်ားတစ်ယောက်ရဲ့ ရင်ခွင်ထဲမှာ ရင်ခုန်သံတွေနဲ့ လုံးထွေးနေခဲ့ရ၏။

ရေး သူ့အနမ်းတွေအောက်မှာ မုန်းသည်လား .. ချစ်သည်လား ဘာဆိုဘာမှ ခွဲခြားခွင့် မရှိ ..၊

နင် အပြောတွေကြီးပြီး အလုပ်နဲ့ လက်တွေ့မှာကျတော့ တခြားစီ ပါလား ရေး ..၊

မဟုတ်ဘူး .. သူ့ကို ရေး မချစ်နိုင်ပါဘူး ..၊ လက်ထပ်ဖို့ထိလည်း မဖြစ်နိုင် ..၊

"ရှန်းနေလိုက်တာကွာ.. ဘာလဲ .. မင်း လွတ်မြောက်ဦးမယ် ထင်လို့လား .."

ဂုဏ် ကလည်း ရေး မျက်နှာလေးပေါ်က ရှုပ်ထွေးမှုတွေကို နား လည်နေ၏။

"ခုလောက်ဆိုရင် မင်းနဲ့ ကိုယ် နမ်းနေတဲ့ပုံတွေ ဖေ့(စ်)ဘွတ်(ခ်) မှာ ပျံ့နေလောက်ပြီ .."

"ရှင် တကယ် လုပ်လိုက်တာမို့လား .."

"ဟုတ်တယ်လေ .. မင်းကို မုန်းလို့ အတင်းနမ်းပြီး လူမြင်ခံလိုက်





ဘယ် ထင်နေတာလား ..၊ မုန်းတာတစ်ခုအတွက်နဲ့ ငါ မုန်းတဲ့မိန်းမကို မက်မက်မောမော နမ်းပြရလောက်အောင် ရင်ခုန်သံတွေက လက်ယပ် ခေါ်တိုင်း ရောက်လာတာ မဟုတ်ဘူး .."

သူ ရေး မျက်နှာလေးကို ရိဝေရွှန်းလက်သည့်အကြည့်တို့ဖြင့် ငေး ဘာ ...

"မုန်းစရာတွေချည်း တွေးနေကြလို့ပါ .. မင်း ကိုယ့်ကို စိတ်ဝင် စားကြည့်လိုက် .."

"ဘာ!..."

"ဟုတ်တယ် .. ချစ်တဲ့စိတ် နည်းနည်းလေး ဝင်ကြည့်လိုက်မိရင် ခင်း ကိုယ့်လိုပဲ ဖြစ်လာလိမ့်မယ် .."

ရေး မျက်နှာလေး မှုန်ကုတ်ကုတ်လေး ရှိနေဆဲဖြစ်လျက် ..၊ ဂုဏ် က ပါးပြင်လေးကို ပွတ်သပ်ရင်း ပါးချိုင့်လေးတစ်ဖက်ကို ငုံ့နမ်းသည်။

ရေး က ဖျတ်ခနဲ လှည့်ရှောင်ပစ်လိုက်သဖြင့် ဂုဏ် က ရယ်ကာ...

"ရှင် နော် .. ဟင့်အင်း .."

နွေးသောအနမ်းတို့ဖြင့် ကျီစယ်သည့်အခါ ရှက်သွေးဖျန်းခြင်း ကြောင့် ရေး မျက်ရည်လေးတွေ ဝေ့တက်လာခဲ့၏။

"ဖယ် .. သွား .. ရှင့်ကို ဘယ်တော့မှ မချစ်ဘူး .. ဘယ်တော့မှ သည်း လက်မထပ်ဘူး .."

"ဘယ်ရမလဲ ..၊ ကိုယ် နမ်းရင် မရှောင်ရဘူး .. ကိုယ် တောင်းရင် နား ရမယ် .."

"ဘာ!..."

"လက်ထပ်ခွင့် .."

"ရှင် လိုချင်တိုင်း ပေးရအောင် .. ကျွန်မက .."



www.burmeseclassic.com

www.burmeseclassic.com



"မင်းက ကိုယ့်ချစ်တဲ့မိန်းမ ဖြစ်နေတဲ့အတွက် ကိုယ် လိုချင်တာ အေးဆေး မရရင်တော့ ကိုယ်က ရှုံ့ဟတ်တယ် .."

ရေး မျက်နှာလေးကို စိုက်ကြည့်ပြီး သူက ရယ်ကာ ...

"အခု ဘာတွေ တွန့်တိုချင်သေးလဲ .. နောက်တစ် တိုတိုထွာထွာ တွေ မလုပ်ရဲအောင် .."

"ဒုန်း .."

"ဟေး .. မပြီးကြသေးဘူးလား .."

"ဘချလာနိုက်က အစောကြီး ရှိသေးတယ် နော် .. နေ့နဲ့ည မှား ကုန်ကြဦးမယ် .."

အပြင်ဘက်က အော်ဟစ်သံတွေကြောင့် ရေး မျက်လုံး ပြူးသွား တော့ သူက ရယ်သည်။ ပြီးတော့ ပန်းရောင်ရင့်သွားသည့် ပါးပြင်လေး တွေကို ခပ်ဖွဖွ ပုတ်၍ ...

"ဘယ်လိုလဲ .. မသွားချင်သေးရင် ရတယ် နော် .. ဘယ်သူ ဘယ်လိုထင်ထင် ကိုယ်က အေးဆေး .."

"ကျွန်မ ထွက်သွားမှာက တရားရုံးကို မဟုတ်ဘူး ဆိုရင်ရော–"

"လုပ်ကြည့်လေ .. ကိုယ် ဘယ်လိုလုပ်တတ်တယ်ဆိုတာ မင်း လက်တွေ့ သိသွားမှာပေါ့ .."

"ဂုဏ်ထည်ဝါ .."

"အင်း .. ပြော .."

"ရှင် ပြောင်းလဲသွားတာ ချက်ချင်းကြီးပါလား .."

"မင်းကို ကလဲ့စားချေချင်တာလို့ ထင်ပြီး လန့်မနေနဲ့ .. အဲ့ဒီလို ဟုတ်ရင်တောင် ဖေဖေ အချစ်ငတ်ခဲ့ရတဲ့ဒုက္ခရယ် .. မင်း ကြိမ်းမောင်း ထားတာတွေရယ်အတွက် အတိုးတက်ပြီး ချစ်ခိုင်းသွားမှာ .. ကိုယ်က





မင်းအတွက် မရှိမဖြစ် အမြဲတမ်း လိုအပ်နေတဲ့ယောက်ျား ဖြစ်ချင် ဘယ် .. ကိုယ့်အတွက် ဘာမဆို နူးညံ့ကြည်ဖြူ လိုက်လျောခြင်းတွေနဲ့ ချစ်လားလို့ မေးတိုင်း .. ချစ် .."

"လုံးဝ မချစ်ဘူး .."

"ဟား .. ဟား .. ဟား ..."

သူက မျက်နှာမော့ ရယ်သည်။ ရေး က သူ့ကို တွန်းပစ်လိုက်ပြီး ဘုံခါးသွားဖွင့်၏။ တံခါးပွင့်သွားတော့ ဂုဏ် က နောက်ကနေ ရေး ရဲ့ခါးလေးနှစ်ဖက်ကို ဖွဖွလေး ကိုင်ထားပြီး ပုန်းသလို ကွယ်သလို လုပ် နေပုံနှင့် ...

"တွေ့တယ် နော် .. အဲဒါ မှတ်ထား .. အချစ်နဲ့ သိမ်းပိုက်ခြင်းလို့ ခေါ်ကယ် .."

ပြောပြီးတော့မှ နောက်ကနေ သိမ်းဖက်ထားလိုက်၏။ ရေး မျက် နှာလေး ရဲခနဲ ဖြစ်သွားလေသည်။

"ဟား .. ဟား .. ဟား ..."

"ခွေးစုတ်ကောင် .. ခုမှ မို့ရတဲ့ မျက်နှာကြီးနဲ့ .."

"အေးလေ .. အမြဲတမ်း ဖျူးဖြဲမောင်းမဲနေပြီးတော့ .. အသည်း အသန် ထဖြစ်တာလည်း ချက်ချင်း .."

ရေး က သူ့လက်တွေကို ဖယ်ချကာ အခန်းထဲ ပြန်ပြေးသွားလျှင် ဂုဏ် က ရယ်နေကာ ...

"ချက်ချင်း ထချစ်မိအောင် သူ လုပ်တာကိုး .."

"ဟမ်!..."

"ဘာရယ်!..."

"ဂုဏ် .. ရှင်းရှင်း ပြော .. တံတွေး နင်လိုက်တာ .."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ..၊ မဟုတ်ရင် သူနဲ့ငါ ဘုန့်ဘောက် ဓာတ်လမ်းကြီးနဲ့ လက်ထပ်ဖြစ်ကြမှာ .."

"အပိုတွေ မပြောနဲ့ .. ဘုနဲ့ဘောက် ဖြစ်နေကြရင် .. မင်းတို့ -- ဟို .."

"အေးလေ .. နေရာတကာ ဘုဘောက် ဖြစ်မနေဘူးတော့ လုပ်လိုက် .."

သူတို့ပြောလေ ဂုဏ် က ရယ်လေ ..၊

"ဘုဆောက် ပြောနေရင်းနဲ့ရော ချစ်လို့ မရဘူးလား .. ငါ သူ့ကို အဲဒီလိုနည်းနဲ့ ချစ်မိသွားတာ .."

"ပေါ်လာပြီ .."

"ငါက မချစ်ဘူးဆိုရင် ငါ့ကို လာချစ်တာလည်း မကြိုက်ဘူး -- ငါက မချစ်သလို ငါ့ကို မချစ်တဲ့ မိန်းမနဲ့ကျတော့ ငါ့နှလုံးသားက မခံနိုင်တော့ဘူး .."

"ကဲ.. ကဲ .. လာကြ .. မခံနိုင်တာတွေ နောက်မှ ပြော .. နောက်ကျနေပြီ .."

ဦးကျော်ထွန်း က အားလုံးကို ခေါ်ပြီးမှ ဂုဏ့် နား ကပ်လာပြီး အခန်းထဲကိုလည်း ကြည့်သည်။

"ရေး နဲ့ အဆင်ပြေရဲ့လား လူလေး .. ရယ်မောနေကြတယ်ဆိုတော့ အဘ စိတ်ချမ်းသာစရာပဲ ကြားချင်တာ .."

"လက်ထပ်ဖို့တောင် သေချာ စီစဉ်ပေးခဲ့ပြီးမှ အဘက ဘာတွေပူနေတာလဲ .."

"မဟုတ်ဘူး.. ရေး ရဲ့စိတ်ကို အဘတို့ မပိုင်သေးဘူးဆိုတာ ခံစားမိနေလို့ .. ပြီးတော့ သူ အခန်းထဲက မထွက်တာ တစ်ခုခုများ .."





"အခု ဘာတစ်ခုခုမှ မရှိတော့ဘူး .. သူ ထွက်လာပြီးမှ အဝတ်စားလဲတာ နေမှာပါ .. ကျွန်တော် သွားခေါ်လိုက်မယ် .."

"ဟာ .. ဟေ့ .. ဟေ့ .. အဘ မလုပ်နဲ့ .. မလွှတ်လိုက်နဲ့ .."

မြတ်သု တို့က ခပ်လှမ်းလှမ်းရောက်မှ ပြန်လှည့် အော်ကြကာ..

"အထဲကို ဒီတစ်ခါ ဝင်သွားရင် မလွယ်ဘူးနော် အဘ .. တကယ်ပြောနေတာ .."

"ဟုတ်တယ် အဘ .. ကျွန်တော်တို့ ဘချလာနိုက်လေး လုပ်ပါရစေ -- အဘ သနားမှ ကျွန်တော်တို့ ချမ်းသာမှာပါ .."

ဦးကျော်ထွန်း ဟိုကြည့် ဒီကြည့်နှင့် ကြောင်နေပြီးမှ ခပ်ပြုံးပြုံးဖြစ်သွားသည် ...

သော်တော်ရှုပ်တဲ့ ကောင်တွေ ..၊



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၃၀)

ဦးခနေဂုဏ် ဆုံးသွားပြီး နှစ်လပဲ ကြာသေးတာမို့ ညဘက် ... ကိုလည်း အကျဉ်းချုံးပြီး ပြီးစီးဖို့ပါ..၊ ဒါပေမယ့် ဖိတ်ကြားသ... ဆွေတွေ တက်ရောက်လာကြတာမို့ ညှေ့ခံပွဲက စည်ကားနေ...

ထို့ပြင် လူငယ်တွေကလည်း နှစ်ဖက်စလုံးက ပျော်တတ်... ချည်းမို့ စိုပြည်တာထက်တောင် ပိုနေပါသေးသည်။

"မြန်လိုက်တာ နော် .. အဖေ ဆုံးသွားတာတောင် မြေပုံ... သေးရဲ့လား မသိဘူး .."

"မြေပုံ မဟုတ်ဘူး .. အုတ်ဂူ .."

"ဘာဖြစ်ဖြစ်ကွာ .. ကောင်လေး သနားပါတယ် .. ကောင်... ထွက်မပြေးခင် သူ့ခမျာ အမိအရ ယူလိုက်ရတာ .."

"ဟုတ်တယ် .. ဝဲစားကောင်တွေ .. မင်းတို့လည်း ... မပြောင်းခင် မြန်မြန် စား .."





"ဖြန်း .."

သူတို့ဝိုင်းနား ဂုဏ် ပြန်ရောက်လာပြီး ဝေလ ရဲ့ပခုံးကို ဖြန်းခနဲ ...ပစ်လိုက်ကာ ...

"သူများ ကျွေးတာလည်း စားသေးတယ် .. အတင်းတုတ်နေ ...ဟုတ်လား .."

"နာလိုက်တာ ဝဲစား .. မသိသေးတဲ့လူတွေ သိရအောင် ပြောပြ ...မိန်းကလေးတွေကို အထင်မကြီးဘူး .. မကြီးဘူးနဲ့ လိုချင်လာ ...ဒသာဂီရိထက်တောင် ဆိုးသေးတယ် .."

"မဟုတ်ဘူးကွ .. အခု ရသွားပြီဆိုတော့ မျောက် အုန်းသီးရတာ ...ပြောရမှာ .."

"အဲ့ဒါ ဘာဖြစ်လဲ ..၊ ငါ့ဟာငါ ဘာပဲရရ .."

...ဘ် က အဖြူရောင် အနောက်တိုင်းဝတ်စုံနှင့်ဖြစ်ကာ မြူဖတ် ...ပြာရောင်လည်စည်းနဲ့ ခါးပတ်ကြောင့် အဖြူရောင်က ကောင်း ...နေ၏။

...တ်အင်္ကျီကို ရင်ခွဲဝက်ထားကာ ဆံပင်တွေကိုပါ နောက်လှန်ဖြီး ...ပြင့် ဖြူဝင်းနေသည့်မျက်နှာက ရှင်းသန့်ကြည်စင်နေသည်။

"...ယ်ဆိုးလို့တုန်းဟ .. ငါ့သူငယ်ချင်းက အရွေးတော်သားပဲ.."

...မြင်ဖူးသည့် အောင်ဦး နဲ့ ဂျွန် က ဂုဏ် ထွက်သွားမှ ခေါင်း ...ဘ်နှင့် ချီးမွမ်းခန်း ဖွင့်၏။

"...ကောင် ရုပ်ဖြောင့်တယ် .. ဒါပေမယ့် မျက်လုံးတွေကလည်း ...ရှုးတယ် နော် .. အရိုင်းဆန်သလိုပဲ .."

"...ဘယ် .. ရိုင်းသလားတော့ မမေးနဲ့ .."

... ပြည့်စွက်လိုက်တော့ ဂျွန် က စားသောက်ရင်း မျက်ခုံး



www.burmeseclassic.com

www.burmeseclassic.com



တွေ့ ပင့်သွားကာ ...

"တကယ်လား .."

"ဟုတ်တယ် .. ငါနဲ့ လုံးဝ မတည့်ဘူး .."

အောင်ဦး က ပခုံးတွန့်၍ ...

"စဉ်းစားပါဦးဟာ .. တည့်တဲ့နေရာတော့ ရှိမှာပါ .."

"ခွီး .."

ဥျန် ရယ်ချလိုက်တော့မှ ရေး မျက်နှာလေး နီရဲသွားကာ ...

"အောင်ဦး နော် .. ငါ ပန်းကန်လုံးနဲ့ ပေါက်လိုက်မှာ .."

"ဩော် .. ကဲ ... ခုပဲ လက်ထပ်ပြီးနေပြီ မတည့်ဘဲ နေသွား ဖြစ်မလား ..၊ မဟုတ်ဘူးလား .. အမွန် .. ငါ ပြောတာလေ .."

"ဟုတ်ပါတယ် .. ရှင်တို့ ပြောမှပဲ ရှင်းပါတော့တယ် .."

"ဟား .. ဟား .. ဟား ..."

"နင်တို့ကိုတော့ ကောင်းကောင်းမွန်မွန် နှုတ်ဆက်သွားတာ ဘာကို အရိုင်းဆန်တာလဲ .."

လုံမေ က မေးတော့ ဥျန် က ခေါင်းခါ၍ ...

"နင်တို့ မိန်းကလေးတွေ မသိနိုင်တဲ့ ငါတို့ချင်းပဲ နားလည် အသံတိတ် လဲန်း ဝွစ်(ရှ်) .."

"နားလည်သွားတော့ ဘာတဲ့လဲ ပြောပါဦး .."

"မင်းတို့ကောင်တွေက ရေး နဲ့ ဘယ်တုန်းတည်းက သိ လဲ .. ဘယ်လောက် ရင်းနှီးသလဲ တဲ့ .."

"အံမယ် .. ဘာသာပြန်လိုက်တာတော့ အိပ်(စ်)ပက်(တ်)

"တကယ်နော် .. သူ့အကြည့်ကို ဘာသာပြန်လိုက်ရင် အဲဒီ လုံးဝ အတိအကျပဲ .."





"ဒီလောက် နားလည်ရင်လည်း မင်း ပြန်ဖြေလိုက်ပါလား .. ကျား များမှ နွား ချမ်းသာတာ လို့ .."

"အံမယ် .. ပြောပုံက .."

ဒါကျတော့ ရေး က လက်ရွယ်ပြီး မျက်စောင်းထိုးသည်။ ဥျန် နှာခမ်းမဲ့၍ ...

"မပြောချင်လို့ ကြည့်နေတာ .. ခင်ဗျားကိုလည်း .."

"ဘာ!..."

"ငါတို့တွေကတော့ တစ်ပြည်ရပ်ခြားမှာ အလုပ်ကြိုးစားရင်း ခဲ့ရတာ .. ရွေးလိုက်တော့ ကိုယ့်အချင်းချင်းထဲက မဟုတ်ဘဲနဲ့ ော် ကျော်လွှမ်းတယ် .."

"အမေကျော် ခွေးတော် လွှမ်းတယ် လုပ်ပါ .."

"တည့်တည့်ပြောရတာ ပျင်းဖို့ကောင်းလို့ .."

ဘကယ်တမ်းက တစ်ယောက်နဲ့တစ်ယောက် ထင်သလို စနောက် သမယ့် မရိုးမသားတွေ ပြုမူနေထိုင်တာမျိုးတော့ ဘယ်သူ့မှာမှ ပါ ..၊

ဟိုရောက်မှ ရည်ရွယ်ချက်တူသူတွေ အုပ်စုဖွဲ့မိကြပြီး ချစ်ခင် နေခဲ့ကြကာ အုပ်စုတောင့်လို့လည်း နှစ်တွေကြာအောင် ကြိုးစား နိုင်ခဲ့ကြတာ ဖြစ်သည်။

"ဘားကောင်းပြောနေရင်း ဖောက်မလာနဲ့ ဟိုတစ်ယောက်က ရင် သည်းခံမှာ မဟုတ်ဘူး .."

အမွန် က ကပ်ပြောသည်။

"အံမာ .. ဘယ်တစ်ယောက်လဲ ..၊ ငါတို့ချစ်ခြင်းကို သူပဲ ခွဲပစ် ဂျိုဂရောင် လုပ်ကြည့်ပါလား .. ရေး လက်ကို ချက်ချင်း ဆွဲ



www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားလိုက်မယ် .. မယုံမရှိနဲ့ ..”

“ကဲပါ ဥျှန် ရယ် .. ‘စကားကြောင့် ဖားသေ’ ဖြစ်နေပါမယ် တကယ်ပဲ ..”

“ရေး ..”

“ဘာလဲ .. ဟိုမှာ ဧည့်သည်တွေ လာနေလို့ ..”

ဥျှန် က ရေး လက်ကို ဆွဲထားကာ ...

“ဒီကောင့်ပုံက ရုပ်ချောသလောက် တော်တော်ကြောမယ့်ပုံ နင့်ကို ဘယ်လိုအထာနဲ့ ဆက်ဆံသလဲ ပြော ..”

“ဟဲ့ .. လွှတ်လိုက်လေ .. ရေး ကို နင် ဟိုတုန်းကလို ရင်းနှီး မရတော့ဘူး .. သူ့မှာ ယောက်ျားနဲ့ ..”

“မေးကြည့်တာ ဘာဖြစ်လို့လဲ ..”

ဂုဏ် ကလည်း ဒီဘက်ကို လှမ်းမြင်တည်းက မျက်လုံး မလွှဲ ပေ ..။

“မေမေ့ .. မေမေ့ကို ကိုကိုကြီး က ခေါ်နေတယ် ..”

“ဟာ .. ခုမှ သေချာကြည့်ရတယ် ကြည့်စမ်း .. မီးမီးလေး ချစ်စရာလေးပဲကွ .. ရေး လိုပဲ ပါးချိုင့်လေးတွေ ထင်းလို့ ..”

ကလေးကို မြင်လိုက်တော့ ဥျှန့် မျက်နှာ ချက်ချင်းကြီး ပြုံး သွားကာ ...

“ချစ်စရာလေး ရေး ရာ.. ဒီလို သမီးမျိုးလေး ရအောင် ငါ ယူခဲ့ရမှာ ..။ ကျွတ်!... အသိ နောက်ကျသွားတယ် ..”

“လူလေးတို့ လိုအပ်တာရှိရင် ပြောကြနော် ..”

ဥျှန် က ပြောချင်တိုင်း ပြောနေသဖြင့် ဦးကျော်ထွန်း သူ့ ရောက်လာတာကို အမှတ်တမဲ့ ..။





“သမီးတို့ ပြည့်စုံရဲ့လားကွယ် ..”

“ဟုတ်ကဲ့ .. ပြည့်စုံပါတယ် အန်ကယ်လ် .. ကျေးဇူးတင်ပါတယ် ..”

“အန်ကယ့်လ် .. သမီးလေးက ချစ်စရာလေး နော် ..”

ဥျှန် ကတော့ ဘာကိုမှ ဂရုမစိုက်သလို ရယ်မောမပျက်ပေ ..။ နဲ့ လုံမေ တို့ ဦးကျော်ထွန်း နဲ့ ရေး တို့ ထွက်သွားမှ သက်ပြင်းချ ကြ၏။

“နင် ပြောတာ ကြားသွားပြီ ထင်တယ် ..”

“ဘာပြောလို့လဲ .. ကြားကြားပေါ့ ..”

“နေ့ပြော နောက်ကြည့် .. ညပြော အောက်ကြည့် တဲ့ ..”

“ငါ အောက်ကို ကြည့်ပြောတာပါ .. စားပွဲအောက်မှာ ဘာမှမှ တာ ..”

“ဟုတ်တယ် .. ဦးကျော်ထွန်း ဆိုတဲ့လူကြီးက စားပွဲအောက်ကနေ သွားတာ ..”

“ကဲ .. တော်ကြပါတော့ .. ဟိုမှာ တွေ့လား .. ဂုဏ်ထည်ဝါ ကြည့်တွေ မီးပွင့်တော့မယ့်အတိုင်းပဲ .. သေချာတယ် .. ရေး လက်ကို ဆွဲတာ လုံးဝ တင်းသွားပြီ ..”

“ဟား .. ဟား .. ဟား ...”

ဥျှန် က ပျော်ပျော်နေတတ်သလောက် ဘာကိုမှလည်း သိပ်အရေး ..။ ထို့ကြောင့် ရယ်ရင်း ခေါင်းတခါခါနှင့် ...

“ဟိုသတ္တဝါကလည်း မိန်းကလေးတွေကို အထင်မကြီးတတ်တဲ့ င်ဆိုတာ နာမည်ကြီး .. ငါတို့ရဲ့ ရေး ကလည်း ဒီလူတွေကို ဘာ ချင်တယ် .. ညာလုပ်ချင်တယ်နဲ့ ကြိမ်းဝါးသွားတာပဲလေ .. ခုတော့



www.burmeseclassic.com

www.burmeseclassic.com



ဆင်လည်း မဖမ်းနိုင်ဘူး .. ကျားလည်း မမိဘူး .. သူ့ဟာသူ ခရ
တိုက်ပြီး ကျားစာတောင် ဖြစ်သွားပြီ ..''

"အဲဒါတွေ ဘာလို့ လျှောက်ပြောနေတာလဲ ..''

"သူတို့ ဘာဖြစ်လို့ ညားသွားတာလဲ .. ဘယ်လို ညှိနှိုင်း ပြေလည်
သွားတာလဲ .. နင်ကို တွေးကြည့်လေ ..၊ ဘာပဲဖြစ်ဖြစ် သူတို့ ချစ်
ခင်ခင် ခေါင်းချင်းဆိုင်ပြီး ဆုံးဖြတ်ကြတာ မဖြစ်နိုင်ဘူး ..''

"အဲဒီတော့ရော .. ဘာဆိုင်လို့လဲ ..''

"သူတို့ချင်း တည့်စရာအကြောင်းမှ မရှိတာ .. ငါ လက်ဆွဲထိ
လို့ ရန်ထ တော့လည်း .. ဟွန်း ..''

ပွန် ရယ်သလို မဲ့သလို မျက်နှာနှင့် ...

"ရန်ဖြစ်လေ ချစ်လေ တဲ့ ..၊ ငါက တမင်တကာ ဗီလိန်လုပ်
လိုက်တာ ..''

"လာသေးတယ် ..''

"အစတည်းက မာနချင်းပြိုင် .. ဒေါသချင်းပြိုင်နဲ့ မတည့်ကြ
နင့်ကြောင့် တစ်ခုခု ဖြစ်တယ် အသံကြားကြည့် ..''

လုံမေ ကတော့ အပြတ် ကြိမ်းနေလေသည်။ ပွန် က စပ်ဖြဲဖြဲ

"အဲ့ဒီကောင် ငါ့ကို မီးတောက်မျက်လုံးတွေနဲ့ ကြည့်
အဲ့ဒါတွေက ရေး ကို ချစ်နေတဲ့စိတ်တွေပဲ .. မသိရင်
ဂုဏ်ထည်ဝါ ဆိုတဲ့ကောင် ရေး ကို သေလုမြောပါး

ဘယ်သူတွေ ဘယ်လိုထင်ကြေးတွေနဲ့ ဝေဖန်
သလဲတော့ မသိ ..၊

ညှော်ခံပွဲပြီးသွားတဲ့အထိ ဂုဏ် မျက်နှာ
ဦးကျော်ထွန်း လည်း သိနေ၏။





"သိမ်းဆည်းနေကြပါပြီ .. သမီးတို့ နားကြတော့လေ ..''

ဦးကျော်ထွန်း ၏ ဆက်ဆံပုံကအစ ရေး အပေါ်မှာ တကယ့် သမီးရင်းတစ်ယောက်လို နူးညံ့ချိုသာနေခဲ့လျက် ...

"မင်္ဂလာဦးညဆိုတော့ တစ်ယောက်နဲ့တစ်ယောက် အပြောအဆို ထောက်မိကြတာရှိခဲ့ရင် သမီး သည်းခံပေးပါ''တဲ့ ..၊

ဂုဏ့် ထံမှ ဘယ်လိုစကားမျိုးတွေ ထွက်လာတော့မည်ဆိုတာ လည်း ကြိုသိနေပုံရှိကာ ရေး ကို ကြိုတင် မေတ္တာရပ်ခံ၏။

သူဌေး ဦးစနဂုဏ် အပေါ်မှာ ဘယ်လောက်ထိ ယုံကြည်လေးစားခဲ့ သလဲဆိုတာတွေကို ဦးကျော်ထွန်း ရဲ့ လုပ်ရပ်တိုင်းက သက်သေပြနေ လေသည်။

သူဌေး မျက်စိနှစ်လုံး ကွယ်သွားခဲ့ပေမယ့် ဂုဏ့် အပေါ်မှာ သူဌေး ရှိနေတုန်းကအတိုင်း ဦးကျော်ထွန်း တစ်စက်လေးမှ ဂရုစိုက် မပျက်ခဲ့ သ ..၊

"သူငယ်ချင်းတွေနဲ့ ပါသွားတာ အပြန် သောက်စားလာမှာ သေချာ ဘယ် .. မူးလာရင် စကားများတတ်တယ်လေ .. အဲဒါကြောင့်ပါ ..''

ဦးကျော်ထွန်း ကိုတော့ လေးစားပါသည် ..၊ ဒါပေမယ့် ရေး ခေါင်းမညိတ်နိုင်ပေ ..၊

ကိုယ်ကချည်း သည်းခံနေရလောက်အောင် သူက ဘာမို့လဲ ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၁)

"မေမေ့ .. မီးမီးကိုလည်း လိမ်းပေး .."

"မလိမ်းရဘူး မီးမီး .. ဒါ သနပ်ခါး မဟုတ်ဘူး .."

"ဟင် .. သနပ်ခါး မဟုတ်ဘဲနဲ့ မေမေက ဘာဖြစ်လို့ ပါးကွက်လှလှလေးတွေ ကွက်နေတာလဲ .."

"ပါးကွက် မဟုတ်ပါဘူး .. ဒီတိုင်းပဲ ပုံလိုက်တာ .. မြန်မြန်မခြောက်တော့ အေးနေတာပေါ့ .."

"မီးမီးလည်း အေးချင်တယ် .."

တေး က ရေး နဲ့အတူ အိပ်ရတော့မည်မို့ တက်ကြွနေကာ ခုချိန်ထိ တစ်ခါမှ မအိပ်သေးပေ ..၊ ရေး ရင်ခွင်ထဲ အတင်းထွက်ထိုင်ကာ—

"လိမ်းပေးလေ မေမေ့ .."

"မီးမီးရယ် .. ဒါက ဆေးမြစ်စုံတွေရယ် ..၊ ကလေးငယ်လေးတွေ မလိမ်းရဘူး .."

"ဟင်!... မမက .."

ကျောက်ပျဉ်နဲ့ ဘူးတွေ ဘရပ်ရှ်တွေ လာသိမ်းရင်း မိနှင်း မျက်လုံးအဝိုင်းသားနှင့် မော့ကြည့်၏။





"မမက ဆေးမြစ်စုံတွေ လိမ်းနေတာ ဟုတ်လား .."

တအံ့တသြ မေးပြီး နှာခေါင်းလေး ရှုံ့မွှမွှနှင့် အနံ့ခံကြည့်သေးသည်။ ပြီးတော့ အံ့သြပြီးရင်း အံ့သြနေပုံနှင့် ....

"သနပ်ခါး သွေးပြီးသား မရှိလို့လားဟင် မမ .."

"မဟုတ်ပါဘူး .. အဲ့ဒါတွေ သိမ်းသွား .. ငါ့အခန်းထဲမှာ ပြင်ခိုင်းတဲ့အတိုင်း ပြီးပြီလား .."

"ဟုတ်ကဲ့ မမ .. ပြင်ပြီးပါပြီ .."

မင်္ဂလာဦးညမှာ ဆေးမြစ်စုံတွေ ထူခဲနေအောင် လိမ်းနေသည့် ရေးကို မိနှင်း က အခန်းဝရောက်သွားတဲ့အထိ ခိုးချောင်းခိုးဝှက် ပြန်လှည့်ကြည့်သွား၏။

"မေမေ့ မီးမီး အိပ်ချင်တယ် .."

"အိပ်လေ .."

"မေမေ့ ပန်းပေါ်မှာ အိပ်မယ် .."

ရေး အကြည့်တွေ တေးကဗျာ ရဲ့ မျက်နှာလေးဆီ ရောက်သွားခဲ့၏။ လက်ထပ်ကြတာ .. ပေါင်းသင်းကြမှာတွေကို ကလေးက နားလည်မှာ မဟုတ်ပေမယ့် ရေး နဲ့ ဒီအိမ်ကလူတွေ အဆင်ပြေနေတဲ့အဖြစ်ကိုတော့ ကိုယ့်ခံစားချက်လေးနဲ့ကိုယ် တေး နားလည်နေမှာပါ ...၊

ထို့ကြောင့် မင်္ဂလာပွဲမှာလည်း သူမလေး ခုန်ပေါက် ပျော်မြူးနေခဲ့၏။

"မီးမီးလေး က ဖေဖေရော .. မေမေရော ရပြီပေါ့ .."

လို့ တစ်ယောက်က ပြောပြီး ပါးလေး ဆွဲသွားတိုင်း ပါးချိုင့်လေးပေါ်နေအောင် ပြုံးနေတတ်၏။ ခုချိန်ထိလည်း ရေး နားက တစ်ခါမှ မခွာသေးပေ ...။



www.burmeseclassic.com

www.burmeseclassic.com



ခါတိုင်းဆို မယ်စိန် ကပဲ သိပ်ရတာဖြစ်ကာ ရေး က တစ်ခုခု ဒဏ်ပေးချင်မှ .. ဒါမှမဟုတ် ဦးခနဂုဏ် နဲ့ ပြဿနာတစ်ခုခု ရှိလာမှ အခန်းထဲ ခေါ်ထည့်ထားတတ်တာ ဖြစ်သည်။

ဒါတောင် ယုယုယယ ကြင်ကြင်နာနာ မဟုတ်ခဲ့ ..။

သူမလေးကို မြတ်နိုးယုယချင်ပေမယ့် သူမ အိပ်ပျော်သွားမှသာ ပွေ့ပိုက် ယုယခဲ့သည်။ ဒါတောင် ဒီအိမ်မှာ ကင်မရာတွေ ဖြုတ်ထားခဲ့တာ ကြာပြီဆိုတာ သိမှ ..။

ရေး အဲလောက်ထိ ကိုယ့်စိတ်ကို ချုပ်တီး၍ ရက်စက်ပစ်ခဲ့တာ ဖြစ်၏။

"မီးမီး အိပ်တော့ နော် .. တီလေး လည်း အရမ်းပင်ပန်းနေပြီ .. မီးမီး အိပ်မှ အိပ်ရမှာ .."

"ဟုတ် .."

ပခုံးပေါ်မှာ မျက်နှာလေး ကပ်မှောက်ပြီး 'ဟုတ် ..'လို့တော့ ပြောသည်။ ဒါပေမယ့် ရေး ရဲ့ လည်ကုပ်ဆံစလေးတွေကို ပွတ်သပ်ကိုင်တွယ်ရင်း ခေါင်းလေး ထောင်လာပြီး နမ်းလိုက် .. ပါးပြင်ကို နမ်းလိုက်နှင့် ...

"မေမေ့ကို ချစ်တယ် .."

"အင်း .. အိပ်တော့ .."

"မီးမီး ကို ချစ်လား ဟင် .."

"ချစ်တာပေါ့ .."

"ရေးရေးတုန်းက ဘာလို့ မချစ်တာလဲ ဟင် .."

မနေ့တစ်နေ့က အဖြစ်တွေကို ရည်ရွယ်တာပေမယ့် ကလေးမို့ မပြောတတ်ရှာ ..။





"ဟိုတုန်းကလည်း ချစ်တာပါပဲ မီးမီး ရယ် .. ဒါပေမယ့် အလုပ်တွေ ရှုပ်ပြီး ဒေါသတွေပဲ ထွက်နေလို့ .."

ကလေးကို ချီရင်း ဧည့်ခန်းထဲမှာ လမ်းလျှောက်သိပ်နေရသည်။ တား ကတော့ အိပ်ဖို့ထက် မေးခွန်းတွေ မေးဖို့သာ အားသန်နေကာ—

"အခု ဒေါသ မထွက်တော့ဘူးလား .."

"အင်း .. မီးမီးက လိမ္မာရင် မထွက်တော့ဘူးပေါ့ .. ပြောဆို ကောင်းရင်တော့ ဒေါသတွေ ထွက်လာဦးမှာပဲ .."

"မီးမီး လိမ္မာပါ့မယ် .."

"ဒါဆို အိပ်တော့လေ .. ဆယ့်တစ်နာရီ ထိုးတော့မယ် .."

"မေမေက တီလေးလို့ ဘာလို့ ပြောတာလဲ ဟင် .."

"မီးမီး ရယ် .."

အိပ်ပါတော့ဆိုမှ အများကြီး ဖြေရမယ့် မေးခွန်းတွေ ထပ်ထွက် ဘာသဖြင့် ရေး သက်ပြင်းချမိသည်။ ကလေးကို ဒီလိုပုံ ချီပွေ့ပြီးတော့ ..သည်း မသိပ်ခဲ့ဖူးသဖြင့် လက်တွေလည်း ညောင်းနေပြီ ဖြစ်သည်။

"မီးမီးလေး မအိပ်သေးဘူးလား .. ဟောဗျာ .. ကဲ .. ပေး .. ပေး ..သမီး သွားနေ..တော့ သွား .."

ဦးကျော်..ထွန်း ရောက်လာပြီး လက်ပြောင်းချီမယ်ဆိုတော့လည်း ..ရ ..။

"ဟင့်အင်း .. မေမေနဲ့ အိပ်မှာ .. လိုက်ဘူး .."

"ရပါတယ် .. ထားခဲ့ပါ .."

ဦးကျော်ထွန်း လည်း ဘာမှ ..ပြတ်နိုင် ..။

"မေမေ့ကို ချစ်တယ် .."

"ချစ်ရင် အိပ်တော့လေ မီးမီးရယ် .. အိပ်ရာထဲ သွားမယ်နော် ..



www.burmeseclassic.com

www.burmeseclassic.com



လမ်းလျှောက်ရတာ တီလေး ညောင်းနေပြီ ..”

“ဟုတ် ..”

ကလေးကို ခွဲသိပ်မှာဆေမယ့် ရေး က အတူတူ အိပ်ဖို့ ဆုံးဖြတ်ပြီး သား ..၊ ထို့ကြောင့် ကလေးကို မင်္ဂလာအိပ်ခန်းအဖြစ် သတ်မှတ်ပြင်ဆင် ပေးထားသည့် မွေ့ရာကြီးပေါ်မှာပဲ အတူ ချသိပ်ကာ ...

“တီလေး ကိုယ်က ဆေးစော်နံနေလား ..”

“နံပါဘူး .. မွှေးတယ် ..”

ပြောပြီး ခြေထောက်လေး ခွတင်ကာ လည်ပင်းကို ဖက်ထားလိုက် သဖြင့် ရေး ပြန်ဖက်ထားရင်း ပြုံးမိ၏။

သမီးလေးနဲ့ သူမ ဒီလိုနေချင်ခဲ့တာ ကြာပါပြီ ..၊

ခုတော့ မာနမီးတောက်တွေ ခြားနားကာ ကလေးတစ်ယောက် တည်း အထီးကျန်ခဲ့ရသလို ကိုယ့်မှာလည်း မျိုသိပ်ရ ချုပ်တီးရတာတွေ နှင့် ..၊

ပါးဖောင်းဖောင်းလေးကို ဖိကပ်နမ်းလိုက်တော့ တေး မျက်နှာ လေး ပြုံးသွားကာ မျက်လုံးတွေပါ မှိတ်ကျသွား၏။

ပြီးတော့ မျက်လုံးတွေ မှိတ်ထားလျက်နှင့် ...

“မီးမီးကို ပုံပြောပြပါလား ဟင် ..”

“ဘာပုံပြင်လဲ .. ဟား!...”

ဂုဏ့် အသံ ကြားလိုက်ရတာ ရေး နားထဲမှာ ငှက်ဆိုးထိုးတဲ့ အတိုင်း ..၊

“မင်း ကလေးကို ဘာဖြစ်လို့ ဒီထဲ ခေါ်သွင်းထားတာလဲ .. ထ ကွာ .. သွား .. မယ်စိန် ဘယ်မှာလဲ ..”

“ဒီမှာ ..”





ရေး ကမန်းကတန်း ငုတ်တုတ် ထထိုင်ကာ ခပ်ကြိတ်ကြိတ် လှမ်း ဘားရသည်။

“အချိန်မတော်မှ ဘာလို့ လျှောက်အော်နေတာလဲ .. အားလုံး အိပ်ကုန်ပြီ ..”

“ဟ အိပ်လို့ ရမလား .. ဘာလဲ .. မင်္ဂလာဦးညမို့လို့ ဒီကလေး ဒီထဲထည့်ပြီး သူတို့က အနားယူကုန်ကြတာလား ..”

“ကလေးက အိပ်ချင်လို့ ကျွန်မ ခေါ်ထားလိုက်တာ .. ရှင့်အသံပြ ဒိုင်း အော်မနေနဲ့ ..”

“အော်ရမှာပဲ .. မရဘူး .. ကလေးပေါက်စနဲ့ ကိုယ် လုံးဝ မအိပ် ဘူး ..”

“ပြီးတာပဲ ..”

“ဟော့ ..”

ရေး က ကလေးကို ကောက်ပွေ့ဖို့ ပြင်လိုက်တာနှင့် ဂုဏ် အနား ရောက်လာသည်။ နှာခေါင်းထဲမှာ အရက်နံ့က စူးခနဲ ..၊

“ဒါက ဘယ်သွားမလို့လဲ ..”

“ကလေးနဲ့ ကျွန်မ ခွဲအိပ်မယ် ..”

“ဘာကွ!...”

“ဂုဏ်ထည်ဝါ ..”

“ဘာလဲ ..”

“ရှင် မူးလာရင် ဒီမှာ ကျမ်းဆယ်ပတ်လောက် ထိုးပြီး တစ် ယောက်တည်း ကြိုက်သလို လိမ့်နေလိုက် .. ပြဿနာမရှာနဲ့ ..”

“တစ်ယောက်တည်း အိပ်ချင်ရင် တစ်အိမ်လုံး အခန်းတွေ အများ ကြီး – ကြိုက်တဲ့အခန်း ဝင်အိပ်လို့ ရတယ် .. လူကို မတွေ့အောင်



www.burmeseclassic.com

www.burmeseclassic.com



စမလာနဲ့ ..”

ပြောပြီး သူ့မျက်နှာကြီးကို ရှေ့တိုး၍ လက်ညှိုးပြန်ထိုးပြကာ ...

“မျက်နှာကို သေချာကြည့်ဦး .. မူးရူးယိမ်းထိုးပြီး ဖြစ်သလို လှဲချ အိပ်ပျော်ရလောက်အောင် ဖြစ်နေတဲ့ ရုပ်လား ..”

“မသိဘူး .. ရှင် သိချင်ရင် ကိုယ့်ဘာသာ မှန်ထဲ ပြေးကြည့် ..”

ရေး က ကလေးခေါ်ဖို့ချည်း ပြင်နေသဖြင့် ဂုဏ် က လက်ကို ဖမ်းဆွဲထားလိုက်ကာ ...

“ထားလိုက်တော့ .. မင်း ထပြီး ကိုယ့်အတွက် အင်္ကျီလဲဖို့ လုပ်ပေး ..”

“ကလေး မအိပ်သေးဘူး ..”

“အိပ်အိပ် မအိပ်အိပ် .. ဟော့ .. တေးကဗျာ အိပ်တော့ .. မျက်လုံးတွေ ပြန်မဖွင့်နဲ့ နော် .. နောက်ထပ် ခေါ်ကြည့်လို့ မအိပ်သေးရင် ..”

“ဂုဏ် .. ရှင် ဘယ်လိုဖြစ်နေတာလဲ ..”

ရေး ခုတင်ပေါ်က ဆင်းကာ အဝတ်ဗီရိုကို ဆောင့်အောင့် ဆွဲဖွင့်သည်။

“ယောကျ်ားတွေ မိန်းမရတာနဲ့ ခြေတွေလက်တွေ ကျိုးကုန်ကြတယ် ထင်တယ် ..”

“ဟုတ်မယ် .. အရင်းကနေ ကပ်ပြီး တိုဝင်သွားတာ ..”

နားထဲမှာ ထော်လော်ကန့်လန့်ကြီး ကြားလိုက်ရကာ စိတ်တိုသွား၏။ ပြန်ပြောဖို့ကလည်း ကိုယ့်စကားနဲ့ ကိုယ် ...၊

“ရေး ..”

အနားကပ်လာပြီး နာမည်ခေါ်သည်။ ရေး က လှည့်မကြည့်သော်လည်း မယ့် သူ့ဟာသူ ဆက်၍ ...





“မင်းနဲ့ ဟိုကောင်တွေက ဘာလဲ ..”

“ဘာတွေလို့ ထင်လဲ ..”

“မင်းကို ငါ ကောင်းကောင်းမေးတာ နော် ..”

“ရှင့်ဘာသာ ဘယ်လိုမေးမေး ကျွန်မ ဖြေချင်မှ ဖြေမှာပေါ့ .. ...တို့တွေနဲ့ ကျွန်မက အမေရိကမှာ နှစ်တွေအကြာကြီး အလုပ် အတူ ...လုပ်ခဲ့ကြတာ ...၊ ခင်တာ ရင်းနှီးတာတွေကို ဘယ်လောက်ထိလဲ .. ...ယ်လိုလဲ .. ဘာမှ လာမမေးနဲ့ ..”

“မေးတော့ ..”

“မသက်သာရင် စိတ်ထဲရှိတဲ့အတိုင်း ပြောလိုက် .. ရှင်းပြတယ်ဆို... ...ပ်တာရှိမှ ရှင်းရတာ.. ရှင့်ကို ကျွန်မ ဘာမှ ရှင်းပြဖို့ မရှိဘူး ..”

ရေး မျက်နှာလေးကို နောက်ကနေ ငုံ့မိုးကြည့်ရင်း သူ့ ခပ်ချဉ်ချဉ် ...ည်၊ သူငယ်ချင်းတွေပဲဆိုတာ သိသားပဲ .. ဒါပေမယ့် ဒီမိန်းမရဲ့ ...တွေကိုပဲ အစိမ်းလိုက် ဝါးစားချင်စိတ်ပေါက်လာတာ ဘယ်လို ...ိုး ဖြေသိမ့်ရမှန်း မသိ ...၊

...ိုယ့်ရဲ့ စည်းစိမ် .. ကိုယ့်ပုံစံကို မင်္ဂလာမော်ပြီး တကောက်ကောက် ...နေကြတဲ့ မိန်းကလေးတွေ များလွန်းလို့ မိန်းမဆို အထင်ကြီးဖွယ် ...ည့် စာရင်းထဲမှာ ထည့်ထားခဲ့သည်။

...ရေးပန်းချီ ဆိုသော ရန်ငြိုးတွေနဲ့ ရောက်လာသည့် မိန်းမကျမှ ...ပြားဝပ်ခဲ့ရ၏။ ဝဋ်လည်တယ်ဆိုတာ ဒါလား ...၊

“...ော့ ..”

“...ဒီမှာ ဘာမှ မချွတ်ရသေးဘူး .. ဝိုင်းကူဦး ..”

“...ရှင့်မှာ လက်တွေပါတယ် မို့လား .. ဟိုမှာ ကလေးနဲ့ ..”

“...ကျိုးကုန်ပြီလေ .. အရင်းကနေ တိုဝင်သွားတာပါ ဆို ..”



www.burmeseclassic.com

www.burmeseclassic.com



"ရှင် မိုက်မရိုင်းနဲ့ .."

"ဟား .. ကောင်းကောင်းပြောလို့ကို မရဘူးကွာ .. မင်း သူများ
ဒုက္ခပြောတော့ ယဉ်ကျေးနေသလား .."

"ရှင် မကျေနပ်ရင် ကိုယ့်ဘာသာ ဆက်လုပ်လေ .."

"ဘာလို့လုပ်ရမှာလဲ .. မိန်းမယူထားတာ ကိုယ့်ဘာသာ မလုပ်
လို့ .."

"ရှင် နော် .."

"အား!..."

ရေး လည်စည်းကို ဒေါသဖြစ်ဖြစ်နှင့် ဆောင့်ဆွဲပစ်လိုက်၏။
တာလည်း မဟုတ်ဘဲ တအားအော်ကာ ရေး ကိုယ်ကို ရင်ခွင်ထဲ ဆွဲသွ
ပစ်လိုက်ပြီး ...

"ဂုဏ် .. မလုပ်နဲ့ .. ကလေး .. ကလေး .. မအိပ် .. ရှင် နော်"

"ဟား .. ဘာနံ့ကြီးလဲ .."

ဘယ်လိုမှ ရှောင်မလွှတ်နိုင်သည့် ဒုက္ခထဲကနေ ရုတ်တ
လွှတ်မြောက်သွားသဖြင့် ကိုယ့်စိတ်ကူး တော်တော် ခရီးရောက်သွား
ရေး သိလိုက်၏။

ဝမ်းသာလိုက်သည့်ဖြစ်ခြင်း ..။

"မင်း ဘာတွေ လိမ်းထားတာလဲကွ .."

"ဆေးမြစ်စုံတွေ .."

"ကျွတ်!..."

ဂုဏ့် မျက်နှာ ရှုံ့မဲ့သွားသည်။ ဒါ ဆေးမြစ်စုံ လိမ်းထားတာ
ပါးကွက်လေးတွေလည်း ရှိနေသည်။ ဘရပ်ရှ်နဲ့ ခြစ်ထား
လည်း ညီနေ၏။ မျက်ခုံးထူထူ .. မျက်တောင်ကော့လေးတွေနှင့်





မျက်ဝန်းအိမ်လေးတွေကြောင့် မီးရောင်အောက်မှာ ရွှေရေးပန်းချီ
သူ့မအလှက တကယ့်ကို ပန်းချီကားဆန်အောင် လှနေတာ ဖြစ်

ပါသမယ့် ...

"မင်း .. မင်း တမင် လုပ်တာမို့လား .."

ရေး မျက်ဝန်းတွေက လှောင်ရယ်နေတာ သိသာပေမယ့် မျက်နှာ
မလိမ်ပိုး မလိမ္မာပုံလေး ဖမ်းကာ ...

"တမင်လုပ်စရာလား .. ညညဆို ကျွန်မ ဒီတိုင်း လိမ်းနေကျ.."

"ဘာ!..."

"ဒီလို ညတိုင်း မလိမ်းရရင် အသားတွေ ယားလို့လေ .. ကျွန်မ
ဆိုးတယ် .. ခဏခဏ အနာတွေ ပေါက်တာလေ .."

ဂုဏ် မျက်မှောင်ကုတ်သွားလိုက် .. မျက်လုံးတွေ ကျဉ်းမြောင်း
သွားနှင့် ပြီးတော့ မဲ့၏။

"ဟုတ်လား .. ဒါဆို မင်းနဲ့ ကိုယ် ပေါင်းလို့ ရပြီ .. ကိုယ်လည်း
ဘာပဲ .. အစားမှားရင် အနာတွေပေါက်တယ် .. ဒေါသ အကြီး
ဖြစ်လာရင် ပိုတောင် ဆိုးသေးတယ် .. အဲဒီအခါမျိုးဆို အနာ
ပေါက်တော့ဘဲ အရည်တရွှဲရွှဲနဲ့ .."

"နာပေါ့ .."

"ဟုတ်မယ် ထင်တာပဲ .."

"ဖြစ်ပါတယ် .. ရှင် နူနာတွေ ဖြစ်လာတဲ့နေ့ ကျွန်မတို့ ကွဲကြတာ

ဘာဆို့ ကွဲရမှာလဲ .. နူနာသည် အချင်းချင်း ဒီလောက် လိုက်
.."

www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက်နဲ့တစ်ယောက် ရွဲ့ချိတ်ပြောရင်း ဂုဏ် ကလည်း အံကြိတ်နေသည်။ ရေး ကလည်း ခပ်တည်တည် .. တေး ခမျာ အင်း ဖြစ်သူကို ဘယ်လောက်ကြောက်သည်တော့ မသိ ..။

အတင်းဖိမှိတ်ထားသည့် မျက်ဝန်းလေးတွေကို နည်းနည်းလေး မဖွင့်ရဲရှာ ..။

ပြီးတော့ အိပ်မပျော်သေးတာလည်း သိသာနေသဖြင့် ...

"ရှင့်ကို ကျွန်မ အဲ့ဒါပြောဖို့ စောင့်နေတာ .."

"ဘာလဲ .."

"ရှင်နဲ့ ကျွန်မ ဘာမှလည်း ရင်းနှီးမှု မရှိကြသေးဘူး .. မရင်းနှီး အပြင် တွေ့တာနဲ့ ရန်ဖြစ်နေရတာ .."

"ဆက်ပြော .."

"ပြီးတော့ ကလေးသည်းညည်းလည်း ရှင် ခံချင်တာ မဟုတ် လေ .. ကျွန်မက သမီးလေးကြောင့် ရှင့်ကို လက်ထပ်ခဲ့တာ .."

"ကိုယ်ကတော့ မင်းကို လိုချင်တာပဲ .. ဘာအကန့်မှ မပါ

"ဟုတ်တယ် .. ရှင်က အာဏာဆန်ဆန် အမြဲတမ်း ပြောနေ တဲ့သူပဲ .. ကလေးကိုမှ မကြည်ဖြူနိုင်ဘဲ ကျွန်မနဲ့ ရှင်နဲ့ ဘယ် မဖြစ်ဘူး .."

"ဘာကို မဖြစ်တာလဲ .. ဒီကလေးက မင်းနဲ့ကိုယ်နဲ့ ရတဲ့ မို့လို့လား .."

"ဘာ!... ပြောတယ် .."

ဒေါသကြောင့် ရေး အသံကျယ်သွားသဖြင့် ဂုဏ် က မျက်

"မင်း အရင် စကျယ်တာနော် .. ပြီးတော့မှ ကိုယ့်ကို မပြောနဲ့ .."





"ရှင် ဒီလောက်တောင် ပြောရက်ရသလား ဂုဏ် .. ကလေးက အဖေရဲ့သွေး .. ရှင့်ညီမ အရင်း .."

"အဲ့ဒါ ဘာဖြစ်လဲ.. ညီမဖြစ်တာနဲ့ပဲ လင်မယားကြားထဲ ခေါ်သိပ် လား .. အဓိပ္ပာယ် မရှိ .."

"တေး က ကလေးလေးပဲ ရှိသေးတာ .."

"နေစမ်းပါဦး .. ဒီကလေးကို ဘယ်တုန်းတည်းက အရေးပါသွား လဲ .. မင်းပဲ ရောက်လာတုန်းကတော့ ကိုင်ပေါက်တော့မလိုလို .. ချိုးပစ်တော့မလိုလို .."

"အဲဒါကလည်း ချစ်လျက်နဲ့ဟန်ဆောင်နေတာ မဟုတ်ဘူး ဂုဏ်.. ကို မုန်းတဲ့အမုန်းတွေက အားကောင်းလွန်းလို့ ချစ်တဲ့စိတ်ကိုက က်နေခဲ့တာ .."

"ယုံပါတယ် ခင်ဗျားကို .."

"ရှင့်ကိုတော့ မယုံနိုင်ဘူး .. ကိုယ့်ညီမအရင်းကိုတောင် ဘာမှ တဲ့ တစိမ်းကလေးလိုပဲ .. နောက်နေ့တွေက စပြီး ကလေးနဲ့ .."

"ဟား .. အဲဒီစကားကို မင်း ဆုံးအောင် ပြောလိုက်လေ .."

မျက်လုံးချင်း စူးစူးရဲရဲ ဆုံသွားကြသည်။ ဂုဏ့် မျက်လုံးတွေက ဆနေပုံ အလျဉ်းမရှိပေ ..။ အရက်နံ့နှင့် မျက်နှာနီနေသည်မှ သောက်စားလာတာနဲ့လည်း မတူ ..။

မကြာခဏ သောက်တတ်တဲ့လူ မဟုတ်ဘူးဆိုတာ တစ်အိမ် တွေ ပြောကြတာ ကြားဖူးသည်။ ဒါပေမယ့် ဘယ်လောက် သောက် မမူးတတ်အောင် သမ္မာရင့်နေတာ ဘယ်လို အရေး သဲ ..။



www.burmeseclassic.com

www.burmeseclassic.com



"ကလေးက ငါက ပါလာတဲ့ကလေးလည်း မဟုတ်ဘူး .. မင်း
ပါတာလည်း မဟုတ်ဘူး .. အဲဒီအတွက် ဘယ်သူ့မျက်နှာကို ဘယ်
ကမှ အားနာငဲ့ညှာနေစရာ မလိုဘူး .. ရှင်းတယ်နော် ..၊ မင်းကလည်း
တူမ .. ငါကလည်း ညီမ .. မင်းဘက်ကလည်း ချစ်ရင် ချစ် .. မုန်း
မုန်း .. ငါလည်း ဒီတိုင်းပဲ .. ငါ့ကိုပဲ ကွက်ပြီး ရက်စက်တာ
နေရက်တာတွေ ပုံမချပါနဲ့ .. ကိုယ့်အခွင့်အရေးနဲ့ ကိုယ် .."

"ပြောလို့ရသမျှ ပြောနေရင် စကားလုံး လှလှတွေ အများ
ဂုဏ် .. ဒါပေမယ့် ကလေးက မိဘမဲ့လေး ဖြစ်နေတာ .."

"အဲဒီတော့ သူ လမ်းဘေးရောက်သွားလို့လား .. ငါတို့က
အခါရှစ်ဆယ်လောက် ဆဲရေးတိုင်းထွာနေသလား .. ကျွတ်!.. 
တာပဲကွာ ..၊ လုပ်လိုက် .. မင်း ဒီည ထားလိုက်တော့ .. နောက်
စပြီး ညဘက် ဒီအိပ်ရာထဲမှာ မြင်ရင် .. ခြေထောက်နှစ်ချောင်း
ပြီး ဆွဲထုတ်ပစ်မှာ .. မလုပ်ဘူး မမှတ်နဲ့ .."

အကျီကို ဖြစ်သလို ကောက်လျှိုကာ ခါးပတ်ကြိုးကို
ရှူးရှူးရှားရှား ပြန်ထွက်သွားသည်။

"မမ .."

သိပ်မကြာလိုက်ဘဲ မိနှင်း ကုပ်ချောင်းချောင်းလေး
ကာ ...

"အစ်မစိန် က .. ကလေးကို .."

"မလိုဘူး .. သွား .."

တံခါးဆွဲထားလိုက်ကာ ရေး ဝမ်းသာအားရကြီး ဝင်အိပ်
သည်။

မင်္ဂလာဦးည တဲ့ ..၊





ဘယ်မှာ မင်္ဂလာရှိလို့ မင်္ဂလာဦးညလဲ ..၊

နောက်နေ့တွေမှာလည်း ဒီတိုင်း ကင်းကင်းနေကြဖို့ ပြောမည်..၊
သင်းက မာနကြီးတဲ့လူပဲ .. မာနကို နှိုးဆွ စိန်ခေါ်ပြီး ကင်းကင်းနေနိုင်ဖို့
ကြိုးစားရမည်။

ရေး စိတ်ကူးတွေနဲ့ အဆင်ပြေနေကာ တေး ရဲ့ကိုယ်လေးကို
သိမ်းကျုံးဖက်ထားရင်း ဖွဖွလေး ပွတ်သပ်ချော့၍ ...

"အိပ်တော့ မီးမီး အိပ် .. မီးမီး ကိုကြီးက ဒီလိုပဲ ဒေါသကြီးတတ်
တာ .. ဘာမှ မဟုတ်ဘူး .."

တကယ်တော့ တေး က အိပ်ပျော်နေပြီ ဖြစ်သည်။ မျက်လုံးလေး
မှိတ်ပိတ်ထားရင်းနဲ့ပဲ အိပ်ပျော်သွားတာ ဖြစ်မည်။ ဟိုလူ ထွက်သွားလို့
ရေး အပျော်လွန်ကာ စကားတွေ တတွတ်တွတ်ဆိုရင်း ချော့သိပ်သလို
ဖြစ်နေခဲ့လျက် မကြာခင် သူမပါ အိပ်ပျော်သွားခဲ့၏။

အိပ်မက်ထဲမှာ ဂုဏ် တစ်ယောက် ညော့ခန်းက ဆိုဖာပေါ်မှာ ငုတ်
တုတ်ထိုင်ရင်း တက်တွေခေါက်လို့ ...၊

ဘယ်လိုမှ သည်းမခံနိုင်သည့်မျက်နှာနှင့် ဆိုးဆိုးဆတ်ဆတ် ထ
ရောက်လာတော့ ရေး လန့်သွားကာ သမီးလေးကို ကျုံးဖက်ထားလိုက်
သည်၊ ပြီးတော့ မျက်လုံးတွေ မှိတ်ပြီး အိပ်ချင်ယောင် ဆောင်နေလိုက်
၏၊

"အမိပွာယ်မရှိဘူး နော် ရေး .. လင်မယားအိပ်ရာပေါ်မှာ ညီမကို
ခေါ်ယ်ကထားပြီး အိပ်ရမယ်လို့ .. တောက်!..."

"ဘာဖြစ်လဲ .. ညီမပေမယ့် တေး က ကလေးလေး .."

"မလိုချင်ဘူး .. ဖယ်ကွာ .. လွှတ် .. ဟော့ .. ဘယ်သူရှိလဲ ..
ဘေး လာခေါ်စမ်း .."



www.burmeseclassic.com

www.burmeseclassic.com



"အို .. ကလေး နိုးတော့မှာပဲ .."

သူ့အသံကြီး သန်းခေါင်ညဥ့်နက်နက်မှာ ဟိန်းထွက်လာတော့ ကလေး နိုးမှာစိုးကာ တေး ရဲ့မျက်နှာလေးကို ရင်ခွင်ထဲမှာ မြုပ်နေအောင် ဖက်ထားလိုက်မိ၏။

သူ ဘယ်လိုမှ ဆွဲထုတ်သွားလို့ မရတော့အောင် ဖက်ထားရင်း ကိုယ့်ဘာသာ မှန်းကျပ်လာခဲ့လျက် ...

"ဟင်!..."

ရေး မျက်လုံးတွေ ဖျတ်ခနဲ ပွင့်လာခဲ့၏။ သူမ မီးမမှိတ်ခဲ့ပါ။ တစ်ခန်းလုံးမှာ ပြာလဲ့လဲ့ မီးရောင်ဖျော့ဖျော့လေးသာ ရှိနေခဲ့၏။ ပြီးတော့ သူမ အတင်းအကျပ် ပွေ့ဖက်ထားခဲ့တာ တေးလေး မဟုတ် ...၊

"ဂုဏ်!..."

ဖက်ထားသည့်လက်ကို အလန့်တကြား ခွာလိုက်မိ၏။ ဂုဏ် ... သူမဘေးမှာ ခေါင်းအုံးကို ဆင့်၍ ခပ်လျော့လျော့ မှီလှဲနေကာ အိပ်နေတာလား .. မှိန်းနေတာလား မသိ ...၊

ရေး ချက်ချင်း ငုတ်တုတ်လေး ဖြစ်သွားသည်။

တေး ဘယ်ရောက်သွားလဲ ...၊

"ဒီမှာ .. ဒီမှာ ဂုဏ်ထည်ဝါ .."

"ဟင်!..."

ခေါင်းအုံးပေါ်မှာ မျက်နှာလှန်ချထားပြီး နဖူးပေါ် တင်ထားသော လက်က ဆတ်ခနဲ ကြွတက်သွားသည်။

ပြီးတော့ မျက်နှာတစ်ချက်ပွတ်၍ ထထိုင်လိုက်ကာ ...

"နိုးပြီလား .. သွားကွာ .. မျက်နှာ သွားသစ်လိုက်စမ်းပါ .. နံလိုက်တာ .."





"နံရင် ဘာလို့ လာဝင်အိပ်နေလဲ .. ရှင့်ကို ဘယ်သူက လာအိပ်ပါ ခေါ်လို့လဲ ..၊ ဘယ်မှာလဲ ကလေးက .."

"ဟ .. များလှချေလား .."

"ဘာများတာလဲ .. ကလေးက ခုမှ ကျွန်မနဲ့ အတူအိပ်ရလို့ ပျော်နေရှာတာ .. ဘယ်ကို ပို့ပစ်လိုက်တာလဲ .."

"အမှိုက်ခြင်းထဲ သွားမထည့်လိုက်တာတော့ သေချာတယ် .."

"ဂုဏ်ထည်ဝါ .."

"ဘာလဲ .."

"ရှင် နည်းနည်းလေးမှ အကြင်နာတရား မရှိပါလား ဟင် .."

"မိန်မကို ကျော်ပြီး ညီမကို ပွေ့ပိုက်ကြင်နာနေတာ ကြားဖူးလား.. နှပါနေထရယ့်လ်တွေ မလုပ်ဘူး .. သဘာဝကျကျပဲ .."

ပြောပုံက သူ့မှာ ဘာအပြစ်မှ မရှိသည့်မျက်နှာနှင့် ...

"ဒီဇာတ်လမ်း အစတည်းက ကလေးကြောင့်ချည်းပဲ ကွိုင်တက်နေရတာ .. နေရာတကာ သူ့အကန့်နဲ့သူ ထားတတ်အောင် မင်း ကြိုးစား ..၊ မဟုတ်ရင် မလွယ်ဘူး .."

"ဘာ!..."

"ပြောပြတာ .."

"မပြောနဲ့ ရှင်ပဲ ကိုယ့်အကန့်နဲ့ကိုယ် နေတတ်အောင် နေ .. ကလေးက ရှင့်ညီမပေမယ့် အစ်ကိုပီပီသသ နေစိမ့်မယ်ဆိုတာ ထား.. ကျွန်မကိုယ် ဘယ်လိုနေပါ .. ဘယ်လိုထိုင်ပါ အမိန့်မပေးနဲ့ .. မရဘူး.."

"မပေးလို့ ရမလား.. ခုပဲ ဒီကလေးကြောင့် ငါ တစ်ညလုံး ဆိုးဝါးမှာ .."

"ဒါတော့ ရှင့်ရဲ့ မဆွေရစိတ်ပဲ .. ကိုယ့်အကုသိုလ် ကိုယ့် အကျိုး



www.burmeseclassic.com

www.burmeseclassic.com



ပေးတာ ..”

“ဘာအကျိုးပေးတာဖြစ်ဖြစ် .. အဲဒီ ကွိစိကွစတွေ ငါ လုံးဝ သည်းမခံဘူး .. တေးကဗျာ က ငါ့ညီမဖြစ်နေလို့ .. တစိမ်းကလေးသာ ဖြစ်ကြည့်ပါလား .. ညတည်းက ဆွဲထုတ် ကိုင်ပေါက်ပြီးသားပဲ ..”

“ယုံပါတယ် .. ရှင် အဲ့ဒီလိုလူဆိုတာ ..၊ ဟွန်း .. ဖအေက စိတ်မရှ တာလည်း မပြောနဲ့ .. နည်းနည်းလေးမှ ကြင်နာတတ်တဲ့စိတ် မရှိဘူး..”

“ဘာကို ကြင်နာရမှာလဲ .. ဘယ်လောက်ထိ ကြင်နာရဦးမလဲ - ရေး နော် .. အလုပ်မဟုတ်တာ လုပ်ပြီး မင်း ငါ့ကို ဒုက္ခပေးချင်တာ မသိဘူး မှတ်နေလို့လား .. လူကို တော့ မှတ်လို့ ..”

ပြောပြီး အိပ်ရာထဲမှာ ခေါင်းအုံးဆွဲချပြီး ပက်ခနဲ ပြန်လှဲ၏။ ရေးက ဆံပင်တွေ ဘယ်ရောညာရော သိမ်းညှပ်ပစ်ကာ ကိုယ်ပေါ်က စောင်ကို ဆောင့်အောင့် ဆွဲဖယ်ပစ်၏။

“ဒါက ဘယ်ကိုလဲ ..”

“အိပ်လို့ မရတော့ဘူး .. ထမင်းသွားချက်မယ် ..”

“ဘယ်အချိန် ရှိသေးလို့ ထမင်းချက်မှာလဲ ..”

“အချိန်နဲ့ အလုပ်လုပ်ခဲ့တာ မဟုတ်ဘူး .. အလုပ်လုပ်ဖို့ ရှိလာရင် ဘယ်အချိန်ဖြစ်ဖြစ် အလုပ်ချိန်ပဲ ..”

“အဲဒါ ဘယ်တုန်းကလဲ ..၊ အခု မင်းရဲ့အချိန်တွေကို မင်း မပိုင် တော့ဘူး ..”

ရင်ထဲမှာ အောင့်သွားသည်။ အဲဒီလိုလေသံမျိုးနဲ့ အနိုင်နဲ့ပိုင်း ပြောတာမျိုးကို အမုန်းဆုံး ..၊

“အခု မနက် သုံးနာရီပဲ ရှိသေးတယ် ..”

“အဲဒီတော့ ဘာဖြစ်လဲ .. မအိပ်ချင်တာကို အတင်းအိပ်ဖို့ ကြိုး





ရအောင် ရှင် သံပတ်ပေးထားတဲ့အရုပ် မှတ်နေလို့လား ..”

“အရုပ်နဲ့ မင်္ဂလာဆောင်စရာလား .. ဒီမှာ အခု မင်းနဲ့ ငါ့ရဲ့ မင်္ဂလာဦးည ..”

“မသိဘူး ..”

“မသိလို့ကို သိစေချင်တာ ..”

ပြောပြီးတာနှင့် နှစ်ပဏ်လိုမ့်လိုက်တော့ ရေး ရဲ့ဘေးမှာ ပက်လက်ကြီး ရောက်လာကာ မျက်နှာကို ခပ်ချဉ်ချဉ် မဲ့ပြုံးနှင့် မော်ကြည့်နေသေးသည်။

ရေး ခုတင်ပေါ်က ဆင်းမလို့ ခြေချလိုက်တာနှင့် လက်ကို ဖျတ်ခနဲ ဆွဲထားကာ ...

“မင်း အသည်းအသန် လှိမ့်ဖက်ထားတုန်းကတော့ ငါက ဖက်လုံးကြီးလို ငြိမ်နေခဲ့ရတာ ..”

“ကလေးမှတ်လို့ ဖက်ထားတာမှန်း သိရဲ့သားနဲ့ အရသာခံ ပြောမနေနဲ့ ..”

“ဘာ!...”

သူ ဆတ်ခနဲ လက်ထောက်ပြီး ကိုယ်ကြီး ကြွလာကာ ...

“အရသာရှိနေတယ် ဟုတ်လား .. အပြင်က ဆိုဖာပေါ်မှာ တစ်မျိုး .. အိပ်ရာထဲဝင်လာတော့ တစ်မျိုး .. မခံနိုင်တဲ့အနံ့ကြီးလည်း ခံနေရဘယ် .. ခင်ဗျား ထင်သလို ဆွဲလွဲ ပွေ့ဖက်နေတာကိုလည်း ..”

“ရှင် တော်တော့ နော် ..”

ရေး အော်လိုက်မိပြီးမှ အသံလေး တိုးကျသွားကာ ...

“ခုလည်း ဒီမှာအိပ်ရင် နံဦးမှာပဲ .. ကျွန်မက တစ်ကိုယ်လုံး လိမ်းအားတာ .. အဲဒီတော့ ကြိုက်တဲ့နေရာ သွားအိပ် ..”



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဖြစ်စေချင်တိုင်း ဖြစ်ရအောင် ငါက ကြောင်တောင်ကန်းနေတာမှ မဟုတ်ဘဲ .."

"ဘာ!... ရှင် ဘာပြောတာလဲ .."

"ဟွန်း .."

သူက အနားထပ်တိုးပြီး မျက်နှာကို မော့ကြည့်တော့ ရေး က တစ်ဖက်လှည့်ပစ်လိုက်၏။

"မင်း ဘယ်တုန်းကမှ ဒါကြီး မလိမ်းခဲ့ဖူးဘဲနဲ့ ဒုက္ခခံပြီး ထူပြိန်းနေအောင် လိမ်းထားတာ .. တော်တော်မှ နေသာထိုင်သာ ရှိရဲ့လား.."

ဘယ်လိုလုပ် ရှိမှာလဲ ...၊

သနပ်ခါးတောင် မကြိုက်ခဲ့ဘဲနဲ့ နံလည်း နံသေးသည်။ ပူသလို ရှိန်းသလို နေရခက်တာက တစ်မျိုး ...၊

"ပြောစမ်းပါ .. လိမ်းနေကျလို့ ထပ်မပြောနဲ့ နော် .."

"လိမ်းနေကျကျ မကျကျ အဲ့ဒါတွေကို ကျွန်မက ရှင့်မျက်နှာပေါ် တင်ပေးနေလို့လား .."

"ဟုတ်တယ် .. ဒါပေမယ့် မင်း မသိသေးတာက ဂုဏ်ထည်ဝါ က မပေးချင်တာဆို သိပ်လိုချင်တာ .. အိုးရှဲ့ဆို စလောင်းရှဲ့ပဲ .."

ရေး မျက်နှာလေး ပျက်သွားတော့ သူက ပြုံးသည်။ မီးရောင်က ပြာလဲ့လဲ့လေးပေမယ့် ရေး ရဲ့မျက်ခုံးတန်းလေးတွေ .. မျက်တောင်ကော့ လေးတွေက ပို၍ နက်မှောင်နေသည်။

သူ အနားမကပ်အောင် လိမ်းထားပါသည်ဆိုသော ဆေးမြစ်ရုံ ဆိုတာတွေကြောင့် သူမ ပိုလှနေတာကိုရော သိရဲ့လား ...၊

ဝင်းထိန်နူးမှတ်နေသည့် ပါးမို့လေးတွေက ရန်တွေ့နေတာတောင် ပါးချိုင့်လေးတွေက လင်းခနဲ .. လက်ခနဲ ...၊





လူကို စိုက်ကြည့်နေမှန်း သိသည်နှင့် ရေး ထိတ်လန့်လာကာ နေရာမှ ဖျတ်ခနဲ ထရပ်လိုက်၏။ သို့သော် ဂုဏ် က သူမ ခါးလေးကို လှမ်းဖက်ကာ ...

"အား .."

"ဘယ် ထွက်ပြေးမလို့လဲ .."

"ဟင့်အင်း .. ဟင့်အင်း .. လွှတ် .."

ရေး သူ့ရင်ခွင်အောက်မှာ ပက်လက်ကလေး ပစ်ကျသွားတာတောင် ချောက်ချားနေသည့်စိတ်က လွတ်မြောက်ခွင့်ကို ရှာဖွေနေမိရင်း ...

"ရှင် မကြောက်ဘူးလား ဂုဏ်.. ကျွန်မမှာ အိပ်ချိုအိုင်ဗွီပိုး ရှိတယ်"

"ဘာ!..."

လက်ဖဝါးချင်း ထပ်၍ မွေ့ရာထက်မှာ ဖိချုပ်ခံထားရသဖြင့် ရေး ကိုယ်လေး တွန့်ဖယ် ရုန်းနေရင်း ...

"တကယ် ပြောနေတာ .. ရှင့်ကို ကျွန်မ ဒုက္ခပေးချင်လို့ တမင် သက်ထပ်တာ .."

"ရတယ် .. သေအတူ ရှင်မကွာ ချစ်ကြတယ်ဆိုတာ ဘယ်လိုမျိုးလဲ လက်တွေ့ သိရတာပေါ့ .."

"ရှင် .. ရှင် နော် .. ဂုဏ် .. ကျွန်မကို မထိနဲ့ .. လွှတ် .."

"မင်း ဒီလောက်လှနေတာကို ကိုယ်က ဘယ်လောက်ထိ စောင့်ဒိန်းနေရမှာလဲ .."

"ရှင့်ကိုလည်း မယုံဘူး .. ကျွန်မတို့ သွေးစစ်ကြည့်ကြမယ်လေ.. ဒီနှစ်ကျကုန်မှဆိုရင် ဘာမှ ပြုပြင်လို့ မရတော့ဘူး .."

"လက်ထပ်လိုက်ကြတာကိုက လွန်ကြ ကျုံကြဖို့ပဲ မဟုတ်ဘူးလား .. မှားသွားရင် ပြန်ပြင်မယ်ဆိုတာတွေ ဘယ်လက်ထပ်စာချုပ်မှာမှ



www.burmeseclassic.com

www.burmeseclassic.com



မပါဘူး ..''

''ရှင် နော် .. ကျွန်မ တောင်းပန်ပါတယ် .. ဟင့်အင်း ..''

ရေး သူ့ကို မပြေညပြုံးစွာ ကျရှုံးခဲ့ရင်း ထုနက် ရိုက်ပုတ်ရင်းနှင့်...

''မုန်းတယ် .. ရှင့်ကို သတ်မှာ .. သတ်ပစ်မှာ သိလား ..၊ လူကို အနိုင်ကျင့်တာ အရမ်းမုန်းတယ် .. လူညစ် လူယုတ်မာ ..''

ရေး ရဲ့ မျက်ရည်စက်တို့သည် သူ့ရင်ခွင်ထက်မှာ တချို့ ..၊ ခေါင်းအုံးပေါ်မှာ တချို့ ..၊

မိုးလင်းသည့်အခါမှာ သူငယ်ချင်းတွေ လာကြတော့ ဂုဏ့် ခေါင်းမှာ ပတ်တီးဖြူဖြူနှင့် ...

''ဟာ!... ဂုဏ် ..''

''ဘာဖြစ်တာလဲ .. ပတ်တီးက ..''

ညှို့ခန်းမှာ လူစုမိကြတော့ ဂုဏ့် မျက်နှာမှာ မမြင်ဖူးခဲ့သော နူးညံ့၍ မြတ်နိုးလွန်းအပြုံးတို့ ခိုတွဲလျက် ...

''တကယ် လက်သံပြောင်တယ် .. ဟွန်း ..''

''ဘာ!... ဒါ .. ရေး လုပ်လိုက်တာလား ..''

''ဟ .. တကယ်လား ..''

''ခေါင်းကွဲထားတာကို ပြုံးနေတယ် ..''

ပြောလိုက်ကာမှ အသံထွက်အောင် ရယ်ရင်း ဆိုဖာမှာ ပက်ခနဲ မှီချလိုက်သည်။

''နေပါဦး ဟေ့ကောင် .. မင်း ဘာမှ မဘာလိုက်ရဘဲနဲ့ အဆော်ခံလိုက်ရတာလား ..''

ဂုဏ် က ဆံပင်တွေ သပ်ရင်း ရယ်နေကာ မျက်နှာ ဟိုလှဲ့ ဒီလှဲ့ ..

မြတ်သု က သဘောပေါက်သွားပြီး နှုတ်ခမ်းကို ရုပ်ဆိုးအောင်





ခဲ့ပေ။

''ဒီရုပ်ကြီးလား .. ဒီတိုင်း အဆော်ခံပြီး ကျန်ခဲ့မယ့်ရုပ် ..''

''ဟုတ်လား .. ကြည့်လည်း လုပ်ပါ ဂုဏ် ရာ .. မင်းဟာ တစ်ညလုံးတိုင်း တစ်ချက် ဆော်ခံထိနေရရင် ..''

''ဘာဖြစ်လဲ .. အဲဒါမျိုး မင်းတို့ ကြားဖူးခဲ့လို့လား ..''

''ဟမ်!...''

''ဘယ်လို!...''

''ဟုတ်တယ်လေ .. ငါ ပြောသားပဲ .. ငါ့ကို မချစ်ဘူးဆိုတဲ့မိန်းမ မိန်းမင် အရုပ်ရေးရမလို ဖြစ်နေလို့ ဘယ်မိန်းမကိုမှ ငါ အထင်မကြီးခဲ့ဘူး ..''

''ခုလို ခေါင်းရိုက်ခွဲလိုက်တဲ့ မိန်းမကျတော့ အထင်ကြီးသွားရော ..''

''အေး ..''

''ဟေ့ကောင် .. မင်း ဒီကိစ္စ လျှော့မတွက်နဲ့ နော် .. မင်းတို့ချင်းတောင်းတော်က ရန်ငြိုး ..''

''ဘာရန်ငြိုးမှ မရှိဘူး .. ရေး က မာနကြီးတာ .. ပြီးတော့ သူများပေးအောင် တမင် ဟန်ဆောင်နေထိုင်တာမျိုးလည်း မဟုတ်ဘူး .. ဟွန်း .. ချစ်ဖို့ကောင်းတယ်ကွ .. ငါ့ရဲ့ မင်္ဂလာဦးညလေး .. ဟား .. ဟား .. ဟား ...''

''သေစမ်းကွာ ..''

''ဒီကောင် ရူးပြီ ..''

''ဟုတ်တယ် ကြာကြာနေရင် ရူးလောက်အောင် ချစ်လာမိ ... တော်တော်စွာတဲ့ မိန်းမ ..''



www.burmeseclassic.com

www.burmeseclassic.com



ချစ်စရာကောင်းတဲ့ ကောင်မလေး ...၊

ချစ်ဖို့ မကောင်းတဲ့ မိန်းမ ...၊

ရန်ခုန်လောက်အောင် လှသည့်သူ ...၊

စသည့် နာမည်အထူးထူးဖြင့် သူ့အာရုံထဲမှာ ရေး ရဲ့ပုံရိပ်လေးပဲ ဝေ့ဝဲနေခဲ့သည်။

သူမကိုမှ နှစ်သက်ခဲ့၏။ သူမ မျက်နှာလေးကို ကြည့်နေရင်းနဲ့ ရင်ခုန်တတ်ခဲ့သည်။

ဒါပေမယ့် သူမကတော့ ရန်ခုန်သံကို နားထောင်ခွင့် မပေးနိုင်လောက်အောင် လက်ယဉ်ပါပေသည်။

အထင်ကြီးဖွယ် မရှိလေခြင်းဟု ရှုံ့မဲ့ညည်းညူရင်း သူ ဆုတောင်းခဲ့ဖူးတဲ့အတိုင်း တကယ်ပဲ ပြည့်ဝခဲ့တာလား ...၊

ကျွန်တော့်ရင်ကို လှုပ်ခတ်စေနိုင်မည့် မိန်းမမျိုးသည် ...၊

'ကျွန်တော်က မချစ်၍ ကျွန်တော့်ကို မချစ်သော ...'

ပရိသတ်အတွက်
ထာဝရ



www.burmeseclassic.com